www.burmeseclassic.com

ဂမ္ဘီရဆန်းကြယ် လုံးချင်းဝတ္ထုသစ်

# ရိရိဝေး

မရဏာယန္တရား



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဒေါ်ရီရီမြွေး<br>ရီရီမြွေးစာပေ<br>အမှတ် ၅၈၊ ဓမ္မိကဝတီလမ်း၊<br>စမ်းချောင်း |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးကျော်ရင်(ရွှေခြသေ့)<br>၂၂၅၊ ၃၂ လမ်း၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ |
| ထုတ်ဝေခြင်း | - | စက်တင်ဘာ၊ ၂၀၁၂ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

၈၉၃.၈၃

ရီရီမြွေး

မရဏာယန္တရား / ရီရီမြွေး
- ရန်ကုန် ၊ရီရီမြွေးစာပေ၊ ၂၀၁၂။
(၂၄၀) စာ၊ ၁၂ × ၁၈ စင်တီ။
(၁) မရဏာယန္တရား

## ပါဝင်သည့်အခန်းများ

အခန်း ၁။ ထူးဆန်းသော မဂိုလမ်းလူသတ်မှု
အခန်း ၂။ ထူးဆန်းသော မှော်ဝင်မှန်ခုံးလေး
အခန်း ၃။ မစ်ရှင်အဖွဲ့ဝင် ကြယ်စင်ငါးဖော်
အခန်း ၄။ ဘူးရှက်မညိုးလမ်းကို ကျော်ဖြတ်၍
အခန်း ၅။ ဝိညာဉ်လေလား ဝိုးတဝါး
အခန်း ၆။ အပြာနုနုလင်းရောင်စဉ်
အခန်း ၇။ အကျဉ်းစံ ကြယ်စင်ငါးဖော်
အခန်း ၈။ စေဘသုနန္ဒီနှင့်ဘိုးဘေးအနွယ်တော်များ
အခန်း ၉။ ကျွန်းဦးကျောက်ဖြူမှ ဘူတာဝါဟနပညာရှင်
အခန်း ၁၀။ ဖလူးအနွယ်တော်များ
အခန်း ၁၁။ မရဏာယန္တရားပိုင်ရှင် သျှန်သီဒေဝီ
အခန်း ၁၂။ ကျောခိုင်းနှုတ်ဆက်မျက်ရည်စက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)
## ထူးဆန်းသော မဂိုလမ်းလူသတ်မှု

ဤကမ္ဘာမြေပေါ်တွင်. . . .။

ကျောက်ခေတ်မှစ၍ ယနေ့နှစ် ဆယ့်တစ်ရာစုသိပ္ပံပညာခေတ်တိုင်အောင် ယဉ်ကျေးမှုအတတ်ပညာပိုင်းဆိုင်ရာနှင့် စက်မှုလက်မှုများ တိုးတက်လာခဲ့ကြသည်။ ထိုသို့ တစ်ခေတ် တစ်ခေတ် ပြောင်းလဲလာရာတွင် လူသားများအတွက် သမိုင်းတွင်ကျန်ရစ်မည့် ထူးခြားဆန်းကြယ် အံ့မခန်းဖွယ်ကောင်းသော ဖြစ်ရပ်များစွာ ရှိခဲ့သည်။

ထိုဖြစ်ရပ်များအနက်. . .။

တချို့မှာမူကား လူမသိသူမသိအောင် လွန်စွာလျှို့ဝှက်ထားသည့်အတွက် လူသားများစွာမှာ သိခွင့်မကြုံခဲ့သည့် ဖြစ်ရပ်ဆန်းကြယ်များရှိသလို တစ်ခါတစ်ရံ၌ ထိုဖြစ်ရပ်များကို အကြောင်းအမျိုးမျိုးကြောင့်





ကာယကံရှင်များက ဖုံးကွယ်ထားလင့်ကစား သိချိန်တန်သောအခါ ကန့်သန့်ကာကို ဖွင့်လှစ်ပြသကဲ့သို့ အကြောင်းတစ်ခုဖြစ်ပေါ်လာကာ သိခွင့်ကြုံရသည့်အဖြစ်မျိုးများလည်း ရှိခဲ့ဖူးသည်။

ယခုဖော်ပြမည့် ဖြစ်ရပ်ဆန်းကား ဒုတိယအမျိုးအစားဖြစ်သည့် ဖြစ်ရပ်ဆန်းကြယ်များပင် ဖြစ်လေသည်။ လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ကျော်ခန့်က လူသားမျိုးနွယ်တစ်စု၏ မြင့်မားသော အတွေးအခေါ် ထက်မြက်သည့် ဉာဏ်ပညာတို့၏ကြံစည်စိတ်ကူးပုံဖော်ကာ တည်ဆောက်ထားသည့် အံ့မခန်းဖွယ်ရာ 'မရဏာယန္တရား'ပင် ဖြစ်ပေသည်။

မရဏာယန္တရားနှင့်ပတ်သက်၍ ဉာဏ်ပညာကြီးမြင့်သော လူမျိုးနွယ်တစ်စု၏ လွန်စွာလျှို့ဝှက်ထားသည့်ကိစ္စတစ်ခုသည် မမျှော်လင့်သောအဖြစ်အပျက်ကြောင့် ဤအရာနှင့်လူသားတစ်စုတို့ သိခွင့်ရခဲ့သည်။ ဤလူသားမျိုးနွယ်ကား ရှားရှားပါးပါး မြန်မာလူမျိုးများပင် ဖြစ်သည်။

အကယ်၍သာ ထိုခေတ် ထိုအချိန်ကာလက ရန်ကုန်မြို့ရှိ မဂိုလမ်းတွင် 'ထူးဆန်းသော လူသတ်မှု' တစ်ခု မဖြစ်ပွားခဲ့ဘူးဟု ဆိုပါလျှင် အနီ အံ့ဩဖွယ်ကောင်းလှသည့် ဤဖြစ်ရပ်ဆန်းကြယ်များနှင့် တွေ့ထိ ခွင့်ရမည် မဟုတ်ပေ။

ဤဖြစ်ရပ်၏အစပြုရာကား. . .။

အချိန်ကား. . .။

မြန်မာနိုင်ငံတော်သည် နယ်ချဲ့လက်အောက်၌ ကျွန်သဘောက်အဖြစ် ကျရောက်နေချိန်. . .။



www.burmeseclassic.com

www.burmeseclassic.com



တိတိကျကျ ပြောရပါမူ သက္ကရာဇ် (၁၉၃၈) ခုနှစ်၊ ဇူလိုင်လ...

ဝဿန်ရာသီ မိုးဥတုအချိန်ကာလဖြစ်၍ နေ့တိုင်းလိုလိုပင် မိုးသည်းထန်စွာ ရွာသွန်းနေသည်။ ယနေ့ညနေ ငါးနာရီခန့်တွင် မိုးကောင်းကင်တစ်ခုလုံး အုံ့မှိုင်းပြီး လျှပ်စီးလျှပ်နွယ်များ လင်းလက်ကာ မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ ကောင်းကင်ကြီးကလည်း ညို့မှိုင်းနေပြီး မိုးထစ်ချုန်းကာ မိုးမှောင်ကြီးကျနေသဖြင့် ရန်ကုန်မြို့ရှိ မဂိုလမ်းတစ်လျှောက်တွင် လူသွားလူလာ ကျဲနေပါသည်။

ထိုအချိန်တွင် မဂိုလမ်းအောက်ဘက်ရှိ ဟိန္ဒူကျောင်းတစ်ကျောင်းရှေ့တွင် ဆာဒူးလေးတစ်ပါး ရောက်ရှိလာခဲ့သည်။ ဆာဒူးလေးကား အသက်သုံးဆယ်ကျော်အရွယ်ခန့်မျှသာ ရှိသေးသော်လည်း သူ၏ဦးခေါင်းတွင် ရှုပ်ပွေလိမ်ကောက်နေသော ဆံပင်လိမ်ကြီးနှင့် ရှည်လျားလှသော မုတ်ဆိတ်မွေးတို့ကြောင့် အသက်ကြီးရင့်သည့်အသွင်ပုံသဏ္ဍာန် ပေါ်ပေါက်နေသည်။

ထိုစဉ် ကျောင်းရှေ့သို့ရောက်နေသော ဆာဒူးလေးက ဟိန္ဒူကျောင်းစောင့်အား

"ကျွန်ုပ်ဟာ ဒီကျောင်းက ဆွာမိကြီးပရာမာနဲ့ တွေ့ချင်လို့ပါ"

"အရှင်ရဲ့နာမည်ကိုပြောပြပါ"

"ကျွန်ုပ်ရဲ့နာမည်ဟာ 'ဆွာမိရာမာ' ပါ"

"ဒါဆိုရင် ခေတ္တစောင့်ပါ၊ ကျွန်ုပ်၏ဆရာသခင်ထံ ခွင့်ပန်လိုက်ဦးမည်'





ထိုသို့ပြောပြီး ကျောင်းစောင့်ကြီးသည် ကျောင်းဝင်းအတွင်းသို့ ဝင်သွားခဲ့သည်။ မကြာမီ ကျောင်းစောင့်ကြီးပြန်ရောက်လာပြီး ဆာဒူးလေးကို ဝင်ခွင့်ပြုလိုက်သည်။ ဆာဒူးလေး ဆွာမိရာမာသည် ကျောင်းအတွင်းသို့ ဝင်သွားပြီး အခန်းတစ်ခု၏အလယ်တွင် ထိုင်နေသော ဆွာမိကြီးပရာမာအား အရိုအသေပေးလိုက်သည်။ ထိုအခါ ဆွာမိကြီး ပရာမာက

"အသင် ဘယ်အရပ်က လာသလဲ"

"အိန္ဒိယပြည်မြောက်ပိုင်းအရပ်က လာပါသည်"

"အဘယ်အကြောင်းကိစ္စကြောင့် လာတာလဲ"

"ကျွန်ုပ်သည် ဤအရပ်ဒေသ၌ ခြောက်လခန့် တရားကျင့်ရန် လာရောက်ခြင်းဖြစ်ပါသည်"

"ကျွန်ုပ်၏အမည်ကို အဘယ်သို့သိသနည်း"

"ကျွန်ုပ်၏ဆရာသခင်သည် ဆွာမိနာနာ ဖြစ်ပါသည်၊ အရှင်နှင့် ဟိမဝန္တာတောင်တန်းတွင် တရားထိုင်ဖော်ထိုင်ဖက်ဖြစ်ပြီး ဆရာတူတပည့်ဖြစ်သည်ဟု မိန့်ကြားပါသည်၊ ကျွန်ုပ်သည် ဂန္ဓာရီလှည့်လည်တရားကျင့်နေသူဖြစ်၍ ဤအရပ်သို့ရောက်လျှင် အရှင့်ထံသို့သွားရန် မိန့်ကြားသဖြင့် ရောက်လာခဲ့ခြင်း ဖြစ်ပါသည်"

"အိမ်း ဆွာမိနာနာကတော့ ကျွန်ုပ်၏မိတ်ဆွေရင်းပေပဲ၊ အသင်ဟာ သူ၏တပည့်ဖြစ်သည့်အတွက် အသင့်အား ကျွန်ုပ်၏ကျောင်း၌ တရားကျင့်ရန် လက်ခံပါမည်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါသည် ဆွာမိကြီး"

"ကောင်းပြီ၊ အသင်နေရမည့်အခန်းကို ကျောင်းစောင့်ကြီးက လိုက်ပြပေးမည်၊ သင့်လျော်စွာ နေပါလော့"

"ကောင်းပါပြီ"

ထိုသို့ဖြင့် မိုးသည်းသော ညနေခင်းတစ်ခုတွင် ဤနေရာသို့ ဆွာမိရာမာ ရောက်ရှိလာခဲ့သည်။ သူသည် ဂန္ဓာရီလှည့်လည် တရားကျင့်သူဖြစ်၍ ရန်ကုန်မြို့အနှံ့အပြားသွားကာ တရားအားထုတ်လေ့ရှိသည်။ ညနေစောင်းအချိန်၌သာ ထိုကျောင်းသို့ ပြန်လာလေ့ရှိသည်။ တစ်ခုသော ညတွင် ဆွာမိရာမာနှင့်ဆွာမိကြီး ပရာမာတို့တွေ့ပြီး တရားအကြောင်းများကို ဆွာမိကြီးပရာမာက သင်ကြားပေးခဲ့သည်။ ဆွာမိကြီးပရာမာ မေးသည့်မေးခွန်းများကို ဆွာမိရာမာက မဖြေနိုင်သဖြင့်

"အသင် ဆွာမိရာမာ၊ အသင်သည် တရားနုသေးသည်၊ အကျင့်တစ်ခုပေါက်မြောက်ရန် အချိန်အတော်ကြာကြာ ကျင့်ကြံရဦးမည်"

"မှန်ပါ ဆရာသခင်၊ ကျွန်ုပ်သည် တရားနုပါသေးသည်၊ ထို့အတွက် အကျင့်တစ်ခုပေါက်မြောက်ရန် ကျင့်ကြံပါမည်"

ဆွာမိကြီးပရာမာသည် ဆွာမိကြီးနာနာ၏တပည့်ဖြစ်လျက် ဤမျှ တရားနုနေသေးသဖြင့် လွန်စွာအံ့သြနေမိသည်။

ဆွာမိရာမာသည် နေ့စဉ် ရန်ကုန်မြို့တွင်း၌ လှည့်လည်အလှူခံခဲ့သည်။ ထိုနေ့က ဗိုလ်တထောင်ဘုရားအနီးသို့ အရောက်တွင် သူ၏ အခြေအနေကို အကဲခတ်နေသော ကုလားသုံးယောက်ကို တွေ့လိုက်ရ





သည်။ ထိုကုလားသုံးယောက်သည် ကုတ်အင်္ကျီနှင့်ဘောင်းဘီရှည်ကို ဝတ်ဆင်ထားပြီး ဆွာမိရာမာ နောက်မှ မယောင်မလည်နှင့် လိုက်လာခဲ့သည်။

ဆွာမိရာမာသည် ထိုသုံးယောက်ကို အမှတ်မထင်မြင်သည်နှင့်

"ဟင် သူတို့ ငါ့နောက်ကို လိုက်လာတဲ့သူတွေများလား"

ထိုသို့တွေးမိသဖြင့် ဗိုလ်တထောင်ဘုရားဝင်းထဲသို့ ခပ်မြန်မြန် ဝင်လိုက်သည်။

"သူတို့ကြည့်ရတာ မြန်မာပြည်က ကုလားတွေနဲ့ မတူဘူး၊ အိန္ဒိယက ငါ့နောက်ကို လိုက်လာတဲ့သူတွေဖြစ်ပုံရတယ်"

သူသည် ဤသို့တွေးတောပြီး ဇရပ်အကွယ်တစ်ခုမှ ချောင်းမြောင်းကြည့်လိုက်ရာ ထိုကုလားသုံးဦးသည် အစာပျောက်သွားသည့် ကျီးကန်းကဲ့သို့ ဂနာမငြိမ်ဘဲ ဟိုဟိုသည်သည် လိုက်ကြည့်နေသည်။ ထို ကုလားသုံးယောက်မှာ ဗိုလ်တထောင်စေတီထဲသို့မဝင်ဘဲ အပြင်မှနေ၍ စောင့်ကြည့်နေသည်။

"သူတို့မသွားသေးဘဲ စောင့်ကြည့်နေပုံရတယ်၊ ဒီတော့ ငါဟာ ဝင်ပေါက်ကနေ ထွက်သွားရင် သူတို့နဲ့ မလွဲမသွေတွေ့တော့မှာပဲ၊ ဒီတော့ ငါ ဘာလုပ်ရမလဲ"

ဆွာမိရာမာကလည်း သူတို့၏အရိပ်အကဲကို စောင့်ကြည့်နေခဲ့သည်။ ထိုသူသုံးဦးကလည်း ထိုနေရာမှ မသွားဘဲ စောင့်ကြည့်ခဲ့ရာ တဖြည်းဖြည်း အချိန်ကြာလာခဲ့သည်။ ဆွာမိရာမာသည် ဘုရားဝင်း၏



www.burmeseclassic.com

www.burmeseclassic.com



အဝင်ပေါက်မှ အနောက်ဘက်သို့ ဇရပ်ကြိုဇရပ်ကြားမှသွားကာ အနောက်ဘက်အပေါက်ဝသို့ ရောက်ရှိလာခဲ့သည်။

"အင်း ငါတော့ ဒီနောက်ဘက်အပေါက်ကနေ သွားမှပဲ"

ထိုသို့စိတ်ကူးပြီး အနောက်ပေါက်ဝမှ မဂိုလမ်းဆီသို့ ပြန်လာခဲ့သည်။ မဂိုလမ်းရှိ ဟိန္ဒူကျောင်းသို့ရောက်ချိန်တွင် အတော်ပင် မှိုးချုပ်နေပြီ။ နောက်တစ်နေ့ အလှူခံထွက်ရာတွင် ဗိုလ်တထောင်စေတီတော်ဘက်သို့မသွားတော့ပေ။ ၎င်းဟိန္ဒူကျောင်းနှင့် နီးသော စုရတီဈေး (ယခု သိမ်ကြီးဈေး)အနီးရှိ ဟိန္ဒူကျောင်းအနီးတဝိုက်၌သာ အလှူခံထွက်ခဲ့သည်။

"ဟော သူတို့ပါလား"

လူအုပ်များကြားတွင် မနေ့က တွေ့လိုက်ရသော ကုလားသုံးယောက်ကို လှမ်းတွေ့လိုက်ရသဖြင့် သူ၏ရင်၌ တဒိန်းဒိန်း ခုန်သွားခဲ့သည်။ သူသည် ရှေ့သို့ဆက်မသွားဘဲ နောက်ပြန်လှည့်လျှောက်ရင်း

"ငါ သူတို့နဲ့ မတွေ့ဖြစ်အောင်နေမှဖြစ်မယ်"

ထိုသို့တွေးပြီး ကုလားသုံးယောက်အား နောက်ပြန်လှည့်ကြည့်စဉ် ထိုသုံးဦးထဲမှ တစ်ယောက်သည် သူ့ကို မြင်သွားပြီး သူ၏အဖော်နှစ်ယောက်ကို တီးတိုးပြောကာ သူ့နောက်မှလိုက်ခဲ့သည်။ သူသည် လူအုပ်ကြီးကိုအကာအကွယ်ယူပြီး မဂိုလမ်းရှိ ဟိန္ဒူကျောင်းသို့ အမြန်ဆုံးပြန်လာခဲ့သည်။

"အင်း ငါတော့ သူတို့ကို မျက်ခြေပြတ်ခဲ့တာပဲ၊ ငါနေတဲ့ဒီနေရာ





ကိုတော့ သိမှာမဟုတ်လောက်ဘူး"

ထိုသို့တွေးပြီး ကျောင်းထဲသို့ ဝင်လိုက်ရာ ဆွာမိကြီး ပရာမာနှင့် ထိပ်တိုက်တိုးခဲ့သည်။ ပျာပျာသလဲ ဝင်လာသည့် ဆွာမိရာမာအားကြည့်ပြီး

"ဆွာမိလေး အဘယ်ကြောင့် ဣန္ဒြေမဲ့သော ခြေလှမ်းဖြင့် ကျောင်းတွင်းသို့ ဝင်လာရသနည်း"

"ခွင့်လွှတ်ပါ ဆရာသခင်၊ ကျွန်ုပ် ဗိုက်မကောင်းပါသဖြင့် ရေအိမ်ကို သွားလိုသောကြောင့် ခြေလှမ်းကို မဆင်ခြင်ဘဲ လာခဲ့မိပါတယ်"

"ဒါဆို ငါ ခွင့်လွှတ်သည်၊ ရေအိမ်သို့ အမြန်ပင်သွားလော့"

"ဟုတ်ကဲ့ပါ ဆရာသခင်"

"အသင့်ကိစ္စပြီးလျှင် ငါ့ထံသို့ လာလော့"

"ဟုတ်ကဲ့ပါ ဆရာသခင်"

ဆွာမိပရာမာသည် သူ၏အသွင်သဏ္ဍာန်ကိုကြည့်၍ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကျန်ရစ်ခဲ့သည်။ သူသည် ဗိုက်ကိစ္စဖြေရှင်းပြီးသော် ဆွာမိကြီးပရာမာထံသို့ လာခဲ့ သည်။ ဆွာမိကြီးပရာမာက

"အသင် ဆွာမိလေး၊ ကျွန်ုပ် အသင့်ကို အကဲခတ်သည်မှာ ကြာခဲ့ပြီ၊ အသင်သည် တရားစကားကိုလည်း နားလည်ရန် လိုအပ်နေသေးသည်၊ ထို့အပြင် အသင်၏သဏ္ဍာန်၌ စိုးရိမ်ကြောက်ရွံ့စိတ်များကြောင့် ဂနာမငြိမ်၊ ဣန္ဒြေလည်းကင်းဘိ၏၊ ထိုသို့သော အကြောင်းများ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အသင့်အား ကျွန်ုပ်တို့ကျောင်း၌ ဆက်လက်ပြီး လက်ခံမထားနိုင်တော့ပေ၊ သည့်အတွက် မနက်ဖြန် နံနက် မိုးသောက်အလင်းရောက်လျှင် ဤကျောင်းမှ အသင်ထွက်သွားပါလော့"

"နာခံပါမယ် ဆရာသခင်"

မည်သို့မျှ ငြင်းဆန်၍မရသဖြင့် စိတ်ပျက်စွာ လက်ခံလိုက်ရသည်။ ဆွာမိလေး၏အတွင်းစိတ်တွင် စိတ်ပျက်ခြင်းကြောင့် သူ၏မျက်နှာမှာညိုးနွမ်းသွားခဲ့သည်။ မကြာမီ သူသည် အခန်းတွင်းသို့ဝင်ကာ လဲလျောင်းနေခဲ့သည်။

"သြော် ဒီနေ့ညဟာ ငါ့အတွက် ဒီကျောင်းမှာနေရတဲ့ နောက်ဆုံးညပဲ၊ မနက်ဖြန် ဘယ်ကိုခရီးဆက်ရပါ့"

ဤသို့ဖြင့် သူသည် ရှေ့ဆက်ရမည့်ခရီးအတွက် တွေးတောနေခဲ့သည်။

■ ■ ■

တဖြည်းဖြည်းနှင့်. . . ။

အလင်းချုပ်ပျောက် အမှောင်သို့ရောက်ခဲ့လေပြီ။

သူသည် မနက်ဖြန်၌ ရှေ့ဆက်ရမည့်ခရီးအတွက် တွေးတောရင်း တလူးလူး တလိမ့်လိမ့်နှင့် အိပ်မပျော်ဘဲ ရှိနေသည်။

"ဒေါင် ဒေါင် ဒေါင်"

ကင်းတဲမှ တစ်ဆယ့်နှစ်နာရီ ထိုးကြောင်း သံချောင်းခေါက်သံကြားလိုက်ရသည်။ ထိုစဉ် မိုးကောင်းကင်မှ တဝေါဝေါဖြင့် မိုးသည်း





သည်းရွာချလိုက်သည်။

ထိုသို့ မိုးသည်းသည်းမည်းမည်း ရွာသွန်းနေချိန်တွင် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသော လူသုံးယောက်သည် ဟိန္ဒူကျောင်းအနီးသို့ တဖြည်းဖြည်း ချဉ်းကပ်လာခဲ့သည်။ ထို့နောက် နောက်ဖေးလမ်းကြားဆီသို့ အပြေးသွားပြီး အုတ်တံတိုင်းကို ခုန်ကျော်၍ ဝင်လိုက်သည်။ အရိပ်မည်းသုံးခုသည် နောက်ဖေးတံခါးဂျက်ကို အသာအယာ လက်လျှိုဖွင့်ပြီးနောက် အနောက်ဘက်ရှိ လူသွားလမ်းသို့ ရောက်ရှိလာခဲ့သည်။ သူတို့သည် ညဲ့သည်ဆောင်ဘက်သို့ ဆက်သွားကာ စေ့ထားသော တံခါးကို ဖွင့်လိုက်သည်။ ထိုအခါ မီးအိမ်၏အလင်းရောင်အောက်တွင် ဆွာမိရာမာကို တွေ့လိုက်ရသည်။ ဆွာမိရာမာသည် ရုတ်တရက် အနက်ရောင်ဝတ်စုံနှင့် လူသုံးဦးကို တွေ့ရသောအခါ မင်သက်မိသကဲ့သို့ ကြောင်၍ ကြည့်နေသည်။

"မင်းဟာ ဆွာမိ အစစ်မဟုတ်ဘူး၊ ငါတို့ဆီက မရဏယန္တရားရဲ့မှော်ဝင်မှန်ခုံးကို ခိုးသွားတဲ့သူပဲ"

"မဟုတ်ပါဘူး၊ ငါဟာ ဆွာမိရာမာပါ"

"မင်း ခိုးသွားတဲ့ ငါတို့ပစ္စည်း ဘယ်မှာလဲ"

"မရှိဘူး မသိဘူး"

"ဒါဆို သူတို့အရှင်မထားနဲ့၊ ပြီးမှ ပစ္စည်းကိုရှာကြ"

သူတို့အထဲမှ ခေါင်းဆောင်လုပ်သူက ဤသို့ပြောစဉ်ပင် သူ၏လူယုံတော်တစ်ဦးက ဓားမြှောင်ဖြင့် ဆွာမိလေး၏ဘယ်ဘက်ရင်အုံအတွင်း



www.burmeseclassic.com

www.burmeseclassic.com



သို့ ထိုးစိုက်သည်။

"အင့်"

ဆွာမိလေးမှာ ချက်ကောင်းထိသွားသဖြင့် တစ်ချက်မျှသာ အော်ပြီး ခန္ဓာကိုယ်ကြီးမှာ လဲကျသွားခဲ့သည်။ သူတို့သည် ဆွာမိလေး၏ လွယ်အိတ်ထဲသို့ ရှာစဉ် လွယ်အိတ်မှာ အောက်သို့ပြုတ်ကျသွားပြီး

"ဒေါက်"

ဟူသော အသံပေါ်ထွက်လာရာ ကျောင်းစောင့်ကြီးက မသင်္ကာသဖြင့် ထိုအခန်းသို့ လှမ်းကြည့်လိုက်ရာ

"အဘားဘား သူခိုး သူခိုး"

"ဘယ်မှာလဲ သူခိုး သူခိုး"

ထိုသို့ အော်သံဟစ်သံများကြောင့် သူခိုးများ ထွက်ပြေးလေသည်။ ထိုကျောင်းအတွင်း၌နေသူများက ဝိုင်းလိုက်ရာ သူခိုးသုံးယောက်မှာ အနောက်ဘက် အုတ်တံတိုင်းမှ ခုန်ကျော်ထွက်ပြေးခဲ့သည်။

သူခိုးသုံးယောက်ကလည်း အပြေး...။

ပတ္တရောင်လှည့်နေသော ပုလိပ်များကလည်း ထိုနေရာသို့ အရောက်...။

ထိုသုံးယောက်မှာ ပုလိပ်များ၏လက်တွင်းသို့ သက်ဆင်းခဲ့ရသည်။ ထို့နောက် ပုလိပ်အဖွဲ့မှ ထိုကျောင်း၌ စစ်ဆေးကြည့်လိုက်သောအခါ

"ဟာ ဆွာမိရာမာ ဓားဒဏ်ရာနဲ့ သေဆုံးနေလား"





ထိုညအဖို့ ဆွာမိရာမာ သေဆုံးသွားသည့်အတွက် ပုလိပ်များလည်း အလုပ်ရှုပ်သွားတော့လည်း လူသတ်မှုနှင့်ပတ်သက်၍ ထိုသူခိုးသုံးဦးအား စစ်ဆေးမည်ပြုစဉ် ထိုသုံးဦးမှာ တစ်ဦးနှင့်တစ်ဦး မျက်စပစ်ပြီး ၎င်းတို့၏ အိတ်ထဲ၌ လျှို့ဝှက်စွာ သယ်ယူလာသည့် ဆေးလုံးများကို ပါးစပ်ထဲသို့ ထည့်လိုက်သည်။

မကြာမီ သူတို့သုံးဦးစလုံး တုန်းခနဲ လဲကျသေဆုံးသွားခဲ့သည်။

"ဟာ ဒါဟာ သူတို့ကိုယ်သူတို့ နှုတ်ပိတ်လက်စသိမ်းလိုက်တာပဲ"

"သူတို့ကိုယ်သူတို့ လက်စသိမ်းတာက အရေးမကြီးဘူး၊ ဒီလူသတ်မှုအတွက် အရေးကြီးတဲ့ သဲလွန်စတွေ ပျောက်ကုန်ပြီ"

"ဟုတ်ပါ့ကွာ ဒီအမှုကို ပုလိပ်မင်းကြီးဆီကို ဘယ်လိုတင်ပြရမှန်းတောင် မသိဘူး"

"အေးကွာ ထူးထူးဆန်းဆန်း လူသတ်မှုပဲ၊ အသတ်ခံရတဲ့သူလည်းသေ၊ သတ်တဲ့သူတွေလည်းသေတော့ တရားခံရှာဖို့တောင် မလွယ်တော့ဘူး၊ ဒါပေမဲ့ သူတို့အဖွဲ့ရဲ့နောက်မှာ ကြိုးကိုင်တဲ့သူတော့ ရှိလိမ့်မယ်"

ပုလိပ်အဖွဲ့ဝင်များ အလုပ်ရှုပ်သလို ခေါင်းလည်းရှုပ်ကာ ဤသို့ တစ်ယောက်တစ်ပေါက်ပြောနေခဲ့ကြသည်။

နောက်တစ်နေ့ သတင်းစာများတွင် "ထူးဆန်းသော လူသတ်မှုကြီး" ဟူသော ခေါင်းစဉ်ဖြင့် တရားခံမရှိသော လူသတ်မှုအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပါလာခဲ့သည်။ ထို့နောက် ဆွာမိလေး၏အလောင်းကို စစ်ဆေးကြည့်သော အခါ သူ၏ခန္ဓာကိုယ်တွင် အဝတ်အိတ်အထပ်ထပ် ရစ်ပတ်ထည့်ထားသည့် မှန်ဝိုင်းကလေးတစ်ခုကို တွေ့ရှိခဲ့သည်။

ထိုမှန်ဝိုင်းကလေးကား လွန်စွာထူးခြားလှပေသည်။ အချင်း ခြောက်လက်မခန့်ရှိပြီး အနားတွင် ရွှေဖြင့်အနားကွပ်ထားသည်။ မှန်၏ မျက်နှာပြင်မှာ ရိုးရိုးမှန်များကဲ့သို့ ညီညာခြင်းမရှိ။ မျက်နှာပြင်နှစ်ခုစလုံး မှာ ခုံးနေသဖြင့် မှန်ဘီလူးခုံးသဖွယ် ဖြစ်နေသည်။ ရွှေနားကွပ်တွင် အမျိုးအမည်မသိသော ဘာသာစကားလုံးများနှင့် ရေးထိုးထားသည့် စာလုံးများပါရှိသည်။

ထိုအမှုမှ တရားခံများ သေဆုံးသွားသည့်အတွက် ထိုအမှုကို ခေတ္တဆိုင်းငံ့ထားလိုက်သည်။ ထို့နောက် သေဆုံးသူ၏ကိုယ်မှရရှိခဲ့သော အချင်းဖြစ် သက်သေခံပစ္စည်းကို တရားရုံးသို့ပို့ခဲ့သည်။ တရားရုံးမှ ထိုပစ္စည်းအား စစ်ဆေးပြီးနောက် အဆိုပါပစ္စည်းမှာ ရှေးဟောင်းပစ္စည်း တစ်ခုခုဖြစ်လိမ့်မည်ဟု ကောက်ချက်ချပြီး ရှေးဟောင်းသုတေသနသို့ ပေးပို့ခဲ့သည်။

ထိုဌာန၏ဌာနမှူးမှာ ပရော်ဖက်ဆာ ဒေါက်တာ ဦးကောင်းညွှန့် ပင်ဖြစ်ပေသည်။

ထိုသို့ဖြင့် ထူးဆန်းသော လူသတ်မှုနှင့်အကျုံးဝင်သည့် ပစ္စည်း တစ်ခုမှာ လွန်စွာဗဟုသုတပြည့်စုံကြွယ်ဝသည့် ဒေါက်တာဦးကောင်းညွှန့် ထံသို့ ရောက်ရှိခဲ့သည်။





ဦးကောင်းညွှန့်သည် ထိုပစ္စည်းကလေးကို သေချာစွာကိုင်ကြည့် ပြီးနောက် ထိုမှန်ဘီလူးခုံးကလေးကို နေရောင်တွင် ထားကြည့်လိုက်သော အခါ

"ဟာ မှန်ထဲက အရောင်ခုနစ်မျိုးထွက်လာပါလား"

ထိုမှန်ဘီလူးခုံးကလေးသည် နေရောင်နှင့် ထိတွေ့သောအခါ အနီရောင်၊ လိမ္မော်ရောင်၊ ခရမ်းရောင်၊ မည်းနယ်ရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ အပြာရောင်စသည့် ရောင်စဉ်ခုနစ်ဖြာသော အရောင်များ တဖျပ်ဖျပ်ပေါ်ထွက်လာပြီး နောက်ဆုံးတွင် ရောင်စဉ်ခုနစ်ခုမှာ ပေါင်းစပ် ပြီး အဖြူရောင်အလင်းတန်းအသွင် ပြောင်းလဲသွားပါသည်။

"ဒါဟာ ရောင်စဉ်ခုနစ်သွယ် ပေါင်းစပ်ပြီး အလင်းတန်းဖြစ် သွားတဲ့ သိပ္ပံဆိုင်ရာနိယာမတစ်ခုပဲ၊ ဒီနိယာမနဲ့မှန်ခုံးတို့ ဘယ်လိုဆက်စပ် နေပါလိမ့်"

ထိုသို့ တွေးတောစဉ်းစားနေစဉ် မှန်ဘီလူးခုံးမှ အလွန်လင်း သော အလင်းတန်းတစ်ခု ရုတ်တရက်ပေါ်ထွက်လာခဲ့သည်။

"ဟာ အလင်းတန်းက စုသွားပြီး အလွန်လင်းတဲ့ လင်းရောင် တန်းကလေး ဖြစ်သွားပြီ"

ထိုအလင်းတန်း၏အရှည်မှာ ဦးကောင်းညွှန့်၏အခန်းနံရံသို့ပင် ရောက်ရှိသွားခဲ့သည်။

"ဟာ ဒီမှန်ခုံးလေးမှာ ထူးဆန်းတဲ့စွမ်းအင်တွေ ရှိနေပါလား၊ ဒါဟာ ဘယ်မှာသုံးတဲ့ပစ္စည်းလည်းမသိဘူး၊ ဟော ဒီမှာလည်း စာတွေ



www.burmeseclassic.com

www.burmeseclassic.com



ရေးထားတယ်၊ ဘာစာတွေမှန်းလည်း မသိဘူး''

ပရော်ဖက်ဆာ ဦးကောင်းညွန့်သည် ရှည်လျားသော အလင်းတန်းကလေးကိုကြည့်ပြီး တွေးနေမိသည်။ အတန်ကြာအောင် တွေးတော ပြီးနောက် ထိုမှန်ဘီလူးခုံးကလေးကို နေရောင်ခြည်မှ ပြန်ယူလိုက်သော အခါ

''ဟာ အလင်းတန်းကလေး ပျောက်သွားပြီ''

အလင်းတန်းကလေးမှာ ချက်ချင်းပျောက်ကွယ်သွားသော်လည်း မှန်ခုံးလေး၏မျက်နှာပြင်တွင် အရောင်ခုနစ်မျိုးပေါ်ထွက်နေသည်။ ထို ရောင်စဉ်ခုနစ်မျိုးမှာ တဖြည်းဖြည်း အရောင်ဖျော့ပြီး ပျောက်ကွယ်သွား ခဲ့သည်။

''အင်း ဒီပစ္စည်းလေးနဲ့ ရောင်စဉ်ခုနစ်သွယ်နဲ့လည်း ဆက်စပ် နေပုံရတယ်၊ ဘာပစ္စည်းမှန်းတော့ မသိဘူး၊ ဒါပေမဲ့ ရွှေနားရစ်မှာ ရေးထားတဲ့စာကို အဓိပ္ပာယ်ဖော်နိုင်ရင်တော့ ဒီပစ္စည်းဟာ ဘယ်လောက် အသုံးဝင်တဲ့ပစ္စည်းဆိုတာကို သိမှာပဲ''

ထိုသို့စဉ်းစားပြီး ထိုမှန်ခုံးကလေးကို သိမ်းမည်ဟူသော အတွေး ဖြင့် ကိုင်လိုက်စဉ်

''အား ပူလိုက်တာ ပူလိုက်တာ''

ထိုမှန်ခုံးကလေးမှာ မီးခဲတမျှ ပူလောင်နေသဖြင့် အသာအယာ ပြန်ချထားလိုက်သည်။

''ဒီမှန်ခုံးကလေးက ဘာကြောင့် ဒီလောက်ပူနေရတာလဲ၊





အလင်းကနေ အပူစွမ်းအင်ကို ပြောင်းသွားတာလား''

ပရော်ဖက်ဆာ ဦးကောင်းညွန့်ပင် သည်အရှုပ်ကို မရှင်းနိုင် အောင် ခေါင်းခြောက်သွားခဲ့သည်။ တစ်နာရီကျော်ခန့်အကြာမှ ထိုမှန်ခုံး ကလေးကို မရဲတရဲနှင့် ကိုင်ကြည့်လိုက်ရာ

''အင်း ပူတော့ မပူတော့ဘူး၊ ဒါပေမဲ့ နွေးနွေးလေးတော့ ရှိ သေးတယ်၊ ဒီလောက် ထူးဆန်းတဲ့ပစ္စည်းမျိုး တစ်ခါမှလည်း မတွေ့ဖူး ဘူး။ ပစ္စည်းရဲ့ပုံသဏ္ဌာန်နဲ့အနေအထားကို ကြည့်ရတာ နှစ်ပေါင်းထောင် ကျော်လောက်က ပစ္စည်းဖြစ်ပုံရတယ်''

သူသည် ဤပစ္စည်းနှင့်ပတ်သက်ပြီး မဖြေရှင်းနိုင်သည့် ပဟေဠိ တစ်ပုဒ်၏အစကို ဆွဲမိသည့်နှယ် မတွေးနိုင် မမြင်နိုင်အောင် ဖြစ်ခဲ့ရသည်။

ထိုသို့ဖြင့် ညနေ ရုံးဆင်းခါနီးအချိန်သို့ ရောက်ခဲ့သည်။

''အင်း ဒီပစ္စည်းလေးက တော်တော်ထူးခြားတယ်၊ ဒီတော့ ဒီအတိုင်းထားလို့တော့ မဖြစ်ဘူး၊ ဒီဗီရိုထဲမှာ သော့ခတ်ပြီး သိမ်းထားမှ ဖြစ်မယ်''

သူသည် ထိုသို့တွေးကာ အလုပ်ခန်းတွင် အရေးကြီးသည့် စာရွက်စာတန်းများထည့်ရန် ပေးထားသည့် သံဗီရိုအဆင့်ဆင့်ထဲမှ တတိယအဆင့်၌ ထားကာ သော့ခတ်ထားလိုက်သည်။

ဦးကောင်းညွန့်မှာ အိမ်သို့သာ ပြန်သွားသော်လည်း စိတ်ကမူ ဤပစ္စည်းကလေးဆီ၌သာ စိတ်ရောက်နေသည်။ အဖြေထွက်ခဲ့ရသည့် ပုစ္ဆာတစ်ပုဒ်နှယ် နေမထိ ထိုင်မသာဖြစ်နေသည်။ ထိုသို့ဖြင့် တစ်ညလုံး



www.burmeseclassic.com

www.burmeseclassic.com



အတွေးများက နှိပ်စက်နေသည့်အတွက် နံနက်မိုးလင်းကာနီးအချိန်မှ မှေးခနဲ အိပ်ပျော်သွားခဲ့သည်။

နံနက်ခြောက်နာရီခန့်အချိန်တွင်. . . ။

"ဒေါက် ဒေါက် ဒေါက်"

ဟူသော တံခါးခေါက်သံကြားသဖြင့် ဦးကောင်းညွှန့်၏အိမ်စောင့် တစ်ဦးက တံခါးဖွင့်ပေးလိုက်ရာ

"ဆရာကြီး ဦးကောင်းညွှန့်နဲ့ တွေ့ချင်လို့ပါ"

"ဆရာကြီး အိပ်နေတယ်၊ မနိုးသေးဘူး"

"ကျွန်တော်က ဆရာကြီးရဲ့ရုံးက ညစောင့်ပါ၊ အရေးကြီးတဲ့ ကိစ္စရှိလို့ ဆရာကြီးကို နှိုးပေးပါ"

"ကောင်းပြီ ဆရာကြီးကို နှိုးပေးပါမယ်"

အိမ်စောင့်ဦးဘစောက ဆရာကြီးကို နှိုးပေးလိုက်သည်။

"ကဲ ဦးဖိုးမောင် ဘာကိစ္စလဲ ပြောပါ"

"ညသန်းခေါင်ကျော်အချိန်က ရုံးထဲကို သူခိုးဝင်လို့ပါ ဆရာကြီး"

"ဟေ ထူးထူးဆန်းဆန်း ငါတို့ရုံးထဲကို သူခိုးဝင်ရအောင် တို့ရုံးမှာ ဘာအဖိုးတန်ရှိလို့လဲ"

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော်လည်း ဒီရုံးမှာ အလုပ်လုပ်လာတာ အနှစ်နှစ်ဆယ်ကျော်ရှိပါပြီ၊ ရုံးထဲကို သူခိုးဝင်တယ်ဆိုတာ တစ်ခါမှ မဖြစ်ဖူးဘူး"





"အေး ဒါနဲ့ ဘာတွေပါသွားသေးသလဲ"

"ဘာမှတော့ မပါပါဘူး ဆရာကြီး။ သူခိုးက ဆရာကြီးရဲ့ရုံးခန်းကို ဖောက်ထွင်းဖို့ ကြိုးစားနေတုန်း ကျွန်တော် နိုးလာပြီး အားလုံး ဝိုင်းဖမ်းလိုက်လို့ မိထားပါတယ် ဆရာကြီး"

"ဟေ ဒါဆို ငါ လိုက်ကြည့်မယ်၊ ပုလိပ်ကိုလည်း တစ်ခါတည်း ဝင်ခေါ်ခဲ့မယ်"

ဆရာကြီးဦးကောင်းညွှန့်သည် ဂတ်တဲ၌အကြောင်းကြားပြီး ပုလိပ်များကို ခေါ်ကာ လိုက်လာခဲ့သည်။ မကြာမီ ရုံးသို့ရောက်ပြီး ကြိုးဖြင့်တုပ်ထားသည့် သူခိုးကို တွေ့လိုက်ရသည်။ သူခိုးမှာ ဦးကောင်းညွှန့်ထင်ထားသကဲ့သို့ မြန်မာလူမျိုးမဟုတ်ဘဲ အိန္ဒိယလူမျိုးဖြစ်နေသည်။

"မင်းက ဘာကြောင့် ဒီရုံးကို ဖောက်ထွင်းရတာလဲ"

သူခိုးမှာ ဘာတစ်ခွန်းမျှ ပြန်မပြောပေ။

ပုလိပ်များက မေးမြန်းသော်လည်း သူခိုးမှာ မည်သို့မျှ ပြန်မပြောသဖြင့် ထိုသူခိုးကို ဂတ်တဲသို့ ခေါ်ဆောင်သွားခဲ့သည်။

"အင်း ထူးတော့ ထူးဆန်းတယ်၊ သူခိုးကလည်း ဘာမှမေးလို့ မရဘူး"

"ဟုတ်ပါတယ် ဆရာကြီး"

ဆရာကြီးနှင့် ရုံးသူရုံးသားများမှာ ထူးခြားသော သူခိုး၏အကြောင်းကို ပြောဆိုနေခဲ့သည်။ သို့ဖြင့် ညနေရုံးဆင်းခါနီးအချိန်တွင် ဂတ်တဲမှ ပုလိပ်တစ်ယောက် ရောက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ဂတ်တဲကို ခဏလိုက်ခဲ့ဖို့ ခေါ်ခိုင်းလိုက်လို့ပါ"

"ဟေ ဘာဖြစ်လို့လဲ"

"ဂတ်တဲရောက်ရင် သိမှာပါ ဆရာကြီး"

"ဟုတ်ပြီ ငါ လိုက်ခဲ့တယ်"

ဆရာကြီး ဦးကောင်းညွှန့်သည် ၎င်း၏အော်စတင်ကားကလေးကို မောင်းကာ ဂတ်တဲသို့ မောင်းလာခဲ့သည်။

ဂတ်တဲသို့ရောက်သောအခါ ပုလိပ်အရာရှိ အိုင်ပီဦးမြင့်ထွန်းက

"ဆရာကြီးကို ခေါ်လိုက်ရတာ အားနာပါတယ်၊ ဒါပေမဲ့ ဆရာကြီးရဲ့ရုံးခန်းကို ဖောက်ထွင်းမှုနဲ့ အမှုဖွင့်ထားတဲ့ တရားလိုမို့ ခေါ်လိုက်ရတာပါ"

"ကောင်းပါပြီ ခေါ်ရတဲ့အကြောင်းရင်းကို ပြောပါ"

"ဒီနေ့မနက်က ဆရာကြီးတို့ရုံးကို ဖောက်ထွင်းတဲ့ တရားခံကို စစ်ဆေးခဲ့ပါတယ်၊ ဒါပေမဲ့ အဲဒီသူခိုးဟာ စကားတစ်ခွန်းမှ မေးလို့မရဘူး၊ နေ့ခင်းကို ရောက်လို့ သူ့ကိုထပ်ပြီးစစ်မေးမယ်အလုပ်မှာ သူဟာ အချုပ်ခန်းထဲမှာ အဆိပ်သောက်ပြီး သေနေပြီ"

"ဟင် ဘယ်လို ဘယ်လို"

ဦးကောင်းညွှန့်မှာ သူခိုး၏သတင်းကို ကြားရသောအခါ အလွန်ပင် အံ့ဩသွားခဲ့သည်။

"ဟုတ်ပါတယ် ဆရာကြီး၊ ဒီအမှုဟာ တော်တော် ထူးဆန်းတယ်"





"ဘာဖြစ်လို့လဲ"

"ဒီအမှုနဲ့ပတ်သက်တဲ့ တရားခံတွေဟာ သူ့ကိုယ်သူ သတ်သေသွားတာ ထူးဆန်းတယ်"

"အင်း ဟုတ်တာပဲ"

"ဒီအဆိပ်တွေကလည်း တစ်မျိုးတည်း ဖြစ်ပုံရတယ်၊ သေပုံသေနည်းကလည်း အတူတူပဲ၊ ဒါကြောင့် ဆရာကြီးကိုယ်တိုင် သူခိုးရဲ့ အလောင်းကို ကြည့်ရအောင်လို့ ခေါ်လိုက်တာပါ"

"အေးဗျာ စိတ်တော့ မကောင်းပါဘူး၊ ဒါပေမဲ့ သူခိုးအလောင်းကိုတော့ ကြည့်လိုက်ဦးမယ်"

ဦးကောင်းညွှန့်မှာ သူခိုးထံမှ မှန်ခုံးနှင့်ပတ်သက်သည့် အကြောင်းအရာတစ်ခုခု သိရလိမ့်မည်ဟု မျှော်မှန်းထားသော်လည်း ယခုအခါ၌ မှန်းချက်နှင့်နှမ်းထွက် မကိုက်ခဲ့ပေ။ သူသည် သူခိုး၏အလောင်းကို ကြည့်လိုက်သောအခါ. . .။

မည်းနက်သော အသားအရေမှာ အဆိပ်ကြောင့် မည်းပြာနေသည်။ ပါးစပ်ထဲမှသွေးများ စီးကျနေသည်။

မကြာမီ စီအိုင်ဒီ ပုလိပ်အဖွဲ့သားများ ရောက်ရှိလာပြီး ဓာတ်ပုံရိုက်သူကရိုက် ပေတိုင်းသူကတိုင်းနှင့် သေမှုသေခင်းစစ်ဆေးပြီးနောက် အလောင်းကို ဆေးရုံကြီးရှိ ရင်ခွဲရုံသို့ ပို့ဆောင်ခဲ့သည်။ ထို့နောက် အလောင်းကို ခွဲစိတ်စစ်ဆေးပြီး သေပုံသေနည်းကို စစ်ဆေးခဲ့ကြသည်။

ထို့နောက် ဆရာကြီးဦးကောင်းညွှန့်နှင့် ပုလိပ်အရာရှိတို့ တွေ့



www.burmeseclassic.com

www.burmeseclassic.com



ဆုံခဲ့သည်။

"ဆရာကြီး သူ့နီးကို ရင်ခွဲပြီး စစ်ဆေးကြည့်လိုက်တော့ သူ့နီး ရဲ့ဝမ်းဗိုက်ထဲမှာ တွေ့ရတဲ့ အဆိပ်နဲ့ဆွာမိလေးကို သတ်တဲ့သူသုံးယောက် သုံးတဲ့ အဆိပ်အမျိုးအစားဟာ အတူတူဖြစ်နေတာ တွေ့ရတယ်"

"ဟင် ဒါဆိုရင် သူတို့ဟာ တစ်ဂိုဏ်းတည်းသားတွေများလား"

"ဖြစ်နိုင်ပါတယ် ဆရာကြီး တကယ်တော့ ဆွာမိလေး အသတ်ခံရတဲ့ကိစ္စဟာ ဘာမှရေးကြီးခွင်ကျယ်မရှိဘူးလို့ ထင်ရပေမယ့် အခုတော့ တဖြည်းဖြည်းနဲ့ ရှုပ်ထွေးလာပြီ"

"ဒါဆိုရင် ကျုပ်တစ်ခုစဉ်းစားမိတယ်၊ ဆွာမိလေး အသတ်ခံရတဲ့ကိစ္စဟာ ကျုပ်တို့ဆီကို ရောက်လာတဲ့ မှန်ခုံးလေးနဲ့ ပတ်သက်နေသလားမသိဘူး"

"ဒါဟာ စဉ်းစားရမယ့် ကွင်းဆက်တွေဖြစ်လာပြီ၊ စောစောတုန်းက ဆွာမိလေးကို သတ်တဲ့အဖွဲ့က လူအားလုံးသေဆုံးကုန်ပြီဆိုတော့ ဒီအမှု ပြီးပြတ်သွားပြီ အောက်မေ့တာ"

ဆရာကြီး၏စကားကို ပုလိပ်အရာရှိ အိုင်ပီဦးမြင့်ထွန်းက ဤသို့ပြန်ပြောလိုက်သည်။

"ဟုတ်ပါတယ် အိုင်ပီဦးမြင့်ထွန်း၊ ကျုပ်အထင်တော့ ဆွာမိလေးဆီမှာရှိတဲ့ မှန်ခုံးလေးကို လိုချင်လို့ ဟိုလူသုံးယောက်က လာလုတာ ဖြစ်မယ်၊ အဲဒီအစီအစဉ်မအောင်မြင်ဘဲ ပုလိပ်တွေနဲ့တန်းတိုးပြီး အဖမ်းခံရတော့ ဒီသတင်းပေါက်ကြားမှာစိုးလို့ သူတို့ရဲ့ဂိုဏ်းချုပ်ကများ ကြိုတင်





ကြံစည်ပြီး အဆိပ်လုံးတွေ ပေးလိုက်သလား"

"ဟုတ်ပါတယ် ဆရာကြီး၊ ဒီကိစ္စဟာ ပေါ့ပေါ့တန်တန်ကိစ္စ တစ်ရပ်တော့ မဟုတ်ဘူးဆိုတာ ကျွန်တော်တို့ သဘောပေါက်ပါတယ်၊ အခု ဆရာကြီးဆီမှာရှိတဲ့ မှန်ခုံးကလေးဟာ အလွန်တန်ဖိုးရှိတဲ့ ပစ္စည်း ဖြစ်မယ်"

"ဟုတ်တယ် အိုင်ပီ ဦးမြင့်ထွန်းရေ ဒီပစ္စည်းနဲ့ပတ်သက်ပြီး လူတွေတယ်လောက် သေသလဲတော့မသိဘူး။ အခု လောလောဆယ်တော့ လူငါးဦးသေဆုံးသွားပြီ"

"ဒီကိစ္စနဲ့ပတ်သက်ပြီး စဉ်းစားစရာ အများကြီးပေါ်လာတယ်၊ ဒါဟာ အိန္ဒိယက အဖွဲ့အစည်းဂိုဏ်းတစ်ခုခုနဲ့တော့ ပတ်သက်နေပြီ"

"ဟုတ်ပါတယ် အိုင်ပီဦးမြင့်ထွန်း အခုတလော ပသျှူးခေါင်း ဖြတ်ဂိုဏ်းလိုလို 'စေတန်'ဂိုဏ်းလိုလို နဂါးနက်ဂိုဏ်းလိုလို မိစ္ဆာဝါဒဂိုဏ်း တွေအကြောင်း သဲ့သဲ့ကြားနေရတယ်"

"ဟုတ်ပါတယ် ဆရာကြီး၊ အခုတလောမှာ အနယ်နယ်အရပ် ရပ်မှာ မိစ္ဆာဂိုဏ်းသားတွေရောက်လာတယ်လို့ သတင်းတွေ ထွက်နေ တယ်၊ ဒါပေမဲ့ သွားဖမ်းတော့လည်း တိတိကျကျ မမိဘူးဖြစ်နေတယ်"

"ဟုတ်ပါတယ် ဒီကိစ္စတွေလည်း ကျုပ်တို့ ကြားနေရပါတယ်၊ ဒါပေမဲ့ အခု ပြဿနာကတော့ အိန္ဒိယသား ကုလားငါးဦးသေတဲ့အမှု အခင်းဖြစ်နေတယ်"

"ဟုတ်ပါတယ် ဆရာကြီး ဒီကိစ္စကတော့ အလွန်လျှို့ဝှက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းမှုဖြစ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီမှန်ခုံးဟာ ဆရာကြီးတို့ဆီမှာ ရှိမှန်းသိပုံရတယ်၊ ဒါကြောင့် ဒီကုလားသူခိုးဟာ ဒီမှန်ခုံးကို လာခိုးဖို့ လာတာပဲဖြစ်မယ်''

''အောရိုက် အောရိုက် အိုင်ပီဦးမြင့်ထွန်း ခင်ဗျား ပြောတာ အမှန်ပဲဗျို့''

''ဒါဆိုရင်၊ တစ်ခုပဲရှိတယ် ဆရာကြီး''

''ဘာတစ်ခုပဲရှိတာလဲ အိုင်ပီ''

''မှန်ခုံးအတွက် နောက်ထပ်လူဘယ်နှစ်ယောက်ရဲ့အသက်တွေကို ပေးဆပ်ရမလဲ မသိဘူး''

''ဟေ''

ပရော်ဖက်ဆာ ဦးကောင်းညွှန့်မှာ အနာဂတ်တွင်ကျရောက်လာမည့် အန္တရာယ်အတွက် စိုးရိမ်ပူပန်မိခဲ့ပါတော့သည်။

■ ■ ■



# အခန်း (၂)
## ထူးဆန်းသော မှော်ဝင်မှန်ခုံးလေး

မဂိုလမ်းလူသတ်မှုနှင့် ပတ်သက်၍ စီအိုင်ဒီ အဖွဲ့သားတစ်စုမှာ သာမန်လူသတ်မှုဟု ယူဆခဲ့သော်လည်း တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက်သေဆုံးခဲ့သည်မှာ လူငါးဦးခန့်ဖြစ်လာသဖြင့် အလေးဂရုထားရမည့်အမှုအဖြစ် စာရင်းသွင်းခဲ့ကြသည်။

အချိန်ကာလအားဖြင့် အင်္ဂလိပ်နယ်ချဲ့အစိုးရသည် အိန္ဒိယပြည်ရော မြန်မာပြည်ပါ အုပ်စိုးနေသည့်အတွက် အိန္ဒိယပြည်မှလူများသည် မြန်မာပြည်သို့ အလွယ်တကူလာရောက်နိုင်သည့် အချိန်ဖြစ်သည်။

ဤကိစ္စနှင့်ပတ်သက်၍ အိုင်ပီဦးမြင့်ထွန်းနှင့် အိုင်ပီ ဦးသောင်းစိန်တို့နှစ်ဦးမှာ အလေးအနက်ထား၍ ဆွေးနွေးနေခဲ့သည်။

''အိုင်ပီဦးသောင်းစိန် မနေ့ကပဲ ရှေးဟောင်းသုတေသနရုံး



www.burmeseclassic.com

www.burmeseclassic.com



ကို ဖောက်ထွင်းတဲ့သူခိုးက သူ့ကိုယ်သူ သတ်သေပြန်ပြီ''

''ဟုတ်တယ် အိုင်ပီဦးမြင့်ထွန်း ကျွန်တော်လည်း အဲဒီအကြောင်းကို ကြားပြီးပါပြီ''

''ကျွန်တော့်စိတ်ထဲမှာ ဒီအမှုဟာ ဒီမှာတင် ရပ်တဲ့သွားမှာ မဟုတ်သေးဘူး။ ကွင်းဆက် ကွင်းဆက်တွေပေါ်လာဦးမှာပဲလို့ ထင်တယ်''

''ဖြစ်နိုင်ပါတယ် အိုင်ပီ ဒီအမှုရဲ့နောက်ကွယ်မှာ ကြီးမားတဲ့ အဖွဲ့အစည်းတစ်ခုခု ရှိလိမ့်မယ်လို့ ထင်တယ်''

''ဟုတ်ပါတယ် နယ်ချဲ့အစိုးရက အိန္ဒိယပြည်က ကုလားတွေကို ခေါ်ပြီး ငွေဖ်ချေးပေးတယ်၊ ပြီးတော့ လယ်မြေတွေကို ပေးတယ်၊ လယ်သမားတွေကို ငွေချေးပြီး လယ်လုပ်ခိုင်းတယ်၊ အဲဒီကရတဲ့ငွေတွေကို ခေါင်းပုံဖြတ်ပြီး အတိုးတွေ မတန်တဆ ယူတယ်''

''ဟုတ်တယ် သူတို့နဲ့အတူ အန္ဒိယနိုင်ငံက မိစ္ဆာဂိုဏ်းတွေဖြစ်တဲ့ ပသျှူးခေါင်းဖြတ်ဂိုဏ်းတို့ မြွေဟောက်နက်ဂိုဏ်းတို့ မနောစိတ္တဂိုဏ်း စတဲ့ ဂိုဏ်းမျိုးစုံက လူတွေပါ ပါလာခဲ့တယ်''

''ဟုတ်ပါတယ် သူတို့က အိန္ဒိယလူမျိုးအချင်းချင်းတောင် မတရားအနိုင်ကျင့်ပြီး ခိုးဆိုးတိုက်ခိုက်ခဲ့ကြတယ်၊ သိရင်သိသလို မသိရင် မသိသလို အနုနည်း၊ အကြမ်းနည်းသုံးပြီး မြန်မာနိုင်ငံက ရတနာတွေကို ရယူကြတယ်''

''ဟုတ်တယ်ဗျ မိုးကုတ်က ပတ္တမြားတွေဆိုလည်း သူတို့ပဲ





လက်ဝါးကြီးအုပ်ကြတာပဲ''

''အခုပြောရမယ်ဆိုရင် ဆွာမိလေးယူလာတဲ့ပစ္စည်းဟာ အတော် တန်ဖိုးရှိပုံရတယ်၊ ဒီပစ္စည်းနောက်ကို တကောက်ကောက်လိုက်နေပုံရတယ်''

''ဟုတ်တယ် ဟုတ်တယ်''

ထိုသို့ အရာရှိနှစ်ဦး ဆွေးနွေးနေစဉ် ပုလိပ်တစ်ယောက် ဝင်လာပြီး

''ရှေးဟောင်းသုတေသနရုံးခန်းမှာ ဓားထိုးမှုဖြစ်လို့တဲ့ ဆရာ''

''ဟေ''

အိုင်ပီနှစ်ဦးနှင့် ဆားပုလင်းတစ်ဦးကိုခေါ်ပြီး ရှေးဟောင်းသုတေသနရုံးသို့ လိုက်သွားခဲ့ကြသည်။

''ဘယ်လိုဖြစ်တာတုန်း''

''ဆရာကြီး ဦးကောင်းညွန့် ဓားထိုးခံရလို့ပါ ဆရာ''

''အခု ဆရာကြီးရော''

''ဆေးရုံကြီးကို ပို့လိုက်ပါတယ်''

သူတို့အားလုံး ဆေးရုံကြီးသို့ လိုက်သွားခဲ့ကြသည်။ ဆေးရုံကြီးရှိ အထူးကြပ်မတ်ဆေးကုဆောင်၌ ဆရာကြီး ဦးကောင်းညွန့်နှင့် ဆရာဝန်ကြီးကို တွေ့ရှိခဲ့ကြသည်။

''ဒေါက်တာ ဆရာကြီး အခြေအနေ ဘယ်လိုနေပါသေးသလဲ''

''လူသတ်သမားက ရင်အုပ်ကို တည့်တည့်တော့ ထိုးတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဆရာကြီးက အရှောင်ကောင်းလို့ အပေါ်ယံရှုပ်ထိသွားတယ်''

''ဒါဆို အသက်ဘေးတော့ မစိုးရိမ်ရပါဘူးနော် ဒေါက်တာ''

''အသက်ဘေးတော့ မစိုးရိမ်ရပါဘူး''

''နေ့ခင်းကြောင်တောင် ဒီလောက် အတင့်ရဲတာ တစ်ခါမှ မတွေ့ဖူးဘူး။ ဘယ်လိုဖြစ်တာပါလဲ ဆရာကြီး''

''အင်း ပြောဆိုတော့လည်း ပြောရမှာပေါ့။ မိုးတွေ သည်းသည်း မည်းမည်းရွာနေတဲ့ နေ့ခင်းအချိန်မှာ..''

ဆရာကြီး ဦးကောင်းညွန့်က ဤသို့အစချီကာ ဖြစ်ကြောင်း ကုန်စင်ကို ပြောပြခဲ့သည်။

အပြင်ဘက်၌ မိုးတွေသည်းသည်းထန်ထန် ရွာသွန်းနေသည်။ အချိန်ကား နေ့လယ်တစ်ဆယ့်နှစ်နာရီခန့်..။

''ဒေါက် ဒေါက် ဒေါက်''

''ဝင်ခဲ့ပါ''

မင်းစေကလေးက တံခါးဖွင့်ပြီး ဝင်လာကာ

''အပြင်မှာ ဆရာကြီးကို တွေ့ချင်တဲ့ညှေ့သည်တစ်ယောက် ရောက်နေပါတယ်၊ အဲဒါ ဝင်ခွင့်ပြုမပြု သိချင်လို့ပါ''

''ဝင်ခွင့်ပြုလိုက်ပါ''

''ကောင်းပါပြီ ဆရာကြီး''

မင်းစေကလေး ပြန်ထွက်သွားပြီးနောက် မကြာမီတွင်..။

''ဟဲလို ဗွတ်အပ်ဖတာနူး'' ဟူသောအသံနှင့်အတူ ပန်ချာပီ





တစ်ယောက် ဝင်လာခဲ့သည်။

ထိုအခါ ဆရာကြီးဦးကောင်းညွန့်က

''မိတ်ဆွေ ဘာအကူအညီပေးရမလဲ''

''ကျွန်ုပ် ရှေးဟောင်းရုပ်တုကလေးတစ်ခု ပြချင်လို့ပါ''

''ပြပါ''

ထိုအခါ ထိုသူသည် သူ၏လက်ဆွဲအိတ်အတွင်းမှ ကြေးဝါတစ်မျိုးဖြင့် သွန်းလုပ်ထားသော အရုပ်တစ်ခုကို ထုတ်ပြီး စားပွဲပေါ်၌ တင်လိုက်သည်။ ထိုရုပ်တုကလေးကို ဦးကောင်းညွန့်က လှမ်းကြည့်လိုက်သည်။ ထိုရုပ်တုကလေးမှာ အမျိုးသမီးတစ်ဦး၏ ဟန်ပန်မှုနွဲ့သော သဏ္ဌာန်ရှိပြီး ဦးခေါင်းတွင် သရဖူတစ်ခုကိုဆောင်းထားသည်။ ခန္ဓာကိုယ်တွင် အချွန်အတက်များပါသည့် စလွယ်ကဲ့သို့သော အရာကို စွပ်ထားပြီး အောက်ပိုင်းတွင် ကုလားလူမျိုးများ ဝတ်ဆင်ထားသည့် 'ဒိုတီ' ကဲ့သို့ ခါးတောင်းကျိုက်ပုံသဏ္ဌာန်ကို ဝတ်ဆင်ထားသည်။

''ဒီရုပ်တုကို ဘာအတွက်ကြောင့် လာရောက်ပြသတာလဲ''

''ဒီရုပ်တုဟာ ကျွန်ုပ်တို့ဂိုဏ်းရဲ့ အမှတ်အသားဖြစ်တဲ့ 'မာယာမင်းသမီး' ရဲ့ရုပ်တုပါ''

''ခင်ဗျားတို့ဂိုဏ်းက ဘာဂိုဏ်းလဲ''

''ဘာဂိုဏ်းဆိုတာတော့ ပြောလို့မရပါဘူး။ ဂိုဏ်းတစ်ဂိုဏ်းလို့သာ သိထားပါ''

''အဲဒီဂိုဏ်းနဲ့ကျုပ်နဲ့ ဘာဆက်စပ်နေလို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆက်စပ်နေသလဲဆိုတော့ ကျွန်ုပ်တို့သခင်မရဲ့ပစ္စည်းတစ်ခုဟာ မသမာသူတစ်စုကြောင့် ပျောက်ဆုံးသွားပါတယ်၊ အဲဒီပစ္စည်းဟာ ဆရာကြီးဆီမှာရှိတယ်လို့ သိရပါတယ်"

"ဘာပစ္စည်းလဲ"

"မှော်ဝင်မှန်ခုံးလို့လည်း ခေါ်တယ်၊ မရဏစကျွမှန်ခုံးလို့လည်း ခေါ်တယ်"

ထိုသူ၏အပြောကြောင့် ဦးကောင်းညွန့် ကောင်းစွာနားလည်လိုက်သည်။ ထိုသူအလိုရှိသော မှန်ခုံးကလေးမှာ ဆွာမိလေးဆီကရသည့် မှန်ခုံးပင်ဖြစ်ပေမည်။ ထို့နောက် ထိုသူက ဆက်၍ပြောခဲ့သည်။

"အဲဒီပစ္စည်းကို ကျွန်ုပ် ဘယ်လောက်ပေးရ ပေးရ ပြန်ဝယ်ချင်ပါတယ်၊ ကျွန်ုပ်ကိုရောင်းပါ"

ဦးကောင်းညွန့်သည် ထိုသူ၏စကားနောက်ကွယ်တွင် အန္တရာယ်ကပ်၍ပါလာမှန်း အတတ်သိလိုက်သည်။ ထို့ကြောင့် ထိုအန္တရာယ်မှ ကာကွယ်ရန်အတွက် အပြတ်ငြင်းလိုက်သည်။

"ကျုပ်ဆီမှာ ဘာပစ္စည်းမှ မရှိဘူး၊ ဒီဌာနဟာ ရှေးဟောင်းပစ္စည်းထိန်းသိမ်းတဲ့ဌာနပဲဖြစ်တယ်၊ အရောင်းအဝယ်လုပ်တဲ့ဌာန မဟုတ်ဘူး၊ ခင်ဗျားနေရာမှားနေပြီ"

ထိုသို့ ခပ်ထန်ထန်ပြောလိုက်ရာ ထိုသူက မဲ့ပြုံးပြုံးပြီး

"ဆရာကြီး လိမ်လည်တဲ့စကား မပြောပါနဲ့၊ ဆရာကြီးဆီမှာ ရှိကြောင်း အသေအချာ သိရပါတယ်၊ အဲဒီပစ္စည်းဟာ ကျွန်ုပ်တို့အတွက်





အသက်ထက်ပိုပြီး တန်ဖိုးရှိပါတယ်၊ ဆရာကြီး အဲဒီပစ္စည်းကို ပြန်မပေးလို့မဖြစ်ပါဘူး"

"ဒါဆို မင်းက ကျုပ်ကို ခြိမ်းခြောက်တာလား"

"ခြိမ်းခြောက်ခြင်းမဟုတ်ပါ၊ အမှန်အတိုင်းပြောခြင်းသာ ဖြစ်ပါတယ်"

"ဒီတော့ ဆရာကြီး အဲဒီပစ္စည်းကို ထုတ်ပေးပါ"

ထို့နောက် သူ၏ပုံသဏ္ဍာန်မှာ ခက်ထန်ကြမ်းကြုတ်သည့်အသွင်ကို တဖြည်းဖြည်း ပြောင်းလဲခဲ့သည်။ ဦးကောင်းညွန့်မှာ အခြေအနေမဟန်မှန်းသိ၍ လူခေါ်ဘဲလ်အား နှိပ်မည်အပြုတွင် အသတ်အပုတ်ကျင်လည်သည့် ထိုသူသည် ဦးကောင်းညွန့်၏လည်ပင်းကို သိုင်းဖက်ပြီး ဦးကောင်းညွန့်၏လက်ကို လိမ်ချိုးကာ ဓားဖြင့်လည်ပင်းကို ထောက်ပြီး

"ဆရာကြီး ဒီမှာတွေ့လား၊ မသေချင်ရင် အဲဒီပစ္စည်းထုတ်ပေးပါ"

နေ့ခင်းကြောင်တောင် အနုကြမ်းစီးသည့်နှယ် အတင့်ရဲလာသည့် လူဆိုးကို ဆရာကြီးက

"ဟေ့ကောင် လူယုတ်မာ၊ ငါဟာ တာဝန်တစ်ရပ်ကို ထမ်းဆောင်နေသူဖြစ်တယ်၊ မင်းပြောတဲ့ပစ္စည်း ငါ့ဆီမှာရှိလည်း မပေးဘူး"

"ဒါဆိုရင်"

"အင်း"

"လူဆိုး လူဆိုး"



www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် အခြေအနေမဟန်မှန်းသိသည့်အတွက် ဆရာကြီး၏လည်မြိုကို ဓားဖြင့်ထိုးမည်အပြုတွင် ဆရာကြီးက ရုန်းကန်၍ ရှောင်လိုက်ရာ ဟန်ချက်လွဲသွားပြီး လည်ပင်းကို မထိုးမိတော့ချေ။ ရင်အုပ်ကိုသာ ရှပ်၍ထိသွားခဲ့သည်။

ဆရာကြီးက "လူဆိုး လူဆိုး" ဟု အော်ခေါ်သဖြင့် မင်းစေ အပါအဝင် ရုံးအမှုထမ်းများသည် ဆရာကြီး၏အခန်းသို့ အပြေးဝင်လာရာ

ထိုသူသည် ဆရာကြီးအခန်း၏ ပြတင်းပေါက်မှ ခုန်ချ၍ ပြေးသွားရာ ပန်ချာပီဖောင်းထုပ်နှင့်တကွ မုတ်ဆိတ်မွေးအတုများပါကျ၍ ကျန်ရစ်ခဲ့သည်။

ထို့မှ အပြင်ဘက်တွင် အသင့်စောင့်နေသော ဂျစ်ကားပေါ်သို့ ခုန်တက်သွားခဲ့သည်။ ရုံးအမှုထမ်းသည် ထိုကားနောက်သို့ လိုက်သော်လည်း အရှိန်ပြင်းစွာ မောင်းသွားသဖြင့် မျက်ခြေပြတ်သွားခဲ့သည်။ ထို့နောက် ဆရာကြီးအား ဆေးရုံကြီးသို့ ပို့ခဲ့ကြသည်။

ဤသည် ဆရာကြီး ဦးကောင်းညွန့်၏ထွက်ဆိုချက် ဖြစ်သည်။

"ဒါဆို မာယာမင်းသမီးလို့ ဆိုတဲ့ ရုပ်တုကလေးကရော လူဆိုးနဲ့အတူ ပါသွားသလား၊ ကျန်ခဲ့သလား ဆရာကြီး"

"အဲဒီရမလဲ အိုင်ပီဦးမြင့်ထွန်းရဲ့ ကျုပ်ကလည်း အဲဒီ ရုပ်တုကလေးကို ပြကတည်းက ဒါဟာ မော်ဝင်မှန်ခုံးရဲ့သော့ချက်ဖြစ်မယ်ဆိုပြီး သေသေချာချာ ကိုင်ကြည့်သလိုလို့နဲ့ ကျုပ်အိတ်ကပ်မှာ ထားလိုက်တယ်"





"ဩော် ဟုတ်လား"

"လူဆိုးကလည်း ကျုပ်ရဲ့အခန်းထဲမှာ မော်ဝင်မှန်ခုံးရှိတယ်ဆိုတာ အတတ်သိပုံရတယ်၊ ဘယ်လောက်ပေးရ ပေးရ ပြန်လိုချင်တဲ့ပုံပဲ၊ ကျုပ်ကလည်း ဒါဟာ ကျုပ်ပိုင်ပစ္စည်းလည်း မဟုတ်ဘူး၊ တာဝန်တစ်ရပ်အရ ထိန်းသိမ်းထားရတဲ့ပစ္စည်းဖြစ်လေတော့ အသက်နဲ့လဲပြီး ကာကွယ်ရမယ်ဆိုတဲ့ စိတ်ကရှိပြီးသား"

"ဆရာကြီးက တာဝန်ကို အလွန်ကျေတဲ့သူပဲ"

"ဟုတ်တယ် အိုင်ပီရဲ့၊ ကျုပ်ကလည်း ကိုယ့်တာဝန်ကို အသက်နဲ့လဲပြီး စောင့်ရှောက်တဲ့သူဖြစ်လေတော့ လူဆိုးကလည်း ကျုပ်ကို သတ်ပြီး ဒီပစ္စည်းယူမယ်ဆိုတာ ကြိုသိနေတယ်"

"ဟုတ်ကဲ့ ဆက်ပြီးပြောပါ ဆရာကြီး"

"လူဆိုးက လူသတ်နည်းထဲမှာ အသံတိတ်လူသတ်နည်းကို အတော်ကျွမ်းကျင်ပုံရတယ်၊ ကျုပ်ရဲ့လည်မြိုကို ဓားနဲ့ထိုးပြီး အသံတိတ်သတ်ဖို့ ကြံထားတာ၊ ပြီးရင် ကျုပ်ရဲ့သံဗီရိုကို မွှေနှောက်ပြီး မော်ဝင်မှန်ခုံးကို ယူဖို့ ကြံစည်ထားတာ"

"ဒီကောင်တွေ ဒီအကြံအစည်ကို မကြောက်မရွံ့ ကြံစည်ရဲတာ အံ့သြဖို့ကောင်းတယ်"

ထိုသို့ အိုင်ပီ ဦးမြင့်ထွန်းက ပြောလိုက်ရာ အိုင်ပီ ဦးသောင်းစိန်က

"အိုင်ပီရေ ကျွန်တော့်အထင်ပြောရရင် ဒီကောင်ဟာ မရဏာ



www.burmeseclassic.com

www.burmeseclassic.com



စကျွဲဂိုဏ်းကတော့ ဟုတ်မယ်မထင်ဘူး။ အဲဒီဂိုဏ်းက ငှားလိုက်တဲ့ ကြေးစားလူသတ်သမား ဖြစ်ပုံရတယ်"

"ဖြစ်နိုင်တယ် အိုင်ပီ"

အိုင်ပီနှစ်ဦးမှာ အချင်းချင်း ဆွေးနွေးခဲ့ကြသည်။

သည်တွင် အိုင်ပီဦးမြင့်ထွန်းက ဆရာကြီးအား

"ဒါဆိုရင် ဆရာကြီးမှာ ရုပ်တုကလေး ကျန်ခဲ့တာပေါ့နော်"

"ဟုတ်ပါ့ဗျာ ဟုတ်ပါ့ ဟုတ်ပါ့"

"ဒါဆိုရင်"

"ကျုပ်က သူ့နီးလက်က သူ့ဝှက်လုဆိုတာမျိုးပေါ့ဗျာ"

"ဟား ဟား ဟား"

အိုင်ပီနှစ်ဦးနှင့် ဆရာကြီးမှာ ပြောပြောဆိုဆို တဟားဟား ရယ်မောခဲ့ကြသည်။ ထိုစဉ် ဆရာဝန်ကြီး ရောက်ရှိလာပြီး

"အိုင်ပီတို့ဆရာကြီး ဦးကောင်းညွန့်ကို ခေါ်သွားမယ်ဆိုရင် ခေါ်သွားလို့ရပါပြီ"

"ကောင်းပါပြီ"

ဆရာကြီးကိုခေါ်၍ အိုင်ပီနှစ်ဦးမှာ ရုံးသို့လာခဲ့ကြသည်။

ဆရာကြီးမှာ သေကံမရောက် သက်မပျောက်ဘဲ ဆေးရုံမှ ပြန်ဆင်းလာသည့်အတွက် ရုံးသူရုံးသားများမှာ ဝမ်းသာလို့က်လှဲ့စွာ ကြိုဆိုခဲ့ကြသည်။

ထို့နောက် ဆရာကြီးသည် အခြားသူများအား ရုံးခန်းထဲသို့





အဝင်မခံဘဲ အိုင်ပီနှစ်ဦးကိုသာ ရုံးခန်းထဲသို့ခေါ်သွားပြီး

သူထိုင်သည့် စားပွဲခုံအောက်ရှိ အံဆွဲကလေးကို ဆွဲဖွင့်ပြီး ရုပ်တုကလေးကိုယူကာ စားပွဲပေါ်သို့ တင်လိုက်သည်။

"ကျုပ်က ဒီရုပ်တုကလေးကို ဘယ်လောက် စိတ်ဝင်စားသလဲ ဆိုရင် ကျုပ်ရဲ့ရင်ဘတ်မှာ ဓားထိုးခံရပြီး သွေးတွေ ရွှဲနေတာတောင် ဒီရုပ်တုကို ဒီကောင်တွေက ပြန်လာယူမှာစိုးလို့ အသေခံပြီး ကာကွယ်ခဲ့တာ"

"ဆရာကြီးကတော့ တာဝန်ကျေတဲ့နေရာမှာ စံပြပါပဲ"

ထိုသို့ပြောဆိုပြီးနောက် အိုင်ပီဦးမြင့်ထွန်းက ရုပ်တုကလေးကို သေချာစွာကြည့်ရှုခဲ့သည်။

"အိုင်ပီဦးမြင့်ထွန်းကလည်း ကြည့်နေလိုက်တာ မျက်စေ့ ကျွတ် ထွက်တော့မယ့်အတိုင်းပဲ၊ ကျွန်တော့်ကိုလည်း တစ်လှည့်ပေးကြည့်ပါဦး"

ဦးမြင့်ထွန်း ကြည့်နေသည်မှာ ကြာသဖြင့် အိုင်ပီဦးသောင်းစိန်မှာ စိတ်မရှည်တော့ဘဲ ဤသို့ပြောလိုက်သည်။

"ဒီရုပ်တုက တော်တော် လက်ရာမြောက်တယ်ဗျ၊ ပြီးတော့ ဝတ်စားဆင်ယင်မှုကိုကြည့်ရတာ ဟိုးရှေးခေတ် အိန္ဒိယလူမျိုး မင်းသမီး တစ်ဦးရဲ့ ဝတ်စားဆင်ယင်ပုံနဲ့ တူလို့ပါ"

"ကဲပါဗျာ ကျွန်တော်လည်း ကြည့်ပါရစေဦး"

"ကဲ ရော့ပါဗျာ"

အိုင်ပီ ဦးမြင့်ထွန်းက အိုင်ပီ ဦးသောင်းစိန်၏လက်ထဲသို့ ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ အိုင်ပီဦးသောင်းစိန်သည် ထိုရုပ်တုကလေးကို တည့်တည့်ကြည့်လိုက် ဘေးတိုက်ကြည့်လိုက်၊ အထက်လှန်အောက်ပြန်ကြည့်လိုက်နှင့် အတော်ပင် အချိန်ကြာသွားခဲ့သည်။

ထိုအခါ အိုင်ပီ ဦးမြင့်ထွန်းက

"အိုင်ပီဦးသောင်းစိန်ကတော့ သဲလွန်စရှာတာနဲ့ သုံးနှစ်သုံးမိုးကျော်ရောဆိုတဲ့ စကားအတိုင်းပဲ၊ ကျွန်တော့်ကျတော့ ကြာသလေးဘာ သလေးနဲ့ ခင်ဗျားကြည့်နေတာ နာရီဝက်ကျော်ကျော်လောက်ရှိနေပြီ"

ထိုသို့ ပြောသော်လည်း အိုင်ပီဦးသောင်းစိန်မှာ လောကကြီးနှင့်အဆက်ပြတ်နေသည့်အလား မည်သူ၏ပြောသံကိုမျှ ဂရုမစိုက်ဘဲ ရုပ်တု၏နောက်ကျောဘက်ရှိ အောက်ခြေတစ်နေရာကို စူးစိုက်ကြည့်ရှုနေသည်။ ထိုအိုင်ပီ ကြည့်နေသည့်အတွက် အိုင်ပီဦးမြင့်ထွန်းနှင့်ဆရာကြီး ဦးကောင်းညွန့်လည်း သူ စိုက်ကြည့်ရာနေရာသို့ လိုက်ကြည့်လိုက်သည်။

ဤရုပ်တုမှာ ခြောက်လက်မခန့်သာရှိပြီး ကြေးဝါဖြင့်ပြုလုပ်ထားသော်လည်း နှစ်ပရိစ္ဆေဒကြာမြင့်ပုံရသည့်အတွက် မည်းသည့်နေရာ၌ မည်းနေသည်။ ရုပ်တုကလေးမှာ မတ်တတ်ရပ်သည့်ပုံဖြစ်ပြီး အောက်ခြေတွင် ကနုပ်ပန်းများဖြင့် အလှဆင်ထားသည်။

ထိုကနုပ်ပန်းနေရာမှာလည်း ချေးများကြောင့် မည်းနေသည်။

အိုင်ပီဦးသောင်းစိန်သည် ထိုကနုတ်ပန်းနေရာကို သည်းသည်းမည်းမည်း ကြည့်ပြီး





"ဒီနေရာမှာ ကနုပ်ပန်းနဲ့စာတန်း တစ်ခုခု ရောနှောနေသလိုပဲ"

"ဘယ်မှာလဲ ပြစမ်းပါဦး"

သည်တစ်ခါတော့ ဆရာကြီး ဦးကောင်းညွန့်ကိုယ်တိုင် လွန်စွာစိတ်ဝင်စားသွားကာ ဤသို့ပြောလိုက်သည်။

"ရော့ပါ ဆရာကြီး၊ ဒီကနုပ်ပန်းနေရာကို သေသေချာချာကြည့်ပါ"

"အိမ်း ကောင်းလှပြီ"

ဆရာကြီးသည် အနီးကြည့်မျက်မှန်ကို ကောက်တပ်ကာ ထိုကနုပ်ပန်းနေရာကို စူးစိုက်ကြည့်သည်။

"အိမ်း ဒီနေရာက ကနုပ်ပန်းနဲ့ရောနေတာ အက္ခရာတွေနဲ့တူတယ်၊ နေစမ်းပါဦး၊ ဒီအက္ခရာမျိုး ဘယ်မှာမြင်ဖူးပါလိမ့်"

"ဆရာကြီး ဘာရေးထားတာတုန်း"

"ကျုပ်လည်း ဘယ်သိမလဲ၊ ဒီလို အက္ခရာမျိုးမြင်ဖူးတယ်လို့ပြောတာ"

"ဒါဆိုရင် ဘယ်နေရာမှာ မြင်ဖူးတာလဲ၊ စဉ်းစားပါဦး ဆရာကြီး"

ဆရာကြီးသည် အတန်ကြာအောင် ငေးငိုင်ကာ စဉ်းစားပြီးနောက်

"သိပြီ သိပြီ ကျုပ်သိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုသိတာလဲ ဆရာကြီး၊ လုပ်စမ်းပါဦး"

"ခဏနေဦး"

ဆရာကြီးသည် ဤသို့ပြောပြီးနောက် သော့တွဲကိုရှာကာ သံဗီရိုကြီးအား ဖွင့်လိုက်သည်။ ထို့နောက် ၎င်းထဲ၌ အပ်နှံထားသော မှော်ဝင်မှန်ခုံးကလေးကို ထုတ်ယူပြီး

"ကဲ အိုင်ပီတို့ရေ ဒီမှာရေးထားတဲ့စာနဲ့ ရုပ်တုကစာကို တိုက်ကြည့်ပါဦး"

"ပေး ပေး ဆရာကြီး"

အိုင်ပီနှစ်ဦးမှာ မှော်ဝင်မှန်ခုံးကလေးကိုယူကာ ရုပ်တုရှိ စာတန်းနှင့် တိုက်ကြည့်ကြသည်။ ၎င်းတို့နှစ်ဦးမှာ စုံစမ်းစစ်ဆေးရေးအရာရှိများဖြစ်သည့်အလျောက် လွန်စွာစိတ်ဝင်စားစွာဖြင့် ကြည့်ရှုရာ

"ဟာ ဟုတ်လိုက်လေ ဆရာကြီးရယ်"

"အံ့ဩစရာအမှန်ပါပဲ ရုပ်တုက စာတန်းနဲ့မှော်ဝင်မှန်ခုံးက စာတန်းက ရေးပုံခြင်းအတူတူပဲ"

အိုင်ပီနှစ်ဦး၏စကားကြောင့် ဆရာကြီးပင် လွန်စွာအံ့ဩသွားခဲ့သည်။

"ဆရာကြီး ကျွန်တော်တို့တော့ မမျှော်လင့်ဘဲ သဲလွန်စတော့ရပြီ"

"ဟုတ်ပါ့ဗျာ တိုက်တိုက်ဆိုင်ဆိုင်"

"ဆရာကြီးရဲ့အသက်နဲ့ရင်းပြီး ရယူခဲ့တဲ့ သဲလွန်စကို ကျွန်တော်





တို့ ဆက်ပြီးစုံစမ်းကြမယ်"

"ကောင်းတယ် ဒီအကြံကောင်းတယ်"

သူတို့သုံးဦးမှာ အစဆွဲထုတ်ရန် သဲလွန်စရသဖြင့် သူ့နိုးကိုပင် ကျေးဇူးတင်ရမလိုဖြစ်ကာ စကားလက်ဆုံ ပြောမကုန်အောင် ဖြစ်နေသည်။

ထိုသို့ဖြင့် ညနေလေးနာရီခန့်အချိန်သို့ ရောက်ရှိလာခဲ့သည်။

"ကဲ ဆရာကြီးရေ လေးနာရီလည်း ထိုးပြီ"

"ဟုတ်တယ် အိုင်ပီရေ ဒါနဲ့ ကျုပ်တစ်ခု အကြံရတယ်"

"ဘာအကြံလဲ ပြောပါဦး ဆရာကြီး"

"ဒီပစ္စည်းနှစ်ခုဟာ အကြောင်းတစ်ခုနဲ့ ဆက်စပ်နေလေတော့ ဒီပစ္စည်းနှစ်ခုစလုံးကို ခင်ဗျားတို့ဌာနမှာ လုံခြုံအောင်သိမ်းထားပြီး ဒီအမှုကို ဆက်ပြီးစုံစမ်းရင်ကောင်းမယ်"

"အောရိုက် အောရိုက် ဆရာကြီး"

အိုင်ပီနှစ်ဦးမှာ ဆရာကြီးထံမှ ရရှိသည့်ပစ္စည်းနှစ်ခုစလုံးကို သေချာစွာ လက်ခံပြီးနောက် ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။ ဆရာကြီးဦးကောင်းညွှန့်အား ရုံးအမှုထမ်းများက သူ၏အိမ်သို့ ပို့ဆောင်ပေးခဲ့ကြသည်။ ဆရာကြီးသည် အိမ်ရောက်သည်နှင့် အိမ်ပေါ်ထပ်ရှိ ပက်လက်ကုလားထိုင်၌ထိုင်ကာ အနားယူနေလိုက်သည်။

တဖြည်းဖြည်းနှင့်ညဉ့်အချိန်သို့ ရောက်ရှိလာခဲ့သည်။ ဆရာကြီးဦးကောင်းညွှန့်သည် အိမ်ပေါ်ထပ် ပြတင်းပေါက်မှ အိမ်ပတ်ပန်းကျင်သို့



www.burmeseclassic.com

www.burmeseclassic.com



အမှတ်မထင် ကြည့်လိုက်ရာ မသက်ာဖွယ်ရာ လူသုံးဦးသည် အိမ်ရှေ့မီးတိုင်အောက်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်ကို တွေ့မြင်လိုက်ရသည်။ ထို့ကြောင့်

ဆရာကြီးသည် စီအိုင်ဒီသို့ လှမ်းအကြောင်းကြားလိုက်ရာ အစောင့်ပုလိပ်နှစ်ဦး ရောက်ရှိလာပြီး ခြံရှေ့၌စောင့်နေသဖြင့် သည်ညအတွက် စိတ်အေးချမ်းစွာ အိပ်စက်ခဲ့ရသည်။

နောက်တစ်နေ့တွင် ဆရာကြီး ဦးကောင်းညွန့်အိမ်သို့ ဧည့်သည်သုံးယောက် ရောက်ရှိလာခဲ့သည်။ အိမ်စောင့်ကောင်လေးက

"ဆရာကြီး ဆရာကြီးကိုတွေ့ချင်လို့ ဧည့်သည်သုံးယောက် ရောက်လာပါတယ်"

"ဘယ်သူတွေတုန်း"

"စီအိုင်ဒီက အိုင်ပီနှစ်ယောက်နဲ့ လူစိမ်းတစ်ယောက်ပါ"

"ကောင်းပြီ အပေါ်ထပ်ကို ခေါ်လာခဲ့ပါ"

"ဟုတ်ကဲ့ ဆရာကြီး"

အိမ်စောင့် ကောင်လေးဆင်းသွားပြီး မကြာမီ အိမ်ပေါ်ထပ်သို့ ဧည့်သည်များကို ခေါ်ပြီး ပြန်လာခဲ့သည်။

"ဆရာကြီး အနာက တော်တော်သက်သာသွားပြီလား"

"အင်း တော်တော်သက်သာသွားပါပြီ အိုင်ပီ"

အိုင်ပီနှစ်ဦးမှာ အိုင်ပီဦးမြင့်ထွန်းနှင့်အိုင်ပီဦးသောင်းစိန်ဖြစ်ပြီး ကျန်တစ်ဦးမှာ မျက်နှာစိမ်းတစ်ဦးဖြစ်နေသဖြင့် ဆရာကြီးက ထိုလူစိမ်း





ကို မသိမသာ မျက်လွှာပင့်ပြီး ကြည့်လိုက်သည်။

အိုင်ပီဦးမြင့်ထွန်း က ဆရာကြီး၏အကြည့်ကို ချက်ချင်း အဓိပ္ပာယ်ပေါက်သွားပြီး

"ဆရာကြီး ဒီက ဆရာကြီးက ကျောက်စာဝန်ဦးသော်ကပါ"

"ဪ ကျောက်စာဝန်ကြီးလား လာပါ ထိုင်ပါ ဆရာကြီး"

ဆရာကြီးဦးကောင်းညွန့်က ဖိတ်မန္တက ပြုလိုက်သည်။

သည်တွင် အိုင်ပီဦးမြင့်ထွန်းက

"ဒီနေ့မနက်က ကျွန်တော်တို့နှစ်ယောက်က ကျောက်စာဝန် ဆရာကြီးဆီကိုသွားပြီး မှော်ဝင်မှန်ခုံးနဲ့ ရုပ်တုကစာကို သွားပြခဲ့တယ်"

ဤသို့စတင် မိတ်ဆက်စကားပြောလိုက်ရာ ကျောက်စာဝန် ဦးသော်က က

"ဟုတ်ပါတယ် သူတို့နှစ်ယောက် ကျွန်တော့်ဆီကို မှော်ဝင်မှန်ခုံးနဲ့ ရုပ်တုတစ်ခုကိုယူဆောင်ပြီး ရောက်လာခဲ့တယ်၊ အဲဒီနှစ်ခုမှာ ရေးထွင်းထားတဲ့ စာတန်းနှစ်ခုဟာ အတော်လေး တူညီနေပြီး အဲဒီစာတန်းရဲ့ အဓိပ္ပာယ်ကို ဖတ်နိုင်းခဲ့တယ်"

ဤသို့ ရှင်းပြလိုက်ရာ ဆရာကြီး ဦးကောင်းညွန့်က လွန်စွာ စိတ်ဝင်စားစွာဖြင့် အားတက်သရော ပြောလိုက်သည်။

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော်ကလည်း အဲဒီစာတန်းရဲ့ အဓိပ္ပာယ်ကို အတော်သိချင်နေတာပါ၊ ဆရာကြီး ဖတ်ပြပါ"

"မှော်ဝင်မှန်ခုံးနဲ့ရုပ်တုမှာ ရေးထားတဲ့ စာတန်းတွေဟာ ရှေး



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းသက္ကတ ဘာသာနဲ့ ရေးထားတာဖြစ်တယ်၊ ရုပ်တုမှာရေးထားတာကတော့ 'မရဏာယန္တရားပိုင်ရှင်'တဲ့။ မှန်ခုံးမှာရေးထားတာကတော့ 'မရဏာယန္တရား'လို့ ရေးထားတယ်"

" 'မရဏာယန္တရားပိုင်ရှင်နဲ့ မရဏာ ယန္တရား'လို့ ရေးထားတယ်ဟုတ်လား"

ဆရာကြီး ဦးကောင်းညွှန့်က တအံ့တဩဖြင့် မေးလိုက်သည်။ ထိုအခါ ကျောက်စာဝန် ဦးသော်ကမှ

"ဟုတ်ပါတယ်ဗျာ၊ 'မရဏာယန္တရား'နဲ့ ပတ်သက်နေတဲ့အရာတွေပဲ"

ဤသို့ ဝံ့ကြွားစွာပြောလိုက်သည်။ ဆရာကြီး ဦးကောင်းညွှန့်မှာ

"မရဏာယန္တရားဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင်ကျော်လောက်က ရှိခဲ့ဖူးတယ်လို့ ပါးစပ်ရာဇဝင်မှာ တော်တော်လေး ထင်ရှားခဲ့ဖူးတယ်၊ ဒါဟာ တကယ်ပဲ ရှိခဲ့သလား"

"ဟုတ်ပဲ့ဗျာ ခင်ဗျားဟာ ရှေးဟောင်းသုတေသနဌာနမှူးလို့ မပြောရဘူး မရဏာယန္တရားဆိုတာနဲ့ ဒီပါးစပ်ရာဇဝင်ကို တန်းပြီးပြောနိုင်တာ အံ့ဩစရာပဲ"

ဤသို့ ကျောက်စာဝန် ဦးသော်ကမှ ပြန်ပြောလိုက်သည်။

"ဟုတ်ပါတယ် သမိုင်းဘာသာရပ်နဲ့ ကာလကတ္တားယူနီ ဘာစတီမှာ မဟာကျမ်းပြုတုန်းကတည်းက ကြားဖူးခဲ့တာပါ"

ဦးကောင်းညွှန့်က ဤသို့ ပြောလိုက်သည်။





"ဟုတ်ပြီဗျို့ ကျုပ်လည်း သက္ကတဘာသာ မဟာဝိဇ္ဇာကို ဗာရာဏသီတက္ကသိုလ်မှာ တက်တုန်းကတည်းက ကြားဖူးခဲ့တာပါ၊ အခု ဒီစာကို သက္ကတဘာသာနဲ့ ရေးထားတာပဲ၊ ကျုပ်လည်း ဖတ်ကြည့်လိုက်တော့ 'မရဏာယန္တရား'လို့ တွေ့တော့ အတော် အံ့အားသင့်သွားတယ်၊ အိုင်ပီတို့နှစ်ယောက်လည်း ကျုပ်လိုပဲ အတော်အံ့ဩသွားခဲ့တယ်၊ ကျုပ်တို့လိုပဲ ခင်ဗျားလည်းသိရင် အလွန်အံ့ဩမှာပဲလို့ ထင်လို့ ကျုပ်ကိုယ်တိုင် လူနာလည်းမေးရင်း 'ဒီအကြောင်းလည်း ဆွေးနွေးရင်းဆိုသလို လိုက်လာခဲ့တာပဲ"

ကျောက်စာဝန် ဦးသော်ကက ဤသို့ပြောလိုက်သည်။

"ကျောက်စာဝန်ကြီးတစ်ယောက်လုံး လိုက်လာတယ်ဆိုတော့ ကျုပ်လည်း အတော်အားနာတယ်"

"အားနာစရာမလိုပါဘူးဗျာ၊ ဒီကိစ္စဟာ အင်မတန်လျှို့ဝှက်ရမယ့်ကိစ္စဖြစ်လေတော့ ခင်ဗျားအိမ်မှာ လူနာသတင်းမေးရင်း ဆွေးနွေးတာ အကောင်းဆုံးလို့ ယူဆမိလို့ပါ"

"ဒါကတော့ အမှန်ပါပဲ၊ ဒါနဲ့ မရဏာယန္တရားနဲ့ပတ်သက်ပြီး ခင်ဗျားဘာသိထားသလဲ ဦးသော်က"

ဆရာကြီး ဦးကောင်းညွှန့်က ဤသို့ လှမ်းမေးလိုက်ရာ ဦးသော်ကက သူ၏မေးစေ့ကို လက်မကလေးနှင့်ထောက်ရင်း

"အင်း ဟိုးရှေးရှေးအခါ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင်ကျော်လောက်က အိန္ဒိယလူမျိုးတစ်ယောက်ဟာ အကြောင်းတစ်ခုခုကြောင့် ထွက်ပြေး



www.burmeseclassic.com

www.burmeseclassic.com



ပုန်းရှောင်ရင်းနဲ့ မြန်မာအိန္ဒိယနယ်စပ်ကို ရောက်ရှိလာခဲ့တယ်၊ သူတို့ဟာ "မာယာမြို့တော်"ကြီးကို တည်ထောင်ခဲ့ကြတယ်၊ သူတို့အုပ်စုထဲမှာ ဉာဏ်ပညာထက်မြက်ပြီး စကြာမအတတ်ပညာ တတ်တဲ့ ဘုရင်ကြီးနဲ့ သမီးတော်တို့လည်း ရှိခဲ့ကြတယ်လို့ အဆိုရှိတယ်၊ သူတို့ဆီမှာ ရွှေငွေ အမြောက်အမြား ရှိခဲ့တယ်၊ အဲဒီရွှေငွေကျောက်သံပတ္တမြား စတဲ့ ပစ္စည်းတွေကို လိုချင်ကြတဲ့ မသမာလူတစ်စုဟာ သူတို့ဆီမှာ အဖိုးအနဂ္ဂ ထိုက်တန်တဲ့ပစ္စည်းတွေပါမှန်း သိခဲ့ကြတယ်၊ တချို့သော အနီးအနားရှိ တဲ့တိုင်းပြည်ကလူတွေဟာ အဲဒီပစ္စည်းတွေကို လိုချင်လို့ မကြာခဏ ဝင်ရောက်တိုက်ခိုက်ခဲ့တယ်"

"ဟုတ်ပြီ ဆက်ပြောပါဦး"

"ဒါနဲ့ မင်းကြီးဟာ ရန်သူတွေ အလွယ်တကူ ဝင်ရောက်တိုက်ခိုက်မှာစိုးလို့ မြို့ကြီးတစ်မြို့လုံးကို ကျောက်တုံးကျောက်ခဲများနဲ့ မြို့ရိုးအဖြစ် အခိုင်အမာ တည်ဆောက်ထားတယ်"

"ဆက်ပြောပါဦး ဆရာကြီး"

"အဲဒီဘုရင်ကြီးမှာ အလွန်လှပချောမောတဲ့ သမီးတော်တစ်ယောက်လည်း ရှိတယ်၊ အဲဒီသမီးတော်ကလည်း ဘုရင်ကြီးလိုပဲ စကြာမပညာရှင်ဖြစ်တဲ့အတွက် သူတို့နှစ်ဦး ပူးပေါင်းကြံဆပြီး 'မရဏယန္တရား' ကြီးကို တီထွင်ခဲ့တယ်၊ အဲဒီ ယန္တရားကြီးနဲ့မစ်ရင်း မီးတောက်မီးလျှံကြီးတွေ ဖြစ်ပေါ်လာပြီး လူပေါင်းထောင်ပေါင်းများစွာ သေကြေပျက်စီးနိုင်သလို အဆောက်အဦးများကိုလည်း ဖျက်စီးနိုင်တယ်တဲ့၊ နောက်ပြီး





အဲဒီယန္တရားကြီးဟာ ကောင်းကင်မှာလည်း ပျံနိုင်တယ်၊ အဲဒီအကြောင်းကိုသိရတော့ အခြားတိုင်းပြည်ကလူတွေဟာ မာယာမြို့တော်ကြီးကို မတိုက်ခိုက်ရဲတော့ဘူး"

"ဆက်ပြောပါဦး ဆရာကြီး"

"တစ်နေ့တော့ မင်းသမီးလေးဟာ ရန်သူတိုင်းပြည်က မင်းသားလေးတစ်ပါးနဲ့ ချစ်ကြိုက်ခဲ့တယ်၊ ဒါကို မင်းကြီးက မနှစ်မြို့ဘူး။ အဲဒီကိစ္စကို အကြောင်းပြုပြီး မင်းသားလေးတို့ တိုင်းပြည်နဲ့တိုက်ပွဲ အကြိမ်ကြိမ် ဖြစ်ခဲ့ကြတယ်၊ နောက်ဆုံးမှာတော့ အဲဒီ တိုင်းပြည်နှစ်ပြည်စလုံး ပျက်စီးပြီး မြို့ပျက်ကြီးဖြစ်သွားခဲ့တယ်တဲ့"

"ဒါဆို တိုက်ပွဲဖြစ်တော့ အဲဒီ မရဏယန္တရားနဲ့ မပစ်ဘူးလား ဆရာကြီး"

အိုင်ပီဦးမြင့်ထွန်းက ဤသို့မေးမြန်းလိုက်ရာ

"စစ်ဖြစ်ပါတယ်ဆိုမှ ပစ်တော့ပစ်မှာပေါ့ဗျာ၊ ဒါပေမဲ့ အဲဒီ အကြောင်းတွေက စာအုပ်စာတန်းတွေထဲမှာ တိတိကျကျ ရေးထားတာ မဟုတ်ဘူး၊ ပါးစပ်ရာဇဝင်ဆိုတော့ ရှေးလူကြီးတွေရဲ့တစ်ဆင့်စကား တစ်ဆင့်နားဆိုသလို သိခဲ့ရတာ"

"ဒါနဲ့ ဆရာကြီး ဦးကောင်းညွန့်ကရော ဘာတွေများ သိထားပါသေးသလဲ"

"ကျုပ် ကြားဖူးတာ ပြောရရင် ခုနက ဆရာကြီးပြောသွားတာနဲ့ အတူတူပါပဲ၊ လူသိထင်ရှားတဲ့အရာကတော့ 'မရဏယန္တရား' ပဲပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ ကျုပ်တို့သိချင်တာက အဲဒီမြို့ပျက်ကြီးနဲ့ မရဏယန္တရားကြီးဟာ တကယ်ရှိ မရှိ သိချင်တာပဲ''

ဆရာကြီး ဦးကောင်းညွန့်က ဤသို့ပြောလိုက်သည်။

''ဟုတ်တယ်ဗျ ပါးစပ်ရာဇဝင်ထဲမှာ ကြားဖူးခဲ့တဲ့အရာနဲ့ ဆက်စပ်နေတဲ့ပစ္စည်းတွေကို တွေ့ရှိရတယ်ဆိုတော့ အံ့သြဖို့လည်းကောင်းတယ်၊ အဲဒီပစ္စည်းတွေနဲ့ မရဏယန္တရားဘယ်လို ဆက်စပ်မှု ဘယ်လိုရှိတယ်ဆိုတာ သိပ်ပြီးစုံစမ်းသင့်တဲ့အရာပဲ''

ဆရာကြီး ဦးသော်ကာမှ စိတ်ဝင်တစားဖြင့် ပြန်ပြောလိုက်သည်။

ထိုအခါ အိုင်ပီ ဦးမြင့်ထွန်းက ဆရာကြီး ဦးကောင်းညွန့်အား

''ဆရာကြီး ဒါထက် ထူးခြားတာ ဘာရှိသေးလဲ''

''ကျုပ် ကာလကတ္တားယူနီဘာစတီမှာ ပညာသင်စဉ်တုန်းက အဲဒီအကြောင်းနဲ့ပတ်သက်ပြီး သူများပြောသံ ကြားခဲ့ရတယ်''

''ဘယ်လို ကြားခဲ့သလဲ ဆရာကြီး''

''တောလိုက်ရင်းနဲ့မုဆိုးတစ်ဖွဲ့ဟာ မျက်စိလည်လမ်းမှားပြီး ရွာတစ်ရွာကို ရောက်သွားခဲ့တယ်တဲ့၊ အဲဒီရွာသားတွေက သူတို့ကို မာယာမြို့ပျက်ကြီးထဲ ဖမ်းခေါ်သွားတယ်တဲ့၊ စစ်ဆေးပြီးတော့ တောင်ပေါ်ကို ယစ်ပူဇော်ဖို့ ခေါ်သွားတာ တောင်ပေါ်မှာ အမျိုးသမီးရုပ်တုနဲ့ မရဏယန္တရားကို မီးပူဇော်ထားတာ တွေ့ခဲ့ရတယ်၊ နောက်တော့ အဲဒီကနေ ထွက်ပြေးခဲ့တယ်လို့ ပြောသံကြားခဲ့တယ်''

''သြော် ဟုတ်လား''





အိုင်ပီမြင့်ထွန်းက အံ့သြစွာပြောလိုက်သည်။

''ဟုတ်ပါတယ် ဒါကြောင့် မရဏယန္တရားရဲ့အကြောင်းဟာ ပိုမိုလူသိများပြီး စိတ်ဝင်စားလာခဲ့ကြတယ်၊ တချို့ပညာရှင်တွေကတော့ ပျောက်ဆုံးနေတဲ့ မာယာမြို့ပျက်ကြီးနဲ့ မရဏယန္တရားကြီး ရှိ မရှိနဲ့ မုဆိုးကြီးတွေ တွေ့ခဲ့တာ ဟုတ် မဟုတ် ရှာဖွေသင့်တယ်လို့ ဆွေးနွေးခဲ့ကြတယ်လို့ ပြောတယ်၊ အဲဒီကတည်းက ကျုပ်ရဲ့စိတ်ထဲမှာ အဲဒီ မြို့ပျက်ကြီးဆီကို အတော်ရှာချင်ခဲ့တာ၊ ဒါပေမဲ့ ကျောင်းပြီးတာနဲ့ မြန်မာပြည်ကို ပြန်လာရတော့ ကျုပ်ရဲ့အကြံအစည်လည်း ပျောက်သွားခဲ့တယ်''

ဆရာကြီး ဦးကောင်းညွန့်က သူ ကြားဖူးခဲ့သောအကြောင်းကို ရှင်းပြခဲ့သည်။

''ဟာ ဆရာကြီးရဲ့အကြံအစည်က သိပ်ကောင်းပါတယ်၊ အခုလည်း ကျွန်တော်တို့ လက်ထဲကို ဂမ္ဘီရဝင်မှန်ခုံးရော ရုပ်တုပါ ရောက်လာပြီဆိုတော့ အဲဒီမြို့ ရှိ မရှိ ဖော်ထုတ်ဖို့ကောင်းတယ်၊ ဒါမှလည်း လူသတ်မှုတွေကို ဖော်ထုတ်နိုင်မှာဖြစ်တယ်''

အိုင်ပီဦးမြင့်ထွန်းက အားတက်သရော ပြောလိုက်ရာ ကျောက်စာဝန် ဦးသော်ကာမှ

''အိုင်ပီတို့ပြောတာ မှန်တယ်၊ အမှုမှန်ပေါ်ပေါက်ဖို့အတွက်လည်း ပါတယ်၊ မရဏယန္တရား ရှိ မရှိ သိဖို့အတွက်လည်း ပါတယ်၊ ကျုပ်တို့ထဲက လက်ရွေးစင်ရွေးပြီး အဲဒီသွားဖို့ 'မစ်ရှင်အဖွဲ့'တစ်ဖွဲ့ ဖွဲ့သင့်တယ်''

''မှန်ပါတယ် ဆရာကြီး၊ ဒီကိစ္စကို အထက်အရာရှိကြီးဆီကို



www.burmeseclassic.com

www.burmeseclassic.com



တင်ပြပြီး ဆက်လက်ဆောင်ရွက်ပါ့မယ်''

အိုင်ဝီဦးသောင်းစိန်က ဤသို့ပြောကြားခဲ့သည်။ ထို့နောက် ဆက်၍

''ဆရာကြီး ဦးကောင်းညွန့်အတွက်လည်း လူဆိုးအဖွဲ့တွေ မျက်ခြေပြတ်သွားအောင် ကျွန်တော်တို့ စီစဉ်ထားပါတယ်''

''ဘယ်လိုစီစဉ်ထားသလဲ''

''မနက်ဖြန်ထွက်မယ့် သတင်းစာမှာ သတင်းတစ်ပုဒ် ထည့်ထားပါတယ်''

''အဲဒီသတင်းစာမှာပါပြီးရင် ဆရာကြီးအတွက် အေးချမ်းသွားမှာပါ''

''ကောင်းပြီလေ နောက်တစ်နေ့ သတင်းစာမှာ စောင့်ဖတ်ရမှာပေါ့''

''ဟုတ်ကဲ့ပါ ဆရာကြီး''

■ ■ ■



## အခန်း (၃)
## မစ်ရှင်အဖွဲ့ဝင် ကြယ်စင်ငါးဖော်

ယနေ့ထုတ် မြန်မာခေတ်သတင်းစာကြီး၌

''လူငါးဦး သေဆုံးမှုနှင့်ပတ်သက်၍ အပူတပြင်း စုံစမ်းနေခြင်း''

မဂိုလမ်း၌ ဖြစ်ပွားခဲ့သော ရွှေဘိုမိရာမာ အသတ်ခံရမှုနှင့် ပတ်သက်၍ နောက်ထပ် လူလေးဦး သေဆုံးမှုအတွက် စီအိုင်ဒီမှ အပူတပြင်း စုံစမ်းဆောင်ရွက်လျက်ရှိသည်။ ထိုအမှုနှင့်ပတ်သက်သော သက်သေခံပစ္စည်းများကိုလည်း စီအိုင်ဒီမှ ခေတ္တထိန်းသိမ်းလျက် အမှုမှန်ပေါ်ပေါက်ရေးကို ရှေးရှုစုံစမ်းလျက်ရှိကြောင်း သတင်းရရှိပါသည်။

ဆရာကြီး ဦးကောင်းညွန့်သည် ထိုသတင်းကို ဖတ်ရှုပြီး ခေါင်းတညိတ်ညိတ်နှင့် ပီတိဖြစ်နေသည်။ ဤသတင်းမှာ သက်သေခံပစ္စည်းအပေါ် လွန်စွာ လိုချင်ဆန္ဒပြင်းပြနေသူတစ်စုအတွက် လမ်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းရန် ဖော်ပြထားခြင်း ဖြစ်ပေသည်။

"အင်း ဒီသတင်းစာဖတ်ပြီးရင် ဟိုကောင်တွေတော့ ငါ့ဆီက လမ်းကြောင်းပြောင်းသွားမယ် ထင်ပါရဲ့"

ဆရာကြီးသည် ဤသို့တွေးလိုက်မိသည်။ ဤတွေးတောချက်မှာ မှန်ကန်လှပေသည်။ ထိုနေ့ညမှစ၍ ဆရာကြီး၏အိမ်ပတ်ဝန်းကျင်တွင် တရစ်ဝဲဝဲဖြစ်နေသော လူတစ်စုမှာ ပျောက်ခြင်းမလှ ပျောက်သွားခဲ့တော့သည်။ ဆရာကြီးသည် အခြေအနေစောင့်ကြည့်ပြီးနောက် သုံးရက်ခန့်အကြာတွင် အစောင့်ပုလိပ်များအား ဖယ်ရှားခဲ့သည်။

ထိုသတင်းစာတွင် ပါသည့်နေ့မှစ၍ ဆရာကြီးဦးကောင်းညွှန့်မှာ အိပ်ကောင်းခြင်းအိပ်ခဲ့ရသည်။ လေးရက်မြောက်နေ့တွင် ဆရာကြီးဦးကောင်းညွှန့်နှင့်ကျောက်စာဝန် ဦးသော်ကတို့နှစ်ယောက်အတူ အိုင်ပီနှစ်ယောက်နှင့်ထပ်မံတွေ့ဆုံခဲ့ကြသည်။

သူတို့ဆွေးနွေးသည့် အကြောင်းအရာမှာ 'မာယာမြို့တော်ဟောင်း'နှင့်ပတ်သက်သည့် သတင်းစာဖြတ်ပိုင်းလေးပင် ဖြစ်သည်။ ဦးသော်ကသည် ၎င်း၏လက်ဆွဲအိတ်ထဲမှ ထိုဖြတ်ပိုင်းကလေးကို ထုတ်ယူပြီး

"ဒီသတင်းစာဖြတ်ပိုင်းလေးကို ရှာနေတာ၊ မနေ့ညကမှ တွေ့လို့ ခင်ဗျားတို့ကို ပြချင်တာနဲ့ အခုလို တွေ့ဆုံဖို့ ချိန်းလိုက်တာပဲ"

ဦးသော်ကသည် ဟောင်းနွမ်းနေသော အိန္ဒိယနိုင်ငံ၌ ထုတ်ဝေသည့် သတင်းစာဖြတ်ပိုင်းကလေးကို ပြလိုက်ရာ ဦးကောင်းညွှန့်က





"ဒီသတင်းစာက အိန္ဒိယနိုင်ငံက ထုတ်ဝေတဲ့ 'မောနင်းစတား' သတင်းစာပဲ ဘာအကြောင်းတွေပါလို့လဲ"

"ဒီသတင်းစာဟာ လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ထုတ်ဝေတဲ့ သတင်းစာပဲ၊ အဲဒီသတင်းစာ ထွက်တုန်းက ကျုပ်ဟာ ဗာရာဏသီ တက္ကသိုလ်မှာ မဟာတန်းကိုတက်နေတဲ့အချိန်ပဲ၊ အဲဒီသတင်းစာမှာ ပါတဲ့ အကြောင်းကတော့ မာယာမြို့တော်ဟောင်းကို မမျှော်လင့်ဘဲ ရောက်သွားတဲ့မုဆိုး'ဆန်ဂျေး'ရဲ့အကြောင်းပဲ၊ ဒီသတင်းစာမှာ အိန္ဒိယဘာသာနဲ့ ရေးသားထားတယ်၊ ခင်ဗျားလည်း ကလကတ္တားယူနီဘာစတီမှာ တက်ခဲ့သူဆိုတော့ ဒီဘာသာကို ဖတ်နိုင်မယ် ထင်ပါတယ်"

"ဟုတ်ပါတယ် ဦးသော်က၊ ကျုပ်ဟာ အိန္ဒိယဘာသာစာပေကို ကောင်းကောင်းဖတ်နိုင်ပါတယ်"

"ကဲ ဒါဆိုရင် ခင်ဗျားဖတ်ပြီး ဒီအိုင်ပီနှစ်ယောက်ကို ဘာသာပြန်ပြပါ"

"ကောင်းပါပြီ၊ ကျုပ်ကိုယ်တိုင်က မာယာမြို့တော်ဟောင်းနဲ့ မရဏယန္တရားအကြောင်းကို အလွန်စိတ်ဝင်စားတဲ့လူဆိုတော့ ဒီသတင်းကို ဖတ်ချင်တာနဲ့ အတော်ပဲ၊ ရေငတ်တုန်း ရေတွင်းထဲကျဆိုသလိုပေါ့ဗျာ"

ဦးကောင်းညွှန့်က ပီတိဖြာဝေစွာ ပြောလိုက်ပြီး ထိုသတင်းစာတွင်ပါဝင်သည့် အကြောင်းများကို ဖတ်ရှုပြီးနောက် ဤသို့ဘာသာပြန်ပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိန္ဒိယနိုင်ငံမြောက်ပိုင်း တောတောင်ကြီးအနီးမှ ထူးဆန်းသော လူမျိုးနွယ်တစ်စုနှင့် တွေ့ဆုံခဲ့သော မုဆိုးကြီး"

ထိုသို့ စာလုံးမည်းကြီးနှင့် ရေးသားထားသည့် ခေါင်းကြီးပိုင်းကို အရင်ဖတ်ကြားကာ ဘာသာပြန်လိုက်သည်။

"ဆရာကြီး ဒီခေါင်းစဉ်ကလေးကို ကြားရရုံနဲ့ ကျွန်တော်တို့တောင် တော်တော်စိတ်ဝင်စားလာပြီ ဆရာကြီး ဆက်ဖတ်ပြပါ"

"အိမ်း ဆက်ဖတ်ပြပါမယ်"

အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ တောင်တန်းကြီးတစ်ခုသည် မြန်မာနိုင်ငံနှင့်နယ်နိမိတ်ခြင်း နီးကပ်လျက်ရှိသည်။ ထိုတောင်တန်းတစ်လျှောက်၌ မုဆိုးကြီးဆန်ဂျေးနှင့် တပည့်နှစ်ဦးတို့သည် ရှုဖိုက် (ခေါ်) ကတိုးကောင်များကို ရှာဖွေဖမ်းဆီးခဲ့ကြသည်။

တစ်နေ့တွင် နှင်းမုန်တိုင်းကြီးတိုက်သဖြင့် ပြေးမိပြေးရာ ပြေးခဲ့ရာ လမ်းမှားပြီး မြေပြန့်တစ်နေရာသို့ ရောက်ရှိသွားခဲ့သည်။ ထိုမှ ဆက်၍သွားရာ မြစ်ကြီးတစ်ခုဆီသို့ ရောက်ရှိသွားခဲ့သည်။ မြစ်ကြီး၏ တစ်ဖက်တွင် ကျောက်နံရံကြီးများရှိသော ကျောက်တောင်ကြီး ကာဆီးထားသဖြင့် ဆက်လက်မသွားနိုင်တော့ပေ။ ထို့ကြောင့် သစ်လုံးများကို ဖောင်ဖွဲ့ကာ မြစ်ရိုးအတိုင်း ခုန်ဆင်းလာခဲ့ကြသည်။ ထိုစဉ် မြစ်ရိုးတစ်လျှောက်ရှိ ကျောက်တောင်ကြီး၏နံရံ၌ လှိုဏ်ပေါက်ကြီးတစ်ခုရှိသည်ကို လှမ်း၍တွေ့ရှိခဲ့သည်။ ထိုမြစ်ကြီးသည် လွန်စွာရေစီးသန်သဖြင့် ၎င်းတို့စီးသွားသော ဖောင်မှာ လှိုဏ်ပေါက်ကြီးထဲသို့ ရေစီးကြောင်းအတိုင်း မျောပါ





သွားခဲ့သည်။ အတန်ကြာမှ လှိုဏ်ပေါက်ကြီး၏အပြင်ဘက်သို့ ရောက်ရှိသွားခဲ့သည်။ အပြင်ဘက်မြစ်ကြောင်းနှင့် မလှမ်းမကမ်းတွင် ရွာကလေးများကို တွေ့ရှိခဲ့သည်။

ထိုရွာများကို ဖြတ်ကျော်ပြီးနောက် မြစ်ကြောင်း အဆုံးတွင် ရွာတစ်ရွာသို့ ရောက်ရှိခဲ့သည်။ ထိုရွာသို့အရောက်တွင် ရွာသားများ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ၎င်းတို့ကို ဖမ်းဆီးခေါ်ဆောင် သွားရာ ရွာ၏အဝင်ပေါက်၌ မာယာမြို့ဟောင်းဟု ရေးသားထားသော ဆိုင်းဘုတ်ကြီးတစ်ခုကို တွေ့မြင်ခဲ့သည်။ ၎င်းတို့အား စစ်မေးပြီး ယစ်ပူဇော်ရန် တောင်ထိပ်သို့ ခေါ်ဆောင်သွားခဲ့သည်။ တောင်ထိပ်တွင် အမျိုးသမီးရုပ်တုတစ်ခုကို တွေ့ရှိခဲ့ကြသည်။ ထိုနေ့ညက 'မရဏာယန္တရား'ဟု စာတန်းရေးထားသည့် အမြောက်ပုံသဏ္ဍာန် ယန္တရားကြီးကို တောင်ပေါ်သို့ ယူဆောင်လာပြီး ဆီမီးများထွန်းညှိပူဇော်ခဲ့ကြသည်။ ထိုလူများမှာ ပွဲလမ်းသဘင် ဆင်ယင်ကျင်းပပြီး အရက်သေစာ သောက်စားမူးယစ်နေခဲ့ကြသည်။ ထိုစဉ် ၎င်းတို့သုံးဦးအနက် တစ်ဦးမှာ ကံအားလျော်စွာ ချည်နှောင်ထားသည့်ကြိုးမှာ လျော့နေသဖြင့် ၎င်းမှာလွတ်မြောက်သွားပြီး ကျန်နှစ်ယောက်ကို ကြိုးဖြေပေးခဲ့သည်။ ထို့နောက် ၎င်းတို့သုံးဦးသား ထွက်ပြေးခဲ့ရာ တောင်ကြီးတစ်ခု၏ တောင်ခါးပန်းတစ်ခုသို့ ရောက်လာခဲ့သည်။ ထိုနေရာတွင် လိုဏ်ခေါင်းတစ်ခု တွေ့ရှိသဖြင့် မှန်းဆကာ ဝင်ခဲ့ရာ မကြာမီ နှင်းမုန်တိုင်းကျသော တောင်ကြီးဆီသို့ ပြန်လည်ရောက်လာခဲ့သည်ဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့၏ပြောဆိုချက်မှာ အမှန်တကယ်ဟုတ်မှန်ခြင်း ရှိ မရှိကို သိရှိရန်အတွက် တာဝန်ရှိသူအဖွဲ့မှ စစ်ဆေးမေးမြန်းခဲ့ကြသည်။

မုဆိုးကြီးနှင့်တပည့်နှစ်ဦးမှာ

မာယာမြို့ဟောင်းဟု ရေးသားထားသော ဆိုင်းဘုတ်ကြီးကို အမှန်တကယ် တွေ့ရှိရကြောင်း တညီတညွတ်တည်း ထွက်ဆိုခဲ့သည်။ ငင်းအပြင် တောင်ထိပ်၌ မင်းသမီးအဝတ်အစား ဝတ်ဆင်ထားသော ရုပ်တုတစ်ခု တွေ့ရှိခဲ့ရသည်ဟု ဆို၏။ ထို့နောက် မရဏယန္တရားဟု စာတန်းရေးသားထားသော ယန္တရားကြီးကို တောင်ပေါ်သို့ ယူဆောင်လာပြီး ဆီမီးထွန်းညှိထားသည်ကို မြင်တွေ့ရကြောင်း ဖြေကြားခဲ့သည်။

ထိုမုဆိုးအဖွဲ့အား မာယာမြို့တော်ဟောင်းအကြောင်း ကြားဖူး ဖတ်ဖူးခြင်း ရှိမရှိ မေးမြန်းရာ ငင်းတို့သည် တစ်ခါဖူးမျှ ဖတ်ဖူးခြင်း၊ ကြားဖူးခြင်း မရှိဟု ဖြေကြားခဲ့ပါသည်။

ထို့ကြောင့် သမိုင်းပညာရှင်များနှင့် သုတေသီအဖွဲ့တို့ ပူးပေါင်းတည်ထောင်ထားသော 'ရှေးဟောင်းသမိုင်းဝင်ပစ္စည်းရှာဖွေရေးမစ်ရှင်' အဖွဲ့က ထိုမုဆိုးအဖွဲ့တွေ့ရှိခဲ့သည့်အချက်မှာ မာယာမြို့ဟောင်းနှင့် မရဏယန္တရား ပါဝင်နေသည့်အတွက် တအံ့တသြ ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ငင်းနောက် မုဆိုးများတွေ့ရှိခဲ့သည့် မင်းသမီးရုပ်တုမှာ မာယာမင်းသမီးဖြစ်နိုင်ကြောင်း ဝေဖန်ပြောဆိုခဲ့သည်။

ထိုနေရာသို့ သွားရောက်ရန်အတွက် မုဆိုးကြီးအုပ်စုကို လမ်းပြအဖြစ် ဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိပါသည်။





ထိုသတင်းစာဖြတ်ပိုင်း၌ ပါရှိသော စာများကို ဖတ်ရှုပြီး ဘာသာပြန်ပေးလိုက်ရာ အားလုံးမှာ အံ့အားသင့်သွားခဲ့ကြသည်။

"ဒီနောက် ဘယ်လိုဖြစ်သွားသေးသလဲ ဦးသော်က"

ဆရာကြီး ဦးကောင်းညွန့်ကပါ စိတ်ဝင်တစားဖြင့် မေးလိုက်သည်။

"အဲဒါပြီးတော့ ကျုပ်လည်း မြန်မာပြည် ပြန်လာရတယ်၊ ရှေ့ဆက်ပြီး ဘာမှဆက်မလုပ်ဖြစ်တော့ဘူး"

ထိုသို့ဖြင့် အားလုံးဆုံမိချိန်တွင်

"ကဲ ဒီကိစ္စကို အားလုံးစိတ်ဝင်စားတယ်ဆိုတော့ ဂယနဏသိရအောင် မစ်ရှင်တစ်ခုတော့ ဖွဲ့ရမယ်"

"ဘယ်လိုမစ်ရှင်မျိုးလဲ"

"အဲဒီ မရဏယန္တရားဟာ တကယ် ရှိ မရှိသိရအောင် အဲဒီကို သွားကြည့်သင့်တယ်"

"ဟုတ်တယ်ဗျာ ခင်ဗျားပြောတာသိပ်ကောင်းတယ်၊ အဲဒီ ယန္တရားအကြောင်းဟာ ကျွန်တော်တို့ မရေမရာသာ ကြားသိရတာ တကယ်ရှာဖွေတွေ့ရှိမယ်ဆိုရင် ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအားလုံးအတွက် အဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းရတနာတစ်ခုပဲ"

"ဟုတ်ပါတယ် ရှေးလူကြီးတွေ ဘယ်လိုဉာဏ်မျိုးနဲ့ ဘယ်လိုတီထွင်သလဲဆိုတာ သိရတာပေါ့ဗျာ"

"ဒါဆိုရင် ကျွန်တော်တို့ ခရီးသွားမယ့်အဖွဲ့ကို အထက်ကို



www.burmeseclassic.com

www.burmeseclassic.com



တင်ပြပြီး မစ်ရှင်တစ်ခု ဖွဲ့ကြမယ်''

ဦးကောင်းညွှန့်တို့အဖွဲ့သည် ရှေးဟောင်းယန္တရားရှိ မရှိ ရှာဖွေရန်အတွက် ညှိနှိုင်းတိုင်ပင်ခဲ့ကြသည်။ ထို့နောက် သက်ဆိုင်ရာ အထက်ဌာနအသီးသီးကို တင်ပြပြီးနောက် တစ်လခန့်အကြာတွင် ထိုမစ်ရှင်အဖွဲ့ကြီး အကောင်အထည်ပေါ်လာခဲ့သည်။

ထိုမစ်ရှင်အဖွဲ့၏ခေါင်းဆောင်မှာ ကျောက်စာဝန် ဦးသော်က ဖြစ်ပြီး ခရီးသွားမည့်လူများမှာ ငယ်ရွယ်နုပျိုပြီး သန်မာသူများဖြစ်ရမည်ဆိုသည့်အချက်ကို အဓိကထားပြီး ရွေးချယ်ခဲ့ကြသည်။

ခရီးသွားမည့်သူများစာရင်းတွင် ကျောက်စာဝန် ဦးသော်ကက ခေါင်းဆောင်အဖြစ် တာဝန်ယူပြီး ဂဂ်ါမောင်မောင်၊ မုဆိုးစိုးသိန်းနှင့် မုဆိုးဘကောင်းတို့ လေးဦးအပြင် လမ်းပြ ဘိုနီလည်း ပါဝင်ခဲ့သည်။

ထိုလေးယောက်မှာ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသူများဖြစ်ပြီး တိုင်းပြည်က ပေးအပ်သည့်တာဝန်ကို အရိုးကြေကြေ၊ အရေခန်းခန်း အသက်ကိုနှင်း၍ တာဝန်ထမ်းမည့်သူများ ဖြစ်သည်။

ဒုတိယခေါင်းဆောင်မှာ ဂဂ်ါမောင်မောင်ပင် ဖြစ်သည်။

ထိုမစ်ရှင်အဖွဲ့ကို 'Five Stars' 'ကြယ်စင်ငါးဖော်' ဟု အမည်ပေးထားသည်။ ထိုအဖွဲ့တွင် ဂဂ်ါမောင်မောင်ကား ထူးခြားသော ရုပ်ရည်ရှိရုံသာမက မွေးဖွားစဉ်ကပင် ထူးခြားဆန်းကြယ်စွာ မွေးဖွားလာသူဖြစ်သည်။

မြန်မာနိုင်ငံတော်ကြီးသည် နယ်ချဲ့လက်အောက်၌ ကျရောက်





နေသည့်အချိန်တွင် မြန်မာနိုင်ငံ၌ လူထူးလူဆန်းကြီးတစ်ဦးဖြစ်သော ဂဂ်ါမောင်မောင်ဆိုသူတစ်ဦး ပေါ်ထွက်လာခဲ့သည်။ သူသည် ဗေဒင်ပညာနှင့် ကောင်းကင်နက္ခတ်ပညာကို တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်ကျွမ်းကျင်သည်။

ထို့အပြင် စိတ်စွမ်းအင်ကျင့်စဉ်ကို လေ့ကျင့်ထားသူဖြစ်ပြီး ထိုကျင့်စဉ်တစ်ဝက်ခန့်ကို အောင်မြင်ထားသူဖြစ်သည်။ လောကီရေးရာအတတ်ပညာတွင် သေနတ်ပစ်ကျွမ်းကျင်သလို ဓားရေးလည်း ကျွမ်းကျင်လှပေသည်။ အထိုးအပုတ် ကိုယ်ခံပညာကိုလည်း အဆင့်မြင့်တတ်မြောက်ထားသူတစ်ယောက် ဖြစ်သည်။

သူ့ကိုကောင်းကျိုးပြု ဂြိုဟ်တစ်ခုဖြစ်သော ပရာဏဂြိုဟ်မှ လူသားတို့၏ကောင်းကျိုးကို ဆောင်ရွက်ရန် မွေးဖွားလာခဲ့သည်ဟု ဂဂ်ါဆာဒူးကြီးက ဟောကိန်းထုတ်ခဲ့သည်။ သူ၏နှလုံးသားထဲမှ ခံယူချက်ကား "တစ်စတစ်စ စွန့်ဝံ့မှလျှင်၊ ဘဝနောက်နှောင်း ဆက်တိုင်းကောင်း၏" ဟူသော ဆောင်ပုဒ်ကို စွဲမြဲယုံကြည်စွာ လက်ကိုင်ထားသူဖြစ်သည်။

သို့အတွက် သူသည် အမျိုးဘာသာ သာသနာအတွက် စွန့်လွှတ်စွန့်စားကာ ကြိုးပမ်းဆောင်ရွက်သည့် လူစွန့်စားတစ်ဦးဖြစ်လို၏ဟူ၍ သန္နိဋ္ဌာန်ချမှတ်ထားခဲ့သည်။ ထို့ကြောင့် ဗိုက်စတားမစ်ရှင်အဖွဲ့တွင် ရွေးချယ်ခြင်းခံခဲ့ရသည်။ ကမ္ဘာပေါ်တွင် လူဦးရေ သိန်းပေါင်းများစွာရှိသည့်အနက်မှ တစ်သိန်းတွင်တစ်ယောက် 'တစ်ကောင်ဘွား' ဟူဆိုရလောက်အောင် ဉာဏ်ပညာထူးချွန်ပြီး အတတ်မျိုးစုံကို သူ တတ်ကျွမ်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အမှန်တရား၏ဘက်တော်သားဖြစ်သည့်အတွက် ဤသို့ အမှန်တရားရှာဖွေထုတ်ဖော်ရေး မစ်ရှင်တွင် ဒုတိယခေါင်းဆောင်အဖြစ် တာဝန်ပေးခြင်း ခံခဲ့ရသည်။

၎င်း၏ဖြစ်စဉ်အရ ပြောရလျှင် ဖခင်ကြီးသည် ဗြိတိသျှ မဟာမိတ်စစ်တပ်မှ မေဂျာဝင်းမောင်ပင် ဖြစ်သည်။ သူ၏ပင်ကိုယ်စိတ်ထားမှာ ရိုးသား၏။ သို့သော် ရန်သူနှင့်တွေ့သောအခါ ရက်စက်သည်။ သူသည် ရဲရင့်၏။ သို့သော် ရက်စက်သည်။ သူသည် နူးညံ့၏။ သို့သော် ကြမ်းတမ်းခက်ထန်သည်။ သူ၏ဘဝတွင် ကြေကွဲဝမ်းနည်းမှုများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။ ထို့အပြင် . . .။

ခွတ်ပုံကြည်နူးမှု သာယာချမ်းမြေ့မှုနှင့်လည်း တွေ့ကြုံခံစားခဲ့ရသည်။ သူသည် ခက်ထန်ကြမ်းတမ်းသော ခရီးကြမ်းကို လျှောက်လှမ်းရသကဲ့သို့ ပန်းခင်းသောလမ်းကိုလည်း သူ လျှောက်ခဲ့ရသည်။ ဆန့်ကျင်ဘက် ဝိရောဓိများနှင့် ရောပြွန်းသော အဖြစ်အပျက်များနှင့်အတူ မွေးစမှာပင် ထူးခြားစွာ မွေးဖွားလာသူဖြစ်ပြီး သူ၏ဘဝတစ်လျှောက်လုံးတွင် မယုံကြည်နိုင်ဖွယ်သော ထူးဆန်းသည့်ဖြစ်ရပ်ဆန်းများဖြင့် ကြုံတွေ့ခဲ့ရသည်။

သူ၏ဖခင်မှာ ဗြိတိသျှမဟာမိတ်တပ်တွင် တာဝန်ထမ်းဆောင်ရင်း ကာလကတ္တားသို့ ရောက်ရှိရာ မိခင်ကြီး ဒေါ်သက်ထားလည်း ခင်ပွန်းသည်နှင့်အတူတူ ထိုမြို့၌နေထိုင်ခဲ့သည်။ တစ်ညတွင် ဒေါ်သက်ထားမှာ အိပ်မက်မက်ခဲ့သည်။ အိပ်မက်ထဲတွင် ကောင်းကင်တွင် ထွန်း





လင်း တောက်ပနေသော ကြယ်တစ်လုံးသည် ကောင်းကင်မှ မသက်ထားဆီသို့ ပျံဝဲလာရာ သူမ၏လက်နှစ်ဖက်ဖြင့် ထိုကြယ်စင်ဝိညာဉ်အား ခံယူခဲ့ရသည်။

ထိုစဉ် ဆာဒူးကြီးတစ်ပါး ရောက်လာပြီး

"ဤကြယ်စင်ဝိညာဉ်သည် ပရဏဂြိုဟ်တွင် အတူတူနေခဲ့ကြဖူးသူများဖြစ်၍ ဤလောကသို့ ကောင်းသောအကျိုးဆောင်ခြင်းငှာ ရောက်ရှိလာသူဖြစ်သည်"

ထိုသို့ ထူးဆန်းစွာ အိပ်မက်မက်ပြီးနောက် ကိုယ်ဝန်ရှိခဲ့သည်။ ကိုယ်ဝန်ရင့်ချိန်တွင် တပ်ပြောင်းရာ ၎င်းတို့သည် ဂင်္ဂါမြစ်ကို သင်္ဘောဖြင့် ဖြတ်သန်းစဉ် ဤကလေးကို ထိုမြစ်အတွင်းရှိ သင်္ဘောပေါ်တွင် မွေးဖွားခဲ့သည်။ ဤသည်ကို အကြောင်းပြု၍ သူ့ကို ဂင်္ဂါမောင်မောင်ဟု အမည်ပေးခဲ့သည်။ သူသည် တက္ကသိုလ်မှ ဘွဲ့ရပြီးချိန်တွင် ဂင်္ဂါဆာဒူးကြီး ရောက်ရှိလာပြီး သမထကျင့်စဉ်များကို သင်ကြားပေးခဲ့သည်။ ထိုဆရာသခင်နှင့်အတူ ဟိမဝန္တာတောင်ကြီးတွင် စိတ်စွမ်းအင်များကို လေ့ကျင့်ခဲ့သည်။ ဤတွင် စိတ်စွမ်းအင်ကျင့်စဉ် တစ်ဝက်ခန့်ကို အောင်မြင်ခဲ့သည်။

ထို့မှတစ်ဖန် တက္ကသိုလ်အရံတပ်ရင်းတွင် စစ်ပညာကို ဝင်ရောက်ဆည်းပူးပြီးနောက် ၎င်းဖခင်၏တပ်ကို ပုန်ကန်သူများလက်မှ ကယ်တင်နိုင်ခဲ့သည်မှအစပြု၍ ဂင်္ဂါမောင်မောင်တည်းဟူသော အမည်မှာ စတင် ကျော်ကြားလာခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့သည့်အတွက် ဗြိတိသျှ



www.burmeseclassic.com

မဟာမိတ်တပ်မှ ဂုဏ်ထူးဆောင်လက်မှတ် ရရှိခဲ့သူဖြစ်သည်။

သူသည် သူ၏မိဘများနှင့် မြန်မာပြည်သို့ ပြန်လာခဲ့သည်။ မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ရောက်ရှိလာချိန်တွင် မြန်မာတိုင်းရင်းသားများအပေါ်၌ ဗိုလ်ကျစိုးမိုးခြယ်လှယ်ခဲ့သော ပြဿနာမျိုးစုံကို နည်းမျိုးစုံနှင့်ပါဝင်ဖြေရှင်းခဲ့သည်။

၎င်း၏ကာယဉာဏစွမ်းရည်၏ ထူးချွန်မှုကို သိသော အထက်အရာရှိများက ဤမစ်ရှင်တွင် ဂဂါမောင်မောင်ကို တာဝန်ပေးအပ်ခဲ့သည်။

ဤမရဏယန္တရား ရှာပုံတော်မှာ သူကိုယ်တိုင်လည်း စိတ်ဝင်စားခဲ့သည်။ အကယ်၍ ဤယန္တရားကြီးကို ဖော်ထုတ်နိုင်ပါက မြန်မာနိုင်ငံသားများ၏ ကြိုးပမ်းမှုကို ကမ္ဘာက သိကြပေမည်။ ဤအရေးမှာ မြန်မာတစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့်အရေးဖြစ်သဖြင့် ဂဂါမောင်မောင်လည်း ဖိုက်စတားမစ်ရှင်တွင် ပါဝင်ရန် သဘောတူခဲ့သည်။

ကျောက်စာဝန်ဦးသော်ကသည် ဗာရာဏသီယူနီဘာစတီမှ ကျောက်စာနှင့်ပတ်သက်သည့် ဘာသာရပ်ကို အထူးပြုသင်ကြားခဲ့ရာ ထိုတက္ကသိုလ်မှ အမ်အေဘွဲ့ကို ရရှိခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံသို့ ပြန်လာပြီး ကျောက်စာဌာနတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ရာ အဆင့်ဆင့်ရာထူးတိုးမြှင့်ပြီး ယခုကဲ့သို့ ကျောက်စာဝန် ဖြစ်လာခဲ့သည်။ ယခုသူ၏ အသက်မှာ ၄၅ နှစ်ခန့်ရှိပြီး ကျန်းမာသန်စွမ်းသော ဗဟုသုတကြွယ်ဝသူတစ်ဦး ဖြစ်သည်။





မုဆိုးစိုးသိန်းနှင့် မုဆိုးဘကောင်းမှာ အထက်မှတာဝန်ပေးခြင်းခံရသူများဖြစ်ပြီး သူတို့နှစ်ဦးသည် သန်မာကြံ့ခိုင်သန်စွမ်းသူများဖြစ်ပြီး ကိုယ်ခံပညာရပ်များတွင် အထူးကျွမ်းကျင်ကာ မြန်မာရိုးရာသိုင်းပညာပြိုင်ပွဲတွင် ရွှေတံဆိပ် ငွေတံဆိပ်များကို ရရှိထားသူများ ဖြစ်သည်။

ယခုအခါ ဖိုက်စတားမစ်ရှင်အတွက် ကျောက်စာဝန်ဦးသော်က၏ တင်ပြချက်အပေါ် သက်ဆိုင်ရာဌာနမှ အဆင့်ဆင့် စကာတင်ရွေးချယ်ကာ သူရသတ္တိနှင့်ပြည့်စုံသော ဤလူလေးဦးနှင့် လမ်းပြတစ်ဦးကို ရွေးချယ်ခဲ့ခြင်း ဖြစ်ပေသည်။

သူတို့သည် ရွေးချယ်ပြီးချိန်မှစ၍ တိုက်ခိုက်ရေးအတွက် လေ့ကျင့်မှုများကို စတင်လေ့ကျင့်ခဲ့ရသည်။ ဤလေ့ကျင့်ရေးတွင် ဝါးလုံးပေါ်တွင် လမ်းလျှောက်နည်းမှ အစပြုလေ့ကျင့်ခဲ့ကြသည်။ ထိုလေ့ကျင့်ခန်းတွင် ခန္ဓာကိုယ် အတော်အတန် ဝဖြိုးနေသော ဦးသော်ကလည်း ပါဝင်လေ့ကျင့်ခဲ့သည်။

ဝါးတစ်လုံးပေါ်တွင် လျှောက်လှမ်းရသည့်အတွက် ဦးသော်ကမှာ ပထမအစတွင် လှုပ်လီလှုပ်လဲ့ဖြင့် ဟန်ချက်မငြိမ် ဖြစ်နေသည်။

''အမှတ်စဉ် တစ် စိတ်ကိုတည်ငြိမ်အောင်ထားပြီး ခြေလှမ်းမှန်မှန်လျှောက်ပါ၊ မကြောက်ပါနဲ့ ဖြည်းဖြည်း ဖြည်းဖြည်း ဟုတ်ပြီ''

သင်တန်းနည်းပြဆရာက ဦးသော်ကကို ကောင်းစွာလေ့ကျင့်ပေးခဲ့သည်။ သင်တန်းတွင် လူနာမည်ကို မခေါ်ဘဲ အမှတ်စဉ်ဖြင့်သတ်မှတ်ထားပါသည်။

www.burmeseclassic.com



အမှတ်စဉ် (၁) ဦးသော်က၊ အမှတ်စဉ် (၂)မှာ ဂဂါမောင်မောင်၊ အမှတ်စဉ် (၃)မှာ မုဆိုးစိုးသိန်း၊ အမှတ်စဉ် (၄)မှာ မုဆိုးဘကောင်း၊ အမှတ်စဉ် (၅)မှာ လမ်းပြဘိုနီ ဖြစ်သည်။

ထိုသင်တန်းကို အမှတ်စဉ် (၁) မှ (၅)အထိ လေ့ကျင့်ခဲ့ရာ ဦးသော်က တစ်ယောက်အတွက်သာ အနည်းငယ်ခက်ခဲမှု ရှိသော်လည်း ကျန်လေးဦးမှာ လူရွယ်များဖြစ်ပြီး သန်မာဖျတ်လတ်သည့်အတွက် အခက်အခဲမရှိချေ။ နောက်နေ့များတွင်

"ဒီနေ့တော့ အခက်အခဲမျိုးစုံကို ငါးယောက်ပါဝင်ယှဉ်ပြိုင်ရမယ်"

"ဟုတ်ကဲ့ပါ"

အခက်အခဲများတွင် သံဆူးကြိုးအောက်မှ ဝင်လာသည့် ပြိုင်ပွဲလည်း ပါဝင်သည်။ ဘားတန်းဆိုကာ သွားရခြင်း၊ ရွံ့နွံများကို ဖြတ်ကျော်ရခြင်း၊ ရေကူး၍သွားရခြင်းတို့အပြင် ထောင်ချောက်ဆင်ထားသည့်နေရာများ၌ လွတ်အောင်သွားရခြင်းတို့ ပါဝင်ခဲ့သည်။

ဂဂါမောင်မောင်သည် အိန္ဒိယ၌ ပညာသင်ကြားစဉ်ကပင် တက္ကသိုလ်အရံတပ်ရင်းတွင် စစ်ပညာသင်ကြားခဲ့သူဖြစ်၍ ဤမှုလောက်မှာ သူ့အတွက် အခက်အခဲမဖြစ်ပေ၊ ကောင်းမွန်စွာ ကျော်ဖြတ်နိုင်ပြီး လျင်မြန်မှုတို့ကြောင့် ပြိုင်ပွဲတိုင်းပင် ပထမရခဲ့သည်။ ပဋ္ဌမရရှိသူမှာ ကျောက်စာဝန်ဦးသော်ကပင် ဖြစ်သည်။ တဖြည်းဖြည်း လေ့ကျင့်ပေးရမည့်သူပင် ဖြစ်သည်။





"အမှတ်စဉ်တစ် ကြိုးစားထားပါ၊ ချွေးထွက်များမှ သွေးထွက်နည်းမယ်"

သင်တန်းမှူးက ဤသို့ လေ့ကျင့်ပေးခဲ့သည်။ ထို့နောက် သေနတ်ပစ် လေ့ကျင့်ခန်းကို သင်ကြားပေးခဲ့သည်။ ထိုသေနတ်ပစ် လေ့ကျင့်ခန်းတွင် ဦးသော်ကလည်း ကောင်းစွာပစ်နိုင်ခဲ့သဖြင့် သင်တန်းမှူးကပင် ချီးကျူးစကားဆိုခဲ့သည်။

"အမှတ်စဉ်တစ် လက်ရေတက်လာတယ် ကြိုးစားပါ"

သင်တန်းမှူး၏စကားကြောင့် ဦးသော်က၏မျက်နှာမှာ တပြုံးပြုံးနှင့် ဖြစ်နေသည်။ ထိုအခါ ဂဂါမောင်မောင်က

"ခေါင်းဆောင်ကြီးကိုပဲ အားကိုးရမှာနော"

ဤသို့ အားပေးစကားပြောလိုက်ရာ ဦးသော်ကမှ

"အမှတ်စဉ်နှစ်လောက် မတော်ပါဘူး၊ ရှက်မိပါတယ်"

"ဟား ဟား ဟား"

ဤသို့ပျော်ရွှင်စွာဖြင့် လေ့ကျင့်ရင်း ပြုံးပျော်ခဲ့ကြပါသည်။

"ကဲ ဒီနေ့မှာတော့ ကိုယ်ခံပညာရပ်များကို လေ့ကျင့်မှာ ဖြစ်ပါတယ်"

သင်တန်းမှူးက ထပ်မံ၍ ကိုယ်ခံပညာရပ်များ ဖြစ်သည့် ဘောက်ဆင် ဂျူဒိုနှင့် အဆင့်မြင့်တိုက်ကွက်များကို လေ့ကျင့်ပေးခဲ့သည်။ ဤကိုယ်ခံပညာနှင့် တိုက်ကွက်များတွင် ဦးသော်ကကို သည်အတိုင်းသာ ကြည့်နိုင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမှတ်စဉ် တစ် ရန်သူနဲ့တွေ့ရင် ဟိုအုပ်စုက တိုက်ခိုက်လိမ့်မယ်၊ ခင်ဗျားကတော့ ပြေးရမယ်၊ ဒါကြောင့် အပြေးလေ့ကျင့်ထားပေတော့"

"ဟုတ်ကဲ့ဆရာ ကျွန်တော်ကတော့ တိုက်ခိုက်ရေးဆိုရင် မဖြစ်ဘူး၊ တကယ်ပဲ ပြေးရမှာပဲ"

"ဟား ဟား ဟား"

သည်လို ပျော်ရွှင်စွာ လေ့ကျင့်ခဲ့ကြသည်။

သူတို့ငါးဦး၏ လေ့ကျင့်မှုများမှာ ပင်ပန်းသလောက် ပျော်ရွှင်စရာများနှင့်လည်း တွေ့ကြုံခဲ့ကြသည်။ သို့ဖြင့် တစ်လတိတိ လေ့ကျင့်ပြီးနောက် သင်တန်းမှူးက

"ဒီသင်တန်းဟာ ဒီလောက်နဲ့ပဲ ပြီးစီးပါပြီ၊ တကယ်တော့ ဒီလောက်အချိန်ဟာ တိုတောင်းပါတယ်၊ ဒါပေမဲ့ ဖိုက်စတားလို့ခေါ်တဲ့ ကြယ်စင်ငါးဖော်ဟာ အရည်အချင်းနဲ့ပြည့်စုံသူများဖြစ်တဲ့အတွက် သင်ခန်းစာကို ပြန်နွှေးပေးတဲ့ သဘောလောက်ပါပဲ၊ ချွေးထွက်လည်းများပြီဖြစ်လို့ အရေးတော်ပုံအောင်မြင်ရမှာပါ"

"ဆရာပြောတဲ့အတိုင်း ဖြစ်ပါစေ"

ထိုသို့ပြောပြီး သင်တန်းပြီးဆုံးသွားခဲ့သည်။

■ ■ ■



## အခန်း (၄)
## ဘူးရှုက်မညိုးလမ်းကို ကျော်ဖြတ်၍

ဂဂါမောင်မောင်တို့အဖွဲ့ကို မြန်မာမှုပြုသော်'ကြယ်စင်ငါးဖော်' ဟု အမည်ပေးလိုက်သည်။ ခရီးမစခင်တွင် မရဏာယန္တရားရှိမည့် နေရာကို အကြမ်းဖျင်းပုံဖော်ကာ ခရီးသွားကွန်တိုမြေပုံကြမ်းကို ဂဂါမောင်မောင်တို့အဖွဲ့သားများကို တာဝန်ရှိသူများက ရှင်းလင်းပြခဲ့သည်။

"အခု မင်းတို့သွားရမယ့်နေရာကတော့ အကြမ်းဖျင်းပြောရရင် အိန္ဒိယမြန်မာ နယ်စပ်အကြားမှာရှိတဲ့ အလွန်နက်တဲ့တောကြီးအတွင်း တစ်နေရာရာမှာ ဖြစ်ဖို့များတယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒီတောတောင်ကြီးဟာ အလွန်နက်ပြီး ကျယ်ဝန်းလွန်းလို့ အိန္ဒိယဘက်ကရော မြန်မာဘက်ကပါ အဲဒီတောကြီးအတွင်းကို မရောက်ဖူးကြသေးဘူး၊ အဲဒီနေရာမှာလည်း တောင်စွယ် တောင်တန်းတွေက အလွန်မြင့်မားပြီး ချောက်ကမ်းပါးတွေကလည်း အထပ်ထပ်၊ ရေတံခွန်တွေကလည်း အရမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်များတယ်၊ ခရီးလမ်းပမ်းဆက်သွယ်ရေးကလည်း အလွန်ခက်ခဲတော့ ရောက်ဖို့မလွယ်လှဘူး''

တာဝန်ခံအရာရှိက ကွန်တိုမြေပုံကြမ်းက စက်ဝိုင်းဖြင့် ထောက်ပြရင်း ရှင်းပြခဲ့သည်။

''မင်းတို့အဖွဲ့ကတော့ တကယ့် စွန့်စားခန်းနဲ့ကြုံတွေ့ရမှာ သေချာတယ်၊ အထူးသဖြင့် အဲဒီတောတောင်ကြီးတွေထဲမှာ ငှက်ဖျားပိုးတွေ ရှိတတ်တယ်၊ ဒီတော့ စားနပ်ရိက္ခာနဲ့တကွ ငှက်ဖျားပျောက်ဆေးတို့ အဖျားပျောက်ဆေးတို့ပါ ယူသွားရမယ်''

''ဟုတ်''

''မင်းတို့အဖွဲ့ကို 'တမူးမြို့'အထိ လိုက်ပို့ပေးမယ်၊ မင်းတို့က အဲဒီကနေပြီး ဟိုဘက်ကို ဆက်သွားရမယ်''

''ဟုတ်''

''ဒီတာဝန်ဟာ နိုင်ငံတော်အတွက် အထူးအရေးပါတဲ့ တာဝန်တစ်ရပ်ဖြစ်လို့ ဒီတာဝန်ကို ကျေပြွန်စွာ ဆောင်ရွက်ပါ''

''ဟုတ်''

တာဝန်ခံအရာရှိ၏ မိန့်ခွန်းစကားကို နားထောင်ပြီးနောက် နောက်တစ်နေ့တွင် ခရီးစတင်ထွက်ရန် ပြင်ဆင်ခဲ့ပါသည်။

သင်တန်းမှူးက အေးဆေးစွာ ပြောနေသော်လည်း တကယ်တမ်းသွားရမည့်သူများမှာ သူတို့ငါးဦးဖြစ်သော ကြယ်စင်ငါးဖော် အဖွဲ့သားများပင် ဖြစ်သည်။





ဂဂါမောင်မောင်သည် သင်တန်းပြီးဆုံးပြီးပြီဖြစ်၍ အိမ်သို့ ပြန်လာခဲ့သည်။ အိမ်သို့ရောက်သောအခါ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ရင်း သူသွားရမည့်ခရီးအကြောင်း စဉ်းစားနေမိသည်။

ဤနေရာသို့ သွားရာလမ်းခရီးတွင် မည်သို့သော အခက်အခဲ အတားအဆီးများရှိမည်နည်း။ ဤမစ်ရှင်မှာ အောင်မြင်မည်လော၊ အရှုံးနှင့်ရင်ဆိုင်ရမည်လောဆိုသည်မှာ မည်သူမျှ အတတ်မပြောနိုင်အောင် မှန်းဆရခက်နေသည်။ ဤခရီးကား တောင်ကြိုတောင်ကြား စိမ့်စမ်းအသွယ်သွယ်နှင့် တောတောင်အထပ်ထပ်ကို ဖြတ်ကျော်ရမည့် ခရီးစဉ်ဖြစ်၍ လွယ်ကူသော အရာမဟုတ်ချေ။ သစ်ငုတ်ကိုသင်ဖြူး၊ ဆူးကိုမွေ့ရာ ပမာထား၍ သွားရမည့်ခရီးစဉ်တွင် ၎င်းတို့ငါးဦး၏ကံကြမ္မာမှာ မည်သို့ဖန်လာဦးမည်မသိ။ အားလုံး အသက်ရှင်လျက် ပြန်လာနိုင်မှ ပြန်လာနိုင်ပေမည်။ အသက်အားလုံးကို ပေးဆပ်ခဲ့ရမည်လော။

သူသည် အိန္ဒိယပြည်၌ မွေးဖွားခဲ့ပြီး ထိုတိုင်းပြည်တွင် နှစ်ပေါင်းအတော်ကြာအောင် နေလာခဲ့သူဖြစ်၍ သူတို့၏စိတ်နေသဘောထားနှင့် ဓလေ့ထုံးစံများကို အတော်အတန် သိထားသူဖြစ်သည်။ သူတို့တိုင်းပြည်တွင် လျှို့ဝှက်စွာနေထိုင်ကြသော လူမျိုးများ၊ လျှို့ဝှက်ဂိုဏ်းများ ဖွဲ့စည်းထားသော ဂိုဏ်းဂဏပေါင်းများစွာ ရှိသည်။

သူတို့ လျှို့ဝှက်ထားသည့်အရာကို သိသူကို အသက်ဆက်လျက် ရှင်သန်ခွင့်ပေးရိုးထုံးစံမရှိပေ။ လျှို့ဝှက်သောအရာကို သိခြင်းသည် မသိအပ်သည်ကို သိခြင်းဟု ယူဆသည့်အတွက် သေမင်းထံရောက် အပြေး



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသူအဖြစ်ဖြင့် သုတ်သင်ရှင်းလင်းခဲ့ကြသည်။ သူတို့၏ အယူအဆမှာ ပါးစပ်တစ်ပေါက်ကို အစောတလျှင် ပိတ်ခြင်းသည် လျှို့ဝှက်မှုကို ကာကွယ်ခြင်း ဖြစ်သည်ဟု ဆို၏။

"အင်း ဒီမရဏယန္တရားကြီးဟာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင်ကျော်က ရှိခဲ့တဲ့ပစ္စည်းလို့ ပြောကြတယ်၊ အရင်တုန်းက ပါးစပ်ပြောသာ ရှိခဲ့ပေမယ့် လူမျိုးစုတစ်စုဟာ အလွန်လျှို့ဝှက်ထားတဲ့ပစ္စည်းဖြစ်လို့ ဘယ်သူမှ မတွေ့မမြင်ဖူးကြဘူး"

"အခုငါတို့ရဲ့ လက်ထဲမှာ မှော်ဝင်မှန်ခုံး ရောက်နေပြီဆိုတော့ သူတို့ရဲ့လျှို့ဝှက်ချက်ကို ငါတို့က အနေးနဲ့အမြန် သိရတော့မယ်၊ ဒီမှော်ဝင်မှန်ခုံးနဲ့ပတ်သက်ပြီး လူပေါင်းငါးယောက်တိတိ သေသွားခဲ့ပြီ၊ သူတို့ဟာ ဒီပစ္စည်းရဖို့ဆိုရင် ဘယ်သူဖြစ်ဖြစ် သတ်မှာပဲ၊ အခု ငါတို့သွားမယ့်လမ်းဟာ စဉ်းတီတုံးပေါ်ကို ဇက်တင်ပေးပြီး တမင်အသတ်ခံကြတဲ့ ဒရယ်တွေလိုများ ဖြစ်နေမလား"

"ငါတို့ရဲ့ ခြေလှမ်းတိုင်းဟာ သတ်ကွင်းဆီကို ဦးတည်နေပြီလား"

သူသည် တစ်ယောက်တည်း တစိမ့်စိမ့်တွေးနေမိသည်။

■ ■ ■

ရင်းတို့သည် ကြယ်စင်ငါးဖော်အား စစ်လေယာဉ်ဖြင့် ကလေးမြို့သို့ ပို့ဆောင်ပေးခဲ့သည်။ ထိုမှ ကလေးဝမြို့သို့ဖြတ်ကာ တမူးမြို့သို့ စစ်သုံးဂျစ်ကားဖြင့် ပို့ဆောင်ပေးပြီး တမူးမှ သောင်သွပ်မြို့သို့ သွားရာ





လမ်းတွင် ဂဂါမောင်မောင်တို့အဖွဲ့အား

"ကဲ အခုအချိန်ကစပြီး ကြယ်စင်ငါးဖော် အဖွဲ့သားတို့ဟာ ကိုယ့်အားကိုယ်ကိုးပြီး သွားရလိမ့်မယ်၊ တမူးကနေ မြို့သစ်ကို သွားရမယ်၊ မြို့သစ်ကနေပြီး သောင်သွပ်ကို ဆက်သွားရမယ်၊ အဲဒီကမှ ဇလပ်ဖြူစခန်းကို ရောက်မယ်၊ ဇလပ်ဖြူရဲ့ဟိုဘက်မှာ တောင်ကြီးတွေ ဝိုင်းရံထားတယ်၊ အဲဒီဘက်မှာ ဆက်ရှာကြည့်ပါ"

အရာရှိပြောသည့်အတိုင်း ကြယ်စင်ငါးဖော်အဖွဲ့မှာ ဤခရီးကြမ်းကို ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် စတင်ထွက်ခွာလာခဲ့သည်။

ကြယ်စင်ငါးဖော်၏လမ်းပြမှာ ဘိုနီဖြစ်ပြီး သောင်သွပ်အထိလမ်းကြောကို ကောင်းစွာသိသူဖြစ်သည်။ သူသည် ဖခင်ဖြစ်သူနှင့်အတူ နယ်စပ်ဒေသတွင် နေထိုင်သူဖြစ်ပြီး ဤတောကြီး၌ နေထိုင်ကျက်စားနေသည့် သားကောင်များကို ဖမ်းဆီးသတ်ဖြတ်ကာ ရောင်းချသည့် မုဆိုးတစ်ဦးလည်း ဖြစ်သည်။ သူ၏ဖခင်ကြီးကိုယ်တိုင်ကလည်း ဝါရင့်မုဆိုးကြီးဖြစ်သည့်အလျောက် ဤတောကြီး၏အစပိုင်းကို သွားရောက်ဖူးသူဖြစ်သည်။

"အခု ကျွန်တော်တို့သွားတဲ့လမ်းကို 'ဘူးရွက်မညှိုးလမ်း' လို့ ခေါ်ပါတယ် ဆရာ"

လမ်းပြဘိုနီက ဤသို့ပြောလိုက်ရာ မုဆိုးစိုးသိန်းက

"ဟေ ဘာပြောတယ်၊ ဘူးရွက်မညှိုးလမ်း ဟုတ်လား၊ ငါဖြင့် တစ်ခါမှ မကြားဖူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဘိုနီက ဆက်ပြောပြန်သည်။

"ဟုတ်တယ်ဗျ လမ်းနာမည်က 'ဘူးရွက်မညှိုးလမ်း'လို့ အဖေက ပြောတုန်းကတောင် ကျွန်တော်က ရယ်မိသေးတယ်၊ အဲဒီတော့ အဖေက ဆက်ပြောတယ်၊ ငါ့သား ဘူးရွက်မညှိုးလမ်းဆိုတာ ဘယ်လိုဖြစ်ပေါ်လာသလဲ သိလားတဲ့၊ ကျွန်တော်က မသိဘူးဆိုတော့ အဖေက ရယ်ပြီး အဲဒီနာမည်ရပုံကို ပြောပြတယ်"

"ဟုတ်တယ် ဘိုနီရ၊ ငါလည်း ဒီနာမည် မကြားဖူးဘူး၊ ဘယ်လို ကြောင့် ဒီအမည်ရတယ်ဆိုတဲ့အကြောင်းကို ပြောပြပါဦး"

မုဆိုးဘကောင်းက ဆက်၍မေးပြန်သည်။ ကျောက်စာဝန် ဦးသော်ကနှင့် ဂင်္ဂါမောင်မောင်တို့နှစ်ဦးသားမှာမူ မည်သို့မျှ မပြောဘဲ နှုတ်ဆိတ်နေသည်။

"ဘူးရွက်မညှိုးလမ်းလို့ အမည်တွင်ပုံကတော့ ရှေးခတ်တုန်းက ခရီးသည်တစ်ဦးက ခရီးစထွက်စဉ်မှာ လမ်းမှာတွေ့တဲ့ ဘူးရွက်တစ်ရွက်ကိုချူးပြီး ယူဆောင်လာခဲ့တယ်၊ အဲဒီခရီးသည်ဟာ သူသွားတဲ့နေရာရောက်တဲ့အထိ ဘူးရွက်က မညှိုးဘူးလို့ ဘူးရွက်မညှိုးလမ်းလို့ ခေါ်တာတဲ့"

"ဩော် ဒါဆိုလည်း ဘူးရွက်မညှိုးလမ်းဆိုတာ သူ့ရာဇဝင်နဲ့သူ ရှိတာပေါ့နော်"

"ဟုတ်တယ် ဆရာ"

သူတို့ချင်း စကားပြောနေစဉ် ဂင်္ဂါမောင်မောင်က





"အဲဒီအကြောင်း ဘိုနီ ပြောတာ မစုံဘူး၊ ကျွန်တော် ပြောမယ်၊ အဲဒီခရီးသည်ဟာ ရခိုင်က ခရီးသည်ပဲ၊ ရခိုင်ကနေပြီး ပုဂံနေပြည်တော်ကို သွားတာ ခရီးအစမှာ ဘိုနီပြောတဲ့အတိုင်း ဘူးရွက်တစ်ရွက်ကို ချူးပြီး ခရီးလမ်းတစ်လျှောက် ယူဆောင်လာခဲ့တယ်၊ အဲဒီလမ်းက ဖြတ်လမ်းပဲ၊ ဖြတ်လမ်းအတိုင်း သွားလိုက်တာ ရခိုင်ပြည်နယ်ကနေ ပုဂံသာရောက်ရော ဘူးရွက်က မညှိုးသေးဘူးတဲ့"

ဤသို့ဆက်ပြောလိုက်ရာ ဘိုနီက

"အဲ အဲ အဲဒီဆရာ ပြောတာ ဟုတ်ပါတယ်၊ ကျွန်တော်က အဲဒီဆရာလို စိကာပတ်ကုံး မပြောတတ်လို့ပါ"

ဤသို့ ပြောလိုက်ရာ မုဆိုးစိုးသိန်းက

"မင်းကလည်း သိသလိုလို တတ်သလိုလိုနဲ့ ပြောနေလိုက်တာ"

ထိုသို့ပြောလိုက်ရာ ဘိုနီလည်း နှုတ်ဆိတ်သွားခဲ့သည်။ ဤတွင် ဂင်္ဂါမောင်မောင်က ဆက်ပြောခဲ့သည်။

"ဟုတ်တယ် ကိုစိုးသိန်းရဲ့ ကျွန်တော် ဆက်ပြောဦးမယ်၊ ဘူးရွက်မညှိုးလမ်းရဲ့အစဟာ ချင်းတွင်းရောဝတီမြစ်ဝှမ်းက တကောင်း၊ ဟန်လင်း၊ ပုဂံ၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ရွှေဘို၊ အမရပူရ၊ ရတနာပုံနေပြည်တော်နဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်း လေးမြို့မြစ် ကုလားတန်မြစ်ဝှမ်းမှာရှိတဲ့ ဓညဝတီ၊ ဝေသာလီ၊ ခမ္ဘဝက်၊ ပဥ္စာပရိန်၊ လောင်းကြက်၊ မြောက်ဦးတို့နဲ့ ဆက်သွယ်ထားတဲ့လမ်းကြောင်းပဲ"

ဤသို့ ဂင်္ဂါမောင်မောင်က ဆက်ပြီးရှင်းပြရာ မုဆိုးနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စလုံးမှာ လွှမ်းခြုံထားပြီး

"ဂဂါမောင်မောင်ကတော့ နာမည်ကြီးတာလည်း မပြောနဲ့ အိန္ဒိယမှာ ကြီးပြင်းတယ်ဆိုတာတောင် မြန်မာပြည်က အကြောင်းတွေလည်း သိတာပဲလား"

"ဒါကတော့ ကျွန်တော့်ရဲ့လေ့လာချက်ပါဗျာ၊ ဒီလမ်းဟာ ရခိုင်ပြည်နယ်နဲ့ပြည်မနဲ့ဆက်သွယ်တဲ့ ဖြတ်လမ်းပေါ့ဗျာ၊ အဲဒီကစပြီး ဖြတ်လမ်းတွေကို ဘူးရွက်မညိုးလမ်းရယ်လို့ ခေါ်လာကြတယ်၊ ကျွန်တော်တို့ အခုသွားနေတဲ့လမ်းဟာလည်း နယ်စပ်ရဲ့ဖြတ်လမ်းဖြစ်လို့ ဘူးရွက်မညိုးလမ်းလို့ခေါ်ကြတာ"

ဂဂါမောင်မောင်က သူသိသမျှ ဆက်၍ပြောပြခဲ့သည်။

ဤတွင် မဆိုးစိုးသိန်းမှာ စေ့စပ်သူပီပီ တွေးဆရင်း

"အင်း ဘူးရွက်ဆိုတာ ကိုင်ရုံနဲ့တောင် ညှိုးလွယ်တဲ့အရွက်ပဲ၊ ရခိုင်ကနေ ပုဂံကိုသွားတာတောင် ဘူးရွက်မညှိုးဘူးဆိုတော့ မဖြစ်နိုင်ဘူး၊ ဒါဟာ တင်စားတာနေမှာ"

ဤသို့ပြောလိုက်သည်။ ထိုအခါ မဆိုးဘကောင်းက

"ဒါပေါ့ဗျာ ဖြတ်လမ်းဟာ ဘယ်လောက်ခရီးကျုံ့သွားသလဲ ဆိုတာကို တင်စားပြီးပြောတာဖြစ်မှာပေါ့၊ ဒီစကားကို အခြေပြုပြီးတော့ ဖြတ်လမ်းတွေဆိုရင် ဘူးရွက်မညှိုးလမ်းလို့ ပြောတာ ဖြစ်မှာပေါ့ဗျာ"

မဆိုးစိုးသိန်း၏စကားကို ထောက်ခံပြောဆိုလိုက်သည်။ သည်တွင် တစ်ချိန်လုံး နှုတ်ဆိတ်နေသော ကျောက်စာဝန်ဦးသော်ကမှ





"ဟုတ်တယ် မဆိုးဘကောင်းပြောတာ မှန်တယ်၊ အဲဒီ ဘူးရွက်မညှိုးလမ်းဟာ အဲဒီခေတ်တုန်းက တော်တော် ခေတ်စားခဲ့တဲ့ နာမည်ပေါ့ဗျာ၊ ဒါနဲ့ ဖြတ်လမ်းတွေဆိုရင် အလွယ်အားဖြင့် ဘူးရွက်မညှိုးလမ်းလို့ သုံးနှုန်းခဲ့ကြတာပဲ"

"ဒါဆို ကျွန်တော်တို့လည်း အခု ဘူးရွက်မညှိုးလမ်းပေါ်ကို ရောက်နေတာပေါ့နော်"

"မဆိုးစိုးသိန်းကပါ ဤသို့ဝင်ပြောလိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

ဦးသော်ကက အေးဆေးစွာ ပြောလိုက်ရာ

"ရှေးဟောင်းလမ်းပေါ်ကို လျှောက်သွားရတာဆိုတော့ နည်းနည်း ဘဝင်မြင့်သလိုလို ဖြစ်လာပြီ"

"ကဲ မဆိုးဘကောင်းရေ သိပ်လည်း ဘဝင်မြင့်မနေနဲ့၊ အခုသာ ခရီးလမ်းက ကောင်းတာ၊ ရှေ့လျှောက်လေလေ လမ်းကြမ်းလေလေ ဖြစ်မှာ"

ဤသို့ မဆိုးနှစ်ယောက်စကားအနိုင်လု ပြောနေကြသည်။

အခုချိန်မှာတော့ လူသွားလမ်းကလေးတွင် ကြယ်စင်ငါးဖော်မှာ ခေတ္တရပ်နားရင်း စကားပြောဆိုနေကြသည်။ မည်သည့်နေရာ မည်သည့်ကွေ့တွင် အန္တရာယ်ဖြင့် ရင်ဆိုင်ရမည် မသိချေ။

သို့ဖြင့် ဤလမ်းကလေးအတိုင်းဆက်၍သွားရာ မကြာမီ တောစပ်အနီးသို့ ရောက်ရှိလာခဲ့သည်။ ၎င်းတို့အုပ်စုမှာ တောစပ်သို့ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီးဖြစ်၍ ဘူးရွက်မည်းလမ်းကလေး ဆုံးသွားသည်။ ထိုမှဆက်၍သွားရာ သောင်သွပ်သို့ ရောက်ရှိခဲ့သည်။ သောင်သွပ်မှ ဖလပ်ဖြူးစခန်း ခရီးစဉ်ကို ဆက်၍ သွားခဲ့ကြသည်။

ထို့နောက် ဂဂါမောင်မောင်က

"ကဲ ကျွန်တော်တို့ဟာ သောင်သွပ်ကိုရောက်ပြီဆိုတော့ ဖလပ်ဖြူးကို ဆက်သွားဖို့ ဘူးသီးမည်းတဲ့တောထဲဝင်ပြီး လေ့လာဦးစို့"

ဤသို့ ရယ်ရွှင်ဖွယ် အသောလေးဖောက်ပြီး ပြောလိုက်ရာ အားလုံး ပျော်ရွှင်သွားခဲ့သည်။ တစ်စတစ်စ တောထဲသို့ ဝင်ရောက်လာခဲ့သည်။ သို့ဖြင့် အတန်ကြာအောင် ဆက်လက်သွားသောအခါ စမ်းချောင်းငယ်တစ်ခုနားသို့ ရောက်လာခဲ့သည်။ ထိုအချိန်မှာ ညနေငါးနာရီခန့်ရှိပြီဖြစ်၍ ဦးသော်ကက

"ကျုပ်တို့ ဒီနေရာမှာ ဒီညအတွက် စခန်းချမယ်"

"ဟုတ်ကဲ့ ဆရာကြီး"

ဤသို့ဖြင့် စမ်းချောင်းလေးနှင့်မနီးမဝေး မြေပြန့်သောအရပ်ကို လိုက်လံရှာဖွေကြည့်ရှုခဲ့ကြသည်။ မကြာမီ သူတို့အုပ်စုလည်း ဤနေရာတွင် စခန်းချရန် နေရာရွေးခဲ့ကြသည်။

"ဟော ဟိုက သစ်ပင်ကြီးအောက်မှာ စခန်းချရင် ပိုကောင်းမယ်"

ဘိုနီက သည်နေရာမှာဆရာကြီးဖြစ်၍ သူ့စကားကို နားထောင်ကာ စခန်းချခဲ့ကြသည်။ ထိုစဉ် ဘိုနီက





"ကျွန်တော်တို့ ညဘက်မှာ ဒီမှာအိပ်မယ်ဆိုတော့ မီးမပြတ်အောင် မီးဖိုထားဖို့ လိုအပ်ပါတယ်၊ ဒါကြောင့် တောထဲမှာ ထင်းရှာဖို့ ဆရာတစ်ယောက်ယောက် လိုက်ခဲ့ပါ"

ဤသို့ပြောလိုက်ရာ မုဆိုးနှစ်ဦးစလုံး လိုက်ပါသွားခဲ့သည်။ မကြာမီ ထင်းများထမ်းပြီး ဘိုနီတို့အုပ်စု ပြန်လာရာ မီးဖိုဖိုပြီး ထမင်းချက်ခဲ့ကြသည်။ ထို့နောက် အသင့်ပါလာသော ငါးသေတ္တာဘူးများ ဖောက်၍ ဟင်းအဖြစ် စားခဲ့ကြသည်။ သည်တွင် ဘိုနီက ဆရာကြီးအထံနှင့် ဤသို့ပြောလိုက်သည်။

"ဒီမီးဖိုကို မီးမပြတ်အောင် ထည့်မှဖြစ်မယ်၊ မီးဖိုမှာ မီးမပြတ်မှ တောကောင်တွေ မကပ်ရဲမှာ၊ မီးမငြိမ်းအောင် ဂရုစိုက်ရမယ်"

"ဟော့ကောင် ဘိုနီရေ ငါတို့အားလုံး တောလိုက်မုဆိုးတဲ့ လူတွေကြီးပဲ၊ မီးမငြိမ်းအောင် ညမှာတစ်ယောက်တစ်လှည့် တာဝန်ယူပြီး စောင့်ရမယ်ဆိုတာလည်း သိတယ်"

ထိုသို့ မုဆိုးစိုးသိန်းက ပြောလိုက်တော့မှ ဘိုနီ ပါးစပ်ပိတ်သွားပြီး မီးဖိုထဲကို ထင်းများပစ်ထည့်နေသည်။ ထိုနေ့ညက မီးပုံကြီး၏နံဘေးတွင် ဦးသော်ကနှင့် ဂဂါမောင်မောင်တို့နှစ်ဦးခေါင်းဆောင်ကာ ဆွေးနွေးခဲ့ကြသည်။ ဦးသော်ကမှ

"ကျုပ်လည်း ဘာကြောင့်မှန်း မသိဘူး၊ မရဏယန္တရားအကြောင်းကို တစ်စွန်းတစ်စ ကြားကတည်းက အရမ်းစိတ်ဝင်စားခဲ့တယ်၊ ဒါကြောင့် ဒီမရဏယန္တရား ရှာပုံတော်ခရီးမှာ လိုက်ခဲ့တာပဲ၊ တကယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ရင် ကျုပ်ရဲ့အသက်အရွယ်နဲ့ ဒီခရီးကို မလိုက်သင့်မှန်း သိပါတယ်''

သူ၏ထင်မြင်ယူဆချက်များကို ဤသို့ပြောလိုက်ရာ ဂဂ်ါမောင်မောင်မှ

''ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ဆရာကြီးရာ၊ ယောကျ်ားကောင်းဆိုတာ စွန့်စားဝံ့သူတွေပဲ၊ လောကမှာ စွန့်စားပြီး သေတဲ့လူနဲ့ သာမန်နေထိုင်ပြီး သေတဲ့လူ နှစ်မျိုးပဲရှိတယ်၊ ကျွန်တော်ကတော့ အမျိုးဘာသာ သာသနာအတွက် စွန့်ဝံ့သူဖြစ်ပြီး သေချင်တယ်''

''ဟုတ်ပါတယ် ဆရာဂဂ်ါရယ်၊ ကျုပ်လည်း ကိုယ့်တိုင်းကိုယ့်ပြည်ကို ချစ်တတ်တဲ့လူပါ၊ ဒါပေမဲ့ အသက်နည်းနည်းကြီးလာပြီဆိုတော့ ဒီခရီးကြမ်းအတွက် သူများကို ဒုက္ခပေးသလို ဖြစ်နေမှာစိုးလို့ပါ''

''ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ အသက်ကြီးလာတာနဲ့အမျှ အတွေ့အကြုံများတော့ အခက်အခဲတွေနဲ့တွေ့တဲ့အခါမှာ အကြံဉာဏ်ကောင်းပေးနိုင်တာပေါ့၊ ကျွန်တော်ကတော့ ဦးလေးလို ဉာဏ်ပညာအမြော်အမြင်နဲ့ ပြည့်စုံတဲ့လူနဲ့ ခရီးသွားရတာကို နှစ်သက်ပါတယ်''

''ဒါဆိုလည်း ကောင်းပါလေရဲ့ကွာ''

ထိုစဉ် ဘိုနီက

''ဒီတောကြီးကတော့ ခရီးစဉ်ရဲ့အစပိုင်းပါပဲ၊ ဒီစခန်းကို ဇလပ်ဖြူစခန်းလို့ ခေါ်တယ်၊ တောလိုက်မုဆိုးဖြစ်တဲ့အဖေနဲ့ ဒီတောကြီးထဲကို မကြာခဏ လာခဲ့ဖူးတယ်၊ တစ်ခါတစ်ခါ ကျားနဲ့တွေ့တတ်တယ်၊ ဒါပေမဲ့ ကောင်းတဲ့အကွက်ကတော့ ဒီတောထဲမှာ တောဝက်တို့ ပြောင်တို့ပေါ





တယ်''

ထိုသို့ ပြောလိုက်ရာ စိုးသိန်းရော ဘကောင်းကပါ အထူးစိတ်ဝင်စားသွားခဲ့သည်။ ဤတွင် စိုးသိန်းက

''ဆရာဂဂ်ါမောင်မောင်ရေ ဒါဆိုရင် ဒီတောထဲရောက်တုန်း အမဲလိုက်ရရင် မကောင်းဘူးလား''

''တမင်သက်သက်တော့ အမဲမလိုက်ချင်ပါဘူး၊ သွားရင်းလာရင်း ကြုံကြိုက်ရင်တော့ တစ်မျိုးပေါ့''

''ဟုတ်တယ် ဆရာဂဂ်ါပြောတာ ဟုတ်တယ်''

ဤသို့ပြောပြီး စကားဝိုင်းကလေးကို အဆုံးသတ်လိုက်သည်။

ဂဂ်ါမောင်မောင်နှင့်ဘိုနီက မီးပုံကို ထင်းထည့်ရန် တာဝန်ယူပြီး ကျန်လူများမှာ မီးပုံနံဘေးတွင် အိပ်စက်အနားယူခဲ့ကြသည်။ ထိုစဉ် ဂဂ်ါမောင်မောင်က သူ့အိတ်ထဲမှ သံလိုက်အိမ်မြှောင်ကို ထုတ်ယူပြီး ကြည့်လိုက်ရာ သံလိုက်အိမ်မြှောင်က ၁၈၀ ဒီဂရီ လက်တန်ပြရာ

''ဘိုနီ တစ်ရာ့ရှစ်ဆယ်ဒီဂရီဆိုတာ တောင်ဘက်အရပ်ကို ညွှန်ပြတာပဲ၊ ခရီးဆက်ရင် အဲဒီတောင်ဘက်စူးစူးအရပ်ကို သွားရမယ်''

''ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်ဟာ အဖေနဲ့ တောလိုက်တုန်းက အဲဒီတောင်ဘက်စူးစူးနေရာကို သွားခဲ့ဖူးတယ်၊ အဲဒီမှာတောင်တွေအထပ်ထပ် တောတွေအထပ်ထပ်နဲ့ ရေတံခွန်တွေ မြစ်တွေ ရှိတယ်၊ အဲဒီထက်တော့ ဆက်ပြီးမသွားဖြစ်တော့ဘူး''

ထိုသို့ စကားတပြောပြောနှင့် မီးပုံကို ထင်းများထည့်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ တဖြည်းဖြည်း သန်းခေါင်ယံသို့ ရောက်လာခဲ့သည်။ တောတောင်၏အအေးဓာတ် ရစ်ပွဲမှုကြောင့် အေးစိမ့်လာသဖြင့် ပါလာသည့်စောင်ကို ခြုံရင်း မီးမငြိမ်းစေရန် မီးပုံကိုစောင့်နေခဲ့ကြသည်။

တစ်နာရီခန့်ကြာသော်

တောစပ်မှ မည်းမည်းတစ်ကောင် တရွေ့ရွေ့နှင့် လာနေသည်ကို မြင်သဖြင့် ဂဂ်ါမောင်မောင်က

"ဘိုနီရေ တောစပ်မှာ တောကောင်တစ်ကောင် လာနေတာဖြစ်မယ်"

ဘိုနီက လှမ်းကြည့်လိုက်ပြီး

"ဆရာပြောတာ ဟုတ်တယ်၊ မြားတစ်ပစ်အကွာအဝေးလောက်မှာဆိုတော့ ဆရာသေနတ်နဲ့ပစ်ပြီး ခြောက်လှန့်လိုက်ရင် ကောင်းမယ်"

"ဟုတ်တယ်ကွ မီးဆိုတာ မလောင်ခင်တားရသလိုပဲ အန္တရာယ်ဆိုတာလည်း လက်တစ်ကမ်းမရောက်မီ တားရမှာပဲ"

ဂဂ်ါမောင်မောင်က ဤသို့ပြောပြီး သေနတ်ဖြင့် ပစ်လိုက်ရာ

"ဒိုင်း"

"ဒိုင်း"

"ဒိုင်း"

"ဝေါင်း"

"ဝေါင်း"

"ဖြောင်း"





"ဖြောင်း"

အသံစုံပေါ်ထွက်လာပြီး တောကောင်မှာ တောထဲသို့ ပြေးဝင်သွားခဲ့သည်။ သေနတ်သံကြောင့် ဦးသော်ကတို့အုပ်စု နိုးလာပြီး

"ဆရာဂဂ်ါ ဘာဖြစ်တာလဲ"

"တောစပ်မှာ တောကောင်တစ်ကောင် ချောင်းနေလို့ သေနတ်နဲ့ပစ်ပြီး ခြောက်လိုက်တာပါ၊ ကျွန်တော့်စိတ်အထင်တော့ ကျားဖြစ်လိမ့်မယ် ထင်တယ်၊ သေနတ်နဲ့ပစ်လိုက်တော့ ကျားဟိန်းသံတွေကြားလိုက်ရတယ်"

"ဒါဆို ကျွန်တော်တို့ တောစပ်သွားကြည့်ရအောင်"

ဂဂ်ါမောင်မောင်တို့အုပ်စု တောစပ်သို့ သွားကြည့်ရာ ကျားခြေရာများနှင့် သွေးစက်များကို မြင်သဖြင့်

"ကျားခြေရာတွေနဲ့ သွေးစက်တွေ တွေ့ရတယ်၊ ကျားကြီးတော့ ဒဏ်ရာရသွားပုံရတယ်"

"တော်သေးတာပေါ့ မအိပ်ဘဲ ကင်းစောင့်နေလို့ နို့မို့ရင် ကျားစာဖြစ်ကုန်တော့မှာပဲ"

"တောထဲတောင်ထဲလာပြီး စိတ်ချလက်ချ အိပ်လို့ကတော့ တစ်ခါတည်း နတ်ပြည်ရောက်ကိန်းရှိတယ်"

ဤသို့တစ်ယောက်တစ်ပေါက်ပြောပြီး မီးပုံနံဘေးသို့ ပြန်လာခဲ့ကြသည်။ ကျားအန္တရာယ်ကို ကြောက်ရွံ့သဖြင့် ကောင်းစွာမအိပ်နိုင်တော့ဘဲ မီးပုံနံဘေးတွင် လဲလျောင်း စကားပြောနေခဲ့ကြသည်။ ထိုညအချို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ရေးလောက်သာ အိပ်စက်ခဲ့သည်။ ကျားလာပြီးနောက်ပိုင်းတွင် မည်သူမျှ မအိပ်ရဲတော့ဘဲ စကားပြောရင်း မိုးစင်စင်လင်းခဲ့ပြီ။

■ ■ ■

နံနက်မိုးသောက် အလင်းရောက်သည်နှင့် . . ။

"ကဲ ဘိုနီရေ အိပ်မရတဲ့အတူတူ ရေနွေးအိုးတည်ကွာ၊ ဆရာတို့အတွက် မနက်စာတစ်ခုခု လုပ်ကွာ"

မကြာမီ လူစုံတက်စုံ နိုးလာပြီး ဘိုနီ ချက်ပြုတ်ပေးသည့် စားဖွယ်သောက်ဖွယ်များကို စားခဲ့ကြသည်။ ထို့နောက် ဂဂါမောင်မောင်က ဦးသော်ကအား

"ဆရာ သံလိုက်အိမ်မြှောင်က ပြတဲ့အတိုင်း ကျွန်တော်တို့ တောင်ဘက်စူးစူးကို ခရီးထွက်ရမယ်"

" ဟုတ်တယ်၊ ပုံကြမ်းမြေပုံအရဆိုရင် တောင်ဘက်စူးစူး အရပ်ပဲ၊ ဒီတော့ ဦးလေးတို့ သံလိုက်အိမ်မြှောင်အတိုင်း သွားကြတာပေါ့"

သူတို့အုပ်စု ဤနေရာမှ ထွက်ခွာခဲ့ကြသည်။ သူတို့ရှေ့ဆက်ရမည့် ခရီးလမ်းကား ကြမ်းတမ်းပေတော့မည်။ လျှိုမြောင်အထပ်ထပ်၊ တောင်အသွယ်သွယ်ကို ဖြတ်ကျော်ရပေမည်။ ထိုသို့သော ခရီးလမ်းကြမ်းကို လျှောက်လှမ်းရသော်လည်း ၎င်းတို့တွေ့ချင်သည့်အရာနှင့် တွေ့ချင်မှလည်း တွေ့မည်။ မရေမရာ မသေချာသော အကြောင်းတရားပင်။

ယခုလည်း လမ်းဟူ၍ မရှိပေ။ မြက်ပင်ကိုင်းကိုင်း မြက်ရိုင်းတောကြီးကို တိုးဝှေ့သွားရသည်။ မြက်ရိုင်းများမှာ မည်မျှသန်စွမ်းသလဲ





ဆိုမူ ကြံပင်များကဲ့သို့ လူတစ်ရပ်စာမျှ မြင့်မားနေသည်။ ထိုမြက်ရိုင်းပင်များကို ခုတ်ထွင်ရှင်းလင်းကာ ကိုယ့်လမ်းကိုယ်ဖောက်၍ သွားခဲ့ရရာ ခရီးလမ်းမတွင်ပေ။ ထိုသို့သွားရင်း မြက်ရိုင်းတောအလွန်တွင် သစ်ပင်ကြီးငယ်တို့ ပေါက်ရောက်သော သစ်တောကြီးထဲသို့ ရောက်ခဲ့ကြသည်။

ဤတွင် ဘိုနီက

"ဒီတောထဲမှာ သစ်ပင်ကြီးတွေ ချုံပုတ်တွေပေါတယ်၊ သစ်ပင်ကြီးတွေပေါတော့ တစ်ပင်နဲ့တစ်ပင် အကိုင်းချင်းယှက်နေတော့ နေပျောက်တောင် မထိုးနိုင်ဘူး၊ ဒါကြောင့် ဒီတောကြီးကို 'နေပျောက်မထိုးတော' လို့ ခေါ်တယ်"

"အေး ဟုတ်တယ် တောကြီးက အုံ့အုံ့မှိုင်းမှိုင်းနဲ့"

"ဟုတ်တယ် အဲဒီတောကြီးထဲမှာ တောဝက်တို့ ပြောင်တို့ ပေါက်ဖွားဖို့ အကောင်းဆုံးနေရာဖြစ်လို့ တောဝက် ပြောင် ချေ ဆတ်တို့ ရနိုင်တယ်"

"ဟုတ်တာပေါ့ တောအုပ်ကောင်းပြီး ချုံပုတ်များတော့ နို အောင်းဖို့ နေရာများတာပေါ့"

"ဟုတ်ပါတယ် ဆရာ၊ ဒီတောကြီးထဲကို အာသံက မုဆိုးတွေနဲ့ မဏိပူရက မုဆိုးတွေလည်း လာပြီး တောပစ်ကြတယ်"

"ဩော် ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ၊ ဒီတောရဲ့အနောက်ဘက်က တောင်ကြီး တွေဟာ အာသံပြည်နဲ့ မဏိပူရပြည်နယ်ပေါ့၊ နယ်နိမိတ်ချင်းကလည်း ဆက်စပ်နေတာဆိုတော့ သူတို့လည်း ဒီဘက်မှာလာပြီး သားကောင်



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေကြတာပေါ့''

ထိုသို့ စကားတပြောပြောနှင့် လာခဲ့ရာ သစ်ပင်ကြီးတစ်ပင် အောက်သို့အရောက်တွင် ဂဂ်ါမောင်မောင်က

''ရှူး တိုးတိုး ဟော့ ဟို မြားတစ်ပစ်စာနေရာလောက်မှာ ပြောင်အုပ်ကြီး အစာစားနေတယ်''

ဤသို့ လှမ်းပြောလိုက်ရာ အားလုံးမှာ ခြေလှမ်းများ ရပ်တံ့သွားပြီး ၎င်းပြောသည့်နေရာဘက်သို့ လှမ်းကြည့်ရာ ကိုက်နှစ်ရာမှ နှစ်ရာ့ငါးဆယ်အကွာအဝေးခန့်နေရာတွင် ပြောင်အုပ်စုများကို လှမ်းတွေ့လိုက်ရသည်။

''ပြောင် ဆိုတဲ့သတ္တဝါဟာ အင်မတန် နားပါးတယ်၊ ဆရာတို့အုပ်စု ဒီနေရာမှာ ခဏငြိမ်ငြိမ်လေးနေပေးပါ၊ ကျွန်တော် အဲဒီပြောင်ကို ရအောင်ပစ်ခဲ့မယ်''

ဂဂ်ါမောင်မောင်က ဤသို့ပြောပြီး သေနတ်ကို လွယ်ကာ ခြေဖော့နင်း၍ နေရာကောင်းကို ရွေးချယ်လိုက်သည်။

မကြာမီ

''ဒိုင်း''

''ဒိုင်း''

''ဒိုင်း''

ဟူသော သေနတ်သံကြားပြီးနောက် မြက်ခင်းတစ်နေရာတွင် လဲကျနေသော ပြောင်ကြီးတစ်ကောင်ကို တွေ့ရှိခဲ့ရသည်။

ထိုအခါ ဂဂ်ါမောင်မောင်က ဆရာဦးသော်ကတို့အုပ်စုရှိရာသို့





ပြေးလာပြီး

''ဟိုမှာ ပြောင်ကြီး လဲကျသွားပြီ၊ ဘိုနီနဲ့တစ်ယောက်လိုက်သွားပြီး ပြောင်ကြီးကို ယူခဲ့ပါ''

''ဟုတ်ကဲ့ ဆရာ''

ဘိုနီနှင့်သိန်းစိုးတို့နှစ်ယောက် ပြေးသွားပြီး ပြောင်ကြီးကို ယူဆောင်လာခဲ့သည်။

ထိုပြောင်ကြီးကို ချက်ချင်းဖျက်ပြီး မီးဖိုကာ တံကျင်လျှို၍ မီးကင်လိုက်သည်။ မကြာမီ မီးကင်ထားသည့် အနံ့ရလာသည်။

''ဆရာ ကျွန်တော် ဒီကောင်ကြီးကျက်တာနဲ့ ထမင်းအိုးတည်လိုက်တော့မယ်''

''ကောင်းတာပေါ့ကွာ''

သူတို့အုပ်စုသည် ပြောင်သားကင်နှင့် ထမင်းစားရာ လွန်စွာ ထမင်းမြိန်ခဲ့ကြသည်။ တောထဲသွားရသဖြင့် မောပန်းသည်ကတစ်ကြောင်း ရှေ့သို့ခရီးမဆက်ဘဲ ထိုနေရာတွင် စခန်းချကာ နားခဲ့ကြသည်။ ဤပြောင်သားကင်ကြီးရှိနေသည့်အတွက် ယနေ့နှင့်မနက်ဖြန် နှစ်ရက်အတွက် အူစိုစို ဝဝလင်လင် စားရပေမည်။

သည့်အတွက် ပါလာသော ရိက္ခာမှာ မစားရသဖြင့် ရိက္ခာချွေတာရာ ရောက်ပေမည်။ ဤခရီးကို လာခဲ့သော ရက်များအနက် ယနေ့ညအဖို့ ဤတွင်စခန်းချခဲ့ကြသည်။ ပြောင်သားကင်ရိက္ခာရှိသဖြင့် အေးအေးဆေးဆေးစားကာ အေးအေးချမ်းချမ်း နားရင်း ဦးသော်ကနှင့် ရှေ့ဆက်ရမည့် ခရီးအတွက် ဆွေးနွေးခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ အိန္ဒိယသတင်းစာထဲမှာ ဖတ်ရတဲ့ မုဆိုးအကြောင်းကို လေ့လာကြည့်မယ်ဆိုရင် လမ်းကြောင်းနှစ်ကြောင်း ရှိတာတွေ့ရတယ်၊ သူ မမျှော်လင့်ဘဲ ရောက်သွားတာကတော့ မြစ်ကြီးတစ်စင်းရဲ့ ကျောက်နံရံလှိုဏ်ခေါင်းကြီးတစ်ခုထဲက ရေစီးနဲ့မျောသွားပြီး ဒေသခံရွာသား တွေဆီကို ရောက်သွားတယ်လို့ ဆိုတယ်"

ထိုသို့ ဂဂ်ါမောင်မောင်က ပြောလိုက်သည်။

"ဟုတ်တယ် ဒါဆို ဆရာတို့က ရေလမ်းနဲ့သွားမယ်ဆိုရင် မြစ်ကို အရင်ရှာရမယ်"

ဦးသော်ကက စဉ်းစားရင်း တစ်လုံးချင်း ပြောလိုက်သည်။

"ဟုတ်ပါတယ် ဆရာ၊ နောက်ပြီး အဲဒီမုဆိုးတွေရဲ့အပြန်ခရီးမှာ တောင်တန်းကြီးတစ်ခုရဲ့ တောင်ခါးပန်းနားမှာရှိတဲ့ လိုဏ်ခေါင်းထဲက ဝင်သွားရင်း နှင်းတောင်ဆီကို ပြန်ရောက်တယ်လို့ သိရတယ်"

ဂဂ်ါမောင်မောင်၏စကားကို ဦးသော်ကက နားထောင်ရင်း

"ဟုတ်တယ် ဆရာဂဂ်ါ၊ ဆရာတို့ တောင်ပေါ်တက်မယ်ဆိုရင်လည်း ဘယ်တောင်ကိုပဲတက်တက် တောင်ရဲ့အလယ်ကြောက လိုဏ်ခေါင်းတွေ့အောင် ရှာရမယ်၊ ဒါကတော့ ကုန်လမ်းခရီးပေါ့"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော့်စိတ်အထင်တော့ ရေလမ်းက ရှာရတာ လွယ်မယ်ထင်တယ်၊ ကုန်းလမ်းက တောင်တွေက အထပ်ထပ်ပဲ၊ အဲဒီလိုဏ်ခေါင်းပေါက်ကို ရှာရတာ ကောက်ရိုးပုံထဲက အပ်တစ်ချောင်းရှာသလို ဖြစ်နေပြီ"

"အေးကွာ ဆရာဂဂ်ါ မင်းပြောသလိုပဲ နောက်ပိတ်ဆုံး ဒေသခံ





တွေဆီ ရောက်တယ်ပဲထားပါဦး၊ အဲဒီဒေသခံတွေက မရဏယန္တရားရှိတဲ့ လူမျိုးစု ဖြစ်ဦးမှ"

"ဒါကတော့ ရောက်မှသိမှာပဲ၊ အဲဒီ ဒေသခံအုပ်စုဟာ မရဏယန္တရားရှိတဲ့အုပ်စု ဖြစ်ချင်ရင်လည်း ဖြစ်မယ်၊ မဖြစ်ရင်တောင် အဲဒီအကြောင်းနဲ့ပတ်သက်ပြီး တစွန်းတစသိတဲ့ ဒေသခံတွေဖြစ်ရင် ကောင်းမှာပဲ"

"ဟုတ်ပါတယ် ဆရာဂဂ်ါ၊ ဆရာလည်း အဲဒီလိုဖြစ်ပြီး မရဏယန္တရားကို ဖော်ထုတ်နိုင်ပါစေလို့ ဆုတောင်းပါတယ်"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်လည်း မရဏယန္တရားအကြောင်းကို စပြီးသိကတည်းက အရမ်းစိတ်ဝင်စားမိတယ်၊ ဒါပေမဲ့ အခုလို အဲဒီမရဏယန္တရားရှာပုံတော်မှာ ကိုယ်ကိုယ်တိုင်ကျပါဝင်ရမယ်လို့ တစ်ခါမှ စိတ်မကူးမိဘူး၊ အန်ကယ်က ခေါ်နိုင်းပြီး ပြောပြတော့မှ အရမ်းအံ့သြပြီး ဒီမစ်ရှင်မှာ ပါမယ်လို့ ပြောလိုက်တာ"

"ဟုတ်ပါတယ် ဆရာဂဂ်ါရယ်၊ ခင်ဗျားတို့လို ခေတ်ပညာလည်း တတ်တယ်၊ အတွေးအခေါ် အမြော်အမြင်ပိုင်းမှာလည်း မြင့်မားတယ်၊ ဗဟုသုတလည်း ကြွယ်ဝတယ်၊ အဲဒါတွေထက် ပိုကောင်းတာကတော့ ခင်ဗျားရဲ့စိတ်ဓာတ်ပဲ၊ စိတ်ဓာတ်ပိုင်းအရ ခင်ဗျားရဲ့စွန့်လွှတ်စွန့်စားတဲ့ လုပ်ရပ်များကို ဆရာအရမ်းကြိုက်တယ်၊ ခင်ဗျားလို ပုဂ္ဂိုလ်မျိုးနဲ့ မစ်ရှင်တစ်ခုတည်းမှာ ဆုံဆည်းခွင့်ရတာ ဆရာအင်မတန် နှစ်ခြိုက်ပါတယ်၊ ဂုဏ်လည်းဂုဏ်ယူပါတယ်"

"ဆရာရယ် ကျွန်တော်က ဒီလောက် ချီးမွမ်းရမယ့်သူ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ အမျိုးဘာသာ သာသနာကို တတ်နိုင်သလောက် စောင့်ရှောက်ချင်တာပါ၊ ကျွန်တော့်ရဲ့ လုပ်နိုင်တဲ့စွမ်းအားလေးနဲ့ တစ်ထောင့်တစ်နေရာကနေပြီး ပါဝင်ကူညီတဲ့သဘောပါ''

ဤသို့စကားပြောနေစဉ် ဘိုနီ စိုးသိန်းနှင့် ဘကောင်းတို့ ရောက်လာပြီး

''ဟုတ်တယ် ဆရာကြီးပြောမှ ဆရာဂဂ်ကို ချီးကျူးရဦးမယ်၊ အစကတော့ ဆရာ့ရဲ့အကြောင်းကို မသိပါဘူး။ ဒီမစ်ရှင်အတွက် သင်တန်းတက်တော့မှ ဆရာဂဂ်ရဲ့အစွမ်းတွေကို သိခဲ့ရတယ်၊ ဆရာ့အဖေရဲ့အသက်ကို ကယ်ခဲ့တဲ့အကြောင်းတွေရယ်၊ ရှမ်းစော်ဘွားမင်းသမီးကို ပြည်ပကျွန်းတစ်ကျွန်းက ကယ်ခဲ့တဲ့အကြောင်းတွေရယ်၊ ကြည့်မြင်တိုင်ကမ်းနားဈေးမှာ လူမိုက်ခေါင်းဆောင် ရာကွပ်တို့ကို နှိမ်နင်းပြီး မြန်မာတွေကို ခေါင်းဆောင်ခန့်ခဲ့တဲ့အကြောင်းတွေရယ်၊ အငြိမ့်မင်းသမီးကို ကယ်တင်ခဲ့တာ ကြားရတော့ အရမ်းအားကျမိတယ်၊ အခုလို မစ်ရှင်တစ်ဖွဲ့တည်းမှာ ဒီလိုခေါင်းဆောင်မျိုးနဲ့အတူတကွ တာဝန်ထမ်းဆောင်ရတာ ကျွန်တော်တို့ကလည်း ဂုဏ်ယူပါတယ်''

(မှတ်ချက်။ ။ ဂဂ်မောင်မောင်၏အကြောင်းများကို စုံလင်စွာဖတ်ရှုလိုလျှင် ထွက်ရှိပြီးသော လုံးချင်းဝတ္ထု ကြီးမိန့်ကျတရားခံ၊ ရာဂျမန်ကျွန်းတို့တွင် ဖတ်ရှုနိုင်ပါသည်)

ထိုသို့ အားလုံးက ဝိုင်းပြီးချီးကျူးနေသဖြင့် ဂဂ်မောင်မောင်က

''ကျွန်တော်က အဲဒီလောက်လည်း မဟုတ်ပါဘူးဗျာ''

ဤသို့ ပြန်ပြောလိုက်ရာ ဆရာကြီး ဦးသော်ကမှ





''တကယ်တော့ ဒီမစ်ရှင်မှာ ကျုပ်က ခေါင်းဆောင်လုပ်ရတာရှက်တောင် ရှက်ပါတယ်၊ တကယ် အရည်အချင်းနဲ့ပြည့်စုံတဲ့သူက ဆရာဂဂ်ပါပဲ''

''ဆရာကြီးရယ် ဒီလိုမပြောပါနဲ့၊ ဆရာကြီးလည်း ဉာဏ်ပညာကြီးမားပါတယ်''

ထိုစဉ် စိုးသိန်းက

''ဟုတ်ပါတယ် ဆရာဂဂ်ပြောတာ မှန်ပါတယ်၊ ဟိုးရှေးခေတ်က ပုံပြင်တစ်ပုဒ်လိုပေါ့''

ဤသို့ ဝင်ပြောလိုက်ရာ အားလုံးက

''ဘာပုံပြင်လဲ ပြောပါဦး''

''ဘာပုံပြင်လဲဆိုတော့ 'ပြာကိုကျစ်ဆံမြီးကျစ်တဲ့ပုံပြင်' ပေါ့ ပြောမယ်နော်၊ ရှေးအခါက မင်းကြီးတစ်ပါးဟာ ပညာရှိရွေးချယ်ပွဲကျင်းပခဲ့တယ်၊ အဲဒါကတော့ ပြာကို ကျစ်ဆံမြီးကျစ်ပြရမယ်လို့ ဆိုတယ်၊ ဒါနဲ့ ယှဉ်ပြိုင်တဲ့လူတွေက ပြာတွေကို ကျစ်ဆန်မြီးပုံဖော်ပေမယ့် ဘယ်လိုမှလုပ်လို့မရဘူးတဲ့၊ ဒါကို မြေးအဘိုးနှစ်ယောက်ထဲက အဘိုးက သူ့မြေးကို 'မင်း ဒီပြိုင်ပွဲမှာ သွားပြိုင်ချေ' လို့ ပြောလိုက်တယ်၊ မြေးလေးက သူမလုပ်တတ်ဘူးပြောတော့ သူက အုန်းဆံကြိုးကို ကျစ်ဆန်မြီး ကျစ်ပြီး မီးရှို့ပြလိုက်တယ်၊ ပြာကျသွားတဲ့အခါမှာ ကျစ်ဆံမီးပုံကလေး ကျန်နေခဲ့တယ်''

''ဆက်ပြောပါဦး''

''အဲဒါနဲ့ အဲဒီဟာကလေးကို ယွန်းသေတ္တာထဲ ထည့်ပြီး ဘုရင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဆီမှာ သွားပြခဲ့တယ်၊ ဒီတော့ ဘုရင်ကြီးက ဒါ ဘယ်လိုကြိုးကျစ်တာလဲလို့မေးတော့ သူ့အဘိုးလုပ်ပြတဲ့အတိုင်း လျှောက်လိုက်တယ်၊ ဘုရင်ကြီးက ဒီအကြံဉာဏ်ဟာ မင်းရဲ့ကိုယ်ပိုင်ဉာဏ်လား ဒါမှမဟုတ် သူတစ်ပါးရဲ့အကြံဉာဏ်လားလို့ ထပ်မေးလိုက်တယ်၊ ဒီတော့လုလင်ကလေးက အဘိုးက လုပ်ပြတာပါလို့ ပြောလိုက်တယ်၊ ဘုရင်က အဲဒီအဘိုးကို ခေါ်ပြီး ပညာရှိခန့်လိုက်တယ်၊ နောက်ပြီး စကားတစ်ခွန်းပြောလိုက်သေးတယ်၊ အဲဒါက 'လူကြီးတွေကို အသက်ကြီးလို့ အသုံးမကျတော့ဘူးလို့ မထင်ပါနဲ့၊ သူတို့ရဲ့အတွေ့အကြုံနဲ့ ဉာဏ်ပညာဟာ အသက်ကြီးလေလေ ပြည့်စုံလေလေ တဲ့''

''ဟာ ကိုစိုးသိန်း ပြောတဲ့ပုံပြင်က သိပ်ဟုတ်တာပဲ၊ ဆရာကြီးက ဉာဏ်လည်းကြီးတယ်၊ ဗဟုသုတလည်း စုံလင်တယ်၊ ခုနကပဲ ဆရာဂါနဲ့ ဆွေးနွေးနေတာ ကြားရတယ်၊ ဆရာကြီးတို့ပြောနေတာတွေ ကျွန်တော်တို့ ဘာမှန်းတောင် မသိဘူး''

''အေးဗျာ မင်းတို့ အားပေးစကားပြောတာ ကျေးဇူးတင်ပါတယ်၊ အခုလို အားပေးမှတော့ ခေါင်းဆောင်လုပ်ရတာ လိပ်ပြာသန့်တာပေါ့၊ ဘာပဲဖြစ်ဖြစ် ဒီအဖွဲ့နဲ့ပတ်သက်ပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပါ့မယ်လို့ ကတိပေးပါတယ်''

''ကျေးဇူးပါပဲ ဆရာကြီးရယ်''

သည်အဖွဲ့သားအားလုံး သည်ခရီးစဉ်မှာ ဝမ်းသာပျော်မြူးပြီးပျော်ခဲ့ကြသည်။

■ ■ ■



## အခန်း (၅)

## ဝိညာဉ်လေလား ... ဝိုးတဝါး

တဖြည်းဖြည်း နေဝင်ကာ လထွက်လာခဲ့သည်။ သစ်ပင်ကြီးများ အုံ့ဆိုင်းနေပြီး သစ်ကိုင်းများ တစ်ကိုင်းနှင့်တစ်ကိုင်း ယှက်နွယ်နေသဖြင့် လမင်း၏အလင်းရောင်ကို သစ်ကိုင်းများကြားမှ မှေးမှိန်သော အလင်းတန်းများအဖြစ်လောက်သာ ကွက်တိကွက်ကြား တွေ့မြင်ခဲ့ကြသည်။

တစ်စ တစ်စနှင့် မှောင်လာပြီဖြစ်၍ ထုံးစံအတိုင်း မီးစတင်ပျိုးကာ မီးဖိုခဲ့ကြသည်။ မီးဖိုကြီးနံဘေးတွင် ထမင်းစားကြပြီးနောက် ပြောင်ကင်ကြီးကို ထိုမီးပုံကြီးအနားတွင် ထောင်ထားလိုက်သည်။

တဖြည်းဖြည်း ညဉ့်နက်လာရာ တောကြီးတစ်ခုလုံး မှောင်ပိန်းနေသည်။ မီးပုံကြီးမှ မီးအရောင်ကြောင့်သာ ပတ်ဝန်းကျင်၌ အလင်းရောင်ကလေးများ ရှိနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးအပါအဝင် အားလုံးမှာ တုံးလုံးပက်လက် အိပ်နေကြသည်။ ထုံးစံအတိုင်းပင် ဂဂ်ါမောင်မောင်နှင့် ဘိုနီတို့နှစ်ဦးသာ မအိပ်ဘဲ စောင့်နေကြသည်။ ညဥ့်နက်၍လာပြီဖြစ်သည့်အလျောက် အေးစိမ့်လာသလို

"အု"

"အု"

"အု"

ဟူသော တောခွေးများ၏ အူသံများကိုလည်း ကြားရသည်။

တစ်ခါတစ်ခါ ကျားဟိန်းသံများနှင့် တောကောင်များ၏ဟောက်သံများကို ကြားနေရသည်။ ဂဂ်ါမောင်မောင်သည် လူတို့၏သဘောမှာ ညဥ့်နက်လေလေ အိပ်ချင်လေလေ ဖြစ်တတ်သဖြင့် အိပ်ချင်ပြေစေရန် တမူးမှ ထည့်ယူလာခဲ့သည့် ကွမ်းနှင့်ကွမ်းသီးကို ဝါးရင်း ထိုင်စောင့်နေခဲ့သည်။ ထိုစဥ် တောထဲမှ လေတိုးသံလိုလို သစ်ရွက်ခြောက်များ နင်းသံလိုလို..။

"ဝိုး ဝိုး ဝိုး"

"ဝိုး ဝိုး ဝိုး"

"ဖြောက် ဖြောက် ဖြောက်"

ဟူသော အသံများကို ကြားရသဖြင့် ဘိုနီကို လက်တို့ပြီး အသာအယာထပြီး အရိပ်အခြေကို စောင့်ကြည့်နေခဲ့သည်။ ထိုစဥ် မီးပုံကြီးမှ မီးခိုးများစွာ ထွက်လာပြီး ထိုမီးခိုးလုံးကြီးကြားမှ ခပ်မည်းမည်း





သဏ္ဌာန်လေးခုကို တွေ့ရသဖြင့် ဘိုနီအား လက်ညှိုးညွှန်ပြပြီး

"ဘိုနီ ဘိုနီ မီးခိုးလုံးထဲမှာ ဘာတွေလဲမသိဘူး၊ ကြည့်လိုက်စမ်း"

"ဟုတ်ကဲ့ ဆရာ"

သူတို့နှစ်ဦးမှာ မီးခိုးလုံးများအကြားရှိ အရိပ်သဏ္ဌာန်လိုလို အရာများကို သေသေချာချာ ကြည့်လိုက်ရာ

"ဟာ လူလေးယောက်"

လူလေးယောက်၏သဏ္ဌာန်ကို မီးခိုးလုံးများကြားမှ မသဲမကွဲ တွေ့လိုက်ရသည်။ ထိုသဏ္ဌာန်များမှာ တဖြည်းဖြည်း ပြောင်သားကင်နေရာသို့ ရောက်သွားသဖြင့် ပြောင်သားကင်ကို လုမ်းယူမည်စိုးသဖြင့်

"ဟိုကောင်တွေ ပြောင်သားကင်ကို လာပြီး လုဖို့လာတာလားမသိဘူး"

ဂဂ်ါမောင်မောင်က ဘိုနီက ခပ်တိုးတိုးပြောလိုက်ရာ ဘိုနီက

"ဟေ့ကောင်တွေ ဟေ့ကောင်တွေ ပြောင်ကင်နား မကပ်နဲ့"

ထိုသို့ပြောဆိုပြီး မီးပုံနားတွင် ထောင်ထားသော တုတ်ကိုယူပြီး သူတို့အနီးသို့ အပြေးသွားရာ ဂဂ်ါမောင်မောင်လည်း သူနှင့်အတူ တုတ်တစ်ချောင်းကို ကိုင်ကာလိုက်ခဲ့သည်။

ထိုနားသို့အရောက်တွင် မီးခိုးလုံးကြီးများကြောင့် မသဲမကွဲဖြစ်နေချိန်တွင် လူတစ်ယောက်က အရှေ့ဘက်သို့ လက်ညှိုးထိုးပြသည့် သဏ္ဌာန်တစ်ခုကို မြင်ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ ဘာပြောတာလဲ"

"ဘာဖြစ်ချင်တာလဲ"

ထိုသို့ပြောဆိုပြီး အနီးသို့အရောက်တွင် မီးခိုးလုံးကြီးများလည်း ပျောက်ကွယ်သွားသလို မပီဝိုးတဝါးဖြင့် မြင်ရသော လူလေးယောက်လည်း ချက်ချင်းပျောက်ကွယ်သွားလေသည်။

"ဟော ဟိုလူတွေ ဘယ်ရောက်သွားပါလိမ့်"

ဘိုနီက ဤသို့ ဂဠ်မောင်မောင်ကို လှမ်းပြောလိုက်ရာ ဂဠ် မောင်မောင်က

"အေး ငါလည်း မတွေ့တော့ဘူး၊ ဒီလူတွေ ဘယ်ရောက်သွားပါလိမ့်"

"မီးခိုးတွေနဲ့ဆိုတော့ မထင်ရှားဘူး၊ ပြောင်သားကင် လာနိုးတာ လူမိလို့ ထွက်ပြေးသွားတာလား"

"ထွက်ပြေးသွားလည်း ထွက်ပြေးတဲ့ပုံသဏ္ဌာန်တော့ မြင်ရမှာပေါ့၊ အခုဟာက အရှင်းကြီးပဲ"

ဤသို့ ဘိုနီက ပြောနေစဉ် ဦးသော်ကတို့အုပ်စုက အပြေး ရောက်လာပြီး

"ဆရာဂဠ် ဘာဖြစ်တာလဲ"

"မီးခိုးလုံးနားမှာ လူလေးယောက်ပုံသဏ္ဌာန်ပေါ်လာပြီး ပျောက် သွားလို့"

"ဟော မင်းတို့သေသေချာချာ တွေ့လိုက်ရသလား"





ဆရာကြီး ဦးသော်ကမှ မေးရာ ဘိုနီက

"ညကလည်းမှောင်မှောင် မီးခိုးလုံးကြီးတွေကလည်းများသား၊ ဒီကြားထဲမှာ လူလေးယောက်ပုံသဏ္ဌာန် လှမ်းတွေ့လိုက်ရတယ်၊ အဲဒီ ကောင်တွေက တဖြည်းဖြည်းနဲ့ ပြောင်ကင်နားရောက်သွားလို့ သူခိုးမှတ် ပြီး ပြေးသွားပြီး မေးကြည့်တော့ မီးခိုးလုံးတွေနဲ့အတူတူ ပျောက်သွား ခဲ့တယ်"

"အိမ်း ဒါဆို တစ်ခုခုပဲ၊ ဒီတော့ ဒီညလည်း မနေ့ကညလို မအိပ်ဘဲ စောင့်ကြည့်ကြတာပေါ့၊ တောထဲတောင်ထဲမှာ တောခြောက်တာ လည်းဖြစ်ရင် ဖြစ်မှာပါ၊ ဘုရားစာရွတ်ကြပေါ့"

"ဟုတ်ကဲ့ ဆရာကြီး"

ထိုစဉ် ကိုဘမြင့်က

"တောခြောက်တယ်ဆိုတာ နာနာဘာဝ ဝိနာဘာဝတွေလား ဆရာကြီး"

"အေးပေါ့ကွာ အမျိုးမျိုးဖြစ်နိုင်တာပေါ့၊ မကျွတ်မလွတ်တဲ့ ဝိညာဉ်တွေလည်း ဖြစ်နိုင်တာပဲ၊ ညဉ့်အခါမှာ အစာရှာထွက်တဲ့ မ◌ကောင်း ဆိုးဝါး ပြိတ္တာတွေလည်း ဖြစ်ကောင်းဖြစ်နိုင်တာပဲ၊ ဒါမှမဟုတ် ညဉ့်အခါ မှာ မီးခိုးလုံးတွေနဲ့ အမှောင်ရိပ်ကြားမှာ မျက်စိအမြင်သွေလွဲပြီး အရိပ်ကို အကောင်ထင်တာလည်း ဖြစ်နိုင်တာပဲ၊ တောခြောက်တယ်ဆိုတာ အဲဒါ အားလုံးပါတာပေါ့ကွယ်၊ ဒီတော့ ဘုရားရှိခိုး အမျှအတန်းဝေပြီး အိပ်ပေါ့"

"ဟုတ်ကဲ့ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး ထိုအုပ်စုမှာ မီးပုံကြီးဘေးသို့ ပြန်သွားကာ နေရာယူခဲ့ကြသည်။ ဆရာကြီးဦးသော်ကနှင့် ဂဂါမောင်မောင်တို့မှာ ဘာစကားမျှ မပြောဘဲ ပရိတ်တော်များကို တီးတိုးရွတ်ဆိုနေခဲ့ကြသည်။

ဘိုနီကတော့ ကျွန်နှစ်ဦးအား တွေ့ရှိသည်ထက် ပိုမိုပြောကာ တစ္ဆေ သရဲ၊ ပြိတ္တာများအကြောင်း ဆက်ပြောနေခဲ့သည်။ ကျွန်မှဆိုး နှစ်ဦးကလည်း တောလိုက်အတွေ့အကြုံများနှင့် တစ္ဆေ သရဲခြောက်ခြင်း တောခြောက်ခြင်း စသည့်အတွေ့အကြုံများကို ဆက်လက်ပြောဆိုခဲ့ရာ ပြောမဆုံးပေါင် တောသုံးထောင်ဆိုသကဲ့သို့ ဖြစ်နေပါသည်။

ထို့နောက် စကားပြောရင်း မောမောနှင့် တရေးတမော အိပ်ပျော်သွားခဲ့ကြသည်။ အိပ်ရာမှနိုးသောအခါ အရုဏ်ကျင်း၍ အလင်းမှိန်မှိန်ကလေး ပေါ်လာခဲ့လေပြီ။ အရှေ့မိုးကောင်းကင်တွင် အရုဏ်ဦး၏ အလင်းရောင်ကလေး ပေါ်ထွက်လာခဲ့သည်။ ထို့နောက် အနီရောင် နေ မင်းကြီးသည် တစ်စတစ်စ ပေါ်ထွက်လာပြီး အလင်းရောင်များ ဖြန့်ကျက်ပေးကာ ထွန်းလင်းလာခဲ့သည်။ ထိုအချိန်တွင် ဘိုနီမှာ အားလုံး ချက်ပြုတ်ပြီးပြီဖြစ်၍ နံနက်စာစာအဖြစ် စားခဲ့ကြသည်။

"ထမင်းစားပြီးရင် ဒီနေရာက ထွက်ကြမယ်"

ဆရာကြီးက ဤသို့ပြောလိုက်ရာ ကျွန်အားလုံးမှာ ထမင်းစားပြီးသည်နှင့် အထုပ်အပိုးပြင်ကာ ဤနေရာမှ ထွက်ခွာခဲ့ကြသည်။ ဤနေရာမှာ မြက်ရှည်ပင်ကြီးများ မပေါက်သဖြင့် ခုတ်ထွင်ရသည်မှာ သက်သာသော်လည်း လမ်းမရှိသောကြောင့် ချုံပုတ်များကို ခုတ်ထွင်ကာ





လမ်းလုပ်ပြီး သွားခဲ့ရသည်။ ထိုသို့သွားရင်း သွားရင်း ချောက်ကမ်းပါး တစ်ခုအနီးသို့ ရောက်လာခဲ့သည်။ သည့်တွင် ဘိုနီက

"ဟိုဘက်ဆက်သွားရင် လမ်းမရှိတော့ဘူး၊ ချောက်ကမ်းပါး ကြီးပဲ ရှိတယ်၊ အဲဒီ ချောက်ကမ်းပါးအောက်မှာ စမ်းချောင်းတစ်ခုရှိ တယ်"

"အေး ဒါဆို အဲဒီချောက်ထဲ ဆင်းလို့ရမလား ကြည့်စမ်းပါ၊ သုံးဖို့ ရေလိုနေပြီ"

"ဆင်းလို့ရပါတယ် ဆရာကြီး၊ ဟိုဘက် ဂိုက်နှစ်ရာလောက် သွားလိုက်ရင် ချောက်ထဲကို ဆင်းလို့ရတဲ့ ဆင်ခြေလျှောရှိတယ်"

"ဒါဆိုရင် ကျုပ်တို့အုပ်စု စမ်းရေဆီရောက်အောင် ဆင်းကြစို့"

သို့ဖြင့် ဤလမ်းကို ကျွမ်းကျင်သော ဘိုနီက ဦးဆောင်ပြီး စတင်ကာ ဆင်ခြေလျှောရှိရာသို့ ဦးဆောင်ကာ သွားခဲ့သည်။ ကျွန်အုပ်စုမှာ နောက်မှ တဖြည်းဖြည်း လိုက်လာရင်း စမ်းချောင်းကလေးရှိရာသို့ ရောက်ရှိလာခဲ့သည်။

ထိုနေရာသို့ ရောက်သောအခါ ရေချိုးသူချိုး သောက်ရေသုံးရေ အတွက် ရေထည့်သူက ထည့်နှင့် ကိုယ်စီအလုပ်ရှုပ်နေကြပါသည်။ ရေချိုးပြီး သန့်စင်သွားသဖြင့် ဂဂါမောင်မောင်နှင့်ဆရာကြီးတို့နှစ်ဦးမှာ ထိုနေရာ အနီးတစ်ဝိုက်သို့ လှည့်လည်ကြည့်ရှုရာ ထိုနေရာ၏အရှေ့ဘက်သို့ အရောက်တွင်

"ဟိုမှာ အရိုးစု တစ်ခုပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဂဂ်ါမောင်မောင်က ဤသို့ပြောလိုက်ရာ

"ဟာ ဟိုဘက်မှာလည်း အရိုးစုတစ်စု"

ဆရာကြီးကလည်း ထိုသို့ပြန်ပြောလိုက်သည်။

"ဟိုမှာလည်း အရိုးစုနှစ်စုပါလား"

"ဒါဆို စုစုပေါင်း အရိုးစုလေးစုတောင်ပါလား"

အရိုးစုတစ်ခုနှင့်တစ်ခုမှာ မလှမ်းမကမ်းနေရာများတွင် တွေ့ရှိရပြီး ၎င်းတို့၏ဘေးဘက်တွင် လေးမြားများကို တွေ့ရှိရသဖြင့် ဆရာကြီးက

"ဒီအရိုးစုတွေဟာ မုဆိုးတွေရဲ့ အရိုးစုဖြစ်မယ်"

ထိုသို့ ပြောလိုက်ရာ ဂဂ်ါမောင်မောင်က

"မုဆိုးတွေရဲ့ အရိုးစုဖြစ်ဖို့များတယ်၊ ဒီလို မလှမ်းမကမ်းမှာ သေနေပုံထောက်ရင် ဝက်ဝံတို့ ကျားတို့နဲ့ ရင်ဆိုင်တိုက်ခိုက်ရင်း အားလုံး ဒဏ်ရာရပြီး သေကုန်တာနဲ့တူတယ်"

"ဆရာဂဂ်ါပြောတာ ဖြစ်နိုင်ပါတယ်၊ ဒါဆိုရင် မနေ့ညက အဖြစ်အပျက်ဟာ ဒီလူတွေ မကျွတ်မလွတ်လို့ အမျှလိုချင်တာနဲ့တူတယ်၊ ကဲ ကျုပ်တို့အမျှပေးလိုက်ရအောင်"

"မကျွတ်မလွတ်တဲ့ ဝိညာဉ်များရှိပါက အမျှပေးဝေပါတယ် အမျှ အမျှ အမျှ အမျှရ၍ ကောင်းရာသုဂတိသို့ ရောက်ရှိပါစေ"

ဤသို့မြွက်ဆိုပြီးနောက် ဆရာကြီးဦးသော်ကမှ

"အင်း မင်းတို့က တစ်ချိန်က မုဆိုးတွေပဲ၊ ဒါပေမဲ့ မင်းတို့နဲ့





အင်အားကြီးတဲ့သူနဲ့တွေ့တော့ သားကောင်ဖြစ်ပြီး အသက်ဆုံးရှုံးခဲ့ရတယ်၊ မုဆိုးလည်း သားကောင်၊ သားကောင်လည်းမုဆိုးပေါ့၊ ငါတို့လည်း အခု အချိန်မှာတော့ မုဆိုးပဲ၊ ဘယ်အခါမှာ သားကောင်ဖြစ်မယ်မှန်း မသိဘူး"

ဤသို့ သံဝေဂစကားပြောဆိုကာ လှိုဏ်ထိပ်သို့ ဆင်ခြေလျှော လမ်းမှတစ်ဆင့် တက်ရောက်ခဲ့သည်။ တောင်ထိပ်သို့ရောက်သောအခါ သံလိုက်အိမ်မြှောင်ကလေးကို ကြည့်လိုက်ရာ အိမ်မြှောင်လက်တံညွှန်ပြသည့် လမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ကြသည်။

သူတို့အုပ်စုမှာ တောထူထူ၊ တောကြမ်းကြမ်း၊ တောင်အထပ်ထပ်ကို ဖြတ်ကျော်ကြရဦးမည်ဖြစ်၍ အားတင်းကာ ခရီးဆက်ရသော်လည်း လှိုဏ်ထဲသို့ ဆင်းခြင်း၊ ပြန်တက်ရခြင်းတို့ကြောင့် မောပန်းနေကြသည်။ မောပန်းသော်လည်း ဖွဲကိုတင်းကာ ခရီးမတွင်မည်စိုးသည့်အတွက် ခရီးဆက်ကာ ဆက်လက်သွားနေကြရသည်။

ယခုလည်း တောင်တန်းတစ်ခု၏ တောင်ခါးပန်းတစ်ချို့ဆီသို့ ရှေးရှုသွားနေကြသည်။ သို့ဖြင့် တောင်တန်း၏အလယ်နားသို့ အရောက်တွင် ဦးသော်ကမှ

"တောင်ခါးပန်းအလယ်လောက်မှာ ဒေသခံတွေဆီသွားတဲ့ လိုဏ်ပေါက်တစ်ပေါက်ရှိတယ် ပြောတယ်၊ ဒီတောင်တန်းရဲ့အလယ်မှာများ လိုဏ်ပေါက်ရှိမလား မသိဘူး၊ တောင်တက်ရင်းနဲ့ ရှာကြည့်ကြပါ"

"ဟုတ်ကဲ့ ဆရာကြီး"

ဤသို့ပြောရင်း တောင်ခါးပန်းကို လှေ့လာကြည့်ရှုခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ချုံပုတ်များတွေ့လျှင်လည်း ဓားရှည်နှင့်ခုတ်ကာ လိုဏ်ခေါင်းဟုတ် မဟုတ် စမ်းသပ်နေရသဖြင့် ခရီးဖင့်နေသည်။ သို့ဖြင့် ထိုတောင်တန်းခရီးရှည်ကြီးကို ဖြတ်ကျော်ခဲ့ရာ ညနေစောင်းအချိန်တွင် မြေပြန့်လွင်ပြင်တစ်ခုသို့ ရောက်ရှိလာခဲ့သည်။ ဤတွင် ဘိုနီက

"ဆရာကြီး ကျွန်တော်တို့ ဒီည ဒီမှာ စခန်းချရင်ကောင်းမယ်"

ဤသို့ပြောလိုက်ရာ ဦးသော်ကမှ

"အေး မင်းက လမ်းပြဆိုတော့ မင်းက ငါတို့ထက်ပိုသိတာပဲ၊ မင်း အဆင်ပြေမယ်ထင်တဲ့နေရာမှာ စခန်းချတာပေါ့"

"ဆရာကြီးပြောသလို လမ်းပြဆိုတာကတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ စောစောက ကျွန်တော်တို့ ဖြတ်ကျော်လာတဲ့ တောင်တန်းကြီးရဲ့ အစလောက်သာ တောလိုက်ဖူးတာဆိုတော့ ဒီဘက်တွေကို သိပ်ပြီးမကျွမ်းကျင်ဘူး၊ ရှေ့ကို ခရီးဆက်ရင်တော့ နားသင့် မနားသင့်ဆိုတာ အားလုံးဝိုင်းပြီး စဉ်းစားမှဖြစ်မယ်"

ဘိုနီ၏စကားကြောင့် ဂဂ်မောင်မောင်က

"ဘိုနီ အဲဒီကိစ္စကို မင်းမပူနဲ့၊ မင်းလမ်းမပြနိုင်လည်းကိစ္စမရှိဘူး၊ ဆရာတို့ဘာသာ ဆုံးဖြတ်ပါ့မယ်၊ မင်း ထမင်းချက်တဲ့တာဝန်ကိုယူရင်ပဲ မင်းကို ကျေးဇူးတင်လှပါပြီ"

"ကောင်းပါပြီ ဆရာ၊ ဆရာက အခုအချိန်ကစပြီး ထမင်းချက်စေချင်တာ မဟုတ်လား၊ ကျွန်တော် နားလည်ပါတယ်၊ အခုပဲ အမြန်ဆုံး ထမင်းချက်ပါ့မယ်"





အမှန်တော့ ဘိုနီက စကားကြောရှည်နေသဖြင့် ဂဂ်မောင်မောင်က ထမင်းမြန်မြန်ချက်ရန် တမင်ပြောလိုက်ခြင်း ဖြစ်သည်။ ကျန်လူများကတော့ မြေကြီးပေါ်တွင် ပိုးလိုးပက်လက်လန်ကာ လှဲချရင်း အနားယူနေခဲ့ကြသည်။

ထိုအုပ်စုထဲတွင် ဆရာကြီးဦးသော်ကမှအပ အားလုံးမှာ လူငယ်များဖြစ်သဖြင့် ပင်ပန်းဆင်းရဲမောပန်းခြင်းကို ခံနိုင်ကြသော်လည်း ဦးသော်ကမှာ အသက်လေးဆယ်ကျော်ဖြစ်၍ သူ့ကိုငဲ့ညှာကာ နားသင့်သည့်နေရာ၌ နားရင်း ခရီးဆက်ခဲ့ကြသည်။ သို့သော် ဦးသော်ကကလည်း ခေသူမဟုတ်ချေ။ လူငယ်များနှင့်တန်းတူ လိုက်နိုင်ခဲ့သည်။

ဘိုနီတို့မုဆိုးများပင် ဤနေရာသို့ မရောက်ဖူးဟု ဆိုသည့်အတွက် ဤနေရာမှရှေ့သို့ဆက်သော် အခက်အခဲ အတားအဆီး မည်မျှနှင့်တွေ့ဆုံရမည်ကို မခန့်မှန်းနိုင်ချေ။ ဤအကြောင်းကို ဦးသော်ကမှ ပက်လက်လှန်ပြီး စဉ်းစားနေချိန်တွင်

"ဆရာကြီး ထမင်းစားဖို့ အဆင်သင့်ဖြစ်ပါပြီ"

"အေး အေး"

အားလုံးဝိုင်းဖွဲ့ကာ ထမင်းစားခဲ့ကြသည်။ ဤတွင် ဂဂ်မောင်မောင်က

"ဆရာကြီး ထမင်းစားပြီးရင် ဒီပတ်ဝန်းကျင်ကို လျှောက်ကြည့်လိုက်ဦးမယ်"

"အေး အေး အခုမှ ညနေငါးနာရီပဲ ရှိသေးတယ်၊ အလင်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်ရှိတုန်း လျှောက်ကြည့်ကြပေါ့၊ မမှောင်ခင် ပြန်လာကြပါ”

“ဟုတ်ကဲ့ ဆရာကြီး”

သို့ဖြင့် ဆရာကြီးအတွက် အဖော်အဖြစ် စိုးသိန်းနှင့်ဘကောင်းကို ထားခဲ့ပြီး ဂဂါမောင်မောင်သည် ဘိုနီကို အဖော်ပြုကာ ထိုအနီးတဝိုက်သို့ လမ်းလျှောက်ခဲ့ကြသည်။ ညနေစောင်းဖြစ်၍ ငှက်ကလေးများ အုပ်စုဖွဲ့ ပျံသန်းကာ အိပ်တန်းတက်မည့် သစ်ပင်များပေါ်သို့ လာနားကြသည်။ သူတို့သွားရာတစ်လျှောက်တွင် ဗျိုင်းငှက်များ အုပ်လိုက်အုပ်လိုက် ပျံသန်းလာသည်ကို တွေ့ရသဖြင့် ဂဂါမောင်မောင်က

“ဒီအနီးအနားမှာ ရေအိုင်တို့ မြစ်တို့ ချောင်းတို့ရှိပုံရတယ်”

“ဘာဖြစ်လို့လဲ ဆရာဂဂါ”

“ဗျိုင်းငှက်တွေဟာ ဒီအနီးအနားမှာ အစာရှာပြီး အိပ်တန်းတက်ပုံရတယ်၊ ဗျိုင်းငှက်တွေ အစာရှာမှတော့ ငါးပေါ့ကွာ၊ ငါးရှိရင် ရေရှိရမယ်လေ”

“ဟာ ဆရာရဲ့တွေးခေါ်မြော်မြင်ချက်က အရမ်းကောင်းပါတယ်၊ ကျွန်တော့်ရဲ့နှာခေါင်းမှာလည်း ရေပုတ်ရေသိုးနံ့ ရသလိုလိုပဲ”

“ဟုတ်တယ် ရွှံ့ရေပုတ်စော် နံတယ်ဆိုရင် ပိုမှန်မယ်”

“ဟုတ်ပါတယ် ဆရာ”

ဤသို့ပြောရင်း ရှေ့သို့ဆက်၍ လျှောက်ခဲ့ရာ အကွေ့ကလေး အလွန်တွင်

“ဟာ ဟိုမှာ ရေကန်တစ်ခုပဲ”





ဤသို့ ဘိုနီက အော်ပြောလိုက်ရာ ဂဂါမောင်မောင်က ထိုနေရာအနီးသို့ ရောက်အောင်သွားကြည့်ပြီး အနီးရှိ သစ်ကိုင်းကြီးတစ်ခုကို ယူလိုက်သည်။ ထို့နောက် သစ်ကိုင်းကြီးမှ အကိုင်းအခက်ငယ်ကလေးများကို အသင့်ပါလာသည့် ဓားဖြင့်ခုတ်ဖြတ်ရာ ဆယ်ပေခန့်ရှည်သော သစ်ချောင်းတစ်ခု ဖြစ်လာသည်။ သူသည် ရေစပ်ကိုဆင်းသွားပြီး ထိုသစ်ချောင်းဖြင့် ရေစပ်ကို ထိုးကြည့်ရာ လေးပေခန့် မြုပ်ဝင်သွားခဲ့သည်။ ထို့နောက် အားစိုက်၍ပြန်ထိုးရာ နောက်ထပ် တစ်ပေခန့် မြုပ်ဝင်သွားလေသည်။

“ဘိုနီ ဒါဟာ ရေကန်မဟုတ်ဘူး၊ ရွှံ့နွံတွေနဲ့ပြည့်နှက်နေတဲ့ ရွှံ့နွံအိုင်ကြီးပဲ”

“ဟင် ဒါဆို ကျွန်တော်တို့ ဘယ်လိုလုပ်ပြီး ဒီအိုင်ကို ဖြတ်ကြမလဲ”

“နေဦး ရေအိုင်ကိုပတ်သွားရင်ကော ရမလား မသိဘူး”

“ဒီနေရာကလေးတစ်ခုမြေပြန့်ရှိတာ အားလုံးက တောင်တွေကြီးပဲ၊ တောင်တွေ ဝန်းရံနေတဲ့အလယ်က ရွှံ့နွံအိုင်ပဲ”

“အေး ဒါဆို ငါ သံလိုက်အိမ်မြှောင်နဲ့ ကြည့်လိုက်ဦးမယ်”

ဂဂါမောင်မောင်က ပြောပြောဆိုဆိုနှင့် သံလိုက်အိမ်မြှောင်ကို ထုတ်ကြည့်ရာ ထိုရေအိုင်ဆီသို့ လက်တံပြနေသဖြင့်

“အင်း တောင်ရူးရူးအရပ်ကိုသွားရမှာဆိုတော့ ဒီရွှံ့နွံအိုင်ကို မလွှဲမသွေဖြတ်ရမှာပဲ”



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောနေစဉ် တဖြည်းဖြည်း မှောင်လာပြီဖြစ်၍ သူတို့နှစ်ယောက်မှာ စခန်းချရာသို့ ပြန်လာခဲ့ကြသည်။

"ဘယ်လိုလဲ ဆရာဂဂ်၊ ဘာတွေတွေ့ခဲ့လဲ"

"တွေ့တာတော့ မပြောပါနဲ့၊ ဒီနေရာနဲ့သိပ်မကွာတဲ့နေရာမှာ ရွှံ့နွံအိုင်ကြီးတစ်ခုရှိတယ်၊ အဲဒီရွှံ့နွံအိုင်ကြီးပေါ်က မလွဲမသွေ ဖြတ်ရလိမ့်မယ်"

ထို့နောက် သစ်ချောင်းငါးပေခန့်နှစ်ပုံကို ပြောပြရာ ဆရာကြီးမှ

"ဟာ ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"မနက်မှပဲ ကြည့်ပြီးစီစဉ်ကြတာပေါ့"

ဆရာကြီး ဦးသော်ကသည် နဖူးပေါ်လက်တင်ကာ စဉ်းစားနေခဲ့သည်။ သည်တစ်ညအတွက် ဤအမျိုးအမည်မသိသော စခန်း၌ အိပ်စက်ခဲ့ကြသည်။ နံနက်စောစော အဆာပြေစားပြီးသည်နှင့် စတင် ခရီးထွက်ခဲ့ကြသည်။ မကြာမီ ထိုရွှံ့နွံအိုင်ကြီးဆီသို့ ရောက်ရှိလာခဲ့သည်။

၎င်းတို့ရောက်ချိန်တွင် ရေစပ်ကို ခေါင်းပြုအိပ်နေသော မိကျောင်းတစ်သိုက်ကို တွေ့လိုက်ရာ

"ဟာ ဟိုမှာ မိကျောင်းတွေ အများကြီးပဲ"

"ဟုတ်ပါရဲ့ မနေ့ညနေက လာတုန်းကတော့ မတွေ့ဘူး"

"မိကျောင်းတွေရော ဒီရွှံ့နွံတွေရော ရှိတဲ့ဟာကို ဘယ်လိုဖြတ်ကျော်ကြမလဲ"

"တောင်ပေါ်ခရီးက ဖြတ်သွားရင်ကောင်းမလား"





"တောင်ပေါ်ကသွားရင် တောင်ကြောအတိုင်းသွားရမှာဆိုတော့ တောင်ဘက်စူးစူးကိုသွားချင်ပေမယ့် အရှေ့ဘက်တို့ အနောက်ဘက်တို့ ရောက်ချင်ရောက်မှာ၊ အဲဒီကမှ တောင်ဘက်ကို ပြန်လာရရင် ခရီးလည်း ရှည်မယ်၊ လမ်းပျောက်ရင်လည်း ပျောက်မယ်"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ ဆရာဂဂ်၊ စဉ်းစားပါဦး"

"ကျွန်တော်မြင်တာ ပြောရရင်တော့ ဒီအိုင်စပ်မှာ ပေါက်နေတဲ့ သစ်ပင်ကြီးရဲ့အပေါ်ဆုံးအကိုင်းမှာ ကျွန်တော်တို့ပါလာတဲ့ ကြိုးအရှည်ကြီးကို ချည်လိုက်မယ်၊ အဲဒီကြိုးကို ခိုစီးပြီး တစ်ဖက်ကမ်းရောက်အောင် ခုန်လိုက်မယ်"

"ဟုတ်တယ် ဟုတ်တယ် ဆရာဂဂ်ပြောတဲ့ အစီအစဉ်ကောင်းတယ်"

ဤတွင် ဂဂ်မောင်မောင်က ဆရာကြီးအား

"ဆရာကြီးရော ဖြစ်ပါ့မလား"

"ကျုပ်က အဲဒီလို တစ်ခါမှ မခုန်ဖူးဘူး၊ ဒီတော့ မပြောတတ်ဘူး"

"ဒါဆိုရင် ဆရာကြီးက ကျွန်တော့်ရဲ့လည်ပင်းကို သိုင်းဖက်ထားပါ၊ ကျွန်တော် ဆရာကြီးကို ကုန်းပိုးပြီး ခုန်ကူးပါ့မယ်"

ဤသို့ အဆင်ပြေသွားပြီးနောက် ဘိုနီက မျောက်ကလေးတစ်ကောင်ပမာ ဖျတ်လတ်ပေါ့ပါးစွာဖြင့် ကြိုးခွေကိုယူကာ သစ်ပင်ကြီးဆီသို့ တက်သွားခဲ့သည်။ သူသည် မုဆိုးတစ်ဦးပီပီ အမြင့်ဆုံးအကိုင်း



www.burmeseclassic.com

www.burmeseclassic.com



တွင် ကြိုးကိုနိုင်မြဲအောင် ချည်ပြီးနောက် ကျန်ကြိုးစတစ်စကို မြေပြင်သို့ ပစ်ချလိုက်သည်။ ဂဏ်မောင်မောင်သည် ထိုကြိုးစကို ဖုလုံးသဏ္ဌာန် အထုံးလေး ပြုလုပ်လိုက်သည်။ ဤသို့ပြုလုပ်ရခြင်းမှာ လက်ကိုင်သော အခါ လျှောမကျဘဲ နိုင်မြဲစေရန်အတွက် ဖြစ်သည်။

"ကိုင်း အားလုံးတော့ လုပ်ပြီးသွားပြီ၊ ကျွန်တော် အရင်ခိုစီး ကြည့်ဦးမယ်"

"ဟုတ်ကဲ့ ဆရာ"

သူသည် ထိုကြိုးစကိုကိုင်ကာ အရှိန်နှင့်ပြေးပြီး ခိုသွားရာ အားလုံးက သူ့ကိုကြည့်ပြီး

"ရမှ ရပ့်ါမလား၊ ရောက်မှရောက်ပါ့မလား၊ ဟိုကိုမရောက်ဘဲ ရေထဲကျလို့ကတော့ မိကျောင်းစာဖြစ်မှာ"

ထိုသို့ ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေခဲ့ကြသည်။ သူတို့ ရင်ထိတ်မည်ဆိုလည်း ရင်ထိတ်စရာပင်။ ရွှံ့နွံအိုင်ဟုသာဆိုသော်လည်း အတော်ပင် ကျယ်ပြောလှသည်။ ထို့အပြင် လူသံများကြားရသည့်အတွက် မိကျောင်းများမှာ အိပ်ရာမှ နိုးကာ ထိုရေအိုင်အတွင်း ကူးခတ်နေကြ သည်။

ထိုအိုင်မှာ အင်းယားကန်ကဲ့သို့ အလျားရှည်ပြီး ၎င်း၏အလျား မှာ တစ်မျှော်တစ်ခေါ် ကြည့်မဆုံးအောင် ရှည်လျားလှပေသည်။ ရေအိုင် ၏အနံမှာ အနည်းဆုံး ပေငါးဆယ်ကျော်ခန့် ရှိသည်။ ၎င်းတို့ဖြတ်သန်း ရမည့်နေရာမှာ ရေအိုင်၏အနံအတိုင်းအတာဖြစ်သော ပေငါးဆယ်ကျော်





ခန့်နေရာဖြစ်သည်။

သူတို့အားလုံးသည် ဂဏ်မောင်မောင်ကို ရင်ထိတ်စွာ လှမ်းကြည့် နေရာ မကြာမီအတွင်း တစ်ဖက်ကမ်းစပ်သို့ ရောက်ရှိသွားရာ

"ဟေး ဟေး ဟေး ဟုတ်ပြီကွ"

"ဆရာဂဏ်ကွ"

စသည်ဖြင့် ဝမ်းသာအားရ အော်ဟစ်အားပေးလိုက်ကြသည်။ ထို့နောက်တဖန် ထိုကြိုးကို ခိုစီးကာ သည်ဘက်ကမ်းသို့ ပြန်လာခဲ့သည်။

"ကဲ ပထမဦးဆုံး ဘယ်သူအရင်ကူးမလဲ"

"ကျွန်တော်စိုးသိန်း အရင်ကူးမယ်"

"ဒါဆို ကြိုးစကိုကိုင်ပြီး အရှိန်ရအောင်ပြေးလိုက်၊ ကမ်းစပ် ရောက်မှ ခုန်ကူး"

"ဟုတ်ကဲ့ ဆရာဂဏ်"

စောစောက ဂဏ်မောင်မောင် ကူးသကဲ့သို့ ကြိုးစကိုကိုင်ကာ အရှိန်နှင့်ပြေးပြီး ကမ်းစပ်ရောက်မှ ခုန်ကူးလိုက်ရာ အားလုံးက ရင် တထိတ်ထိတ်နှင့် ကြည့်ရှုနေကြသည်။

သို့သော် ကံကောင်းသည်ဟုပင် ဆိုရပေမည်။ စိုးသိန်းလည်း တစ်ဖက်ကမ်းသို့ ချောချောမောမော ရောက်ရှိသွားခဲ့သည်။ သူသည် အားလုံးကို လက်မထောင်ပြလိုက်သောအခါ အားလုံးက

"စိုးသိန်းကြီး အိုကေ"

"စိုးသိန်းကြီး အိုကေ"



www.burmeseclassic.com

www.burmeseclassic.com



"စိုးသိန်းကြီး ကြိုးပြန်ပစ်လိုက်ဦး"

ဤသို့ပြောလိုက်သဖြင့် စိုးသိန်းက ကြိုးကိုပြန်ပစ်ပေးလိုက်သည်။ ဒုတိယအလှည့်မှာ ကိုဘကောင်း အလှည့်၊ သူလည်း စိုးသိန်းကြီးလို ကောင်းမွန်စွာ တစ်ဖက်ကမ်းသို့ ရောက်ရှိသွားခဲ့သည်။ တတိယအလှည့်မှာ ဂဂါမောင်မောင်နှင့် ဆရာကြီးဦးသော်ကအလှည့်။

စောစောကပင် စီစဉ်ထားသည့်အတိုင်း ဂဂါမောင်မောင်၏ လည်ပင်းကို ဆရာကြီးက သိုင်းဖက်လိုက်သည်။ ဂဂါမောင်မောင်က ကြိုးစကို ကိုင်ကာ အရှိန်ခပ်ပြင်းပြင်း နှစ်ယောက်စာအတွက် အားထည့်ကာ ပြေးလိုက်သည်။ နှစ်ဦးစာ ခုန်ရသည့်အတွက် သည်ဘက်ကမ်းမှ လူများနှင့် ဟိုဘက်ကမ်းက လူအများမှာ စိုးထိတ်လှပေသည်။ ဂဂါမောင်မောင်ကတော့ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်နှင့် အရှိန်ပြင်းစွာပြေးပြီး ခုန်လိုက်စဉ်

"ကျား"

ဟူသော အားပေးသံနှင့်အတူ တစ်ဖက်ကမ်းသို့ ရောက်လာရာ စိုးသိန်းနှင့် ဘကောင်းတို့နှစ်ဦးက ဆီးဖမ်းလိုက်ကြသည်။

"ဆရာကြီး အောင်ပြီ"

"ဆရာကြီး အောင်ပြီ"

သူတို့နှစ်ဦးက အော်ဟစ်ကာ ဝမ်းသာမြူးတူးဖြစ်နေခဲ့ကြသည်။ နောက်ဆုံးအလှည့်မှာကား ဘိုနီအလှည့်။ သူကား မုဆိုးတစ်ယောက်။ တောကျွမ်းသူတစ်ယောက်ဖြစ်၍ သူ့ကိုယုံကြည်စိတ်ချခဲ့ကြသည်။ အခြား





သူလောက် စိုးရိမ်ထိတ်လန့်မှု မဖြစ်ပေ။

သူကလည်း အရှိန်ယူပြေးပြီးနောက် ခုန်လိုက်ရာ

"ဟာ ဟာ လုပ်ကြပါဦး"

သူ၏အရှိန်မှာ အနည်းငယ်လိုသဖြင့် ကမ်းစပ်သို့ မရောက်တရောက်ဖြစ်ရာ အောက်မှ မိကျောင်းကလည်း အသင့်စောင့်နေသည်။ ဤတွင် ဂဂါမောင်မောင်က အပြေးခုန်ပြီး ဖမ်းလိုက်တော့မှ ကမ်းစပ်သို့ ရောက်ရှိလာခဲ့သည်။ အကယ်၍သာ ဂဂါမောင်မောင်သာ အဖမ်းမမြန်ပါက ဘိုနီမှာ ရွှံ့နွံအိုင်ကြီးအစပ်သို့ ကျရောက်ပြီး မိကျောင်းစာဖြစ်သွားနိုင်သည်။

"ကျေးဇူးပါပဲ ဆရာဂဂါ"

"အေး မင်းအရှိန်ယူကတည်းက အရှိန်လျော့နေလို့ ငါ အဆင်သင့်ဖမ်းနိုင်အောင် ပြင်ဆင်ထားတာ"

"ဆရာရယ် အမြော်အမြင် ကြီးမားပါပေတယ်"

"အေးကွာ ရပါတယ် ဒီနေရာက မိကျောင်းအန္တရာယ်ရှိတယ်၊ မိကျောင်းဆိုတဲ့အမျိုးဟာ ကုန်းပေါ်ကိုလည်း တက်နိုင်ဝယ်၊ ဒီတော့ ဒီနေရာက အမြန်ဆုံးခွာမှ အန္တရာယ်ကင်းမယ်"

"ဟုတ်ပါတယ် ဆရာဂဂါ"

ထိုသို့ဖြင့် အန္တရာယ်ရှိသောနေရာတွင် မနားတော့ဘဲ ခရီးကြမ်းကြမ်း တောင်စဉ်အသွယ်သွယ်ကို တက်လှမ်းခဲ့ကြသည်။ ထိုမှစ၍ ရှေ့ဆင်းတောင်တက်ခရီးများသာ ဖြစ်သည်။ ၎င်းတို့အုပ်စုသည် အတက်



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းကြမ်း အဆင်းခက်ခက် ခရီးကြမ်းကို ဖြတ်ကျော်ခဲ့ရာ ဆယ်ရက်ကျော်မျှ ရှိခဲ့သည်။

သံလိုက်အိမ်မြှောင်တစ်ခုဖြင့် တောင်ဘက်စူးစူးဟူသော ရည်ရွယ်ချက်ကို တစ်စိုက်မတ်မတ် လိုက်နာရင်း ခရီးထွက်ခဲ့ရာ တောနှင့်တောင်သာ တွေ့ပြီး မည်သည့်အမှတ်အသားမျှ မတွေ့ရသဖြင့် စိတ်ပျက်လက်ပျက်ရှိလာခဲ့ကြသည်။ ယခုသွားနေသည့် ခရီးစဉ်မှာ တောင်ကြောတစ်ခုကို ဖြတ်ဆင်းနေရသော ခရီးစဉ်ဖြစ်သည်။ အဆင်းဖြစ်၍ အမောသက်သာသော်လည်း ဒူးကွေးပြီးဆင်းရသည့်အတွက် ခြေသလုံးအကြောကြီးများ တင်းလာသည်။ ထိုသို့ တောင်ခြေသို့ လှမ်းမျှော်ကြည့်ရာ

"တောင်ခြေမှာ ချောင်းကလေး တစ်ခုတွေ့တယ်"

ဂဂါမောင်မောင်က ဤသို့ပြောလိုက်ရာ ဆရာကြီးဦးသော်ကမှ

"တောင်ခြေရောက်ရင် အဲဒီချောင်းကလေးမှာ တစ်ထောက်နားကြစို့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ရေကိုမြင်သဖြင့် အားတက်ပြီး အပြေးဆင်းခဲ့ကြသည်။

ဦးသော်ကမှာမူကား ထုံးစံအတိုင်း နောက်ဆုံးက။ အရင်ဆုံးတောင်ခြေသို့ရောက်သူမှာ ဘိုနီ။ သူက ချောင်းကလေးတစ်ခုဆီသို့ ဆင်းသွားပြီး ရေဘူးကို ရေဖြည့်လိုက်သည်။ သူ့နောက်မှ ဂဂါမောင်မောင်နှင့်အဖွဲ့နှစ်ယောက် ရေထဲသို့ဆင်းလာရာ စိုးသိန်းက

"ရေကလည်း တိမ်တိမ်ကလေး။ ခြေသလုံးမြုပ်ရုံသာသာပဲ"





ဤသို့ပြောသဖြင့် ဂဂါမောင်မောင်က

"ရေတိမ်တော့ ငါးဖမ်းရတာ အဆင်ပြေတာပေါ့။ အခု ရေကတိမ်လည်းတိမ်တယ်၊ ရေလည်းကြည်တယ်၊ ငါးကင်စားဖို့သာ ပြင်ပေတော့"

"ဟုတ်ကဲ့ ဆရာဂဂါ၊ ငါးကင်မစားရတာ ကြာပြီဆိုတော့ အသံကြားတာနဲ့တင် စားချင်နေပြီ"

ထိုသို့ပြောနေစဉ် ဘကောင်းက ရေထဲမှ ကျောက်တုံးများကို ကောက်ယူပြီး တစ်လုံးစီကြည့်နေသည်။

"ကိုဘကောင်း ဘာတွေ့လို့ ကြည့်နေတာလဲ"

ဂဂါမောင်မောင်က ဤသို့မေးလိုက်ရာ ကိုဘကောင်းက

"ကျောက်တုံးကလေးတွေက ထူးဆန်းလွန်းလို့ ကြည့်နေတာပါ"

"ဘာတွေ ထူးဆန်းနေလို့လဲ"

"ဒီကျောက်တုံးလေးတွေက ပုံသဏ္ဌာန်အရွယ်အစားလည်း တူညီတယ်၊ အားလုံးကလည်း ဘဲဥပုံသဏ္ဌာန်တွေကြီးပဲ"

"ဒါဆို အဲဒီချောင်းကလေးကို ဘဲဥချောင်းလို့ အမည်ပေးရမယ်"

ဘိုနီက ရယ်ရွှင်ဖွယ်စကားဖြင့် ဝင်ပြောလိုက်သည်။ သည်တွင် ဂဂါမောင်မောင်က ထိုကျောက်တုံးကလေးများကို ကိုင်ကြည့်ပြီး

"ဟုတ်ပြီကွ" ဟူ၍ တစ်ယောက်တည်း ရေရွတ်ပြောလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကျန်လူများက ဂဂါမောင်မောင်အား

"ဆရာဂဂါ ဘာဟုတ်တာလဲ ပြောပါဦး"

"ဒီဘဲဥပုံသဏ္ဌာန် ကျောက်တုံးလေးကိုတွေ့ရခြင်းအားဖြင့် ဒီဟာ ချောင်းမဟုတ်ဘူး၊ မြစ်လက်တက်တစ်ခု ဖြစ်လိမ့်မယ်၊ မကြာမီ ကျွန်တော်တို့ မြစ်အကြီးတစ်စင်းကို တွေ့ရလိမ့်မယ်"

"ဆရာဂဂါက ဘယ်လိုပြောနိုင်တာလဲ"

"ဒီဘဲဥပုံ ကျောက်တုံးကလေးကို ကြည့်ပြီးပြောတာလေ"

"ရှင်းပြပါဦး ဆရာဂဂါရယ်"

"ရှင်းပြပါ့မယ် ဒီကျောက်တုံးကလေးတွေဟာ အစတုန်းက ကျောက်တောင်ကနေပဲ့လာတဲ့ အချိန်မှာ ထောင့်တွေမှာ အစွန်းအချွန်အတက်တွေ ရှိတယ်၊ မြစ်ရေစီးကလည်း အရှိန်ပြင်းမယ်၊ မြစ်ကြောင်းကလည်း ရှည်မယ်ဆိုရင် အဲဒီကျောက်တုံးကလေးတွေဟာ ရေစီးနဲ့မျောပါရင်း ကျောက်ဆောင်ကျောက်တုံးကြီးတွေနဲ့ ပွတ်တိုက်မိပြီး အစွန်းတွေ အချွန်းတွေဟာ တုံးကုန်ပြီး ရှည်မျောမျော ဘဲဥသဏ္ဌာန်ဖြစ်ကုန်တယ်၊ အဲဒီဘဲဥပုံကျောက်တုံးတွေဟာ အရှိန်နဲ့မျောပါရင်း ဒီမြစ်လက်တက်ထဲကို ရောက်လာတာပဲ၊ ခင်ဗျားတို့ မယုံရင် ဒီမြစ်လက်တက်အတိုင်း လျှောက်သွားကြည့်မယ်၊ မြစ်မကို တွေ့ကိုတွေ့ရမယ်"

ဂဂါမောင်မောင်က ဤသို့ပြောနေစဉ် ဆရာကြီး ဦးသော်က အနီးသို့ ရောက်လာပြီး

"ဘယ်သူယုံယုံ မယုံယုံ ကျုပ်ကတော့ ဆရာဂဂါရဲ့ စကားကို ယုံပါတယ်၊ ဒါပေမဲ့ အခုတော့ ဒီချောင်းရိုးအတိုင်း မသွားနိုင်သေးဘူး၊ ဒီအနားမှာ အနားယူမှဖြစ်မယ်၊ ခြေထောက်တွေလည်း ကွဲအက်နေပြီ"

"နားပါဆရာကြီး၊ အခု ကျွန်တော်တို့ ဘဲဥပုံကျောက်တုံးလေး တွေတွေ့လို့ အားတက်နေလို့ပါ ဆရာကြီး"

ထိုသို့ပြောရင်း ဘဲဥပုံကျောက်တုံးကလေးများကို ကိုင်ကာ ကမ်းစပ်ပေါ်သို့ တက်လာခဲ့သည်။ ရေသည်တိမ်ပြီး ကြည်လင်နေသဖြင့် ဂဂါမောင်မောင်က ဓားမြှောင်တစ်ချောင်းယူကာ ရေထဲသို့ ထပ်မံဆင်းသွားခဲ့သည်။ သူသည် ဓားမြှောင်ပစ် ချန်ပီယံတစ်ယောက်ဖြစ်၍ သူ၏ ဓားမြှောင်တစ်ချက် အပေါက် ငါးတစ်ကောင်။ တခဏအကြာတွင် ငါး တစ်ပွေ့တစ်ပိုက်နှင့် ဂဂါမောင်မောင် ကမ်းပေါ်သို့ တက်လာခဲ့သည်။ ထို့နောက်

"ဘိုနီရေ ငါးကင်ရအောင် မီးမှိုပေ့"

"အဆင်သင့်ပဲ ဆရာ၊ မီးခတ်လိုက်ရုံပဲ"

ပြော့ပြောဆိုဆို ဘိုနီက မီးမှိုပြီးနောက် ငါးကို တစ်စီထိုးကာ ကင်လိုက်သည်။ မကြာမီ ငါးကင်အနံ့သင်းသင်းကလေး ပေါ်ထွက်လာရာ ဘိုနီက

"ငါးကင်နံ့က မွှေးနေတာပဲ၊ ဒီနေ့တော့ မောဓမောကလည်း မော၊ ဆာကလည်းဆာနေတုန်းမှာ ငါးကင်နဲ့စားလိုက်ရင် ခွေမျိုးမေ့ပဲ"

"မင်းက ဆွေမျိုးမေ့ရအောင် မင်းမှာဆွေမျိုး ရှိသေးလို့လား"

"အဲ့ဖေဆုံးတာ ကြာပြီလေ၊ မရှိတဲ့ဆွေမျိုးကို မေ့မယ်လို့ ပြော







www.burmeseclassic.com

www.burmeseclassic.com



တာ”

“ဟား ဟား ဟား”

သေချင်းပေါင်း ရှင်ခြင်းပေါင်း အန္တရာယ်ကြားက အုပ်စုတစ်စုအတွက် ရယ်မောစရာအချိန်ကလေး တစ်ခုပင်ဖြစ်သည်။ ဘိုနီပြောသည့်အတိုင်းပင် ငါးကင်စားပြီးနောက် အတော်ပင် မိုက်လေးကာ တစ်ရေးအိပ်ပျော်သွားခဲ့ကြသည်။ ညဉ့်ဆယ်နာရီခန့်အချိန်တွင် ဂဂါမောင်မောင် အိပ်ရာက နိုးလာခဲ့သည်။ သူသည် ဤမျှအိပ်ရုံနှင့် အိပ်ရေးဝသွားသည့်အတွက် သည်ညအဖို့ ကင်းစောင့်ရန် တာဝန်ယူခဲ့သည်။ မီးဖိုနံဘေးတွင် ကင်းစောင့်ရင်း ရှေ့ဩကြုံတွေ့ရမည့် ခရီးအတွက် ကြိုတင်စဉ်းစားနေမိသည်။

“အင်း မကြာမီ မြစ်မကိုတွေ့တော့မယ်၊ ဒီမြစ်မဟာ မရဏယန္တရားရှိတဲ့အရပ်ကိုသွားတဲ့ လမ်းကြောင်းပေါ်က မြစ်မဖြစ်ပါစေ”

သူသည် ဤသို့ဆုတောင်းရင်း တစ်ညတာ ကုန်ဆုံးခဲ့ပါတော့သည်။

■ ■ ■



# အခန်း (၆)
## အပြာနုနု လင်းရောင်စဉ်

အန္တရာယ်ရှိမှန်းသိလျက်နှင့်ပင် သည်ခရီးလမ်းကို လျှောက်လှမ်းခဲ့ကြသည်။ သူတို့အုပ်စုသည် ဤမြစ်လက်တက်ငယ်လေးအတိုင်း လျှောက်ခဲ့ကြရာ ညနေစောင်းအချိန်ခန့်တွင် မြစ်လက်တက်အဆုံးသို့ ရောက်သည်နှင့် တစ်ပြိုင်နက်

“ဟော ဟိုမှာ မြစ်မကြီးကို တွေ့ပြီ”

သည်တစ်ခါလည်း ဘိုနီအသံကို ဦးစွာကြားလိုက်ရသည်။

ဂဂါမောင်မောင်လည်း မြစ်မကြီးကို လှမ်းကြည့်လိုက်ရာ ကျောက်တောင်ကြီးကို နောက်ခံပြု၍ အရှိန်ပြင်းစွာ စီးဆင်းနေသည်။

“အင်း ပုံသဏ္ဍာန်ကိုကြည့်ရတာတော့ ဒီမြစ်ပဲဖြစ်မယ်ထင်တယ်၊ မြစ်မကြီးတစ်ခုရဲ့ လိုဏ်ပေါက်ကနေ ရေစီးနဲ့ မျောပါသွားတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ရေးထားတာဆိုတော့ ဒီမြစ်ကြီးတစ်လျှောက် လိုဏ်ပေါက်ကို ရှာမှ ဖြစ်မယ်''

ဂဂ်ါမောင်မောင်သည် ဤသို့တွေးရင်း အဆုံးမရှိသော မြစ်ပြင်ကျယ်ကြီးကို ငေးမောကြည့်နေမိသည်။ သူ၏အကြည့်မှာ မည်မျှကြာသွားသည် မသိ။ ဆရာကြီးက သူ၏ပခုံးကို ပုတ်လိုက်တော့မှ သူ သတိပြန်ဝင်လာသည်။

''ဆရာဂဂ်ါ ဘာတွေ့လို့များ ဒီလောက် ကြည့်နေပါလိမ့်''

''ဩော် ကျွန်တော်တို့ ရှာနေတဲ့နေရာဟာ ဒီမြစ်ရဲ့ဟိုတစ်ဖက်ကမ်းမှာရှိရင် ဘယ်လောက်ကောင်းမလဲဆိုပြီး တွေးနေမိလို့ပါ''

''ကျုပ်လည်း အဲဒီလိုပဲ တွေးမိတယ်၊ ဒီမြစ်ကို ဖြတ်ဖို့ကလည်း မလွယ်ဘူး၊ လိုဏ်ခေါင်းရှာဖို့က ပိုပြီးမလွယ်သေးတယ်၊ ခရီးကကြမ်းတော့ ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်မိတယ်၊ ကျုပ်ဂ႐ိုက 'မရဏာယန္တရား' ဆိုတာ အသံကြားတာနဲ့ မနေနိုင်မထိုင်နိုင်အောင် သွားချင်တာကိုးဗျ၊ ဒီတော့ ကိုယ့်အသက်အရွယ်နဲ့ကိုယ်ဆိုတော့ ခင်ဗျားတို့လောက် မသွားနိုင်ဘူး၊ ဒီတော့ခရီးဖင့်တဲ့အတွက် ခင်ဗျားတို့ကို အားနာမိတယ်''

''အားမနာပါနဲ့ ဆရာကြီးရယ်၊ ဒီမြစ်ကြီးတောင် ရောက်နေမှပဲ ကျွန်တော်တို့ရဲ့ ရည်မှန်းချက် ပြည့်တော့မှာပါ''

''တကယ်လို့ ဒီမြစ်ကျော်လို့မှ ဘာမှမတွေ့ရင် ကျုပ်တို့ ဆက်မသွားသင့်တော့ဘူး၊ ပြန်လှည့်မှဖြစ်မယ်''

ဆရာကြီးက စိတ်ဓာတ်ကျစွာဖြင့် ပြောလိုက်ရာ ဂဂ်ါမောင်





မောင်က

''ဆရာကြီးရယ် စိတ်ဓာတ်မကျပါနဲ့၊ ကျွန်တော်တို့လုပ်နေတာ ကိုယ့်အကျိုးတစ်ခုမှ မပါပါဘူး၊ တိမ်မြုပ်ပျောက်ကွယ်နေတဲ့ လူမျိုးတစ်စုနဲ့ သူတို့ရဲ့အတတ်ပညာဖြစ်တဲ့ မရဏာယန္တရားကြီးပါ၊ ဒါဟာ ကမ္ဘာသူကမ္ဘာသားအားလုံးနဲ့ သက်ဆိုင်ပါတယ်၊ ရှေးတုန်းက လူတွေဟာ ဘယ်လောက်အသိဉာဏ်ဖွံ့ဖြိုးတိုးတက်သလဲဆိုတဲ့ သမိုင်းကြောင်းမှတ်တိုင်တစ်ခုပါ၊ ဒါကို တူးဖော်ခွင့်ရတာ ကျွန်တော့်တို့ ကံကောင်းပါတယ်''

''ဟုတ်ပါတယ်၊ ဆရာဂဂ်ါရဲ့အတွေးအခေါ်ရော စိတ်ဓာတ် အင်အားရော မြင့်မားပါတယ်၊ နောင်ဘယ်သောအခါမှ စိတ်ဓာတ်ကျတဲ့ စကားလုံးမျိုး မပြောတော့ပါဘူး၊ လူသားမျိုးနွယ်တွေရဲ့ ကြီးပွားတိုးတက်မှုအတွက် အသက်ပင်သေသေ သမိုင်းကြောင်းတူးဖော်ပါ့မယ်''

ဂဂ်ါမောင်မောင်သည် ဆရာကြီးအား အခြေအတင်ပြောရင်း အားပေးစကားပြောခဲ့သည်။ ဂဂ်ါမောင်မောင်သည် အခြေအနေကို ကြည့်ရှုနှင့် ဤနေရာမှာ စခန်းချရမည့်နေရာဖြစ်ကြောင်း ကောင်းကောင်းသဘောပေါက်ခဲ့သည်။

''ဟော့ကောင် ဘိုနီရေ၊ တို့တော့ ဒီနေရာမှာနေပြီး ငါးကင်များများစားရမယ်နဲ့တူတယ်''

''ကျွန်တော်ကတော့ ငါးကင်စားရမယ်ဆိုတာနဲ့တင် ပျော်နေပြီ''

မှန်ပေသည်။ ဤနေရာတွင် သူတို့အုပ်စု စခန်းချခဲ့ကြသည်။ သူသည် သည်ညနေစာအတွက် မြစ်မှ မြစ်လက်တက်သို့ စီးဆင်းသော



www.burmeseclassic.com

www.burmeseclassic.com



ရေကြောင်းအတိုင်း ငါးများကို ဖမ်းခဲ့သည်။ ငါးများမှာ ဖမ်းသူမရှိသဖြင့် ဤနေရာ၌ ပေါချင်တိုင်း လွန်စွာပေါနေသည်။ သူက ငါးများစွာ ဖမ်းမိသောအခါ စိုးသိန်းနှင့်ဘကောင်းက ဝိုင်းကူရင်း

"ကျွန်တော်တို့ မရဏာယန္တရားမရှာတော့ဘဲ ဒီငါးတွေဖမ်းပြီး ရန်ကုန်ကို တက်ရောင်းရင်တောင် သူဌေးဖြစ်နိုင်တယ်"

"ရန်ကုန်တက်ရောင်းဖို့ ဆိုတာကတော့ တောအထပ်ထပ် တောင်အသွယ်သွယ်ကို ကျော်ဖြတ်နေရတာနဲ့တင် ငါးတွေ ပုတ်သိုးလောက်ပြီ"

"ဒါက ငါးတွေများလွန်းလို့ တင်စားပြောတာပါဗျာ"

"ငါးတွေများဆိုရင် ဒီနေရာမှာ ချိုင့်တွေ ဂလိုင်တွေများတော့ ငါးတွေ ခိုအောင်းကြတာပေါ့။ ဒါကြောင့် ငါးအရများတာ"

"တော်ပါသေးရဲ့ စားစရာရှိတဲ့နေရာမှာ စခန်းချလို့ နို့မို့ရင် အာဟာရပြတ်ပြီ"

သူတို့အုပ်စုမှာ ငါးကင်များစားရသဖြင့် ပျော်ပွဲစားထွက်လာသလိုလို ခံစားရင်း ပျော်ရွှင်နေခဲ့သည်။ ဆရာကြီး ဦးသော်ကမှာ

"ဆရာဂဂါ သံလိုက်အိမ်မြှောင် ကြည့်ပါဦး"

"ဟုတ်ကဲ့ ဆရာကြီး"

ထိုသို့ပြောပြီး သံလိုက်အိမ်မြှောင်ကို ကြည့်လိုက်ရာ ၁၈၀ ဒီဂရီပြ လက်တံမှာ မြစ်လက်တက်နှင့် အတော်စောင်းစောင်းနေရာသို့ ညွှန်ပြနေသည်။





"ဆရာကြီး တောင်ဘက်အရပ်က ဟိုဘက်ခပ်စောင်းစောင်း နေရာကို ညွှန်ပြနေပါတယ်"

"ဟုတ်ပြီ ဒါဆို ကျုပ်တို့ အချိန်ယူပြီး လိုဏ်ပေါက်ကို ရှာရမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဤသို့ပြောပြီး မြစ်လက်တက်၏ တစ်ဖက်ကမ်းကို ကျော်ဖြတ်ပြီးနောက် မြစ်မကြီး၏ကမ်းနံဘေးတလျှောက်သို့ သွားခဲ့ကြသည်။ ဤသို့ဖြင့် တစ်နာရီကျော်ကျော်ခန့် သွားမိသောအခါ သံလိုက်အိမ်မြှောင် ညွှန်ပြရာနေရာအနီးသို့ ရောက်လာခဲ့သည်။

ဂဂါမောင်မောင်သည် မြစ်မကြီးကို သည်ဘက်ကမ်းမှ လှမ်းကြည့်နေသည်။ သူ လျှောက်လှမ်းခဲ့သည့် လမ်းတစ်လျှောက်တွင် တစ်ဖက်ကမ်းရှိ ကျောက်တောင်နံရံများကို စေ့စပ်စွာကြည့်ခဲ့သည်။ ဤနေရာမှာ လှိုဏ်ဂူရှိင်းရှာသို့ဝင်ရန် လမ်းမဟုတ်လေသလား မသိပေ။ မည်သည့် အချိုင့်လိုဏ်ဂူပေါက်မှ မတွေ့ရပေ။

သူသည် ဤနေရာတွင် ထိုင်ရင်း တစ်ဖက်ကမ်းကို လှမ်းကြည့်ရင်း အတွေးတစ်ခု ခေါင်းထဲဝင်လာသဖြင့် မှော်ဝင်မှန်ခုံးကလေးကို ထုတ်ကြည့်ရာ မှန်ခုံးကလေး၏ မျက်နှာပြင်တွင် အပြာနုနုအလင်းရောင် တန်းကဲ့သို့ ခပ်မှိန်မှိန်ကလေးပေါ်ထွက်နေသည်ကို တွေ့လိုက်သဖြင့်

"ဟာ ဒီမှန်ခုံးကလေးမှာ အပြာနုရောင် အရောင်တွေထွက်လာတာ ဘာကြောင့်ပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



အပြာနုရောင်ကလေးကို မြင်လိုက်ရသောအခါ သူလည်း လွန်စွာ အံ့သြသွားခဲ့သည်။ ထိုမှအဝေးနေရာများသို့ သွားသောအခါ ထိုအပြာရောင်ကလေးမှာ တဖြည်းဖြည်း မှေးမှိန်ကာ နဂိုအတိုင်း လင်းလက်မှုမရှိဘဲ မှန်၏အရောင်အတိုင်းသာ ဖြစ်လေသည်။

ဤသို့ မှော်ဝင်မှန်ခုံးကလေး၏ ထူးခြားသော အလင်းရောင်ကြောင့် ဂဂါမောင်မောင်သည် ဝမ်းသာအားရဖြစ်ကာ ဆရာကြီးနှင့်တကွ တစ်အုပ်စုလုံးအား ပြသပြောကြားခဲ့သည်။

"ဆရာကြီး ဆရာကြီး မှော်ဝင်မှန်ခုံးကတော့ ထူးထူးခြားခြား ပြနေပြီ"

"ဘယ်လိုပြတာလဲ ပြောစမ်းပါဦး"

"ဒီနေရာနေ အရှေ့ဘက်ဖြစ်ဖြစ် အနောက်ဘက်ဖြစ်ဖြစ်သွားရင် မှော်ဝင်မှန်ခုံးက ဘာမှအလင်းရောင် မပြဘူး၊ ဒီအနီးအနားတစ်ဝိုက်မှာဆိုရင် အပြာနုရောင်ကလေး ပေါ်လာတယ်"

"မှန်း ပြစမ်းပါဦး"

"ဒီမှာပါ ဆရာကြီး"

ဂဂါမောင်မောင်က အလင်းရောင်ကလေး ပေါ်လာသည်ကို ပြရာ အားလုံးမှာ စဉ်းစားစရာဖြစ်လာခဲ့သည်။

"ဒီ မှော်ဝင်မှန်ခုံးကလေးက အခြားနေရာမှာ အလင်းရောင် မထွက်ဘဲ ဘာကြောင့် ဒီအနီးအနားပတ်ဝန်းကျင်မှာမှ အလင်းရောင် ထွက်သလဲ"





"ဟုတ်တယ် ဒီနားမှာမှ အလင်းရောင်ထွက်လာတယ်၊ ဒါပေမဲ့ တော်တော်မှိန်တယ်"

အားလုံးမှာ ခေါင်းတကုတ်ကုတ်နှင့် စဉ်းစားနေကြသည်။

"ဒီပစ္စည်းဟာ မရဏယန္တရားကပစ္စည်းဆိုတော့ အဲဒီယန္တရားနဲ့ သံလိုက်လှိုင်းဖြစ်ဖြစ် ရေဒီယိုအက်တီဗတီလှိုင်းအရ ဆက်စပ်မှုရှိနေသလား။ ဒါကြောင့် ဒါရိုက်ရှင်မှန်တဲ့နေရာရောက်ရင် အလင်းရောင်ထွက်ပေါ်လာသလား မသိဘူး"

ဤသို့တွေးတောချက်ကို ပြောလိုက်ရာ ဆရာကြီးက

"ဆရာဂဂါပြောတာ ဖြစ်နိုင်တယ်၊ အဲဒီလှိုင်းတွေနဲ့ တစ်နည်းနည်း ဆက်စပ်မှုရှိလိမ့်မယ်၊ သူ အလင်းရောင်ပြတဲ့နေရာဟာ ယန္တရားစက်ဝန်းရှိရာအရပ် ဖြစ်နိုင်တယ်၊ ဒါကလွဲပြီး ကျန်တာ မဖြစ်နိုင်ဘူး၊ ဒါကြောင့် ဒီနေရာဟာ လိုဏ်ဂူပေါက်နဲ့အနီးဆုံးနေရာဖြစ်ဖို့ များတယ်"

"ဖြစ်နိုင်ပါတယ် ဆရာကြီး၊ ကျွန်တော်တို့ လိုဏ်ဂူပေါက်ကို ရှာရုံပဲရှိတယ်"

"ဟုတ်တယ် လိုဏ်ဂူပေါက်ကိုရှာဖို့ဆိုတာ အပြောလွယ်သလောက် အလုပ်ခက်တယ်၊ ဒီလောက်ရေတွေကြီးနေတော့ လိုဏ်ဂူပေါက်ဟာ မပေါ်ပဲဖြစ်နေတာ နေမှာ"

ဤသို့ တစ်ယောက်တစ်ပေါက် အမျိုးမျိုး ထင်ကြေးပေးရင်း စကားဝိုင်းကလေးကို ဆက်ပြောနေခဲ့ကြသည်။

ဤတွင် ဂဂါမောင်မောင်က



www.burmeseclassic.com

www.burmeseclassic.com



"လိုဏ်ဂူပေါက်ရှာမယ်ဆိုရင် ရေငုပ်ပြီးရှာရင် တွေ့နိုင်တယ်၊ ဒါပေမဲ့ ရေထဲမှာကြာကြာနေနိုင်မယ့်ဝတ်စုံမရှိတော့ လိုဏ်ဂူပေါက်ကို တွေ့တယ်ပဲထားပါဦး၊ အဲဒီ လိုဏ်ဂူဟာ ဘယ်လောက်ရှည်တယ်ဆိုတာ မသိတော့ ဘယ်လိုဝင်ကြမလဲ"

"ဟုတ်တယ် ကျုပ်က ရေကူးတာတော့ ကျွမ်းကျင်ပါတယ်၊ ရေငုပ်တာကတော့ သိပ်ပြီး အသက်မအောင့်နိုင်ဘူး"

ဆရာကြီးက သူကပင် ရေငုပ်ချင်သေးသည်။ ရေမငုပ်နိုင်ကြောင်းပြောသဖြင့် အားလုံးက ပြုံးစိပြုံးစိဖြင့် မသိမသာ ခိုးရယ်ကြသည်။

ထိုအခါ ဂါါမောင်မောင်က

"ဆရာကြီးရယ် ဆရာကြီးက ရေငုပ်ကျွမ်းတယ်ဆိုရင်တောင် ဒီလိုဏ်ဂူထဲကိုရေငုပ်ဝင်ခွင့် မပြုနိုင်ပါဘူး၊ လိုဏ်ဂူတို့သဘောအရ အဲဒီအထဲမှာ အသက်ကိုအန္တရာယ်ပေးနိုင်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်တွေ ရှိနေရင် ဘယ်လိုလုပ်မလဲ၊ ကျွန်တော်တို့ခေါင်းဆောင် ဆရာကြီးကို ဒီလို အဖြစ်မခံနိုင်ပါဘူး"

"ဆရာဂါါပြောမှ အဲဒီအကြောင်းတွေ သတိရလာတယ်၊ ကျုပ်က သွားချင်ဇောကြီးနေတော့ ရေငုပ်ကျွမ်းရင် ရေတောင်ငုပ်ချင်တာ"

"ဆရာကြီးရယ် စိတ်လျှော့ပါ"

"ဟား ဟား ဟား"

အားလုံးဝိုင်းပြီး ရယ်မောခဲ့ကြသည်။ ပျော်ရွှင်စရာမရှိသော တောတောင်ကြီးများအလယ်တွင် တစ်ဦးကိုတစ်ဦး အားပေးရင်း ပျော်





စရာအဖြစ်ဖြင့် ဝမ်းသာနေခဲ့ကြသည်။

"ဆရာကြီးရယ် ဒီနေရာဟာ လိုဏ်ခေါင်းပေါက်နဲ့နီးတဲ့နေရာဆိုရင် သုံးလေးရက်လောက် စောင့်ကြည့်တာနဲ့ ရေကျသွားရင် တွေ့နိုင်မှာပါ၊ တစ်ခုပဲရှိတယ်၊ ကျွန်တော်တို့မှာ အဲဒီ လိုဏ်ခေါင်းပေါက်ထဲဝင်ဖို့ လှေမရှိတာ ခက်တယ်"

"ဟုတ်တယ် လှေမရှိရင် ဖောင်ဖွဲ့ရမယ်၊ ဖောင်ဖွဲ့ရင်လည်း နှစ်ရက်လောက်တော့ ကြာမှာပဲ၊ သစ်ပင်ခုတ်တာနဲ့ဆိုရင် အနည်းဆုံး ငါးရက်ပဲ"

"ဘာပဲဖြစ်ဖြစ် ဒီမြစ်ကိုဖြတ်ဖို့ဆိုတာ ဖောင်ရှိမှဖြစ်မှာဆိုတော့ မနက်ဖြန်ကစပြီး ဖောင်ဖွဲ့ဖို့ သစ်ခုတ်ရမယ်"

"ဟုတ်တယ် မြေပြန့်မှာဆိုရင် ဝါးပေါတော့ ဓားခုတ်ရတာ လွယ်တယ်၊ ဒီမှာ ဝါးမရှိတော့ သစ်ပင်ပဲခုတ်ရမှာပဲ"

ထိုသို့ အမျိုးမျိုးစဉ်းစားကြပြန်သည်။ သစ်ပင်ခုတ်ပြီး ဖောင်ဖွဲ့ရသည့်ကိစ္စမှာ ဝါးဖောင်လောက် မလွယ်ကူသလို ရေစီး၌သွားနှုန်းကလည်း လေးသည်။ သို့သော် မည်သို့မျှ မတတ်နိုင်ပေ။

ထိုနေ့ညက ဂါါမောင်မောင်သည် ဘုရားရှိခိုး မေတ္တာပို့ကာ အမျှအတန်းပေးဝေလိုက်သည်။ ထို့နောက် အိန္ဒိယ ဆရာကြီး သင်ပေးထားသည့် သမာဓိကို အသုံးပြု၍ ရှုမှတ်လိုက်ရာ သူသည် ဤကျင့်စဉ်ကို ဟိမဝန္တာတောင်တန်းပေါ်တွင် အကြိမ်ကြိမ် လေ့ကျင့်လာခဲ့သူဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ သူ၏စိတ်များ တည်ငြိမ်လာသည်။

ထို့နောက် မြစ်မကြီးဘွားခနဲ ပေါ်လာပြီး ၎င်းတို့စခန်းချရာ ရှေ့တည့်တည့်တွင် လိုဏ်ပေါက်ကြီးတစ်ခု ပေါ်လာခဲ့သည်။ ထိုလိုဏ်ပေါက်ကိုကြည့်နေစဉ်ပင် ထိုလိုဏ်ပေါက်အတွင်းမှ လှေငယ်တစ်စင်းနှင့် လူတစ်ယောက် ထွက်ပေါ်လာခဲ့သည်။ ထိုလှေငယ်သည် မြစ်မကိုဖြတ်ကျော်ပြီးနောက် ၎င်းတို့စခန်းချရာအနီးသို့ လှေကလေးကို လှော်လာခဲ့သည်။ ထိုစခန်းတွင် လှေကလေးကို ထားခဲ့ပြီး တောင်ကြီးပေါ်သို့ တက်ရောက်ပျောက်ကွယ်သွားခဲ့သည်။

သူသည် သမာဓိကျွတ်စဉ့်မှ ထလိုက်သည်။ ထိုညအဖို့ ကောင်းစွာအိပ်စက်ခဲ့သည်။ နံနက်မိုးလင်းသော် ဘိုနီနှင့်စိုးသိန်းတို့နှစ်ယောက်မှာ သစ်ပင်ခုတ်ရန် တိုင်ပင်နေခဲ့ကြသည်။ ထိုအခါ ဂဂါမောင်မောင်က

"သစ်ပင်ခုတ်မယ်ဆိုရင် ခဏဆိုင်းကြပါဦး"

"ဘာဖြစ်လို့လဲ"

"နားနားနေနေ နေ့ခင်းလောက်မှ ခုတ်ပါ၊ ကျွန်တော်လည်း လိုက်ခဲ့ပါမယ်"

"ကောင်းပါပြီ"

ဂဂါမောင်မောင်သည် မြစ်မကြီး၏နောက်ကျောရှိ ကျောက်တောင်ကြီးကို ငေးစိုက်ကြည့်နေခဲ့သည်။

သို့ဖြင့် နံနက်ကိုးနာရီအချိန်ခန့်လောက်တွင် မြစ်မကြီးမှ





တဖြည်းဖြည်း ရေများကျလာကာ ထိုကျောက်သားနံရံတွင် အမည်းစက်ကလေး စတင်ပေါ်လာခဲ့သည်။ ဤတွင် ဂဂါမောင်မောင်က

"ဆရာကြီး ဆရာကြီး ကျောက်နံရံမှာ လိုဏ်ဂူပေါက်ကြီး စပြီးပေါ်လာပြီ"

"ဟေ ဟုတ်လား မှန်း ဘယ်နားမတုန်း"

"ဒီတည့်တည့်ကို ကြည့်ပါ ဆရာကြီး"

ဤသို့ပြောသံကြားသဖြင့် ကျန်အုပ်စုဝင်များ စုရုံးရောက်ရှိလာပြီး ဂဂါမောင်မောင်ပြရာနေရာသို့ လှမ်းကြည့်ပြီး

"ဟုတ်တယ် ဂူပေါက်စပြီးပေါ်လာပြီ"

သူတို့အားလုံးမှာ ဂူပေါက်ပေါ်လာသဖြင့် ဝမ်းသာအားရ ကြည့်နေခဲ့ကြသည်။ ရေမှာတဖြည်းဖြည်းချင်း ကျသွားသဖြင့် နေ့ခင်းမွန်းတည့်အချိန်တွင် လိုဏ်ဂူပေါက်ကြီးမှာ လူတစ်ရပ်ခန့် ကျယ်ဝန်းသည့် အနေအထားကို တွေ့ရှိခဲ့ရသည်။

"လိုဏ်ဂူပေါက်တော့ ပေါ်ပြီ၊ ဒီလမ်းက သွားရတာ ဟုတ်မဟုတ်ဘဲ စစ်ဆေးဖို့ ကျန်တော့တယ်"

ဆရာကြီးက ဤသို့ပြောလိုက်ရာ ဂဂါမောင်မောင်က

"ဆရာကြီး ဒီလိုဏ်ဂူပေါက်ရဲ့အခြေအနေကို ကျွန်တော် ရေကူးပြီး ဝင်ကြည့်မယ်၊ အဆင်ပြေရင် ဒီအတိုင်း ကူးကြတာပေါ့၊ အဆင်မပြေရင်တော့ ဖောင်ဖွဲ့ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ဆရာဂဂါရဲ့ သဘောအတိုင်းပဲ"

ထိုသို့ အချီအချပြောနေစဉ် လိုဏ်ခေါင်းပေါက်ထဲမှ လှေတစ်စင်း ထွက်ပေါ်လာသည်ကို တွေ့မြင်ရသဖြင့် ဂဂါမောင်မောင်က

"ဟိုမှာ လှေတစ်စင်းလာနေတယ်၊ အဲဒီလူက ဘာမှန်းမသိတော့ ကျွန်တော်တို့နဲ့ တွေ့လို့မဖြစ်ဘူး၊ အသာပုန်းပြီး ကြည့်မှဖြစ်မယ်"

"အေး မင်းပြောတဲ့အတိုင်း ကောင်းပါတယ်၊ ငါတို့ပုန်းပြီး ဒီလူကိုကြည့်တာပေါ့"

သူတို့အုပ်စုသည် ခြေရာလက်ရာမကျန်အောင် ချက်ချင်း သိမ်းဆည်းပြီး ကျောက်ဂူများကြားမှ ပုန်းအောင်းကာ ကြည့်ရှုနေခဲ့ကြသည်။ မကြာမီ ထိုလှေကလေးမှာ ကမ်းစပ်သို့ကပ်လိုက်သည်။ သူတို့လည်း လှေပေါ်ပါသူအား စူးစိုက်ကြည့်လိုက်ရာ အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိသော ဆာဒူးတစ်ယောက် ဖြစ်နေသည်။

"ဟာ ဆာဒူးတစ်ပါးပဲ၊ ဒါဆို ကျွန်တော်တို့ ပုန်းကွယ်ဖို့ မလိုတော့ဘူး၊ ဟိုဘက်ရွာအကြောင်းသိရအောင် ထွက်မေးမှပဲ"

ဂဂါမောင်မောင်က ဤသို့ ဆရာကြီးအား တီးတိုးပြောဆိုရာ ဆရာကြီးကလည်း သဘောတူသဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ဤတွင် သူသည် ပုန်းအောင်းရာမှ ထွက်ပြီး

"အရှင် ဘယ်အရပ်ကိုသွားမလို့ပါလဲ"

ဂဂါမောင်မောင်က ဟိန္ဒူစတန်နီ စကားဖြင့် မေးလိုက်ရာ





ဂဂါမောင်မောင်၏အမေးကို အံ့ဩထိတ်လန့်စွာ ဖြစ်နေသည်။

"အရှင် တပည့်တော်က လူကောင်းပါ၊ မကြောက်ပါနဲ့ မေးခွန်းတချို့မေးစရာရှိလို့ပါ"

ထိုသို့ ထပ်ပြောပြန်သည်။

ဆာဒူးလေးမှာ မည်သို့မျှ ပြန်မဖြေဘဲ ကြောက်ရွံ့နေသည်။ သူသည် သူသိချင်သော အကြောင်းကို ထပ်မေးပြန်သည်။

"ဒီလိုဏ်ခေါင်းရဲ့အဆုံးမှာ ရွာရှိသလား"

"မသိ မသိ"

"မကြောက်ပါနဲ့ တပည့်တော်မေးတာ ဖြေပါ"

"အဲဒီမှာ ရွာရှိတယ် မဟုတ်လား"

ထိုအခါ ဆာဒူးလေးက

"မင်းတို့ ဘယ်ကလာတာလဲ"

"တပည့်တော်တို့ ရန်ကုန်က လာတာပါ"

"ဟင် ဒါဆို မင်းတို့ဟာ မကောင်းဆိုးဝါးတွေပဲ"

ရန်ကုန်က ပြောလိုက်သည်နှင့် တစ်ကိုယ်လုံး နတ်ကျသကဲ့သို့ တုန်လှုပ်ပြီး တောင်ပေါ်သို့ အပြေးတက်သွားရာ ဂဂါမောင်မောင်ကလည်း နောက်မှအပြေးလိုက်ခဲ့သည်။ ထိုစဉ် ပုန်းနေသော လူတစ်အုပ်မှာ ဘာမှန်းညာမှန်းမသိဘဲ ဂဂါမောင်မောင်နောက်သို့ ထပ်လိုက်ရာ ဆာဒူးလေးမှ

"မကောင်းဆိုးဝါးတွေ ငါ့နောက် မလိုက်ခဲ့နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ တောင်ပေါ်မှ အောက်သို့ခုန်ချလိုက်ရာ

"ဘုန်း"

ဟူသော အသံနှင့်အတူ တောင်အောက်သို့ ကျသွားပြီး တစ်ကိုယ်လုံး အကြောဆွဲကာ တွန့်လိမ်နေသည်။ ဂဂ်မောင်မောင်မှာလည်း မိမိ၏စကားကြောင့် ကြောက်ရွံ့ကာ တောင်ပေါ်မှ ခုန်ချသည့်အတွက် လွန်စွာ စိတ်မကောင်းဖြစ်ကာ တောင်အောက်သို့ အပြေးဆင်းလာပြီး ဆာဒူးလေးကို ပွေ့လိုက်သည်။

"အရှင် ဘာကြောင့် ဒီလိုလုပ်ရတာလဲ၊ တပည့်တော်တို့ဟာ အရှင်ကို ဒုက္ခပေးတဲ့လူ မဟုတ်ပါဘူး"

ထိုစဉ် သူ၏ပါးစပ်မှ သွေးများပွက်ပွက်အန်ရင်း

"မရဏယန္တရားအတွက် လက်စားချေမယ့်သူတွေ မကောင်းဆိုးဝါးတွေ"

ဤသို့ပြောဆိုပြီး ခေါင်းကြီးကျကာ ဘဝဇာတ်သိမ်းသွားခဲ့သည်။

"ဆရာကြီး မရဏယန္တရားလည်းပါတယ်၊ လက်စားချေမယ့်သူတွေလည်းပါတယ်၊ မကောင်းဆိုးဝါးတွေလည်း ပါတယ်"

"အေးကွာ ဒီဆာဒူးလေး ဘာတွေပြောမှန်း မသိဘူး။ တို့အုပ်စုကိုတွေ့ပြီး ကြောက်ရအောင် သူ့မှာ ထိတ်လန့်မယ်ရာ အကြောင်းတစ်ခုခု တော့ရှိလိမ့်မယ်"

"ဟုတ်ပါတယ် ဆရာကြီးရယ် သူကလည်း သူ့အကြောင်းနဲ့သူ





ရှိမှာပေါ့၊ သူက ဘာကြောင့် ကျွန်တော်တို့ကို တွေ့ပြီး တောင်ပေါ်က ခုန်ချရတာလဲ"

စိုးသိန်းကလည်း စိတ်မကောင်းစွာ မေးလိုက်ရာ ဂဂ်မောင်မောင်က

"ဒီ ဆာဒူးဟာလည်း မှော်ဝင်မှန်ခုံးနဲ့ တစ်နည်းနည်းနဲ့ ပတ်သက်နေတဲ့လူဖြစ်ရမယ်၊ ရန်ကုန်က လာတာလို့ ပြောလိုက်တာနဲ့ သူ့ကိုယ်သူ သတ်သေတော့တာပဲ၊ ရန်ကုန်မှာ သေသွားတဲ့ အဆက်အနွယ်ထဲက တစ်ယောက်ယောက် ဖြစ်ပုံရတယ်၊ ဘာပဲဖြစ်ဖြစ် စိတ်မကောင်းပါဘူး"

"ကဲပါကွာ သူ့ကို ကောင်းကောင်း သဂြိုဟ်ပေးလိုက်ပါ"

သူတို့အားလုံး ဆာဒူးလေးကို ကမ်းစပ်တစ်နေရာတွင် မြေမြှုပ်သဂြိုဟ်ပေးခဲ့ကြသည်။ သူတို့နှင့် ဆုံတွေ့စဉ် ဆာဒူးလေး၏ကံကြမ္မာမှာ လွန်စွာဆိုးဝါးပြီး အသက်ဆုံးရှုံးသည်အထိ ဖြစ်သွားခဲ့သည်။

ထိုကဲ့သို့ပင် ဂဂ်မောင်မောင်တို့အုပ်စု၏ ရှေ့ဆက်ရမည့် ခရီးအတွက် ကံကြမ္မာကောင်းမည်လော၊ ဆိုးဝါးမည်လောဟူသည် မည်သူမျှ မပြောနိုင်ပေ။ သို့သော် မရဏယန္တရား၏အစိတ်အပိုင်းတစ်ခုဖြစ်သော မှော်ဝင်မှန်ခုံးကလေးကား ရောက်သူလက်ထဲတွင် ပြဿနာရှိပြီး ကံကြမ္မာဆိုးနှင့် တိုးကြသည့်အတွက် ယခုစုစုပေါင်း လူခြောက်ဦး သေဆုံးခဲ့ကြသည်။ ထိုမှန်ခုံးကို လက်ဝယ်ထားရှိသော ဂဂ်မောင်မောင်တို့အုပ်စု၏



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာကား . . . ။ ရှေ့ဆက်၍ မည်သို့မည်ပုံ ဖြစ်မည်ကို မသိပေ။ သို့သော် လမ်းရှိလျှင် သွားရမည်မှာ ဂဂါမောင်မောင်တို့အုပ်စု၏ တာဝန်သာတည်း . . ။

■ ■ ■



## အခန်း (၇)
## အကျဉ်းစံ ကြယ်စင်ငါးဖော်

ဂဂါမောင်မောင်တို့အုပ်စုအတွက် ဤမြစ်မကိုဖြတ်ကျော်ရန် ရေကာန်အသင့် ကြာအသင့်ဆိုသလို ဖြစ်နေသည်။

"ကဲ ဒီမြစ်ကို ဖြတ်ဖို့အတွက် လှေတော့ရပြီ"

"ဟုတ်တယ် လိုဏ်ပေါက်ကလည်း အသင့်ပဲ"

"ဒီတော့ ဘာပဲဖြစ်ဖြစ် ဒီလှေနဲ့ဒီမြစ်ကို ဖြတ်ပြီး လိုဏ်ပေါက်အတိုင်း ဝင်ကြစို့"

ဆရာကြီးက ဤသို့ပြောလိုက်သည့်အတွက်

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ဒါဆိုရင် အားလုံး လှေပေါ်တက်ကြ"

"ဟုတ်ကဲ့ ဆရာကြီး"

သူတို့အုပ်စုသည် လှေပေါ်သို့ တက်လိုက်ကြသည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



ပါလာသော လှေတက်များကိုကိုင်ကာ ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းသို့ စတင်လှော်ခတ်ခဲ့ကြသည်။

တစ်နာရီခန့်အကြာတွင် ဤမြစ်ကို ကောင်းစွာဖြတ်သန်းနိုင်ရုံသာမက ထိုလှေကလေးသည် လိုဏ်ဂူပေါက်ဝသို့ရောက်ရှိသွားခဲ့သည်။ မြစ်ရေများမှာ လိုဏ်ဂူပေါက်အတွင်း တိုးဝင်နေသဖြင့် ရေစီး၏အရှိန်အဟုန်နှင့်ပင် အလိုက်သင့် မျောပါသွားခဲ့သည်။ လှေကလေးကား လိုဏ်ဂူပေါက်ထဲသို့ စတင်ဝင်ရောက်ခဲ့လေပြီ။ အစတွင် အလင်းရောင် ကောင်းစွာမြင်ရသော်လည်း လိုဏ်ဂူထဲသို့ဝင်ပြီးနောက် အလင်းရောင်ပျောက်ကွယ်ကာ တဖြည်းဖြည်း မှောင်လာသည်။ လှေကလေးမှာကား ရေစီးအတိုင်းပင် သူ့အရှိန်နှင့်သူ စီးမျောလိုက်ပါသွားခဲ့သည်။ ဤတွင် ဆရာကြီးက

"လိုဏ်ဂူကြီးထဲရောက်ပြီ တော်တော်မှောင်လာပြီ လက်နှိပ်ဓာတ်မီးနဲ့ ပြကြပါဦး"

"ဟုတ်ကဲ့ ဆရာကြီး"

စိုးသိန်းက လက်နှိပ်ဓာတ်မီး ထွန်းကာ အလင်းရောင်ပေးလိုက်ရာ

"ဟာ ဂူကြီးကလည်း အကျယ်ကြီးပါလား"

ကျယ်ဝန်းသော လိုဏ်ဂူကြီးကို တွေ့ရှိရပြီး ဂူကြီးပေါ်မှ အသွယ်သွယ်သော ကျောက်တန်းများ ထိုးဆင်းနေဟန်ရှိပြီး ထိုနေရာမှ ရေစက်များ တစ်ပေါက်ပေါက်ကျဆင်းနေသည်။ ဂူ၏အမိုးမှာလည်း အတော်ပင်





မြင့်လှပေသည်။ ဤသည်မှာ ရှေးဟောင်းဂူကြီးဖြစ်ဖွယ်ရှိပေသည်။ ထိုသို့ကြည့်ရှုရင်းလိုက်ပါသွားရာ မကြာမီ အလင်းရောင်တန်းကလေးကို စတင်မြင်တွေ့ခဲ့သည်။

"အလင်းရောင်လေးတော့ စမြင်ရပြီ၊ ဂူပေါက်နားရောက်တော့မယ် ထင်တယ်"

"ဖြစ်နိုင်ပါတယ် ဆရာကြီး"

ဤတွင် ဂဂ်ါမောင်မောင်က

"အပြင်ရောက်တာနဲ့ ကျွန်တော်တို့ဟာ အန္တရာယ်တစ်စုံတစ်ခုနဲ့ တွေ့နိုင်တယ်၊ ဒီတော့ သတိမလွှတ်စေဘဲ အသင့်ပြင်ထားမှ ဖြစ်မယ်"

ဤသို့ ပြောလိုက်ရာ ဆရာကြီးက

"ဆရာဂဂ်ါပြောတာ ဖြစ်နိုင်တယ်၊ သတိထားကြပေ့"

ထိုသို့ ပြောနေစဉ် လှေကလေးမှာ ဂူပေါက်ဝသို့ ရောက်ရှိလာခဲ့သည်။ ဂူပေါက်မှအထွက်တွင် လှေဆိုက်ကပ်ရန် ပြုလုပ်ထားသည့်နေရာကလေးတစ်ခုကို တွေ့ရပြီး ထိုနေရာ၌ ၎င်းတို့စီးလာသည့် လှေကဲ့သို့သော အရောင်တူသော လှေများကို ဆိုက်ကပ်ထားသည်။ ထိုအပြင် လှေဆိပ်၌ အိန္ဒိယတိုင်းရင်းသားများနှင့်တူသည့် လူတစ်စုကို တွေ့မြင်ရသည်။

မကြာမီ သူတို့စီးနင်းလိုက်ပါလာသော လှေကလေးမှာ လှေဆိပ်နှင့် နီးကပ်လာခဲ့ပြီ။ သူတို့သည် ဂဂ်ါမောင်မောင်တို့ လူစိမ်းအုပ်စုကို ကြည့်ပြီး အံ့သြနေဟန်ရှိသည်။ လှေကလေးကား လှေဆိပ်သို့ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်၍ ငုတ်တိုင်တွင် လှေဦးမှကြိုးဖြင့် ချည်ပြီး လှေဆိပ်ပေါ်သို့အတက်တွင် ထိုနေရာက လူတစ်ယောက်က

"မိတ်ဆွေတို့ ဘယ်အရပ်ကို သွားမလို့လဲ"

ထိုသူက ဟိန္ဒူစတန်နီ စကားဖြင့် မေးလိုက်ရာ ဂင်္ဂါမောင်မောင်က

"ကျုပ်တို့ တောလိုက်ရင်း လမ်းမှားလာတဲ့ မုဆိုးတွေပါ"

ဤသို့ ဟိန္ဒူစတန်နီ စကားဖြင့် ပြန်ပြောရာ

"ဒါဆိုလည်း ဒီရွာမှာ ခဏနားပါ၊ လာပါ လာပါ"

ထိုသို့ပြောပြီး မနီးမဝေးရှိ နေရာတစ်ခုသို့ ခေါ်ဆောင်သွားခဲ့သည်။

"ဒါနဲ့ ဒီရွာရဲ့နာမည်က ဘာလဲ"

"ဒီရွာရဲ့နာမည်က 'မွန်းဒကားရွာ'ပါ၊ ဧည့်သည်တော်များ ဤနေရာမှာ ခဏနားပါ"

ထိုသို့ပြောပြီး အုန်းရည်များဖြင့် ဧည့်ခံသဖြင့် ဆာဆာနှင့် သောက်ခဲ့ကြသည်။

ဤသို့ အုန်းရည်သောက်ပြီး အခြေအနေကို စောင့်ကြည့်ရန် တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်ကာ အချက်ပေးခဲ့ကြသည်။ မကြာမီတွင် ဓားလှံများကိုင်ဆောင်ထားသည့် လူတစ်စုရောက်လာပြီး ဤအဆောက်အဦကို ဝိုင်းလိုက်သည်။ ခေါင်းဆောင်တစ်ဦး အပါအဝင် လူဆယ်ယောက်ခန့်သည် သူတို့ရှိရာကို ရောက်လာပြီး





"လှေဘယ်ကရသလဲ"

"ဆာဒူးလေး ဘယ်ရောက်သွားသလဲ"

စသည့် မေးခွန်းများကို မေးရာ ဂင်္ဂါမောင်မောင်က ဖြစ်စဉ်အားလုံးကို ရှင်းပြခဲ့သည်။ သို့သော်လည်း သူတို့အုပ်စုမှာ

"ခင်ဗျားတို့ဖြေတဲ့အဖြေဟာ ကျေနပ်စရာမရှိဘူး။ ဒါကြောင့် သခင်မလေးဆီကို ခေါ်သွားရမယ်"

ထိုအခါ ဂင်္ဂါမောင်မောင်က ဆရာကြီး၏အနားသို့တိုးပြီး

"ဆရာကြီး ကျွန်တော်တို့ကို သူတို့သခင်မလေးဆီကို ခေါ်သွားမယ် ပြောတယ်၊ အဲဒါ ဘယ်လိုလုပ်မလဲ"

"ဘယ်တတ်နိုင်မလဲ၊ ဖြစ်ရပ်မှန်ကို သူတို့ရဲ့လူကြီးကို ရှင်းပြရမှာပေါ့"

ဤသို့ဖြင့် ထိုလူတစ်သိုက် ခေါ်ဆောင်ရာနောက်သို့ ဂင်္ဂါမောင်မောင်တို့အုပ်စုမှာ လိုက်ပါသွားခဲ့ရသည်။ ထိုနေရာမှ မိုင်ဝက်ခန့်ဝေးကွာသော နေရာအရောက်တွင် ပန်းပင်များစွာ စိုက်ပျိုးထားသည့် အဆောက်အဦကြီးတစ်ခုကို တွေ့လိုက်ရသည်။ သွားရင်း သွားရင်း ပန်းဥယျာဉ်ကြီးတစ်ခုအတွင်းသို့ ရောက်နေသလားဟု ထင်မှတ်ရသည်။

ထို့နောက် ထိုအဆောက်အဦကြီးရှေ့သို့ ရောက်ရှိလာခဲ့သည်။ ထိုအဆောက်အဦကြီး၏ရှေ့တွင် ဓားကိုလွယ်ထားသော အစောင့်နှစ်ဦးကို တွေ့ရှိရသည်။

"ဘယ်သွားမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"လူစိမ်းတွေ ရောက်လာလို့ သခင်မလေးဆီသွားပို့မလို့"

"ဒါဆို ဝင်ပါ"

အဆောက်အဦ တံခါးမကြီးကို ဖွင့်ပေးလိုက်သည်။ ထိုအဆောက်အဦကြီးအတွင်းသို့ ဝင်လိုက်သည်နှင့် တပြိုင်နက် ပိုးဖဲကတ္တီပါများဖြင့် တန်ဆာဆင်ထားသဖြင့် မင်္ဂလာခန်းမကဲ့သို့ ခန့်ညားလှပါသည်။ ထို့နောက် ကော်ဇောနီကြီးခင်းထားသောလမ်းအတိုင်း ဆက်လက်သွားခဲ့ရာ ခန်းမပေါင်း ဆယ်ခုထက်မနည်းသော ခန်းမများကို ဖြတ်သန်းပြီးနောက် ခန်းမကျယ်ကြီးတစ်ခုသို့ ရောက်ရှိခဲ့သည်။ ထိုအခန်းတစ်ခုလုံးရှိ စားပွဲ၊ ကုလားထိုင်မှလွဲ၍ စားသောက်ဖွယ်ရာထည့်ထားသည့် ပန်းကန်ပြား၊ ပန်းကန်လုံးနှင့် ရေတကောင်းအပါအဝင် ပစ္စည်းများမှာ ရွှေဖြင့်ပြုလုပ်ထားသဖြင့် လက်လက်ထနေသည်။ ထို့နောက် အခန်း၏အလယ်သို့ လှမ်းကြည့်လိုက်ရာ

ရွှေသလွန်ပေါ်တွင် ထိုင်နေသော မင်းသမီးလေးတစ်ပါးကို လှမ်းတွေ့လိုက်ရသည်။ သူမ၏တစ်ကိုယ်လုံးတွင် ရွှေဖြင့်ပြုလုပ်ထားသည့် ကျောက်သံပတ္တမြားများနှင့် ပြုလုပ်ထားသည့် နားဋောင်း၊ ဘယက်များနှင့် လက်ဝတ်တန်ဆာများကြောင့် ပြိုးပြိုးပျက်ပျက် လင်းလက်နေသည်။ ထို့ထက် ထူးခြားသည့်အရာကား သူမသည် အဝါရောင်ပိုးပျော့ ထိုင်မသိမ်းအင်္ကျီကို ဝတ်ဆင်ထားပြီး ချိတ်ထဘီအဝါရောင်ကို ဆင်မြန်းထားသည်။

သူမ၏ဝင်းဝါသော အသားအရည်နှင့် အဝါရောင်ပိုးပျော့အင်္ကျီ





ချိတ်ထဘီတို့မှာ များစွာလိုက်ဖက်လှသဖြင့် မိုးပေါ်မှကျလာသည့် နတ်သမီးတစ်ပါးဟုပင် ထင်ရပါသည်။ သူမ၏မြန်မာမင်းသမီးကဲ့သို့ ဝတ်စားဆင်ယင်ပုံနှင့် လှပချောမောလွန်းသည့်အတွက် ဂငါမောင်မောင်တို့အုပ်စုမှာ တအံ့တဩနှင့် ကြက်သေသေကာ ကြည့်နေမိသည်၊ ဤတွင် သူမက ချိုသာသော အသံကလေးဖြင့်

"မောင်မင်းတို့ ဘယ်အရပ်က လာတာလဲ"

မြန်မာထိုင်မသိမ်း ဝတ်ထားသော သခင်မလေးက ဟိန္ဒူစတန်နီ ဘာသာစကားဖြင့် မေးလိုက်သည်။ ဤတွင် ဆရာကြီးက

"ကျုပ်တို့ မြန်မာပြည် ရန်ကုန်မြို့က လာခဲ့ပါတယ်"

"ဒီနယ်မြေကို ဘာအကြောင်းနဲ့ လာတာလဲ"

သခင်မလေးက ထပ်မံမေးပြန်သည်။

"ကျုပ်တို့အုပ်စုဟာ အပျော်တမ်းမုဆိုးများ ဖြစ်ပါတယ်၊ မြန်မာပြည်အစွန်အဖျား တောတောင်နဲ့နီးတဲ့အရပ်ကို ခေတ္တရောက်လာတုန်း မိတ်ဆွေတစ်စု အပျော်တမ်းတောလိုက်ရင်း ဒီနေရာကို မမျှော်လင့်ဘဲ ရောက်လာတာပါ"

"ဒီကိစ္စမှန်မမှန်ကို သခင်မ ဆက်ပြီး စစ်ဆေးမှုပြုပါ့မယ်၊ နောက်တစ်ခုမေးချင်တာက အသင်တို့ စီးလာတဲ့လှေကို ဘယ်လိုရခဲ့သလဲ"

ဤမေးခွန်းကို ဆရာကြီးက ဟုတ်မှန်သည့်အတိုင်း ဖြေလိုက်သည်။ ဤတွင် ဆာဒူးလေးသည် တောင်ပေါ်မှကျ၍ သေဆုံးသွားခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသောအခါ သခင်မလေး၏မျက်နှာမှာ တင်းမာသွားပြီး

"အသင်မှဆိုးတို့ ငါတို့ရဲ့ဆာဒူးလေးကို သတ်ခဲ့သည် မဟုတ်ပါလော"

"မဟုတ်ပါ ကျုပ်တို့မသတ်ပါ၊ ကျုပ်တို့ကို မြင်တာနဲ့တင် သူဟာ အလွန်အမင်း ကြောက်လန့်ပြီး တောင်ပေါ်ကို အပြေးတက်သွားပါတယ်၊ ကျုပ်လည်း ဘာကြောင့်ထွက်ပြေးတာလဲဆိုတာ မေးချင်လို့ တောင်ပေါ်တက်အလိုက်မှာ သူ ခုန်ချခဲ့တယ်"

"နောက်တော့ ဘာဖြစ်သွားသလဲ"

"တောင်ပေါ်က ခုန်ချပြီး မကြာခင်မှာ သူ သေဆုံးသွားပါတယ်၊ ဒါကြောင့် အဲဒီနေရာနဲ့ မနီးမဝေး သဲသောင်စပ်မှာ မြေမှာမြှုပ်နှံခဲ့ပါတယ်"

"ဖြစ်မှဖြစ်ရလေ သူရဲကောင်းတစ်ယောက်တော့ ကျဆုံးသွားပြန်ပြီပေါ့"

သူမသည် လွန်စွာစိတ်ထိခိုက်သွားပုံရသည်။ ထို့နောက် ဆက်၍ မေးပြန်သည်။

"ကိုင်း အဲဒါပြီးတော့ အသင်တို့ ဘာဆက်လုပ်သလဲ"

"ကျုပ်တို့လည်း သူစီးလာတဲ့လှေကိုယူပြီး သူထွက်လာခဲ့တဲ့ လိုဏ်ဂူအတိုင်း လှေလှော်လာခဲ့ပါတယ်၊ လာသောအကြောင်းရင်းကလည်း ဆာဒူးလေးအကြောင်း ပြောချင်တာလည်း ပါပါတယ်"

"ကောင်းပြီ အသင်တို့ပြောတဲ့စကားကို မှတ်ထားလိုက်ပါမယ်၊





ဒါပေမဲ့ အသင်တို့ပြောတာ ဟုတ်မဟုတ်ကို ညအခါမှာ ပညာရှိဘိုးဘိုးဆရာကြီးက လာရောက်စစ်ဆေးပါလိမ့်မယ်၊ အခုတော့ ဒီလူသိုက်ကို လုံခြုံတဲ့နေရာမှာ ချုပ်ထားလိုက်ပါ"

"ဟာ ဒါဆို ငါတို့အဖမ်းခံရတာပေါ့"

ဦးသော်ကမှ အာမေဍိတ်သံနှော၍ ပြောလိုက်သည်။ သူတို့အုပ်စုကို ထိုနေရာမှခေါ်သွားပြီးနောက် အချုပ်ခန်းကဲ့သို့ပြုလုပ်ထားသည့် အဆောက်အဦတစ်ခုတွင် ချုပ်ထားလိုက်သည်။ အချုပ်ခန်းကို သော့ခတ်ပြီးနောက် ထိုလူများ ထွက်ခွာသွားသောအခါ ဦးသော်ကမှ

"ဟား ဟား ဟား"

ဟု ရယ်လိုက်ရာ အားလုံးမှာ

"ဆရာကြီး ဘယ်လိုဖြစ်လို့ ရယ်ရတာတုန်း၊ ဒါက ဧည့်ခန်းမဟုတ်ဘူး၊ အချုပ်ခန်းဗျ"

ကိုဘကောင်းက စိတ်ပျက်လက်ပျက်ဖြင့် ဤသို့ပြောလိုက်ရာ

"ဟေ့ကောင်ရ ဒါ အချုပ်ခန်းဆိုတာ ငါ သိပါတယ်၊ ငါက နေလို့ရယ်တာ မဟုတ်ဘူး"

"ဒါဖြင့် ဘာလို့တုန်း"

"ဩော် သခင်မလေးဆိုတဲ့သူနဲ့တွေ့ပြီး စကားပြောလိုက်တော့ စိတ်ထဲမှာ မြန်မာလူမျိုးနဲ့တွေ့သလို ပျော်ရွှင်သွားပြီး ပြောလိုက်တာ၊ ငါ့ရဲ့စကားဟာ အမှယ်လောက်တန်ဖိုးရှိတယ် မဆိုနိုင်ဘူး၊ တစ်ခါတည်း အချုပ်ခန်းထဲ တန်းရောက်သွားတော့တာပဲ၊ ဒါကြောင့် ငါက လူသတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးလုပ်ပြီး ဦးဆောင်လိုက်တာ ကံကောင်းလို့ အချုပ်ထဲရောက်ရော"

"သြော် ဒါကတော့ သူတို့ရဲ့သဘောကိုး ဆရာကြီးရဲ့ ဆရာကြီး ပြောတာ အမှန်တွေချည်းပဲ ကြာတာနဲ့ပိုသိမှာပါ ဆရာကြီး စိတ်မကောင်း မဖြစ်ပါနဲ့"

"ဟုတ်ပါတယ် ကြာတာနဲ့ပိုသိမှာပဲ အခုညမှာတောင် ကျုပ်တို့ ကို စစ်ဆေးဦးမလို့တဲ့၊ ဒီတစ်ခါတော့ ကျုပ်မပြောတော့ဘူး၊ ဆရာဂင်္ဂါပဲ ပြောပေတော့"

ထိုအခါ ဂင်္ဂါမောင်မောင်က

"ဆရာကြီးရယ် ကျွန်တော်တို့က ဒီလှေစီးပြီး ရောက်လာတာ ရယ်၊ ဆာဒူးလေး သေတာနဲ့ပေါင်းရင် အမှန်တကယ် အချုပ်ကျမယ် ဆိုတာ တွက်ထားပြီးသားပါ၊ ဆရာကြီးပဲ ပြောပြော ကျွန်တော်ပဲပြောပြော 'မဟောလည်းသုတ်-ဟောလည်းသုတ်' ဖြစ်မှာပဲ"

"ဟော မင်းခုနက ဘာပြောလိုက်တယ် အဲဒါလေး ရှင်းပြပါဦး"

"သြော် မဟောလည်းသုတ် ဟောလည်းသုတ်ဆိုတာက မဟုတ် လည်းသေ ဟုတ်လည်းသေ ဖြစ်မှာလို့ ပြောတာပါ"

"အေးကွာ မင်းပြောသလိုပဲ ဒီညမှာ ဘာတွေစစ်ဆေးဦးမလဲ မပြောတတ်ဘူး၊ မဟုတ်ရင် အသတ်ခံရရင်လည်း ခံရဖွယ်ရှိတယ်"

"ဒါကတော့ နောက်ဆုံးပဲ၊ တစ်သက်မှာတစ်ခါပဲ သေရတာ ကျွန်တော်ကတော့ ဒီလောက်လာပြီးမှ ချက်ချင်းတော့ အသတ်မခံနိုင်ဘူး သတ်မယ်ဆိုရင် မော်ဝင်မှန်ခုံးအကြောင်း ပြောပြလိုက်မယ်"





"အေး ဒါတော့ ဒါပေါ့ကွာ၊ ဒီမော်ဝင်မှန်ခုံးကြောင့် သေတဲ့လူ တွေလည်း မနည်းတော့ဘူး၊ လိုအပ်ရင်တော့ ပြောပေါ့ကွာ၊ မလိုအပ်ရင် မပြောနဲ့ပေါ့"

"ဟုတ်တယ် ဆရာကြီး၊ ဒီမှန်ခုံးဟာ မော်ဝင်မှန်ခုံးလို့ နာမည် မပေးဘဲ မရဏမှန်ခုံးလို့တောင် နာမည်ပေးရမလိုပဲ၊ ကျွန်တော်တို့အုပ်စု တောင် ဒီမှန်ခုံးနဲ့အတူ သေများသေမလား မသိဘူး"

မှဆိုးစိုးသိန်းက ဤသို့ဝင်ပြောလိုက်ရာ အားလုံးမှာ စိတ်ခါတ် ကျ သွားခဲ့ကြသည်။ မကြာမီ သူတို့အုပ်စုကို အစားအစာများ ပို့ပေးခဲ့ သည်။

"ကဲ မသေခင် ထမင်းဝဝစားထားကြ"

ဂင်္ဂါမောင်မောင်က ကျီစားသကဲ့သို့ ပြောလိုက်ရာ အားလုံးက

"ဆရာပြောသလိုပဲ သေမှာကနောက် ထမင်းဆာတာက အရင်ဆိုတော့ မသေခင် ထမင်းဝဝစားလိုက်ဦးမယ်"

ထိုသို့ပြောပြီး စားသောက်ကြရာ ဗိုက်ဆာလွန်းလှသဖြင့် လွန် စွာစားကောင်းလှပေသည်။ သေခြင်းတရားနှင့် လက်တကမ်းအလို လောက်၌သာ ဖြစ်ပေမယ့်လည်း အစားကောင်းကောင်းစားပြီး သူတို့ စစ်ဆေးမည့်ညအချိန်ကို စောင့်နေခဲ့ကြသည်။ မကြာမီ အိပ်ပျော်သွားရာ ညဆယ်နာရီခန့်အချိန်သို့ အရောက်တွင် မီးတုတ်များနှင့် ဓားများကိုင် ဆောင်လာသော လူတစ်စုသည် ၎င်းတို့အား အဆောက်အဦတစ်ခုဆီသို့ ခေါ်ဆောင်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဆောက်အဦထဲသို့ ဝင်လိုက်ရာ အခန်းကျယ်ကြီးတစ်ခု၏ အလယ်၌ ရေးမြန်မာဝန်ကြီးတစ်ပါးကဲ့သို့ ဝတ်စားထားသော ဘိုးဘိုးကြီး တစ်ဦးထိုင်နေသည်ကို တွေ့လိုက်ရသည်။ ဘိုးဘိုးကြီးသည် သူတို့အုပ်စု ဝင်လာသည်ကို တွေ့သောအခါ သူ၏အနီးတွင် ထိုင်စေပြီးနောက်

"သူတို့ဟာ ဆာဒူးလေး သေဆုံးမှုအတွက် မင်းတို့ဟာ လူသတ်တရားခံဟုတ် မဟုတ် စစ်ဆေးပေးပါလို့ ငါ့ကိုပြောတဲ့အတွက် အခုချိန်ကစပြီး မင်းတို့ကို စစ်ဆေးမှုပြုပါမယ်၊ ဟို အသက်အကြီးဆုံးလူ ငါ့ရှေ့မှာ လာထိုင်ပါ"

ထိုသို့ပြောပြီး ဆရာကြီးကို လှမ်းခေါ်သဖြင့် ဆရာကြီးက သူ၏ရှေ့သို့သွားသောအခါ ဆရာကြီး၏ဘယ်ဘက်လက်ကိုကိုင်ပြီး ဘယ်ဘက်လက်ဖဝါးကို ကြည့်ကာ တစ်စုံတစ်ခုသောမန္တာန်ကို ရွတ်နေသည်။ ထို့နောက် လက်ဖဝါးကို နမ်းရှုံ့ကြည့်ပြီး

"မင်းရဲ့လက်မှာ သွေးညှီနံ့မရဘူး။ မင်းမသတ်ဘူး၊ မင်း ဟို နေရာပြန်သွားတော့"

ဤသို့ပြောသဖြင့် ဆရာကြီးသည် သူ့လူစုရှိရာသို့ ပြန်လာပြီး ထိုင်နေလိုက်သည်။ ထို့နောက် ကိုဘကောင်း၊ စိုးသိန်းနှင့် ဘိုနီတို့၏ လက်ဖဝါးကိုကိုင်ကြည့်ပြီးနောက်

"မင်းတို့လက်မှာ သွေးညှီနံ့မရဘူး ကဲ ဟိုတစ်ယောက် လာခဲ့ပါ"

ဂဂါမောင်မောင်ကို လှမ်းခေါ်သဖြင့် သူလည်း ဣန္ဒြေရစွာ





တစ်လှမ်းချင်းလှမ်းသွားခဲ့သည်။ ဘိုးဘိုးကြီးသည် သူ၏လက်ကိုကိုင်ပြီး ထုံးစံအတိုင်း မန္တာန်တစ်ခုကို ရွတ်ပြီး သူ၏လက်ကို ကိုင်ထားရာ သူကလည်း မန္တာန်တစ်ခုကို ရွတ်လိုက်ရာ

"ဝုန်း"

"ဒိုင်း"

ဟူသော ကျယ်လောင်သောအသံကြီးနှင့်အတူ သူနှင့်ဘိုးဘိုးကြီးကြားတွင် ပြင်းထန်သော အင်အားတစ်ခုဖြစ်ပြီး မီးတောက်ကြီးတစ်ခု ရုတ်တရက်ပေါ်လာသဖြင့် ဘိုးဘိုးကြီးမှာ နောက်သို့တစ်လှမ်းဆုတ်သွားပြီး

"မီး မီး ကိုငြိမ်းသတ်ပေးပါ"

ထိုအခါ အစောင့်များက ရေယူလာပြီး ပက်လိုက်သောအခါမှ မီးတောက်ကြီးမှာ ငြိမ်းသွားခဲ့သည်။ ဤတွင် ဘိုးဘိုးကြီးက

"အသင်ဟာ သမထကျင့်စဥ်တစ်ခုကို ပေါက်မြောက်အောင် ကျင့်ခဲ့သလော"

"မှန်ပါတယ်"

"အသင်၏ဆရာသခင်ဟာ ဘယ်သူလဲ"

"ဂဂါဆာဒူးကြီးပါ"

"ဂဂါဆာဒူးကြီး ဟုတ်လား၊ သူဟာ ဟိမဝန္တာကအစ ဂင်္ဂါမြစ်တိုင်အောင် သွားလာပြီး တရားကျင့်နေတဲ့ နာမည်ကြီး ဆာဒူးကြီးမဟုတ်လား"

"မှန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ရဲ့သမာဓိအားနဲ့ အသင်ရဲ့သမာဓိအား ပြိုင်တဲ့အတွက် အခုလို မီးတောက်ကြီး ထွက်ပေါ်လာတာပဲ"

"ဒါဆိုရင် ကျုပ်ရဲ့လက်ဖဝါးမှာရော သွေးညှိနှံ့ရပါသလား"

"မဆိုင့်ရုံသာမက စိတ်ကပင် မပြစ်မှားရဲပါ၊ အသင်တို့ဟာ ဖြူစင်သူများဖြစ်ပါတယ်၊ အသင်တို့အားလုံးကို အချုပ်ကလွတ်ပေးဖို့ ကျုပ်ကိုယ်တိုင် သခင်မကို ပြောပြပါ့မယ်၊ ဒါနဲ့ အသင်တို့ဟာ ဘာလူမျိုးလဲ"

"မြန်မာလူမျိုးပါ"

ဤသို့ဆိုကာ ဘိုးဘိုးကြီးသည် သူတို့အုပ်စုအား ခေါ်ဆောင်ကာ ကောင်းမွန်သောအခန်းတစ်ခုတွင် ထားလိုက်သည်။ ထိုအခန်းတွင် အိပ်ရာ၊ ခုတင်၊ ခြင်ထောင်၊ ခေါင်းအုံးအပြည့်အစုံနှင့်ဖြစ်၍ လွန်စွာ အဆင်ပြေနေပါတော့သည်။

ဤတွင် ဆရာကြီးက ခုတင်ပေါ်တွင်ထိုင်ရင်း

"အင်း ငါတို့ကို စစ်ဆေးပြီး သတ်တော့မယ် မှတ်နေတာ၊ ဆရာဂဂီရဲ့ကျေးဇူးနဲ့ အတော်စမတ်ကျနေပြီ"

"ဟုတ်ပါရဲ့ ဆရာကြီးရယ်၊ ကျွန်တော်တို့လည်း စစ်ဆေးမယ် ဆိုတော့ တုတ်နဲ့ရိုက်ပြီး စစ်မလား၊ ဖောက်ထိုးထားပြီး စစ်မလားဆိုပြီး ကြောက်နေတာ"

ဤသို့ ဘကောင်းက ဝင်ပြောလိုက်ရာ မုဆိုးစိုးသိန်းကလည်း

"ငါရောပဲ မင်း ထင်သလို ထင်တာပဲ၊ တော်ပါသေးရဲ့ အဲဒီလို





စစ်ဆေးမခံရလို့"

"ဒါနဲ့ ဆရာဂဂီ ဘိုးဘိုးကြီးက စစ်မေးတုန်းမှာ ဘယ်လိုလုပ် လိုက်တာလဲ"

ဘိုနီက သိချင်လှသဖြင့် ဤသို့မေးလိုက်ရာ ဆရာကြီးကလည်း

"ဟုတ်တယ် ဆရာဂဂီ အဲဒီအကြောင်းလေး ရှင်းပြပါဦး"

"ဒါကတော့ လွယ်ပါတယ်၊ ဘိုးဘိုးကြီးဟာ သူ့ပညာနဲ့ဒီလူဟာ လူသတ်တဲ့သူ ဟုတ်မဟုတ် သွေးညှိနှံ့ခံတဲ့ပညာရပ်နဲ့ စမ်းသပ်တာပါ၊ ပြောရရင်တော့ သမထအားနဲ့ မန္တာန်နဲ့ပေါင်းစပ်ပြီး ကျင့်တဲ့ကျင့်စဉ်တစ်ခု ပဲ၊ ဉပမာ ဥုံ ပေါ့၊ ဥုံ ဆိုတာ ဟိန္ဒူအလိုအရ ဗြဟ္မာကြီးသုံးဦးရဲ့အမည် ကို ပေါင်းထားတာ၊ အဲဒါကို သမထအားနဲ့ အာရုံပြုပြီး ရွတ်ဆိုရင် အကြံအစည် အောင်မြင်တယ်၊ အဲဒီလိုပဲ ကိုယ်လုပ်ချင်တဲ့အလုပ်ကို သမထအားပါ ပေါင်းထားတာ၊ ဒီတော့ ကျွန်တော်ကလည်း သမထ အင်အားနဲ့ တန်ပြန်လိုက်တဲ့အတွက် အင်အားနှစ်ခုပေါင်းပြီး မီးတောက် သွားတာ"

"ဪ ဪ"

"တကယ်တော့ ဒီသမထအားကို မပြချင်ပါဘူး၊ တကယ်လို့ မပြရင် လူသတ်သမား မဟုတ်ဘူးလို့ ပြောပေမယ့် ကျွန်တော်တို့ကို မသက်သာဘဲ ဆက်ပြီး ချုပ်ထားကြဦးမှာပဲ၊ ဒါကြောင့် ဒီအင်အားကို သုံးလိုက်တာပါ၊ မယုံရင်ကြည့်နေ မနက်ဖြန်ကျရင် သခင်မလေးက ကျွန်တော်တို့ကို ခေါ်တွေ့လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ သခင်မလေးနဲ့တွေ့ရင် ဘာတွေထပ်ပြီး စစ်ဆေးဦးမယ် မသိဘူး၊ ဒီညအဖို့တော့ ဒီလိုဖိမ်ကျကျ မအိပ်ရတာ ကြာပြီ၊ အတိုးချ အိပ်လိုက်ဦးမယ်"

ဘိုနီက အားရဝမ်းသာစွာ ပြောပြီး အိပ်ရာထက်၌ လှဲချလိုက်သည်။ နံနက်ခြောက်နာရီခန့်အချိန်တွင်

"သခင်လေးတို့ ထကြပါ၊ ရေချိုးအဝတ်လဲဖို့ အသင့်ပြင်ထားပါတယ်"

သူတို့အုပ်စုမှာ နေ့ချင်းညချင်း ပြောင်းလဲကာ သခင်ဖြစ်သွားခဲ့သည်။ အမှန်ပင် ရေချိုး အဝတ်လဲရန် အဆင်သင့်ပြုလုပ်ပေးပြီး အဝတ်လဲရန် အဝတ်အစားများလည်း အသင့်ပေးထားသည်။ ရေမချိုးရသည်မှာလည်း ကြာပြီဖြစ်၍ ချွေးနံ့များနှင့် နံစော်နေသော သူတို့၏ ခန္ဓာကိုယ်ကို ရေချိုးပြီးနောက် အမွှေးနံ့သာရည်များ လိမ်းကျံခဲ့ကြသည်။ ထို့နောက် အဝတ်အစားသစ်များ ဝတ်ဆင်လိုက်သောအခါ အားလုံးမှာ သန့်ရှင်းတောက်ပြောင်ပြီး သားသားနားနား ဖြစ်သွားခဲ့သည်။ ဤတွင် အစောင့်များက

"သခင်မလေးက သခင်တို့အုပ်စုကို တွေ့ဖို့စောင့်နေပါတယ်၊ ကျွန်ုပ်တို့နဲ့အတူ လိုက်ခဲ့ပါ"

ဤသို့ အစောင့်တပ်သားက လာရောက်ခေါ်ယူသဖြင့် သူတို့အုပ်စုသည် သခင်မလေးစံရာ အဆောက်အဦသို့ သွားရောက်ခဲ့သည်။

မကြာမီ သခင်မလေး စံရာခန်းမသို့ ရောက်ရှိလာခဲ့ကြသည်။





သခင်မလေးကား ပန်းနုရောင်ချိတ်ထဘီနှင့် ပန်းနုရောင်ပိုးသား အပျော့ကို ဝတ်ဆင်ထားသည်။ သူမကိုကြည့်ရသည်မှာ မနေ့က ထက်ပင် ပို၍လှပနေပေသည်။ ထို့အတူပင် ရေမိုးချိုးကာ သပ်ရပ်သော ဝတ်စုံကို ဝတ်ဆင်ထားသဖြင့် အားလုံးမှာ ပြေပြစ်သပ်ရပ်နေသည်။ သူတို့အုပ်စုထဲတွင် ဂေါ်မောင်မောင်မှာ ယောကျ်ားပီသစွာဖြင့် ခန့်ချောကြီး ဖြစ်နေပါတော့သည်။ သခင်မလေးပင် မနေ့ကနှင့်မတူသော အပြင်အဆင် ကြောင့် ဂေါ်မောင်မောင်ကို ဂရုပြု၍ကြည့်ရှုမိသည်။ သူတို့အုပ်စုသည် ခန်းမထဲသို့ ဝင်လာသောအခါ ထိုင်ရန်နေရာပေးပြီး သခင်မလေးက. . ။

"ဧည့်သည်တော်ကြီးများကို ကြိုဆိုပါတယ်၊ အသင်တို့အုပ်စုဟာ လူစိမ်းများဖြစ်ပြီး ဆာဒူးငယ်ရဲ့လှေဖြင့် ရောက်လာတဲ့အတွက် အထင်အမြင် မှားယွင်းဆက်ဆံခဲ့ပါတယ်၊ သို့ပေမယ့် ဆရာသခင် ဘိုဘိုကြီးရဲ့ပြောပြချက်အရ ဤအုပ်စုထဲတွင် လောကီပညာတတ်မြောက်သူ တစ်ဦး ပါနေတဲ့အတွက် အသင်တို့ဟာ လူသတ်သူမဟုတ်ကြောင်း ကောင်းစွာ နားလည်သဘောပေါက်ပါတယ်၊ ဒါ့အပြင် အသင်တို့ဟာ သခင်မလေးနဲ့ လူမျိုးတူမြန်မာလူမျိုးဟု သိရတဲ့အတွက် ပိုပြီးဝမ်းသာမိပါတယ်"

ဤသို့ပြောလိုက်ရာ သူတို့အုပ်စုမှာ လွန်စွာအံ့သြစွာဖြင့်

"ဟာ သခင်မလေးက မြန်မာလူမျိုးဆိုပါလား"

"သြော် ဒါကြောင့် ထိုင်မသိမ်းအင်္ကျီနဲ့ ချိတ်ထဘီဝတ်ထားတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ တီးတိုးစွာ ရေရွတ်လိုက်သည်။ ဤတွင် သခင်မလေး က ဆက်၍

"ညွှန့်သည်တော်ကြီးများ ရောက်တုန်းရောက်ခိုက်မှာ ဒီမှာ အေးအေးဆေးဆေး တည်းခိုနိုင်ပါတယ်၊ ဒီမှာ တည်းခိုနေစဉ်မှာ အစစ အရာရာ ဘာဝန်ယူပါတယ်၊ ညွှန့်သည်တော်ကြီးတို့ ဒီမှာ ကြိုက်သလောက် တည်းခိုနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ် သခင်မလေး၊ ကျွန်ုပ်တို့ခေါင်းဆောင်နှင့် တကွ ငယ်သားများနဲ့ပါ မိတ်ဆက်ပေးပါရစေ"

"ခွင့်ပြုပါတယ်"

"ဒီသူဟာ ကျွန်ုပ်တို့ရဲ့ခေါင်းဆောင် ဆရာကြီး ဦးသော်က ဖြစ်ပါတယ်၊ ကျွန်ုပ်ကတော့ ဒုတိယခေါင်းဆောင် ဂင်္ဂါမောင်မောင် ဖြစ် ပါတယ်၊ သူက ကိုစိုးသိန်းပါ၊ သူကတော့ ကိုဘကောင်းဖြစ်ပါတယ်၊ သူက ကိုဘိုနီပါ"

"ဟုတ်ပါပြီ ဒီအုပ်စုက နာမည်တွေ မှတ်သားထားပါ့မယ်၊ သခင်မလေးရဲ့အမည်ကိုလည်း မှတ်သားထားပါ၊ သခင်မလေးရဲ့အမည်က 'စောသုနန္ဒီဒေဝီ' ဖြစ်ပါတယ်"

"မှတ်သားထားပါ့မယ် သခင်မလေး"

ဂင်္ဂါမောင်မောင်မှာ သခင်မလေးသည် မြန်မာလူမျိုးဟုဆိုသဖြင့် သူ၏ဇစ်မြစ်ကို မေးမြန်းချင်သော်လည်း တွေ့တွေ့ချင်း ဆောက်နှင့်တွင်း ဆိုသလို ဖြစ်မည်စိုးသည့်အတွက် မည်သည့်စကားမျှ မဆိုတော့ဘဲ





နှုတ်ဆိတ်၍နေလိုက်သည်။

ထို့နောက် သူတို့အုပ်စုကို စားကောင်းသောက်ဖွယ်ရာများနှင့် တည်ခင်းညွှန့်ခံခဲ့သည်။ သူတို့သည် ဤသို့မစားရသည်မှာ ကြာမြင့်ပြီ ဖြစ်၍ ကောင်းစွာစားသောက်ခဲ့သည်၊ ဤသို့ စားသောက်နေစဉ်အတွင်း ဆရာကြီးက. . .။

"ဆရာဂင်္ဂါ သူခင်မလေးက မြန်မာလူမျိုးဆိုတာ ဖြစ်နိုင်တယ်၊ သူ့ရဲ့မျက်နှာလေးက နန်းဆန်ဆန် ချောတယ်ဗျ၊ သူက ဒီကို ဘယ်လို ကြောင့် ရောက်နေတာလဲ သိချင်လိုက်တာ၊ နောက်ပြီး ကျန်တဲ့အမှုထမ်း တွေကတော့ မြန်မာနဲ့မတူဘူး၊ အိန္ဒိယနွယ်ဖွားပုံတွေ ပေါက်နေတယ်"

"ဟုတ်တယ် ဆရာကြီး၊ သူလည်း သူ့အကြောင်းနဲ့သူဖြစ်ပြီး ဒီကိုရောက်လာတာ နေမှာပေါ့"

"အဲဒါက အရေးမကြီးဘူး၊ ကျုပ်တို့ရောက်နေတဲ့နေရာက ဘယ်လိုနေရာလည်းမသိဘူး၊ မရဏယန္တရားနဲ့ ဘယ်လောက်ဝေးသေး သလဲ၊ ဒါမှမဟုတ် ဒီရွာဟာ မရဏယန္တရားရှိတဲ့ ရွာများဖြစ်နေမလား"

"ဆရာကြီးရယ် မေးခွန်းတွေက များလှချည်လား၊ ကျွန်တော် လည်း သိချင်တာပေါ့၊ ဘာမှန်းညာမှန်းမသိဘဲ ရမ်းပြောလို့ မဖြစ်သေး ဘူး၊ ဒီယန္တရားဟာ သူတို့နဲ့ ရန်သူလား မိတ်ဆွေလားလည်း မသိဘူး"

"အေးပါကွာ ကျုပ်ကလည်း ဆန္ဒစောသွားတယ်၊ သိချင်တာ တွေ ဖြစ်ချင်တာတွေက များတယ်၊ ဆရာဂင်္ဂါပြောသလိုပဲ၊ အဲဒီယန္တရား ရှိတဲ့သူတွေနဲ့ ရန်သူဖြစ်နေရင် ကျုပ်တို့မှာ မော်ဝင်မှန်ခုံးပါ ပါနေတော့



www.burmeseclassic.com

www.burmeseclassic.com



သူလျှိုလို့ထင်မှာ''

"သူလျှိုလို့ထင်ရင်တော့ ညှိုသည်ဘဝကနေ ချက်ချင်း ရန်သူဖြစ်ပြီး ခေါင်းဖြတ်အသတ်ခံရမှာ''

"ဟုတ်ပါရဲ့ ဆရာဂဂ်ရယ်၊ ဆရာပြောမှပဲ ဖက်တောင် ယားလာပြီ၊ အခုမှ ကောင်းကောင်းစား ကောင်းကောင်းနေရတာ မရဏယန္တရားရှာပုံတော်ဖွင့်ရမှာတောင် ခပ်လန့်လန့်ဖြစ်လာပြီ''

"ဘာဖြစ်လို့ လန့်ရတာလဲ ဆရာကြီးရဲ့''

"ဟ သူတို့က ချစ်ရင်ညှိုသည်တော် မုန်းရင်ရန်သူတော်ဖြစ်ပြီး ရက်ရက်စက်စက် ခေါင်းဖြတ်သတ်တာ သူတို့မှာဥပဒေမရှိဘူး၊ ဒီတော့ အခြေအနေစုံစမ်းပြီး မီးစင်ကြည့်ပြီး ကရမှာပဲ''

"ဒါကတော့ ဆရာကြီးရဲ့သဘောပါပဲ''

ထို့နောက် ညှိုခန်းဆောင်မှ ပြန်ခဲ့ကြသည်။ သူတို့နေထိုင်ရာ အခန်းသို့ ပြန်ရောက်သောအခါ၌လည်း စားဖွယ်သောက်ဖွယ်များ အဆင်သင့်ပေးထားသဖြင့် အဆင်ပြေလှပေသည်။

သို့ဖြင့် ညအိပ်ခါနီး အချိန်သို့ ရောက်သောအခါ ဂဂ်မောင်မောင်က

"ဆရာကြီး ဆရာကြီး ကျွန်တော်တို့မှော်ဝင်မှန်ခုံလေးရဲ့ အခြေအနေကို သိရအောင် ထုတ်ကြည့်မလို့''

"ကောင်းတယ် ကျုပ်တောင် ထုတ်ကြည့်ဖို့ ပြောမလို့''

သို့ဖြင့် အဝတ်ဖြင့် အထပ်ထပ် ရစ်ပတ်ထားသော မှော်ဝင်





မှန်ခုံးကလေးကို ထုတ်ကြည့်လိုက်ရာ

"ဟာ ထူးဆန်းလိုက်တာ၊ မှော်ဝင်မှန်ခုံးကလေးဟာ တစ်ဝက်တိတိ လင်းနေတယ်''

"ဟုတ်ပါရဲ့ကွာ၊ ဟိုဘက်ကမ်းတုန်းကတော့ ဒီမျက်နှာပြင်ရဲ့ လေးပုံတစ်ပုံလောက်ပဲ လင်းတာ၊ အခု တစ်ဝက်လောက် လင်းတယ်ဆိုတော့ တို့နဲ့မရဏယန္တရားနဲ့ တော်တော်နီးလာပြီဆိုတဲ့ အဓိပ္ပာယ်ပဲ''

"ဟုတ်တယ် ဆရာကြီး ဒီမှော်ဝင်မှန်ခုံးကလေးဟာ နာမည်နဲ့ လိုက်အောင်ကို ထူးဆန်းတယ်''

ဤတွင် ဆရာကြီးက

"ဆရာဂဂ် တစ်ခုတွေးကြည့်စမ်းပါ''

"ပြောပါ ဆရာကြီး''

"ဒီမှန်ခုံးကလေးက တစ်ဝက်လောက် လင်းနေတာဆိုတော့ မရဏယန္တရားနဲ့ ဆက်စပ်မှုနီးလာတဲ့သဘောပဲ၊ ဒီတော့ ကျုပ်စိတ်ထင်တော့ ဒီရွာမှာပဲ မရဏယန္တရားရှိပုံရတယ်''

"ရှိရင်တော့ ကောင်းမှာပေါ့၊ ကျွန်တော်တို့လည်း ဒီရွာမှာနေဦးမှာပဲ၊ အခြေအနေကြည့်ကြတာပေါ့''

"ဟုတ်ပါတယ် အခြေအနေနဲ့ အချိန်အခါဆိုတာ စောင့်ရစမြဲပါပဲ''

"ဆရာကြီးရေ မရဏယန္တရားနဲ့ ကျွန်တော်တို့နဲ့ တဖြည်းဖြည်းနဲ့တော့ နီးလာပါပြီ၊ မကြာခင်မှာ တွေ့ရမယ်လို့ စိတ်ထဲမှာ ထင်ထားပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

''အေးကွာ အဲဒီအချိန်တွေ အမြန်ဆုံးရောက်ပါစေလို့ ကျုပ်ဆုတောင်းပါတယ်''

ထိုသို့ပြောပြီးနောက် မှော်ဝင်မှန်ခုံးကလေးကို ဂဂါမောင်မောင်က ကောင်းစွာထုတ်လိုက်ပြီး လုံခြုံသည့်နေရာတွင် သိမ်းထားလိုက်သည်။ အားလုံး အိပ်ရာဝင်ကြပြီ၊ မကြာမီ ဟောက်သံများပင် ကြားနေရသည်။ ဂဂါမောင်မောင်မှာကား အိပ်၍မပျော်နိုင်သေးပေ။ မှော်ဝင်မှန်ခုံး၏ အလင်းရောင်ကိုကြည့်ပြီး

''ဒီနေရာနဲ့ မရဏာယန္တရားဟာ ဘယ်လောက် အကွာအဝေးမှာရှိသလဲ''

''ဒါမှမဟုတ် အဲဒီ မရဏာယန္တရားဟာ သခင်မလေးရဲ့ပစ္စည်းများ ဖြစ်နေမလား''

''သူ့ရဲ့ပစ္စည်းဆိုရင် မှော်ဝင်မှန်ခုံးကလေးကို ပြန်ပေးလိုက်မယ်ဆိုရင် သူ ဘယ်လောက် ဝမ်းသာသွားမလဲ''

''ဒါမှမဟုတ် အခြားသူရဲ့ပစ္စည်းဆိုရင် ငါတို့ရဲ့ဆက်ဆံရေးဟာ တင်းမာသွားမလား''

ဤသို့တွေးရင်း လားပေါင်းများစွာဖြင့် အိပ်မပျော်နိုင်အောင် ဖြစ်နေသည်။ နံနက်အရုဏ်ကျင်းချိန်လောက်မှ မှေးခနဲ အိပ်ပျော်သွားခဲ့သည်။



## အခန်း (၈)

## စောသုန္ဒရီနှင့်ဘိုးဘေးအနွယ်တော်များ

သူတို့အုပ်စုမှာ အိပ်လိုက်စားလိုက်နှင့် တစ်ပတ်ခန့်အချိန်ကုန်ခဲ့သည်။ နေရသည်မှာပင် ပျင်းရိလာခဲ့ပြီ။ သို့ဖြင့် နံနက်စာစားပြီးနေ့ခင်းအချိန်သို့ ရောက်ရှိလာခဲ့သည်။ သူတို့အုပ်စုလည်း တွေရာလေးပါး စကားပြောရင်း ဆရာကြီးက

''ကျုပ်တို့လည်း ဒီကိုရောက်နေတာ ဘာလိုလိုနဲ့ တစ်ပတ်တောင် ရှိပြီ၊ လာရင်းကိစ္စတောင် လမ်းပျောက်လုလုဖြစ်နေပြီ''

ဤသို့ပြောလိုက်ရာ စိုးသိန်းက

''ဟုတ်ပါတယ် ဆရာကြီး၊ သခင်မလေးကလည်း လာမတွေ့ဘူး၊ ပစ်ထားသလို ဖြစ်နေပြီ''

ညည်းညည်းညူညူ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဂဂ်ါမောင်မောင်က

"ဒီတစ်နေ့တော့ စောင့်ကြည့်ကြတာပေါ့၊ သူ အခေါ်မလွှတ်ရင်လည်း ကိုယ့်ဘာသာကြံဖန်ပြီး တွေ့အောင်လုပ်ရမှာပဲ"

"ဟုတ်တယ် ဆရာဂဂ်ါပြောတာ မှန်တယ်၊ ဒါနဲ့ သူတို့က ကျုပ်တို့ကို လာမတွေ့ဘဲ ဘာကြောင့်ပစ်ထားရတာလဲ၊ စဉ်းစားလို့ကို မရဘူး"

ဆရာကြီးက အားလျော့စွာဖြင့် ပြောလိုက်ရာ ဂဂ်ါမောင်မောင်က

"ဒါကတော့ ရှင်းပါတယ်၊ ကျွန်တော်တို့အုပ်စုဟာ သာမာန်နိုးရိုးမှုဆိုးတွေ မဟုတ်ဘူးဆိုတာ သူ သိပုံရတယ်၊ ဒါဟာ ကျွန်တော်တို့ရဲ့အခြေအနေကို စောင့်ကြည့်နေတာ"

ထိုအုပ်စုကို ဤသို့ပြန်ရှင်းပြလိုက်သောအခါမှ ဆရာကြီးက

"ဟာ သိပ်ဟုတ်တာပေါ့၊ သူတို့က ငါတို့ကို အကျယ်ချုပ်သဘောထားပြီး စောင့်ကြည့်နေတာပေါ့"

"ဒါပေမဲ့ ဒီနေ့မှာ သခင်မလေးက ကျွန်တော်တို့ကို ခေါ်တွေ့လိမ့်မယ်"

"ဆရာဂဂ်ါက ဘယ်လိုကြောင့် အတတ်ပြောနိုင်တာတုန်း"

"မနေ့ညက ဧည့်ဆောင်ကနေ အပြင်ကို လှမ်းကြည့်မိတယ်၊ အစောင့်တပ်သားတွေ ပြေးလွှားနေတာ တွေ့ရတယ်၊ တစ်ခုခုတော့ ထူးခြားတဲ့အမိန့်ပဲဟယ်လို့ ကျွန်တော် ထင်တယ်"





"ဟင် ဒါဆို ဆရာဂဂ်ါက ညက မအိပ်ဘဲစောင့်ကြည့်နေတာကိုး"

"ဟုတ်ပါတယ်"

ဤသို့ပြောနေစဉ် အစောင့်တပ်သား သုံးယောက် ဝင်လာပြီး

"သခင်လေးတို့အုပ်စုကို သခင်မလေးက အခေါ်လွှတ်လိုက်ပါတယ်"

ထိုသို့ပြောလိုက်ရာ ဆရာကြီးက ဂဂ်ါမောင်မောင်ဘက်သို့ လှည့်ကြည့်ပြီး

"ဆရာဂဂ်ါက ဗေဒင်ဟောစားရင် သူဌေးဖြစ်လောက်တယ်"

ဤသို့ လှမ်းပြောလိုက်ရာ ဂဂ်ါမောင်မောင်က

"ဒီလောက်လည်း မဟုတ်ပါဘူးဗျာ၊ တိုက်ဆိုင်မှုတစ်ရပ်ပါ။ ကဲ သခင်မလေးက အခေါ်လွှတ်တယ်ဆိုတော့ သွားတွေ့ကြတာပေါ့"

ဤသို့ပြောပြီး သခင်မလေးရှိရာသို့ လိုက်ပါသွားခဲ့ကြသည်။

ဟော သခင်မလေးကို တွေ့ပါပြီ။ သည်နေ့မှာတော့ အပြာရောင် ဝတ်စုံကလေးနှင့် လွန်စွာလိုက်ဖက်ပြီး လှချင်တိုင်းလှနေသည့် သခင်မလေးကို တွေ့လိုက်ရာ ဂဂ်ါမောင်မောင် ရင်ထဲတွင် အမျိုးအမည်မဖော်ပြနိုင်သော ဝေဒနာတစ်ခု ဖြတ်သန်းသွားခဲ့သည်။

ထိုစဉ် သခင်မလေးက

"ဧည့်သည်တော်ကြီးတို့ ကျန်းခန့်သာလို့ မာပါရဲ့လား"

ချိုသာသော အသံကလေးနှင့် စတင်နှုတ်ခွန်းဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ သခင်မ၊ ကျန်းခန့်သာလို့ မာပါတယ်"

ဂဂါမောင်မောင်က အားလုံးကိုယ်စား ဤသို့ဝင်၍ ဖြေပေးလိုက်သည်။

"သခင်မလေးမှာ တိုင်းရေးပြည်ရေးတွေ ရှိနေတဲ့အတွက် လုပ်ဆောင်နေရလို့ ညွှန့်သည်တော်ကြီးများကို ပစ်ထားသလို ဖြစ်နေတာ သခင်မလေးရဲ့ချို့ယွင်းချက်များ ဖြစ်နေသလားလို့ပါ"

"မဖြစ်ပါဘူး သခင်မလေး၊ ကျွန်ုပ်တို့ကို ဒီလိုကောင်းကောင်းမွန်မွန် စောင့်ရှောက်ထားတဲ့အတွက် ပြောမပြနိုင်အောင် ကျေးဇူးအထူးတင်ပါတယ်"

"ဒါဆိုရင်လည်း သခင်မ ဝမ်းမြောက်ပါတယ်"

"မှန်ပါ သခင်မ"

"ညွှန့်သည်တော်ကြီးတွေကို အခုလို ခေါ်ယူတွေ့ဆုံရတာ အကြောင်းရှိပါတယ်"

"မိန့်တော်မူပါ သခင်မ"

"အခု သခင်မတို့နေတဲ့နေရာဟာ ရွာကြီးတစ်ခုလို ဖြစ်ပေမယ့် တစ်ချိန်တုန်းက မြို့တော်ဟောင်းတစ်ခုဖြစ်လို့ သခင်မတို့လူစုဟာ အဲဒီမြို့တော်ဟောင်းကို စောင့်ရှောက်နေကြတယ်၊ ဒါပေမဲ့ ဟိုးတစ်ဖက် ကျေးရွာကြီးကလည်း ဒီမြို့တော်နဲ့အပြိုင်ရှိခဲ့တဲ့ မြို့တော်ဟောင်းတစ်ခုပဲ"

"မှန်ပါ သခင်မ"

"သခင်မ ဆက်ပြောပါ့မယ်၊ သူတို့က သခင်မတို့ရွာကို မကြာ





ခဏ အလစ်ဝင်ရောက် တိုက်ခိုက်တယ်၊ ဒါကို သခင်မတို့ဘက်က အမြဲစောင့်ကြည့်နေရတယ်၊ မနေ့ညကတောင် ထိပါးကျူးကျော်လို့ ရှိသမျှအင်အားနဲ့ တိုက်ခိုက်ခဲ့ရတယ်"

"မှန်ပါ သခင်မ"

"ညွှန့်သည်တော်ကြီးတွေကိုလည်း ဒုက္ခမပေးချင်ပါဘူး၊ ဒါပေမဲ့ ညွှန့်သည်တော်ကြီးတွေဟာ မုဆိုးတွေဆိုလို့ တိုက်ခိုက်ရေးမှာ ကျွမ်းကျင်မယ်လို့ ထင်မိပါတယ်၊ ဒါကြောင့် ညွှန့်သည်တော်ကြီးများ မပြန်ခင်မှာ သခင်မလေးတို့ရဲ့ ရဲမက်တွေနဲ့အတူ စစ်ကူတိုက်ပေးစေချင်ပါတယ်၊ အဲဒါ ဖြစ်နိုင်မဖြစ်နိုင် သိချင်ပါတယ်"

သခင်မလေး၏စကားအဆုံးတွင် ဂဂါမောင်မောင်က ရဲဝံ့စွာ ပြောလိုက်သည်။

"မှန်ပါ သခင်မလေး၊ သခင်မလေးရဲ့ အမိန့်ရှိသံကို ကြားရတာ ကျွန်ုပ်တို့အပေါ်မှာ ယုံကြည်စိတ်ချစွာဖြင့် ပြောလိုက်တဲ့စကားဖြစ်လို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်၊ ကျွန်ုပ်တို့အားလုံးကိုလည်း ကောင်းမွန်စွာဖိတ်ရင်း ခေါ်ရင်းလိုသဘောထားပြီး ကျွေးမွေးစောင့်ရှောက်တဲ့ ကျေးဇူးတရားလည်း ရှိပါတယ်၊ ဒါပေမဲ့ ကျွန်ုပ်တို့ဟာ လောကပါလသစ္စာကို စောင့်ကြတဲ့သူတွေဖြစ်လို့ အမှန်အမှား ခွဲခြားဝေဖန်နိုင်အောင် သခင်မလေးတို့ဘက်ကအကြောင်းနဲ့ သူတို့ ဘာကြောင့် ဒီလို ခြောင်းမြောင်းတိုက်ခိုက်ရသလဲဆိုတဲ့အကြောင်းရင်းအမှန်ကို သိချင်ပါတယ် သခင်မလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဧည့်သည်တော်ကြီးများဟာ လောကပါလ သစ္စာကို စောင့်ကြတဲ့သူတွေဆိုတော့ အမှန်တရားရဲ့ ဘက်တော်သားတွေလို့ ဆိုလိုလိုက်တာပေါ့ ဟုတ်ပါသလား"

"မှန်ပါတယ် သခင်မလေး"

"အိမ်း ကောင်းလေစွ ဒီလိုစိတ်ထားရှိတဲ့လူတွေနဲ့ တွေ့ဆုံခွင့်ရတာ သခင်မ ကံကောင်းတယ်လို့ မှတ်ယူပါတယ်၊ ဧည့်သည်တော်ကြီးများ ပြောကြားတဲ့စကား မှန်ပါတယ်၊ အမှန်အမှား ဘာမှမသိတဲ့ ဘယ်လိုလူကကူပြီး တိုက်ခိုက်ပေးမှာလဲ၊ သခင်မလေးက ဖြစ်ချင်ဖောမျှားသွားလို့ပါ၊ အမှန်တရားရဲ့ဖာတ်လမ်းကို ပြောပြရမှာပေါ့"

"မှန်ပါ သခင်မလေး ကျွန်ုပ်တို့ပြောမှား ဆိုမှားရှိရင် ခွင့်လွှတ်တော်မူပါ"

"ဧည့်သည်တော်ကြီးတို့မှာ အပြစ်မရှိပါဘူး"

"ကျေးဇူးအထူးတင်ပါတယ် သခင်မ"

"ကောင်းပါပြီ"

သခင်မလေးနှင့် ဂဂ်ါမောင်မောင်တို့အုပ်စုမှာ အပေးအယူမျှတစွာ စကားပြောဆိုခဲ့သည်။ ထို့နောက် သခင်မလေးကဆက်၍

"ဒီနေ့မှာ ဧည့်သည်တော်ကြီးများကို အထူးတလည် ပြသရန်ရှိပါတယ်"

"မှန်ပါ သခင်မလေး"

"အဲဒီနေရာကို သခင်မလေးကိုယ်တိုင် လိုက်လံပြသပါ့မယ်၊





ဒါမှသာလျှင် သခင်မလေးတို့ရဲ့ လုပ်ရပ်ဟာ အမှန်တရားလား၊ အမှားလားဆိုတာ ဝေခွဲနိုင်ပါလိမ့်မယ်"

ဂဂ်ါမောင်မောင်တို့အုပ်စုမှာ သခင်မလေး၏စကားကြောင့် အဘယ်နေရာကို ခေါ်သွားမလဲဟူသော စိတ်ဖြင့် စောင့်နေကြသည်။ သခင်မလေးက ဤသို့ပြောဆိုပြီးနောက် အစောင့်စစ်သားများအား ခေါ်ကာ

"သခင်မလေးတို့ မြို့ရိုးကိုသွားမယ့် ဝေါယာဉ်အဆင်သင့်ပြင်ပါ"

"မှန်ပါ သခင်မလေး"

"ဧည့်သည်တော်ကြီးများအတွက်ပါ ဝေါယာဉ်တစ်စီးဆီ အဆင်သင့်ပြုလုပ်ထားပါ"

"မှန်ပါ သခင်မလေး"

မကြာမီ ဝေါယာဉ်များရောက်ရှိလာသည့်အတွက် သခင်မလေးက ဝေါယာဉ်တစ်စီး၊ သူတို့အုပ်စုအတွက်က ဝေါယာဉ်တစ်စီးစီဖြင့် မြို့ရိုးဆီသို့ ထွက်ခဲ့ကြသည်။ လမ်းခရီးတစ်လျှောက်တွင် တဲအိမ်စုကလေးများကို တွေ့ရှိရပြီး ရွာသူရွာသားများက သခင်မနှင့်သူတို့၏ ယာဉ်တန်းအား ထွက်၍ အရိုအသေပေးနေသည်ကို တွေ့ရှိရသည်။ ထိုသူများကိုကြည့်လိုက်ရာ အားလုံးမှာ အိန္ဒိယမျိုးနွယ်စုများနှင့် အလွန်တူပေသည်။ ဂဂ်ါမောင်မောင်၏စိတ်ထဲတွင်

"သခင်မလေးဟာ မြန်မာလူမျိုးတစ်ယောက်လို့လည်း ပြော



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူ့ရဲ့ယောက်ျားတွေက ဘာကြောင့် အိန္ဒိယလူမျိုးတွေ ဖြစ်နေရတာလဲ၊ တစ်ခုခုတော့ ထူးခြားတာယ်''

ဤသို့တွေးရင်း ရွာအတွင်းရှိ ရှုခင်းများကို ကြည့်ရှုရင်း တဖြည်းဖြည်း မြို့ရိုးအနီးသို့ ရောက်ရှိလာခဲ့သည်။ ထိုမြို့ရိုးကို တွေ့မြင်ရသောအခါ ဂဂါမောင်မောင်တို့အုပ်စုမှာ လွန်စွာ အံ့အားသင့်သွားခဲ့သည်။

''ဟာ ဒီမြို့ရိုးဟာ မန္တလေးမြို့ရိုးနဲ့ တော်တော်တူပါလား''

ဂဂါမောင်မောင်က ဤသို့စိတ်ထဲမှ ရေရွတ်မိသည်။

ထို့နောက် ဝေါယာဉ်မှာ မြို့ရိုးအနီး၌ ရပ်တံ့လိုက်သည်။ သခင်မလေးနှင့်တကွ သူတို့အုပ်စုပါ ဝေါယာဉ်ပေါ်မှ ဆင်းလိုက်သည်။

ဤနေရာမှာ တောင်ကုန်းအမြင့်ပေါ်တွင် တည်ထားသဖြင့် အမြင့်မှစီး၍ ကြည့်ရသကဲ့သို့ ရှုခင်းများစွာကို ကောင်းစွာမြင်တွေ့ရသည်။ သခင်မလေးသည် ကုန်းမြင့်တစ်နေရာတွင် မတ်တပ်ရပ်လိုက်သောအခါ သူမ၏အဝတ်အစားများမှာ လေထဲတွင် တဖျပ်ဖျပ် လွင့်နေသည်။ ဂဂါမောင်မောင်မှာ သခင်မလေးကိုကြည့်ရင်း ရာဇဝင်ထဲသို့ ရောက်နေသလားဟူ၍ပင် ထင်မှတ်မိသည်။

''ဧည့်သည်တော်ကြီး ဂဂါမောင်မောင် သခင်မလေးဟာ မြန်မာလူမျိုးဖြစ်ပြီး ဒီအရပ်မှာ ဘယ်လိုကြောင့်နေရတယ်ဆိုတာသိချင်လိမ့်မယ်လို့ ထင်ပါတယ်''

ဂဂါမောင်မောင်ကို အတူးပြု၍ ပြောလိုက်သည့်အတွက် ဂဂါမောင်မောင်က





''မှန်ပါတယ် သခင်မလေး သိခွင့်ရရင် သိချင်ပါတယ်''

''ဒါဆိုရင် ဒီမြို့ရိုးကို ကြည့်လိုက်ပါ၊ ပစ္စင်ရင်၊ သူ့ရဲ့ စတဲ့ပုံစံတွေဟာ ရတနာပုံနေပြည်တော်ရဲ့ မြို့ရိုးအတိုင်း ပြုလုပ်ထားခြင်းဖြစ်ပါတယ်''

''မှန်ပါတယ် သခင်မလေး ကျွန်ုပ်လည်း ဒီမြို့ရိုးကိုကြည့်ပြီး အံ့အားသင့်မိပါတယ်''

''အဲဒါကတော့ သခင်မလေးတို့ဆီက လူအချို့ကို ရတနာပုံနေပြည်တော်ကို လွှတ်ပြီး အကြည့်ခိုင်းရတယ်၊ နောက်ပြီး ဒီပုံစံအတိုင်း ပြန်လည်တည်ဆောက်ထားတာပါ''

''မှန်ပါ သခင်မလေး မြို့ရိုးကိုကြည့်တာနဲ့တင် မြန်မာမှု မြန်မာဟန်တွေဖြစ်လို့ မြန်မာလူမျိုးဖြစ်တယ်ဆိုတာ ယုံကြည်ပါတယ်၊ သခင်မလေးဟာ မည်သည့်အနွယ်တော်ဖြစ်ပြီး မည်သို့မည်ပုံ ဤအရပ်၌ စံနေတာကိုလည်း သိချင်ပါတယ်''

''ပြောရမှာပေါ့ ကိုယ့်လူမျိုးတွေနဲ့ တွေ့တဲ့အခါ သခင်မလေးတို့ရဲ့ အနွယ်တော်ကအစ အားလုံးပြောပြပါ့မယ်''

''မှန်ပါ သခင်မလေးဟာ ကျွန်းဦးကျောက်ဖြူမှာနေခဲ့တဲ့ 'စိတ္တရလက်ာရရဲ့ အနွယ်တော်' ပဲဖြစ်ပါတယ်''

''ဩော် သခင်မလေးက 'ကျွန်းဦးကျောက်ဖြူရဲ့အနွယ်တော်' ကိုး''

''ဟုတ်ပါတယ် အဲဒီအဖြစ်အပျက်ကတော့ နှစ်ပေါင်းများစွာ



www.burmeseclassic.com

www.burmeseclassic.com



ကြာခဲ့ပါပြီ၊ ဒါပေမဲ့ သခင်မလေးတို့ဟာ ဘိုးဘေးတို့ရဲ့ ဘူတာဝါဟာန အတတ်ကို လျှို့ဝှက်စွာ ထိန်းသိမ်းထားရသူပါ၊ အဲဒါကို တစ်ဖက်မှာရှိတဲ့ ရွာဟာ ရှေးအဆက်ဆက်ကတည်းက ရာဇဝင်ကြွေးရှိတဲ့ ရန်သူရွာပေါ့၊ အဲဒီရွာမှာ ဒီရွာတစ်ရွာလုံးသာမက တောတောင်တွေပါ ဖျက်ဆီးနိုင်တဲ့ မရဏာယန္တရားကြီး ရှိတယ်''

''သခင်မလေး မရဏာယန္တရားဆိုတာ ဘာပါလဲ ရှင်းပြပါဦး''

''မရဏာယန္တရားဆိုတာ တိုက်ခိုက်ရေးမှာ အင်မတန် အစွမ်းထက်တဲ့ လက်နက်ဆန်းတစ်မျိုးပါ၊ အဲဒါကို အိန္ဒိယဘူတာဝါဟာန ပညာရှင်တစ်စုက တည်ဆောက်ထားတာပါ၊ အဲဒီ ယန္တရားအကြောင်းကို အိန္ဒိယနယ်မှာရှိတဲ့လူအတော်များများ သိကြပါတယ်၊ အဲဒီယန္တရားကို လိုက်ရှာကြတဲ့အဖွဲ့တွေ အများကြီးပဲ၊ ဒါပေမဲ့ အဲဒီရွာရော ဒီရွာပါ လျှို့ဝှက်လမ်းက သွားမှ ရောက်တာဖြစ်လို့ အခုထက်တိုင်အောင် ရှာမတွေ့ကြဘူး''

''ဒါဆိုရင် ဒီကလူတွေကရော အိန္ဒိယတို့ မြန်မာပြည်ဘက်တို့ သွားကြသလား''

''သွားကြပါတယ် ဒါပေမဲ့ လျှို့လျှို့ဝှက်ဝှက်နဲ့ပဲ သွားကြတာပါ၊ ပေါ်ပေါ်ထင်ထင်တော့ မသွားကြပါဘူး''

''ဒီလိုဆိုရင် မရဏာယန္တရားဟာ ကြောက်မက်ဖွယ် လက်နက်ဆန်းလို့ ဆိုလိုပါသလား''

''သိပ်မှန်ပါတယ်၊ ဂါမောင်မောင် ဒီလက်နက်ဆန်းဟာ ပထမ





ဦးဆုံး သခင်မလေးတို့ရဲ့ရွာကို ဒုက္ခပေးမှာအမှန်ပဲ၊ ဒါပေမဲ့ ဘိုးဘိုးက ပြောတော့ ဒီရွာကို ဒုက္ခပေးရင် သူတို့ရွာလည်း ပျက်မယ်လို့ ပြောတာပဲ''

''တကယ်တော့ တစ်ယောက်ကိုတစ်ယောက် ဒုက္ခမပေးဘဲ ငြိမ်းချမ်းစွာ နေတာ မကောင်းဘူးလား သခင်မလေး''

''ဂါမောင်မောင် ပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ သူတို့ဘက်က ခေါင်းဆောင် သျှန်သီသခင်မဟာ သခင်မလေးတို့ရဲ့ မြို့တော်ဟောင်းကို တော်တော် ပျက်စီးစေချင်နေတဲ့ပုံရတယ်၊ ဒါကလည်း အခုမှဖြစ်လာတာ မဟုတ်ဘူး၊ ဟိုးရှေးအခါကတည်းက ရန်သူတွေပဲ''

''မှန်ပါ သခင်မလေး''

''သခင်မလေးကတော့ ဘယ်သူနဲ့မှလည်း အမုန်းမပွားချင်ပါဘူး၊ ဘယ်သူနဲ့မှလည်း စစ်မဖြစ်ချင်ပါဘူး၊ ဘိုးဘိုးတို့ တတ်ကျွမ်းထားတဲ့ ဘူတာဝါဟာန အတတ်ပညာကို မြန်မာတစ်မျိုးသားလုံးကို သင်ပေးချင်တာပါ''

''မှန်ပါ သခင်မလေး''

''ဒါပေမဲ့ မြန်မာနိုင်ငံဟာ တိုင်းတစ်ပါးတွေရဲ့ လက်အောက်မှာ ရောက်နေမှတော့ ဒီပညာရပ်ကို လျှို့ဝှက်ထားရဦးမှာပဲ''

''သခင်မလေး အမိန့်ရှိတာ အမှန်ပါပဲ၊ ကျွန်ုပ်တို့ဟာ တိုင်းတစ်ပါးသားတွေရဲ့ လက်အောက်မှာ ကျွန်သဘောက်ဘဝ ရောက်နေတဲ့အတွက် ဘာမှလုပ်ပိုင်ခွင့်မရှိတော့ အရမ်းနစ်နာပါတယ် သခင်မလေး''

''မှန်ပေတယ် ဂါမောင်မောင် သခင်မလေးလည်း မြန်မာပြည်



www.burmeseclassic.com

www.burmeseclassic.com



ကို အမြန်ဆုံး လွတ်လပ်ရေးရစေချင်ပါတယ်''

"မှန်ပါ့ သခင်မလေး ဒီအကြောင်းတွေကို သခင်မလေး သိတယ် မဟုတ်လား''

"သိပါတယ် ဒီကိစ္စတွေက ကိုယ်မလုပ်ဆောင်နိုင်တဲ့ကိစ္စတွေပဲ၊ အခုအကြောင်းကတော့ သခင်မလေးတို့ရဲ့အကြောင်းကိုပဲ ပြောကြတာပေါ့၊ သခင်မလေးတို့ရဲ့အကြောင်းဖြစ်တဲ့ ကျွန်းဦးကျောက်ဖြူဟာ မြန်မာပြည်ရဲ့အနောက်ဘက်မှာ တည်ရှိပါတယ်''

ဤသို့အစချီကာ သခင်မလေး၏အနွယ်တော်များအကြောင်းကို အံ့သြဖွယ်ရာ ကြားသိခဲ့ရပါသည်။

■ ■ ■



## အခန်း (၉)
## ကျွန်းဦးကျောက်ဖြူမှ ဘုတ္တာဝါဟနပညာရှင်

ကျွန်းဦးကျောက်ဖြူ ... တဲ့။

အမည်ကလေးက ဆန်းသလို ရေးကဖြစ်ပျက်ခဲ့သော ဖြစ်ရပ်များကလည်း ဆန်းကြယ်လွန်းလှသည်။ ကျောက်ဖြူမြို့ကလေးကို ရှေးအခါက ကျွန်းဦးကျောက်ဖြူဟု ခေါ်ခဲ့ကြသည်။ ၎င်းမြို့ကလေးသည် ရခိုင်ကမ်းရိုးတန်းအနီးရှိ ရမ်းဗြဲကျွန်း၏ မြောက်ပိုင်းတွင် တည်ရှိသော ပင်လယ်ဆိပ်ကမ်းမြို့ကလေးတစ်မြို့ ဖြစ်သည်။ ကျွန်းဦးကျောက်ဖြူကား နယ်နယ်ရရ မဟုတ်။ အတိတ်တဘောင် ရှိခဲ့သည့်မြို့ဖြစ်သည်။

အတိတ်တဘောင်ကား ...။

"ကျွန်းဦးကျောက်ဖြူကမ်းနဖူး–ဘီလူးဆောင့်ကြောင့်ထိုင်လတ္တံ့''



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေသည်။ ဤကျွန်းဦးကျောက်ဖြူနှင့် ဆက်စပ်နေသော အရာမှာ ကျောက်ဖြူမြို့၏အနောက်ဘက် သုံးမိုင်ခန့်အကွာအဝေးရှိ ကျောက်တစ်လုံးဘုရားပင်ဖြစ်သည်။ ဤအတိတ်တဘောင်နှင့် ပတ်သက်သော ရာဇဝင်သမိုင်းကြောင်းများသည် ရှေးအခါက အမှန်တကယ် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်ဆန်းကြယ်များပင် ဖြစ်ပေသည်။

ကျွန်းဦးကျောက်ဖြူမှ သုံးမိုင်ခန့်အကွာအဝေးသို့သွားသော် ပင်လယ်ကမ်းခြေအနီး မြောက်မှတောင်သို့ သွယ်တန်းနေသော "လောင်းတပေါက်"တောင်တန်းကြီးကို တွေ့ရှိရပေမည်။ ထိုမှ မြောက်ဘက်အစွန်းသို့ ဆက်၍သွားသော် ကျောက်သားကျောက်စိုင်များကို ဂူအဖြစ် ထွင်းထုထားသော ကျောက်တစ်လုံးဂူဘုရားရှိပါသည်။

ထိုဂူဘုရားမှာ အလျားပေ လေးရာခန့်ရှိပြီး အမြင့်ပေ (၁၅-၂၀)ပေခန့်ရှိသည်။ ဂူပေါက်ပေါင်း ငါးဆယ့်လေးပေါက်ရှိသည်။ ဤဘုရားကို မင်းဗာကြီးက တည်တော်မူသည်။ ကျွန်းဦးကျောက်ဖြူ ကမ်းနဖူးဘီလူးဆောင့်ကြောင့်ထိုင်လတ္တံ့ဟူသော အတိတ်တဘောင်နှင့် ညီညွတ်စေရန် ဤဘုရား၏မုခ်ဦးတွင် ဟေမဝန္တနတ်ဘီလူးရုပ်တုနှစ်ခုကို ထုဆစ်ပြုလုပ်ပေးခဲ့သည်။

ရမ်းဗြဲကျွန်းကို အပေါ်ကစီးပြီးကြည့်လိုက်လျှင် ဟင်္သာတစ်ကောင် ရေကူးခတ်နေပုံရသည်။ ရမ်းဗြဲကျွန်း မြောက်ဖျားမှာရှိသော ကျောက်ဖြူမြို့သည် ဟင်္သာတစ်ကောင်၏ အမြီးပိုင်းနှင့်တူလေသည်။ ကျောက်နီမော်ရွာအနီး၌ ကလိန်တောင်မြစ်ရှိပြီး ထိုမြစ်ရေပြင်သည်





ရှေး အခါက 'ကလိင်္ဂရာဇ်'တိုင်းပြည်တစ်ပြည် ဖြစ်ခဲ့သည်။

ထိုတိုင်းပြည်တွင် ကလိင်္ဂရာဇ်မင်းကြီး အုပ်စိုးပြီး ၎င်းဆည်းကပ် ကိုးကွယ်သောဆရာမှာ ဈာန်အဘိညာဉ်ရသော ရှင်ရသေ့ကြီး 'ရှင်ကာလိန္ဒ' ဖြစ်သည်။ မင်းကြီးသည် မိမိတိုင်းပြည်ကို အခြားတစ်ပါးသော တိုင်းပြည်များမှ ရန်ပြုမည်စိုးသဖြင့် ရှင်ရသေ့ကြီးအား ဤသို့ လျှောက်ထားတော်မူခဲ့သည်။

"အရှင်ဘုရား တပည့်တော်ရဲ့ တိုင်းပြည်ကို အခြားတိုင်းပြည်ကမင်းများက ကျူးကျော်တိုက်ခိုက်ခြင်း စတဲ့ စစ်မက်အင်္ဂါမဖြစ်ပွားရအောင် တားဆီးပေးတော်မူပါဘုရား"

"အိမ်း ဒကာတော် ရေမြေရှင် စစ်ဟူသည်ကား သေကြေပျက်စီးခြင်းတို့ဖြင့် ယှဉ်တွဲနေ၏။ ဤသို့သော အနိဋ္ဌာရုံကို ရှင်ရသေ့ကြီး ကိုယ်တိုင်လည်း အလိုမရှိပေ၊ ဒီအတွက် စစ်မက်မဖြစ်ပွားအောင် ရှင်ရသေ့ကြီး တတ်မြောက်ကျွမ်းကျင်သော ပညာရပ်နဲ့ ကာကွယ်ပေးပါ့မယ်၊ ဒါ့အပြင် ဒီတိုင်းပြည်ကြီး အေးချမ်းအောင် မေတ္တာဓာတ်လွှမ်းခြုံပေးပါမယ်"

ရှင်ရသေ့ကြီးသည် ထိုတိုင်းပြည်ကြီးကို ရန်သူများကျူးကျော်ခြင်း မပြုနိုင်စေရန် အရံအတားများ စီမံထားပြီး တိုင်းသူပြည်သားများ အေးချမ်းစေရန် မေတ္တာပို့သ ဆုတောင်းခဲ့သည်။ ရှင်ရသေ့ကြီး၏မေတ္တာစွမ်းအင်ကြောင့် ထိုကလိင်္ဂရာဇ် တိုင်းပြည်ကြီးမှာ အေးချမ်းသာယာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် စိတ္တရလက်ာရ အမည်ရသော သူဌေးသားတစ်ယောက်သည် တက္ကသိုလ်ပြည်ကြီးရှိ ဒိသာပါမောက္ခ ဆရာကြီးထံသို့ ရောက်ရှိလာခဲ့သည်။ သူသည် နဂိုကပင် ထူးခြားဆန်းကြယ်သောအရာကို တတ်မြောက်လိုသည့်အလျောက် အခြားမင်းသားများကဲ့သို့ သာမန်အတတ်ပညာကို မသင်ကြားဘဲ အခက်ခဲဆုံး အတတ်ပညာဖြစ်သည့် ဘူတာဝါဟန အတတ်ပညာ (သို့မဟုတ်) စက်ယန္တရားများ လက်နက်ဆန်းများကို လုပ်ဆောင်နိုင်သော အတတ်ပညာဖြစ်သည့် 'စက္ကောမ' ပညာရပ်ကို သင်ကြားခဲ့ရာ ထူးချွန်စွာ သင်ကြားတတ်မြောက်ခဲ့သည်။

စိတ္တရလက်ာရသည် ထိုပညာရပ်ကို တတ်မြောက်ပြီးနောက် ကလိင်္ဂရာဇ်တိုင်းပြည်သို့ ရောက်ရှိလာခဲ့သည်။ ထိုတိုင်းပြည်တွင် သူတတ်မြောက်သည့် ပညာရပ်ဖြင့် အလုပ်လုပ်မည်ဟု တွေးတောကြံစည်ပြီး အလုပ်ရှာခဲ့သည်။ ထိုစဉ် ထိုတိုင်းပြည်၏ဝန်ကြီးတစ်ဦးဖြစ်သော သေနတ်ဝန်နှင့် တွေ့ဆုံရင်းနှီးပြီး သေနတ်ဝန်က သူ့အားအိမ်မှာ ခေါ်ထားခဲ့သည်။ ထိုအခါ သေနတ်ဝန်၏သမီးဖြစ်သူ စောဥမ္မာနှင့် တစ်အိမ်တည်း အတူနေခဲ့ကြသည်။

"နှမလေး စောဥမ္မာရယ်၊ မင်းကလေးက ရုပ်ရည်ကလည်းချောတယ်၊ အပြောအဆိုကလည်း နူးညံ့သိမ်မွေ့တယ်၊ မောင်ကြီးလိုတပြည်သားမှာ နှမလေးအနားက ဘယ်လိုမှ မခွာနိုင်တော့ဘူး"

"မောင်ကြီးကတော့ စားကောင်းအောင် မြှောက်ပင့်ပြောဆို





နေပြန်ပါပြီ"

"အဟုတ်တကယ် ပြောတာပါ နှမလေးရယ်၊ နှမလေးကို တစ်နေ့တစ်ရက်မှ ခွဲမနေနိုင်လို့ ဒီတိုင်းပြည်မှာ အလုပ်လုပ်ပြီး ဒီအိမ်မှာပဲ တစ်သက်လုံး နေသွားတော့မယ်"

"မောင်ကြီးရယ် မောင်ကြီးလို ရှားပါးတဲ့ပညာရှင်ဖြစ်တဲ့ ဘူတာဝါဟန ပညာကို တတ်မြောက်တဲ့လူဟာ အလုပ်မရှားပါဘူး၊ နောင်အလုပ်ရပြီး ငွေများများရလာတဲ့အခါကျမှ နှမလေးကို မေ့မသွားပါနဲ့ မောင်ကြီးရယ်"

"အဲဒီလို စကားမျိုး မပြောပါနဲ့ နှမလေးရယ်၊ နှမလေး စိတ်ဆိုးမှာစိုးလို့ ဖွင့်မပြောရဲလို့ပါ၊ တကယ်တော့ မောင်ကြီးဟာ နှမလေးကို စစတွေ့ချင်းကတည်းက ချစ်မေတ္တာရှိခဲ့တာပါ"

"အို မောင်ကြီးကလည်း ရှက်စရာကြီး"

သူမက ရှက်ပြုံးကလေး ပြုံးပြီး တစ်ဖက်သို့ လှည့်သွားရာ သူက သူမဆီသို့သွားပြီး သူမ၏ရှေ့တည့်တည့်၌ရပ်ကာ

"နှမလေးရယ် တစ်ဦးနဲ့တစ်ဦး ချစ်မေတ္တာရှိတယ်ဆိုတာ ရှက်စရာမဟုတ်ပါဘူး၊ ကမ္ဘာဦးအစကတည်းက လူသားတွေရဲ့ နှလုံးသားမှာ ချစ်ခြင်းမေတ္တာ ရှိခဲ့တာပါ၊ အခုလည်း မောင်ကြီးဟာ နှမလေးကို အမှန်တကယ် မေတ္တာစစ်နဲ့ ချစ်တာပါ၊ နှမလေးကလည်း မောင်ကြီး အပေါ်မှာ ဘယ်လိုသဘောထားသလဲဆိုတာ သိချင်ပါတယ်"

"အို မောင်ကြီးကလည်း မဖြေရဲပါဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးမှာ တစ်အိမ်တည်း၌ အတူနေရကား မစွန်းရင်းကလည်းရှိ ကန့်စွန်းခင်းကလည်း ငြိဆိုသကဲ့သို့ တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင်ကာ ချစ်သူများအဖြစ်သို့ ရောက်ရှိခဲ့ကြသည်။ သေနတ်ဝန်ကြီးသည် စိတ္တရလက်ာရကို ခင်မင်သည့်အလျောက် ၎င်း၏ပညာစွမ်းရည်ထက်မြက်ပုံကို ဘုရင်ကြီးအား လျှောက်တင်ကာ အလုပ်ရရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့သည်။

"အရှင်မင်းကြီး ကျွန်တော်မျိုးဟာ စက္ကောမပညာရှင်တစ်ယောက်နဲ့ ခင်မင်ရင်းနှီးခဲ့ပါတယ်၊ အဲဒီပညာရှင်ဟာ ကြီးကျယ်ခမ်းနားပြီး လှပတဲ့နန်းတော်ဆောင် အခန်းခမ်းများကို ဆောက်နိုင်ရုံသာမကဘဲ လက်နက်ဆန်းအမျိုးမျိုးကိုလည်း တီထွင်ပြုလုပ်နိုင်စွမ်း ရှိပါတယ်ဘုရား"

"ဒီလိုပညာရှင်မျိုး ဒီတိုင်းပြည်ကို ရောက်ရှိလာခြင်းဟာ မင်းကြီးအတွက် အင်မတန် အကျိုးပြုမယ့် ပုဂ္ဂိုလ်ဖြစ်တယ်၊ ဒီတော့ အဲဒီပညာရှင်ကို မင်းကြီးထံသို့ မနက်ဖြန်မှာ အခစားဝင်ဖို့ ခေါ်လာခဲ့ပါ သေနတ်ဝန်မင်း"

"မှန်ပါ့ဘုရား"

သူသည် မင်းကြီးထံသို့ဝင်ရောက်ခစားပြီး စက္ကောမပညာရပ်များကို ပြသခဲ့ရာ မင်းကြီးက သဘောကျပြီး စက္ကောမဆရာကြီး ဘွဲ့တံဆိပ်ခပ်နှိပ်ကာ ခန့်ထားလိုက်သည်။ သည့်အတွက် နန်းတော်၌ တစ်ပတ်ခန့် ကြာသွားခဲ့သည်။





မင်းကြီးက သူ့အား ဘုံခုနစ်ဆင့်ပါသော လှပဆန်းကြယ်သည့် မိဖုရားကြီးအဆောင်တစ်ခုကို ဆောက်လုပ်ပေးရန် အမိန့်တော် ချမှတ်ခဲ့သည်။ သူသည် မင်းကြီး၏အမိန့်ကို လက်ခံပြီးနောက် အားရဝမ်းသာစွာဖြင့် စောဉမ္မာထံသို့ အပြေးအလွှား ရောက်လာခဲ့သည်။

"နှမတော်လေး နှမတော်လေး မောင်ကြီး အလုပ်ရခဲ့ပြီ၊ မင်းဝမ်းမသာဘူးလား နှမတော်လေး"

"ဘာအလုပ်များလဲ မောင်ကြီးရယ်"

"မင်းကြီးက မောင်ကြီးတတ်မြောက်တဲ့ ပညာတွေကို စစ်ဆေးပြီးတော့ ဘုံခုနစ်ဆင့်ပါတဲ့ နန်းမဆောင်ကြီးကို ဆောက်ရမယ်တဲ့၊ အဲဒီအဆောင်ကြီးဆောက်ပြီးရင် ဆုတော်ငွေ အမြောက်အမြား ချီးမြှင့်မယ်တဲ့၊ အဲဒီ ဆုတော်ငွေတွေ ရရှိလာတဲ့အခါမှာ နှမလေးကို တောင်းရမ်းယူပြီး မောင်ကြီးတို့ တစ်အိုးတစ်အိမ် ထူထောင်ကြတာပေါ့ နှမလေးရယ်၊ မင်းမပျော်ဘူးလား"

"မောင်ကြီးရယ် နှမလေး မပျော်နိုင်တော့ပါဘူး၊ မောင်ကြီး အလာကောင်းပေမယ့် အခါနှောင်းခဲ့ပါပြီ မောင်ကြီးရယ်"

"နှမလေး ဘယ်လိုစကားမျိုးကို ဆိုလိုက်တာလဲ၊ အခုအချိန်မှာ ပျော်ရွှင်ရမယ့်အစား ဘာကြောင့် အခါနှောင်းတယ်လို့ ပြောလိုက်တာလဲ"

"မောင်ကြီး နားလည်အောင် ရှင်းပြပါမယ် မောင်ကြီးရယ်၊ လွန်ခဲ့တဲ့ ငါးရက်ခန့်က မင်းကြီးဟာ ဥယျာဉ်တော်ထဲကို ကြွလာမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့အတွက် နှမလေးအပါအဝင် ဝန်ကြီးများရဲ့သမီးတော်တွေဟာ ဥယျာဉ်တော်ထဲမှာစောင့်ပြီး ပန်းကုံးများ ဆက်သရပါတယ်၊ အဲဒီလို ပန်းကုံးများ ဆက်သတဲ့အခါမှာ နှမတော်လေးကို မင်းကြီးတွေ့သွားပြီး စုံမက်တော်မူသွားတဲ့အတွက် အခု အိမ်ရှေ့မှာ သဲဖြူခင်း ရာဇမတ်ကာလို့ မိဖုရားအဖြစ် ကောက်တော်မူပါလိမ့်မယ် မောင်ကြီး၊ မောင်ကြီး အခုဆောက်မယ့် နန်းမဆောင်ဟာ နှမလေးနဲ့ မင်းကြီးတို့ ရွှေလက်တွဲ ချစ်ပွဲဝင်ဖို့ပါ မောင်ကြီး''

''အောင်မလေး ရက်စက်လိုက်တာ နှမလေးရယ်၊ မင်းရဲ့ပါးစပ်ကပြောထွက်လေခြင်း၊ မောင်ကြီးမှာတော့ ဒီစကားကြားရတာ အမြောက်နဲ့ပစ်သလို ရင်နှစ်ခြမ်းဖြန်းဖြန်းကွဲကာ အခုပင် သေပွဲဝင်လိုက်ချင်ပါရဲ့ နှမလေးရယ်''

''မောင်ကြီးရယ် နှမလေးလည်း ဒီသတင်းကိုကြားလျှင်ကြားခြင်း ရွှေရင်ဆို့လို့ လဲပြိုမတတ်ဖြစ်ကာ မှိုင်တွေကာ နုံးရချည်ရဲ့ မောင်ကြီးရယ်၊ အခု ဘယ်လိုလုပ်ကြမတုန်း''

ဤသို့ပြောပြီး တစ်ဦးကိုတစ်ဦး ဖက်၍ငိုခဲ့ကြသည်။

''နှမလေးရယ် မောင်ကြီးတို့နှစ်ဦးရဲ့ကံက ဆိုးလွန်းပါတယ်၊ တစ်ယောက်နဲ့တစ်ယောက် မေတ္တာစစ်နဲ့ ချစ်တာတောင် ဘာဖြစ်လို့ အခက်အခဲ အတားအဆီးတွေက များနေရတာလဲ၊ ဒီအခက်အခဲကို မောင်ကြီးတို့ ကျော်နိုင်မှာမဟုတ်ဘူး''

''ဟုတ်ပါတယ် မောင်ကြီးရယ်၊ မောင်ကြီးရဲ့နောက်ကို နှမလေး





နိုးရာလိုက်ပြေးရင်လည်း သခင်ကြီးဟာ အမျက်တော်ရှခံရပြီး အသတ်ခံရမယ်၊ နှစ်ဦးစလုံး သတ်သေရင်တောင် မိဖုရားလောင်းကို မကာကွယ်နိုင်ဘူးဆိုပြီး သခင်ကြီးကို သတ်လိမ့်မယ်''

''ဟုတ်ပါတယ် နှမလေးရယ်၊ ဒီဘဝအတွက်တော့ မောင်ကြီးတို့ လက်လျှော့ရမယ့် ဘဝပါ''

''နှမလေးတို့ဘဝက ဘယ်ဘဝက ဆုတောင်းကြောင့် ဒီလောက် ဆိုးရတာလဲ''

''မတတ်သာတော့ ကံကိုသာ ရိုးမယ်ဖွဲ့ရတော့မှာပေါ့၊ နှမလေးဟာ ဘုရင်ကတော်ကောက်တဲ့အတွက် မိဖုရားဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူးနဲ့ ရွှေနန်းတော်ကြီးမှာ ပျော်ပျော်သာ စံရစ်ပါတော့၊ မောင်ကြီးလည်း အခု လက်ခံလာတဲ့ နန်းမဆောင်ကြီး ဆောက်ပြီးတာနဲ့ ဒီတိုင်းပြည်က ထွက်ခွာသွားပါတော့မယ်''

''မောင်ကြီးရဲ့စကားကို ကြားရတာ နှမလေး ရွှေရင်ကွဲရချည်ရဲ့ မောင်ကြီးရယ်''

''လူမတန်တော့ ကံကိုသာ လွှဲချလိုက်ပါတော့၊ ဒီဘဝ ဒီမျှသာပဲ မှတ်ယူပါ့မယ်''

သူတို့နှစ်ဦးသည် မဖြစ်နိုင်တော့မှန်းသိသည့်အတွက် ရင်နာနာနှင့်ပင် စိတ္တလက်ာရမှာ ထိုအိမ်မှ ထွက်ခွာသွားခဲ့သည်။ မကြာမီအချိန်အတွင်း မင်းကြီးသည် စောဥမ္မာကို ခမ်းနားကြီးကျယ်စွာ မင်္ဂလာသဘင်ပွဲ ဆင်နွှဲခဲ့သည်။ စိတ္တရလက်ာရလည်း အသည်းနှလုံးကို ကြိမ်မီးအုံးသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



သို့ ပူလောင်ပြင်းပြစွာ ခံစားခဲ့ရသည်။

သို့သော် သူသည် မင်းခယောက်ျားဖြစ်နေသည့်အတွက် မင်းကြီး ဆောက်လုပ်ခိုင်းထားသော နန်းမဆောင်ကို စတင်ဆောက်ခဲ့ရသည်။ ထိုသို့ နန်းမဆောင် ဆောက်လုပ်နေစဉ်အတွင်း ထူးဆန်းသော လက်နက်များကို တီထွင်ပေးရန် မိန့်တော်မူသဖြင့် လက်နက်ဆန်းများကိုလည်း ပြုလုပ်ပေးခဲ့ရသည်။ မင်းကြီးသည် စက္ကောမဆရာကြီး၏ ပညာအရည်အချင်းကို သိသွားပြီး လွန်စွာသဘောကျကာ ဆုတော်ငွေများ ဆုချခဲ့သည်။

“စက္ကောမဆရာကြီး ထူးဆန်းသော စစ်လက်နက်တွေ တီထွင်ပေးတာကတော့ မှန်ပါတယ်၊ စစ်လက်နက်ကိုင်တွယ် ပစ်ခတ်နည်းများကိုလည်း သင်ကြားပေးပါ”

သူသည် လက်နက်ဆန်းများကို ကိုင်တွယ်ပစ်ခတ်နည်းသာမက စစ်ထိုး စစ်တိုက်နည်း ပရိယာယ်များကိုပါ သင်ကြားပေးသဖြင့် မင်းကြီးမှာ များစွာနှစ်ထောင်းအားရ သဘောကျခဲ့သည်။ မင်းကြီးက

“အိမ်း ဒီလက်နက်ဆန်းတွေနဲ့သာ တိုက်ခိုက်ရရင် ဘယ်လို ခေါ်ယဏီတပ်ကြီးပင်ဖြစ်ပါစေ သင်းတို့ အရှုံးနဲ့ရင်ဆိုင်ရမှာ၊ ဒါဟာ ငါ့ မှာစက္ကောမဆရာကြီး ရှိနေလို့ ဆရာကြီးဟာ ငါ့အတွက် အင်အားပဲ”

ထိုသို့ မိန့်တော်မူလိုက်ရာ အနီးအပါးတွင် ခစားနေသော ပုဏ္ဏားတော်ကြီးသည် စက္ကောမဆရာကြီးကို မင်းကြီးက ချီးမွမ်းသည့်အတွက် မလိုမုန်းထားခဲ့သည်။ စိတ္တရလက်ာရသည် ဆောက်လက်စ





နန်းမဆောင်ကြီးကို ဆက်လက်တည်ဆောက်နေခဲ့သည်။ တစ်နေ့တွင် မင်းကြီးသည် မိဖုရားစောဥမ္မာကို တည်ဆောက်ဆဲ နန်းမဆောင်နေရာသို့ ခေါ်လာခဲ့သည်။

“မိဖုရားကြီး ဒီနန်းမဆောင်ကို ဘုံခုနစ်ဆင့်ပါတဲ့ နန်းမဆောင် ဆောက်မှာဖြစ်တယ်၊ အဲဒီ ဘုံခုနစ်ဆင့်မှာ အထူးထူးသော ကနုပ်ပန်းများ၊ အချွန်အတက်များနဲ့ အလှပဆုံး နန်းမဆောင်ဖြစ်အောင် တည်ဆောက်ပေးပြီး နှမတော်လေးဟာ အဲဒီလို လှပဆန်းကြယ်တဲ့ နန်းမဆောင်မှာ စံမြန်းရမှာဖြစ်ပါတယ်”

“မှန်ပါ့ဘုရား”

မိဖုရား စောဥမ္မာသည် နန်းမဆောင်ကို ကြည့်ရင်း စိတ္တရလက်ာရကို တွေ့သွားရာ လွန်စွာစိတ်မကောင်းဖြစ်သွားခဲ့သည်။ စိတ္တရလက်ာရလည်း မိဖုရား စောဥမ္မာကို မကြည့်ဘဲ မျက်လွှာချထားခဲ့သည်။

ထိုမှအပြန် နန်းတော်ထဲသို့ အရောက်တွင် မင်းကြီးက စောဥမ္မာအား

“မိဖုရားကြီး ဒီစက္ကောမဆရာကြီးဟာ လက်နက်ဆန်းများကို တည်ထွင်နိုင်ရုံသာမက နန်းမဆောင်ဆောက်ရာမှာလည်း အထူးထူးသော အဆန်းတကြယ်ပန်းဆွဲများနှင့် လှပစွာတည်ဆောက်နိုင်တဲ့သူတစ်ယောက် ဖြစ်တယ်၊ ဒီလို လှပဆန်းကြယ်တဲ့ အဆောက်အဦဆောက်ပြီးရင်တော့ ဒီဆရာကြီးကို မင်းကြီး သတ်ရလိမ့်မယ်”

မင်းကြီးသည် သူ၏စိတ်ထဲမှ အကြံအစည်ကို ဤသို့ဆုတ်



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြောလိုက်ရာ စောဥမ္မာသည်ပင် တုန်လှုပ်သွားခဲ့သည်။

"အရှင်မင်းကြီး ဘာကြောင့် ဒီဆရာကြီးကို သတ်မှာလဲ ဘုရား"

"ဒီအဆောက်အဦမျိုး နောက်ထပ်မဆောက်နိုင်အောင် သတ်ရမယ်၊ ဒါမှသာလျှင် ဒီအဆောက်အဦမျိုး မင်းကြီးတစ်ယောက်တည်းသာ ပိုင်ဆိုင်နိုင်မှာ ဖြစ်တယ်၊ ဒါ့အပြင် ဒီဆရာကြီးနဲ့ရသေ့ကြီးဟာ အလွန်ခင်မင်တဲ့ ဆရာရင်းဒကာရင်းတွေလည်း ဖြစ်တယ်၊ ဒီဆရာကြီးကိုသတ်ရင် သူက သည်းခံမှာမဟုတ်ဘူး၊ ဒီတော့ အဲဒီရသေ့ကြီးကိုပါ သတ်ရမယ်"

"ဘုရား ဘုရား လွန်စွာကြောက်စရာကောင်းလေစွ"

မိဖုရား စောဥမ္မာသည် ဤသို့စိတ်ထဲမှ ကြိတ်၍ ရေရွတ်လိုက်သည်။ သူမ၏စိတ်တွင်

"အင်း အကြံပက်စက်တဲ့မင်းကြီးပဲ၊ စက္ကောမဆရာကြီးကိုနိုင်းတုန်းကနိုင်းပြီး ဘုရားပြီးတာနဲ့ ငြမ်းဖျက်ဆိုသလို နန်းမဆောင်ပြီးတာနဲ့ သတ်မယ်ဆိုပါလား၊ ဒါ့အပြင် ရှင်ရသေ့ကြီးကိုပါ ထပ်ပြီးသတ်မယ်တဲ့ ကိုစိတ္တနဲ့ ရသေ့ကြီးတို့ဟာ မကြာခင် အဖြစ်ဆိုးနဲ့ တိုးတော့မှာပါလား၊ ငါ ဘယ်လိုလုပ်ရမလဲ"

ဤသို့တွေးရင်း စောဥမ္မာသည် စိတ်မကောင်းခြင်း ကြီးစွာဖြစ်နေခဲ့သည်။ သို့ဖြင့် မင်းကြီးသည် မိဖုရား စောဥမ္မာကို နန်းမဆောင်တည်ဆောက်ရာသို့ မကြာခဏ ခေါ်လာသဖြင့် စိတ္တရလက်ာရကို





တွေ့မြင် ရသောအခါ

"အင်း မောင်ကြီးကတော့ ဘာမှမသိရှာဘူး၊ ဒီနန်းမဆောင်ကြီးကို အမြန်ဆုံးပြီးအောင် ဆောက်နေလိုက်တာ၊ ဒီနန်းမဆောင်ကြီးပြီးတဲ့နေ့ဟာ သူ သေမယ့်နေ့ပဲ၊ ငါ ဘယ်လိုလုပ်ရပါ့မလဲ၊ အစောင့်တွေကလည်းရှိတော့ သူ့ကိုဘယ်လိုပြောရမလဲ"

ဤသို့တွေးတောပြီး သက်ပြင်းအကြိမ်ကြိမ် ချခဲ့သည်။ စိတ္တရလက်ာရမှာမူကား

"ငါဟာ ဒီနန်းမဆောင်ကြီးကို အကောင်းဆုံးနဲ့ အမြန်ဆုံးဖြစ်အောင် ဆောက်ပေးမယ်၊ မိဖုရား စောဥမ္မာဟာ ဒီနန်းမဆောင်မှာ စိတ်ချမ်းသာကြည်နူးစွာနဲ့ စံစားရစ်ပါတော့၊ ဒါဟာ ငါ လုပ်ပေးနိုင်တဲ့ ငါ့ရဲ့အကောင်းဆုံး လက်ဆောင်ပဲ"

သူကလည်း စိတ်စေတနာပြည့်ဝစွာဖြင့် ဤသို့စဉ်းစားခဲ့သည်။

ထိုသို့ဖြင့် ဤနန်းမဆောင်ကြီး ပြီးစီးရန် တစ်လခန့်အလိုတွင် မိဖုရား စောဥမ္မာမှာ လွန်စွာ နေမထိထိုင်မသာဖြစ်ခဲ့သည်။

"အင်း ဘာလိုလိုနဲ့ နန်းမဆောင်ကြီးပြီးခါနီးနေပြီ၊ မောင်ကြီးကို ငါ ကြိုတင်အသိပေးထားမှ ဖြစ်မယ်၊ ဒီတော့ ငါ ရုပ်ဖျက်ပြီးသွားတွေ့မယ်၊ အဲဒီလိုသွားတွေ့တာကို မင်းကြီးသိသွားရင်လည်း အသတ်ခံရုံပဲ"

မိဖုရား စောဥမ္မာမှာ ကိုစိတ္တရအတွက် အသက်ပင်သေသော်ကာ သေပါစေတော့ဟု မိမိအသက်ကို မငဲ့ကွက်ဘဲ ညတစ်ညတွင် ရုပ်ဖျက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး တိတ်တဆိတ် ရောက်လာခဲ့သည်။ ညကြီးအချိန်မတော်အချိန်တွင် စောဉမ္မာကို စိတ္တရလက်ာရ တွေ့လိုက်သောအခါ အံ့သြခြင်းကြီးစွာဖြစ်ကာ

"မိဖုရားကြီး ညကြီးအချိန်မတော်မှာ အဘယ်သို့သော အကြောင်းကြောင့် ရောက်လာပါသလဲ"

"မောင်ကြီးကို အရေးကြီးတဲ့အကြောင်းကိစ္စ ပြောစရာရှိလို့ လာခဲ့တာပါ"

"မည်သည့်အကြောင်းများပါလိမ့်၊ မိန့်တော်မူပါ"

"မောင်ကြီးကို ဒီနန်းမဆောင် ပြီးတဲ့နေ့မှာ သတ်ပါလိမ့်မယ်"

"ဘာကြောင့်ပါလဲ မိဖုရား"

"အကြောင်းကတော့ ဒီနန်းမဆောင်လို ကြီးကျယ်ခန့်ညားတဲ့ အဆောက်အဦမျိုးကို သူတစ်ယောက်တည်း ပိုင်ဆိုင်ချင်လို့ပဲ၊ နောက်ထပ် ထပ်မံဆောက်မှာစိုးလို့ အပြစ်မရှိ အပြစ်ရှာပြီး သတ်လိမ့်မယ်၊ ဒါ့အပြင် ဆရာ ရှင်ရသေ့ကြီးကိုပါ သတ်ပါလိမ့်မယ်"

"အလို ဒီမင်းကြီးဟာ အလွန်အကြံပက်စက်တဲ့ မင်းပါလား"

"ကဲ မင်းကြီးရဲ့အကြံလည်း သိပြီဖြစ်လို့ အချိန်ဆွဲမနေဘဲ အမြန်ဆုံး ထွက်ပြေးပါတော့ မောင်ကြီး"

စောဉမ္မာ၏စကားကို ကြားရသောအခါ စိတ္တရလက်ာရက သေချာစွာ စဉ်းစားပြီး

"မိဖုရားကြီး ကျွန်တော်မျိုးအတွက် စိတ်မပူပါနှင့်ဘုရား၊ ကျွန်တော်မျိုးဟာ ဒီနန်းမဆောင်ကြီးကို ပြီးအောင်ဆောက်ပြီးမှ ထွက်ခွာသွားမှာပါ"

"အလို မောင်ကြီး နန်းမဆောင်ကြီး ပြီးရင် အသတ်ခံရမှာ၊ ပြီးအောင် မဆောက်ပါနဲ့၊ နန်းမဆောင်ကြီးပြီးတာနဲ့ သတ်စေအမိန့်ဟာ တစ်ပြိုင်တည်း ရောက်လာမှာပါ"

"မိဖုရားကြီး ကျွန်တော်မျိုးအတွက် စိတ်မပူပါနှင့် ကျွန်တော်မျိုးဟာ ကိုယ့်ရဲ့အသက်အန္တရာယ်ကို ကာကွယ်နိုင်တဲ့ အတတ်ပညာ ရှိပါတယ်၊ အခုလို လာရောက်သတိပေးတဲ့အတွက် အထူးပဲ ကျေးဇူး တင်ပါတယ်၊ ဤကျေးဇူးတရားကို တစ်နေ့မှာ ပြန်ဆပ်ခွင့်ကြုံပါစေ၊ ကဲ မိဖုရားကြီး ညဉ့်လည်းနက်နေပြီဖြစ်လို့ အမြန်ဆုံး ပြန်ပါ မိဖုရားကြီး"

မိဖုရားစောဉမ္မာလည်း ဤသို့ သတိပေးစကား ပြောဆိုပြီး နောက် ပြန်သွားခဲ့သည်။ သူလည်း မင်းကြီး၏ကောက်ကျစ်သော အကြံကို သိသွားပြီး

"အိမ်းအကြံပက်စက်တဲ့ မင်းကြီးပဲ၊ ဒီတော့ ငါ့ရဲ့အသက် ဘေးအန္တရာယ်က လွတ်ကင်းအောင် စက်ယန္တရား တည်ဆောက်ပြီး ဒီက ထွက်ပြေးမှဖြစ်မယ်၊ ဒါပေမဲ့ ယန္တရားယာဉ်ပျံ တည်ဆောက်နေတာကို မင်းကြီးမသိအောင် ဆောက်မှဖြစ်မယ်"

ဤသို့တွေးတောပြီး နန်းမဆောင်ဆောက်ရင်း ယန္တရားယာဉ်ပျံ ကိုပါ တည်ဆောက်ရန် ကြံစည်ခဲ့သည်၊ ထိုယန္တရားယာဉ်ပျံ တည်ဆောက် ခြင်းကို မင်းကြီးမသိစေရန် နန်းမဆောင်တစ်ခုလုံးကို ဝါးကပ်များဖြင့်







www.burmeseclassic.com

www.burmeseclassic.com



လုံခြုံစွာ ကာရံလိုက်သည်။ မင်းကြီးက ဝါးကပ်ကာခြင်းအကြောင်းကို မေးမြန်းရာ ဤသို့ကာရံထားခြင်းမှာ ၎င်း၏ဆောက်လုပ်ပုံကို အခြားလက်သမားများက အတုခိုးမည်စိုးသောကြောင့် ဤသို့ဝါးကပ်များ ကာရံထားရခြင်းဖြစ်ကြောင်း လျှောက်ထားလိုက်သည်။ မင်းကြီးကလည်း သတ်ဖို့အတွက်သာ စိတ်ထဲရှိနေသဖြင့် ဤသို့ပြုခြင်းကို ခွင့်ပြုလိုက်သည်။ သူသည် နန်းမဆောင်ကို တစ်ဖက်ကဆောက်ရင်း ယန္တရားယာဉ်ပျံကြီးကိုလည်း တိတ်တဆိတ် တည်ဆောက်ခဲ့သည်။

ထို့နောက် သူသည် ရှင်ရသေ့ကြီးထံသို့သွားကာ မိဖုရားစောဥမ္မာပြောသည့် စကားကို ပြန်ပြောပြခဲ့သည်။

"အိမ်း ရက်စက်တဲ့မင်းကြီးပဲ၊ ဒီတော့ ဒကာကြီးနဲ့ ရှင်ရသေ့ကြီးတို့ နှစ်ဦးသား ကတိသစ္စာပြုကြစို့"

"မှန်ပါဘုရား"

"နန်းမဆောင်ကြီးပြီးတဲ့အခါ ဒကာ ထွက်ပြေးရလတ္တံ့၊ ဤသို့ထွက်ပြေးရလျှင် ရမ်းဗြဲကျွန်းရဲ့မြောက်ဘက်အရပ်မှာရှိတဲ့ 'ကျွန်းဦးကျောက်ဖြူအရပ်၌ တွေ့ဆုံကြမယ်၊ အရင်ရောက်နှင့်သူက စောင့်ရစ်ပါလော့"

"မှန်ပါဘုရား"

ထိုသို့ ကတိပြုပြီးနောက် ရှင်ရသေ့ကြီးထံမှ ထွက်လာခဲ့သည်။ စိတ္တရလက်ာရသည် စိတ်မကောင်းသော်လည်း နန်းမဆောင်နှင့်





ယာဉ်ပျံကြီးကို ဆက်၍ဆောက်နေခဲ့သည်။ ဤသို့ဖြင့် ပြီးစီးကာနီး အခြေအနေသို့ ရောက်သောအခါ မင်းကြီးသည် မင်းဆရာပုဏ္ဏားကြီးအား မည်သို့အကြောင်းပြ၍ သတ်ရမည်ကို တိုင်ပင်ခဲ့သည်။ မင်းဆရာ ပုဏ္ဏားကြီးကလည်း စက္ကောမဆရာကြီးအပေါ် မလိုမုန်းထားသူဖြစ်၍

"အရှင်မင်းကြီး ဒီစက္ကောမဆရာကြီးဟာ နန်းမဆောင်ဆောက်သည်သာမက လက်နက်ဆန်းများကိုလည်း တီထွင်နိုင်တာကြောင့် အရှင်မင်းကြီးရဲ့ထီးနန်းကိုပါ လုယူသိမ်းပိုက်နိုင်ကြောင်းပါ၊ ဒီတော့ ဒီဆရာကြီးကိုသတ်သင့်ပါတယ်"

"အိမ်း ဒါကြောင့် ဘယ်လိုအကြောင်းပြရမလဲဆိုတာ မိန့်ပါဦး ပုဏ္ဏားတော်ကြီးရဲ့"

"မှန်ပါဘုရား ဒီဆရာကြီးဟာ ဒီနန်းတော်ကို မရောက်ခင်က လက်နက်ဝန်ကြီးရဲ့အိမ်တော်မှာ ခေတ္တတည်းခိုဖူးပါတယ် ဘုရား၊ ဒီတော့ ဒီဆရာကြီးဟာ မိဖုရားစောဥမ္မာနဲ့ ဖောက်လွဲဖောက်ပြန်ရှိခဲ့ဖူးတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ စွပ်စွဲပြီး သတ်မိန့်ချတော်မူပါ ဘုရား"

"အိမ်း ဟုတ်ပေသည့် အသင်ပုဏ္ဏားကြီးရဲ့အကြံ ကောင်းလေစွ"

မင်းကြီးက ဤသို့ကြံစည်ထားခဲ့သည်။ မကြာမီ စိတ္တရလက်ာရသည် မင်းကြီးထံမှောက် ဝင်ရောက်ခစားကာ

"အရှင်မင်းကြီး နန်းမဆောင်ကြီး ပြီးစီးကြောင်းပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ လျှောက်တင်လိုက်ရာ မိဖုရားစောဥမ္မာမှာ သူ့ကို စိုးရိမ်ကြီးစွာဖြင့် ကြည့်နေခဲ့သည်။ ထိုစဉ် မင်းကြီးက

"အိမ်း ကောင်းလှပြီ၊ မောင်မင်းအား နန်းမဆောင်ကြီးပြီးစီးလျှင် ဆုတော်လာဘ်တော်ငွေများ ပေးသနားရန်ရှိသော်လည်း မောင်မင်းသည် မိဖုရားကြီး စောဥမ္မာနှင့် ဖောက်လွဲဖောက်ပြန်ခဲ့မှုသည့်အတွက် ခေါင်းဖြတ်သတ်စေ"

စိတ္တရလက်ာရလည်း ဤသို့ဖြစ်မည်ကို ကြိုတင်သိထားသဖြင့် နန်းရင်ပြင်မှ ယန္တရားစက်ယာဉ်ပျံဖြင့် ထွက်ပြေးရန် ခြေနင်းစကြာကိုစီးကာ တဟုန်ထိုး နန်းရင်မှ ထွက်ပြေးခဲ့သည်။ ထိုစဉ် ယန္တရားယာဉ်ပျံကြီးထဲတွင် အသင့်ဝင်နေသော ၎င်း၏အဖွဲ့သားများက ယာဉ်ပျံကြီးကို စက်နှိုးလိုက်သဖြင့် ယာဉ်ပျံကြီးမှာ နန်းရင်ပြင်သို့ ဒေါင်ရွေ့လျားလာခဲ့သည်။ စိတ္တရလက်ာရသည် နန်းရင်ပြင်မှအထွက်

"ဆရာကြီး အမြန်တက်ပါ"

ထိုသို့ ပြောသံနှင့်အတူ တပည့်များက စိတ္တရလက်ာရအား ယာဉ်ပျံကြီးပေါ်သို့ ဆွဲတင်ကာ လျင်မြန်သောအရှိန်ဖြင့် ကောင်းကင်သို့ ပျံတက်သွားခဲ့သည်။ ဤအဖြစ်အပျက်မှာ လျင်မြန်လွန်းရကား မင်းကြီးမှာ အံ့သြစွာဖြင့် မည်သည့်အမိန့်မျှ မပေးနိုင်ဘဲ ကြက်သေသေကာ ကြည့်နေခဲ့သည်။ ယာဉ်ပျံကြီးသည် ကောင်းကင်ယံမှ အဝေးသို့ရောက်သွားသောအခါမှ မင်းကြီး သတိရကာ





"မင်းချင်းတို့ ယာဉ်ပျံကြီးနောက်ကို လိုက်စမ်း"

ဟူ၍ အမိန့်ပေးလိုက်သည်။ ထိုအချိန်တွင် ယာဉ်ပျံကြီးမှာ ကောင်းကင်ယံရှိ တိမ်တိုက်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားခဲ့သည်။ ထို့ကြောင့် မင်းချင်းများမှာ မည်သို့မျှ မလုပ်နိုင်ဘဲ ဆရာကြီးတို့အုပ်စုမှာ လွတ်မြောက်သွားခဲ့သည်။

သည်တော့မှ မိဖုရားစောဥမ္မာလည်း သက်ပြင်းချနိုင်ပေတော့သည်။ စိတ္တရလက်ာရသည် ကျွန်းဦးကျောက်ဖြူအရပ်တွင် ရသေ့ကြီးကို စောင့်ဆိုင်းနေခဲ့သည်။ စက္ကောမဆရာကြီး ယာဉ်ပျံရပ်နားခဲ့သောအရပ်မှာ ယခု ကျောက်တစ်လုံးစေတီတော် တည်ထားသည့်နေရာဖြစ်သည်။

စိတ္တရလက်ာရတို့အုပ်စုသည် ရသေ့ကြီးအား စောင့်သော်လည်း ရသေ့ကြီးရောက်ရှိလာခြင်းမရှိသည့်အတွက် ဆက်လက် စောင့်ဆိုင်းမနေတော့ဘဲ ထိုအရပ်နှင့်ဝေးကွာသော အနောက်အရပ်သို့ ယာဉ်ပျံဖြင့် ခရီးဆက်ခဲ့သည်။ ထို့နောက်မှ ရသေ့ကြီးလည်း အဘိညာဉ်တန်ခိုးဖြင့် ထိုအရပ်မှ အခြားအရပ်သို့ ထွက်ခွာသွားခဲ့သည်။

ကလိင်္ဂရာဇ်မင်းကြီး၏ ဆိုးဝါးသော အပြုအမူကြောင့် ရသေ့ကြီးနှင့် စက္ကောမဆရာကြီးတို့ ထွက်ပြေးသွားကြောင်းကို နဂါးများ သိသောအခါ ၎င်းတို့ကြည်ညိုလေးစားသူနှစ်ဦးအပေါ် မတရားပြုသဖြင့် လွန်စွာ စိတ်ဆိုးခဲ့ကြသည်။ ထို့ကြောင့် နဂါးများက ထိုတိုင်းပြည်ကို ရေမြုပ်ဖျက်ဆီးလိုက်သဖြင့် ထိုတိုင်းပြည်ကြီး ပျက်စီးသွားခဲ့သည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



အရပ်ကား ကျောက်နီမော်ရွာအနီးက ကလိန်တောင်မြစ်ရေပြင်နေရာပင် ဖြစ်ပေသည်။ စိတ္တရလက်ာရသည် အနောက်အရပ်၌ တိုင်းပြည်တစ်ပြည် တည်ထောင်ကာ မင်းအဖြစ် အုပ်စိုးခဲ့သည်။ ထိုမှ ၎င်း၏အနွယ်တော် များကို ဘူတာဝါဟန အတတ် (သို့မဟုတ်) စကြောမပညာရပ်များကို လျှို့ဝှက်စွာ သင်ကြားပေးခဲ့သည်။

"ဒီလိုနဲ့ ကာလရှည်ကြာလာတဲ့အခါမှာ အဲဒီဆွေတော်မျိုးတော် အုပ်စုဟာ အနောက်အရပ်က မြို့တော်မှာ မနေတော့ဘဲ ဒီနေရာကို ပြောင်းရွှေ့လာခဲ့ကြတယ်၊ သူတို့မှာ အစွဲတစ်ခုရှိတယ်၊ စိတ္တရလက်ာရ ဟာ ဘုရင့်အမိန့်တော်နဲ့ ဖမ်းမိန့်ထုတ်ထားတာဖြစ်လို့ မြန်မာပြည်ထဲကို ပြန်မဝင်ရဲဘဲ သူတို့ကိုယ်သူတို့ဟာ ကျိန်စာသင့်မျိုးနွယ်အဖြစ် ခံယူပြီး ဒီလို လူသူဝေးလံတဲ့နေရာမှာ သူတစ်ပါးမသိအောင် လျှို့ဝှက်စွာနေလာ ခဲ့ကြတယ်"

"သြော် သခင်မလေးတို့ရဲ့ ဘိုးဘေးတွေက ဒီလိုဖြစ်ပျက်ခဲ့တာ ကိုး"

"ဟုတ်ပါတယ် အဲဒီမျိုးနွယ်ထဲက သခင်မလေးဟာ နောက်ဆုံး ကျန်ရစ်တဲ့ မင်းသမီးတစ်ပါးပါပဲ"

"မှန်ပါ သခင်မလေး ဒါထက် ဟိုဘက်ရွာက သခင်မလေးတို့ ရွာဘက်ကို ဘာကြောင့် စစ်လာတိုက်ရတာလဲ"

"အင်း ပြောရရင်တော့ အရှည်ကြီးပဲ၊ ရာဇဝင်ကြွေးရှိတယ်လို့





ပြောရမလား။ ဟိုးနှစ်ပေါင်းများစွာကတည်းက ဒီဘက်က ဘိုးဘေးအုပ်စုနဲ့ ဟိုဘက်က ဘိုးဘေးအုပ်စုနှစ်ခုဟာ တိုက်ခိုက်ခဲ့ကြတယ်၊ ဒီမြို့တော်နှစ်ခု ဟာ ရန်သူတွေဖြစ်ခဲ့ကြတယ်၊ သူတို့တွေ စစ်တိုက်ကြတာ မြို့တော်တွေ လည်း ပျက်စီးပြီး ရွာဖြစ်တဲ့အထိ တိုက်နေတုန်းပဲ"

"သြော် တစ်ယောက်နဲ့တစ်ယောက် ဒီလောက်တောင် အငြိုး ကြီးကြသလား"

"ဟုတ်ပါတယ် အငြိုးကြီးလောက်အောင်လည်း အကြောင်းရင်း က ရှိခဲ့တာကိုး"

"အဲဒီစကားရဲ့အဓိပ္ပာယ်ကို ရှင်းပြပါလား သခင်မလေး"

"ရှင်းပြရမှာပေါ့၊ ဒီတိုင်းပြည်ကြီး တည်ပြီးမကြာခင်မှာ ဟို ဘက်တိုင်းပြည်တည်ထောင်ခဲ့တယ်၊ ဒီတိုင်းပြည်က မင်းသားနဲ့ ဟိုဘက် တိုင်းပြည်က မင်းသမီးလေးတို့ ချစ်ကြိုက်ခဲ့ကြတယ်၊ အချစ်ကြီး ချစ်တဲ့ ချစ်သူတွေ ဖြစ်ခဲ့ကြတယ်၊ ဒါပေမဲ့ ရန်သူတိုင်းပြည်ဖြစ်လို့ စစ်မက်ဖြစ် လိုက်တာ တိုင်းပြည်တွေလည်း ပျက်စီးပြီး ဆွေစဉ်မျိုးဆက် ရန်သူတော် တွေ ဖြစ်တဲ့အထိပေါ့"

"သြော် ဒီအဖြစ်အပျက်ကလည်း စိတ်ဝင်စားစရာပဲပေါ့"

"ဟုတ်ပါတယ် အဲဒီ အဖြစ်အပျက်ကို ပြောရမယ်ဆိုရင် ရှည် လျားလွန်းလို့ အချိန်မရနိုင်တော့ဘူး၊ နောက်နေ့မှပဲ ဆက်ပြောတော့မယ် အခု ပြန်ကြပါစို့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ သခင်မ"

ဤသို့ဖြင့် ဂဂါမောင်မောင်တို့အုပ်စုမှာ လာလမ်းအတိုင်း ပြန်ခဲ့ကြသည်။

■ ■ ■



## အခန်း (၁၀)
## ဇလုံးအနွယ်တော်များ

နောက်တစ်နေ့နံနက်တွင် သခင်မလေးက အခေါ်ရှိသဖြင့် ဂဂါမောင်မောင်တို့အုပ်စုသည် သူမစံနန်းဆောင်သို့ ရောက်ရှိခဲ့သည်။

"ဒီနေ့ ဧည့်သည်တော်ကြီးများကို ခေါ်ယူတွေ့ဆုံရတာကတော့ မနေ့က ဧည့်သည်တော်ကြီး ဂဂါမောင်မောင်ရဲ့အမေးကို ဖြေချင်လို့ပါပဲ"

"မှန်ပါ သခင်မလေး"

"သခင်မလေးတို့ ဘိုးဘေးတွေရဲ့ ရာဇဝင်ထဲက ရန်ကြွေးတွေရဲ့ အကြောင်းပေါ့၊ သူတို့ကိုယ်တိုင်လည်း နာကြည်းမှုတွေ ကြေကွဲဝမ်းနည်းမှုတွေ ရှိခဲ့မှာပဲ၊ အဲဒီအကြောင်းကို ကံကြမ္မာဝဋ်ကြွေးလို့ပဲ ပြောရမလား တော့မသိဘူး ဘိုးဘေးတွေရဲ့ ဆန်းကြယ်တဲ့ ကံကြမ္မာဟာ ဒီတိုင်းပြည်နှစ်ခုစလုံးကို ပျက်စီးဆုံးရှုံးစေခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ သခင်မလေး"

"ဒီတိုင်းပြည်ဟာ ဟိုးအရင်တုန်းက 'စေတုတ္တရာတိုင်းပြည်ကြီး' ပေါ့။ ဟိုဘက်တိုင်းပြည်ကတော့ 'မာယာတိုင်းပြည်ကြီး'ပဲ"

ထိုသို့ စတင်၍ သခင်မလေး စောသုနန္ဒီက ဘိုးဘေးတို့အကြောင်းကို ပြောပြခဲ့သည်။ စိတ္တရလက်ာရအနွယ်ဖွားများသည် ထိုအရပ်သို့ ပြောင်းရွှေ့ လာပြီး 'စေတုတ္တရာ'တိုင်းပြည်ကြီးကို ထူထောင်ခဲ့သည်။ ထိုအတူ အိန္ဒိယနိုင်ငံမှ ဘူတာဝါဟန တတ်ကျွမ်းသော မျိုးနွယ်တစ်စုသည် အကြောင်းကြောင်းကြောင့် ထိုအရပ်သို့ ရောက်လာပြီး 'မာယာ'တိုင်းပြည်ကြီးကို တည်ထောင်ခဲ့သည်။

စေတုတ္တရာတိုင်းပြည်ကြီး၌ ဘူတာဝါဟန အတတ်ပညာ ထွန်းကားသကဲ့သို့ 'မာယာ'တိုင်းပြည်ကြီး၌လည်း ထိုပညာရပ်များ တိုးတက်ထွန်းကားသဖြင့် တိုင်းပြည်နှစ်ပြည်မှာ အပြိုင်အဆိုင် စက္ကောမပညာရပ် ထွန်းကားရာ ဒေသဖြစ်သည်။ ထို့ကြောင့် ထိုတိုင်းပြည်နှစ်ခုမှာ ခေတ်ပြိုင်တိုင်းပြည်များ ဖြစ်လာခဲ့သည်။

ထိုနေရာတစ်ဝိုက်တွင် တိုင်းပြည်ငယ်ပေါင်းများစွာ ရှိနေသည်။ ထိုအချိန်အခါက ပဒေသရာဇ်ခေတ်ဖြစ်သဖြင့် တိုင်းပြည်ကြီးတစ်ပြည်သာလျှင် ဧကရာဇ်တိုင်းပြည်ဖြစ်သည်။ ကျန်တိုင်းပြည်များမှာ လက်အောက်ခံတိုင်းပြည်ဖြစ်သည်။ စေတုတ္တရာပြည်နှင့် မာယာတိုင်းပြည်တို့ကား အင်အားကြီးသော နိုင်ငံများဖြစ်ပြီး တစ်ပြည်ထောင်နှင့် တစ်ပြည်ထောင်မှာ အင်အားခြင်းပြိုင်ဆိုင်နေခဲ့ကြသည်။ စေတုတ္တရာတိုင်းပြည်က လက်





နက်ဆန်း တီထွင်လျှင် မာယာတိုင်းပြည်ကလည်း သူတို့နည်းတူ လက်နက်ဆန်းများ တီထွင်နိုင်ခဲ့သည်။

ထို့ကြောင့် နှစ်ပြည်ထောင်မှာ ဧကရာဇ်တိုင်းပြည်ဖြစ်ရေးအတွက် ရန်စောင်နေခဲ့ကြသည်။ သို့သော် အင်အားခြင်း တူနေသဖြင့် မည်သည့်တိုင်းပြည်ကမျှ ဧကရာဇ်တိုင်းပြည် မဖြစ်ပေ။ ဧကရာဇ်တိုင်းပြည်ဆိုသည်မှာ လက်အောက်ခံတိုင်းပြည်များက စိန်ရွှေကျောက်သံပတ္တမြားနှင့် သမီးရတနာဆက်သခြင်းဖြင့် အခွန်ဘဏ္ဍာကြီးစွာရရှိပါသည်။ တိုင်းပြည်များထဲတွင် အကြီးအမှူး ဦးသျှောင်သဖွယ်ဖြစ်သဖြင့် ထိုတိုင်းပြည်ရှိ ဘုရင်နှစ်ပါးစလုံးကပင် မိမိတို့၏တိုင်းပြည်ကို ဧကရာဇ်တိုင်းပြည်ဖြစ်လိုသည့်အတွက် ရန်သူများ ဖြစ်ခဲ့ကြသည်။

တစ်နေ့တွင် မာယာတိုင်းပြည်ကြီး၌ ထူးဆန်းအံ့ဩဖွယ်ကောင်းသည့် မရဏယန္တရားကြီးတစ်ခု လျှို့ဝှက်စွာ တည်ဆောက်နေကြောင်းကို စေတုတ္တရာမင်းကြီး ကြားသိခဲ့သည်။ ဤသို့ကြားသိခြင်းမှာ စေတုတ္တရာမင်းကြီးက လျှို့ဝှက်စွာ လွှတ်ထားသော အထောက်တော်များထံမှ ဤသတင်းကို ကြားသိရခြင်း ဖြစ်သည်။

"အထောက်တော်များ ဤယန္တရား၏အစွမ်းကား မည်သို့နည်း"

"မင်းကြီး ကျွန်တော်မျိုး စုံစမ်းသိသလောက် လျှောက်တင်ရသော် ယန္တရားကြီးကို 'မရဏယန္တရား' လို့ အမည်ပေးထားပါသည် ဘုရား။ ဤယန္တရားကို သံချေးမတက်အောင် အထူးပြုပြင်စီမံထားသော သံမဏိများဖြင့် ခွေးသွားစိတ်ပုံသဏ္ဌာန်ပစ္စည်းများ တပ်ဆင်ပါသည်



www.burmeseclassic.com

www.burmeseclassic.com



ဘုရား၊ ဤယန္တရားတွင် မှန်တစ်မျိုးဖြင့် ပြုလုပ်ထားသော မှန်ဘီလူး နှစ်ခု ပါဝင်ပါတယ်၊ နေရောင်ခြည်ဟာ ပထမမှန်ဘီလူးကို ထိလိုက်တာနဲ့ တပြိုင်နက် ရောင်ခြည်များကို အပူဓာတ်ပေါ်လာပြီး ဒုတိယမှန်ဘီလူးကို အလွန်လျှပ်မြန်စွာ ပူပြီး မီးတောက်မီးလျှံများ ဖြစ်ပေါ်စေပါတယ်၊ အတိုင်း တိုင်းအပြည်ပြည်ကို ဒီယန္တရားနဲ့ တိုက်ခိုက်သိမ်းပိုက်ပါလိမ့်မယ် ဘုရား"

"ဒါဆိုရင်တော့ ဒါဟာ လောင်မီးကျပြီး အားလုံးသေကြေ ပျက်စီးစေနိုင်တဲ့ ယန္တရားစက်ကို သူတို့ တီထွင်တာပေါ့"

"မှန်ပါဘုရား ဒီယန္တရားဟာ အခြားဘာယမ်းမှ မလိုဘဲ နေ ရောင်ခြည်တစ်ခုသာ လိုပါတယ် ဘုရား၊ ဒီယန္တရားနဲ့တစ်ကမ္ဘာလုံးကို သိမ်းပိုက်ပြီး ကေရာဇ်တိုင်းပြည်အဖြစ် ခံယူပါလိမ့်မည် ဘုရား"

"အိမ်း ဒါဆိုရင် တစ်ကမ္ဘာလုံးမှာရှိတဲ့လူတွေ သေကြေပျက်စီး ပြီး အားလုံး ဒုက္ခရောက်ကုန်တော့မှာပါလား"

"မှန်ပါဘုရား"

"ဒါဆိုရင် ဒီကိစ္စကို သားတော်ကြီး'သီဟကုမာရ' မင်းသားနဲ့ ဆွေးနွေးတိုင်ပင်မှပဲ"

"မှန်ပါဘုရား"

မင်းကြီးနဲ့သားတော်ကြီး သီဟကုမာရတို့နှစ်ဦးသည် မရဏ ယန္တရားနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

"ခမည်းတော်ဘုရား ဒီယန္တရားနဲ့ပတ်သက်ပြီး သားတော် စုံစမ်း လေ့လာပါမည် ဘုရား"





"ကောင်းလေစွ"

မင်းသား သီဟကုမာရလည်း တာဝန်ပေးချက်ကို လက်ခံပြီး နောက် ထိုတိုင်းပြည်အနီးရှိ တောအုပ်တစ်ခုတွင် လျှို့ဝှက်စွာနေထိုင်ရင်း မရဏယန္တရား၏ သတင်းအစအနကို လူယုံတော်များ စေလွှတ်ကာ သတင်းယူခဲ့သည်။ ကံကြမ္မာ၏စေစားရာဟု ဆိုရမည်လော သို့တည်း မဟုတ် သူတို့နှစ်ဦးမှာ ရေးဘဝက ရေစက်ပါလာသောကြောင့်ဟု ဆိုရ မည်လော မသိပေ။ မင်းသားလေးတို့အုပ်စုမှာ တောတွင်း၌ စခန်းချ ရင်း တောကစားနေစဉ် မာယာမင်းသမီးလေးအုပ်စုမှာလည်း တော ကစားထွက်လာရင်း တွေ့ဆုံရင်းနှီးခဲ့ကြသည်။ မင်းသမီးလေးက

"အသင်ဟာ ဘယ်အမျိုးအနွယ်ပါလဲ"

"ကျွန်တော်မျိုးဟာ သူဌေးကြီး ဦးဘောဂရဲ့သား 'ကုမာရ' ဖြစ်ပါတယ်"

"သြော် သူဌေးသား ကုမာရ တဲ့လား"

"ဒါထက် နှမလေးရဲ့အမျိုးအနွယ်ကရော"

"နှမလေးလည်း သူဌေးကြီး ဦးသိဒ္ဓိရဲ့သမီး မာယာပါ"

သူတို့နှစ်ဦးစလုံးမှာ သူဌေးသား သူဌေးသမီးဟူ၍ ဥပါယ်တမည် ပြောခဲ့ကြသည်။ မာယာသည် သူမ၏ရံရွေတော်များနှင့် ဤတောအုပ်ကြီး အတွင်း၌ တောလိုက်ရင်း မကြာခဏလာခဲ့ရာ တွေ့ပါမြင်ပါများသော အခါ သူတို့နှစ်ဦးမှာ ချစ်သူများဖြစ်ခဲ့ကြသည်။ မာယာမင်းသမီးလေးသည် ရုပ်ရည်ရူပကာ ချောမောလှပသူ ဖြစ်ပြီး ကုမာရ မင်းသားလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပီသသည့် မင်းသားလေး တစ်ဦးဖြစ်သည်။ သူတို့နှစ်ဦးမှာ ရေးရေစက်ပါလာသဖြင့် သဘောရိုးဖြင့် နှစ်နှစ်ကာကာ ချစ်ခဲ့ကြသည်။ တစ်နေ့သော် ကုမာရတို့တက်မှလွှတ်ထားသော အထောက်တော် ရောက်ရှိလာပြီး

"အရှင်မင်းသား မာယာတိုင်းပြည်ဟာ မရဏယန္တရားကြီးကို တည်ဆောက်ခဲ့တာ ပြီးစီးပြီဖြစ်လို့ စေတုတ္တရာတိုင်းပြည်အပါအဝင် အနီးအနား တိုင်းပြည်များသို့ မကြာမီ စစ်ချီတိုက်ခိုက်ပါလိမ့်မည် ဘုရား"

"ဒါဆိုရင် ဒီသတင်းကို ခမည်းတော်ဘုရားဆီ အမြန်ဆုံး အကြောင်းကြားရမယ်"

ထိုကိစ္စကို အကြောင်းပြု၍ မင်းသားလေးနှင့် လျှို့ဝှက်ထောက်လှမ်းသူအုပ်စုမှာ စေတုတ္တရာတိုင်းပြည်ကြီးသို့ အမြန်ဆုံး ပြန်လာခဲ့ကြသည်။ မင်းသားလေးတို့အုပ်စုသည် စေတုတ္တရာတိုင်းပြည်သို့ ပြန်ရောက်ပြီး မကြာမီတွင် မာယာတိုင်းပြည်၏မင်းကြီးထံမှ သဝဏ်လွှာ ရရှိခဲ့သည်။ သဝဏ်လွှာထဲတွင် မာယာတိုင်းပြည်ကြီးသည် ဧကရာဇ်တိုင်းပြည်အဖြစ် ပြုလုပ်မည်ဖြစ်ပါ၍ စေတုတ္တရာတိုင်းပြည်မှ ထွက်ရှိသော ရွှေငွေကျောက်သံပတ္တမြားတို့ကို ဘဏ္ဍာတော်အဖြစ် ဆက်သွင်းပြီး လက်အောက်ခံ တိုင်းပြည်အဖြစ်နေရန် အကြောင်းပါရှိသည်။ အကယ်၍ ၎င်းတို့၏လက်အောက်ခံတိုင်းပြည်အဖြစ် မနေပါက စစ်ချီတိုက်ခိုက်ရမည့် အကြောင်း ပါရှိသည်။

စေတုတ္တရာမင်းကြီးသည် ရွှေငွေကျောက်သံပတ္တမြားများကို





အခွန်ဘဏ္ဍာတော်အဖြစ် မဆက်သွင်းနိုင်သည်သာမက လက်အောက်ခံတိုင်းပြည်လည်း မလုပ်နိုင်ပါကြောင်း သဝဏ်လွှာ စာပြန်ခဲ့ပါသည်။

ဤသဝဏ်လွှာစာပြန်ခြင်းကို မာယာတိုင်းပြည်မှ မင်းကြီးသည် မကျေနပ်သဖြင့် သမီးတော် မာယာကို စစ်သူကြီးအဖြစ် စစ်တပ်ကို ကွပ်ကဲစေပြီး စေတုတ္တရာတိုင်းပြည်ကြီးကို စစ်တိုက်ရန် စေလွှတ်ခဲ့သည်။

မာယာစစ်တပ်ကြီးသည် မရဏယန္တရားကြီးနှင့်တကွ စစ်ချီလာကြောင်းကို စေတုတ္တရာမင်းကြီး ကြားသိလတ်သော်...။

သားတော်ကြီး သီဟကုမာရအား စစ်တပ်၌ စစ်သေနာပတိချုပ်ခန့်ကာ မာယာစစ်တပ်ကြီးကို တိုက်ခိုက်ရန် စေလွှတ်ခဲ့သည်။ ၎င်းတို့စစ်တပ်နှစ်ခုကား တိုင်းပြည်နှစ်ပြည်ထောင်ကြားရှိ ကျယ်ပြန့်သော လွင်ပြင်ကြီး၌ တွေ့ကြလေပြီ။

မာယာစစ်သည်တော်များနှင့် မာယာမင်းသမီးတို့သည် ရန်သူစေတုတ္တရာ စစ်သည်တော်များကို ရက်ရက်စက်စက် တိုက်ခိုက်ခဲ့သည်။ စေတုတ္တရာစစ်သည်တော်များကလည်း မိမိတိုင်းပြည်အတွက် အသက်ပင် သေသေဟု သဘောထားကာ တိုက်ခိုက်ခဲ့ရာ တိုက်ပွဲမှာပြင်းထန်လှပေသည်။

နောက်ဆုံးတွင် နှစ်ဖက်ခေါင်းဆောင်များ တွေ့ဆုံပြီး တိုက်ခိုက်ကြရာ

"ဟင် မာယာပါလား"

"ဟင် ကုမာရပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ မာယာရယ်"

"ဘယ်လိုဖြစ်တာလဲ ကုမာရရယ်"

"ကျွန်မဟာ မာယာတိုင်းပြည်ရဲ့ မင်းသမီးပါ"

"မောင်တော်ဟာ စေတုတ္တရာပြည်ရဲ့ မင်းသားပါ"

ဤသို့တစ်ယောက်အကြောင်းကို တစ်ယောက်သိသွားခဲ့သည်။ သို့သော်လည်း အသိမှာ နောက်ကျခဲ့ပြီ။ ထိုတိုက်ပွဲ၌ မာယာစစ်သည်တော်များ အကျအဆုံးများသဖြင့် မာယာဘုရင်ကြီးက စေတုတ္တရာတိုင်းပြည်အား မရဏယန္တရားဖြင့် ပစ်မည်ပြုရာ မာယာမင်းသမီးက ထိုမင်းသားလေးမှာ မိမိချစ်သူဖြစ်ကြောင်းပြောပြီး မပစ်ရန် တောင်းပန်ခဲ့သည်။ မင်းကြီးမှာ ဤအကြောင်းကို ကြားသောအခါ ရန်သူမင်းသားကိုမှ မိမိသမီးတော်က ချစ်မိလေခြင်းဟု အရှက်ရကာ မရဏယန္တရားနှင့် ကုမာရကို ပစ်လိုက်ရာ

"မလုပ်ပါနဲ့ ခမည်းတော် မလုပ်ပါနဲ့"

ထိုသို့ပြောဆိုသံနှင့်အတူ မရဏယန္တရားရှေ့တွင် သူမ၏ခန္ဓာကိုယ်နှင့်ကာကွယ်လိုက်ရာ မာယာမင်းသမီးလေးမှာ မီးတောက်မီးလျှံများ လောင်ကျွမ်းပြီး နေရာတွင်ပင် သေပွဲဝင်ခဲ့သည်။ မင်းသားလေးမှာ မင်းသမီးလေး သေဆုံးသွားသဖြင့် လွန်စွာ စိတ်မကောင်းဖြစ်ကာ မင်းကြီးကို မြားနှင့်ပစ်လိုက်သည်။ မင်းကြီးလည်း မြားဒဏ်ကြောင့် သေအံ့မူးမူးအချိန်တွင် မရဏယန္တရားဖြင့် ပစ်လိုက်ရာ မင်းသားလေး ကုမာရလည်း မီးလောင်ကျွမ်းပြီး သေဆုံးခဲ့သည်။ မရဏယန္တရားနှင့် ပစ်ခတ်မှု





ကြောင့် စေတုတ္တရာတိုင်းပြည်ကြီး ပျက်စီးခဲ့သလို စေတုတ္တရာပြည်ကြီး၏ လက်နက်ဆန်းကြောင့် မာယာတိုင်းပြည်ကြီးလည်း ပျက်စီးခဲ့သည်။ ထိုအချိန်မှစ၍ ထိုတိုင်းပြည်နှစ်ပြည်ထောင်မှာ မြို့ပျက်ကြီးဖြစ်သွားခဲ့သည်။

စေတုတ္တရာပြည်ကြီးတွင် သီဟကုမာရ၏ညီတော်မှာ ဆက်လက်အုပ်ချုပ်ပြီး မာယာတိုင်းပြည်တွင် မိဖုရားငယ်မှ ဖွားမြင်သည့် မင်းသားတစ်ပါး အုပ်ချုပ်ခဲ့သည်။ ထိုမှစ၍ . . ။

"မကြာမကြာ တိုက်ခိုက်ခဲ့တာ အခုလို မြို့ပျက်ကြီးဖြစ်ပြီး ရွာအဆင့်လောက်ပဲ ရှိတော့တယ်"

"အင်း ကြားရတာ စိတ်မကောင်းပါဘူး၊ ဒါဆိုရင် ဟိုဘက်ရွာက အရင်တုန်းက မာယာတိုင်းပြည်ပေါ့ ဟုတ်ပါသလား သခင်မ"

"မှန်ပါတယ်"

"ဒါဆိုရင် အဲဒီရွာမှာ မရဏယန္တရား ရှိသေးလား"

"အဲဒါလည်း ရှိပါသေးတယ်"

"ဒါဆိုရင် သခင်မလေးတို့အတွက် မရဏယန္တရားရဲ့ အန္တရာယ်လည်း ရှိနိုင်ပါသလား"

"ရှိနိုင်ပါတယ်၊ ဒါပေမဲ့ အဲဒီယန္တရားဟာ အလွန်အန္တရာယ်များလို့လား၊ ဒါမှမဟုတ် အကြောင်းတစ်ခုခုရှိလို့လားတော့ မသိဘူး၊ မရဏယန္တရားကို သူတို့လည်း သိပ်တော့ မသုံးဘူး၊ သုံးရင်လည်း ဘိုးဘိုးတို့က ဒီအတိုင်းငြိမ်ပြီးခံမှာ မဟုတ်ဘူး"

"မှန်ပါတယ် သခင်မလေး"



www.burmeseclassic.com

www.burmeseclassic.com



"သခင်မလေးတို့ဘက်ကတော့ စတင်ကျူးကျော် ရန်မစဘူး။ သူတို့ဘက်က လာတိုက်ရင်တော့ ပြန်တိုက်ရမှာပဲ"

"မှန်ပါတယ် သခင်မလေး၊ သူတို့ဘက်က ရန်စလာရင် ကျွန်ုပ်တို့လည်း သခင်မလေးတို့ဘက်က ဝင်ပြီး တိုက်ခိုက်ပေးပါမယ်"

"ညွှန်သည်တော်ကြီးတို့ရဲ့စကားကို ကြားရတာ သခင်မလေးတို့အတွက် အားတက်ပါတယ်"

"အရေးကြုံလာရင်တော့ ဆင်နွဲ့ခွင့်ပြုပါ သခင်မလေး၊ ဘာကြောင့်လဲဆိုတော့ မြန်မာလူမျိုးဖြစ်တဲ့ သခင်မလေးအတွက် အရေးကြုံရင် မြန်မာလူမျိုးဖြစ်တဲ့ ကျွန်ုပ်တို့ ဝိုင်းဝန်းကူညီရမှာ ပြောစရာမလိုပါဘူး"

"ဒါဟာ မြန်မာလူမျိုးတွေရဲ့ သွေးစည်းညီညွတ်တဲ့ စိတ်ဓာတ်ဆိုတာ သခင်မလေး နားလည်ပါတယ်၊ ဒါပေမဲ့ ကံအကြောင်းမလှရင် အသက်ကို စွန့်တန်ရင် စွန့်ရပါလိမ့်မယ်၊ အဲဒီလိုဆိုရင် ညွှန်သည်တော်ကြီးအတွက် ထိုက်တန်ပါ့မလား"

"ဒါကတော့ အနာဂတ်ဆိုတာ မျှော်မှန်းလို့ မရပါဘူး သခင်မလေး၊ လုပ်သင့်တာကို လုပ်ရမှာက ကျွန်ုပ်တို့ရဲ့အလုပ်ပါ၊ သေခြင်းရှင်ခြင်းဟာ အောင်ပွဲရလဒ်တစ်ခုပါ၊ ရင်ဆိုင်ဖို့အသင့်ပါ"

"ဒီလို သခင်မလေးတို့ဘက်မှာ အသင့်ရှိနေတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်"

"မှန်ပါ သခင်မလေး"





ထိုသို့ နှုတ်ဆက်ပြီးနောက် ညွှန်ခန်းဆောင်သို့ ပြန်ခဲ့ကြသည်။ ညွှန်ခန်းဆောင်သို့ အရောက်တွင် ဆရာကြီးက. . .။

"ဆရာဂဂ်က သခင်မလေးကို ပြောလိုက်တဲ့စကားအတွက် ဒီအုပ်စုက ဘယ်လိုသဘောရသလဲ"

ထိုသို့ အားလုံးကို မေးမြန်းရာ သူတို့အားလုံးကလည်း

"ဒေသခံတွေနဲ့တိုက်ရမှာပဲ၊ ဒီလောက်တော့ ဖြစ်ပါတယ်၊ သူတို့က လေးခွံမြားနဲ့ တိုက်ခိုက်ကြတာ၊ ကျွန်တော်တို့က သေနတ်နဲ့တိုက်မှာဆိုတော့တစ်ပန်းသာပါတယ်"

"ကဲ အားလုံးရဲ့သဘောထား ညီညွတ်ရင် ပြီးတာပါပဲ"

"တိုက်ရမယ်ဆိုရင်တော့ ကျွန်တော်တို့လည်း အသင့်ရှိနေဖို့ လိုအပ်တယ်"

"ဟုတ်ပါတယ် ကိုစိုးသန်းပြောတာ မှန်ပါတယ်၊ ကျွန်တော်တို့မှာ ပါလာတဲ့ လက်နက်တွေကို အဆင်သင့်လုပ်ထားရမယ်"

ထိုသို့ အားလုံးဆွေးနွေးကာ လက်နက်များကို အဆင်သင့်ပြင်ထားခဲ့ကြသည်။

သုံးရက်ခန့်အကြာတွင်. . .။

ညဉ့်ဦးယံ. . .။ ရှစ်နာရီခန့်အချိန်တွင်. . .။

"ဒေါင်" "ဒေါင်" "ဒေါင်"

"ရန်သူတွေ ချီတက်လာပြီ"

"ရန်သူတွေ ချီတက်လာပြီ"

ဟူသော အော်သံများ သံချောင်းခေါက်သံများ ဆူညံစွာပေါ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့သည်။ ဂဂ်ါမောင်မောင်တို့အုပ်စုမှာ သေနတ်ကိုဆွဲကိုင်ကာ ညည့်ခန်းဆောင်မှ ထွက်လာခဲ့ရာ ဘိုးဘိုးနှင့်အတူ တပ်သားများကို တွေ့ရှိရသဖြင့်

"ဘိုးဘိုး ကျွန်ုပ်တို့ကို တပ်သားတွေနဲ့အတူ တိုက်ခွင့်ပြုပါ"

"အိမ်း အရေးကြုံလာပြီဆိုတော့ ခွင့်ပြုရမှာပေါ့ လာ လာ"

ဘိုးဘိုးက သူတို့အား တပ်သားများဆီကို ခေါ်သွားခဲ့သည်။

သခင်မလေး၏ တပ်သားများမှာလည်း ဓားရှည်များကို ခါးတွင်ချိတ်ဆွဲထားပြီး နောက်ကျောတွင် မြားဘူးကိုလွယ်လျက် လက်ထဲတွင် လေးကိုကိုင်ဆောင်ထားသည်။ အခြားလက်တစ်ဖက်တွင် ဒိုင်းကို ကိုင်ဆောင်ထားသည်။ ခေါင်းဆောင်၏လက်ထဲတွင် စစ်ချီခရာကို ကိုင်ထားပြီး အသင့်အနေအထားဖြင့် ဘိုးဘိုးကို စောင့်ဆိုင်းနေခဲ့သည်။ ဘိုးဘိုးသည် ဂဂ်ါမောင်မောင်တို့ငါးဦးကို စစ်ကူအဖြစ် လိုက်ပါမည်ဟုပြောကာ ခေါင်းဆောင်၏လက်သို့ အပ်လိုက်သည်။ တပ်သားများ စုဝေးရောက်ရှိလာသောအခါ

"တီ တီ တီ"

"တော် တော် တော်"

ဟူ၍ စစ်ခရာကို မှုတ်ကာ စတင်ထွက်ခဲ့သည်။ မကြာမီ စစ်မြေပြင်ဟု ခေါ်ဆိုရမည့် မြို့အပြင်နေရာသို့ ရောက်ခဲ့သည်။

ထိုအခါ မြို့ပြင်တွင် အသင့်ရောက်ရှိနေသော ရန်သူများက





မြားဖြင့်စတင်ပစ်ခတ်ရာ ဂဂ်ါမောင်မောင်တို့အုပ်စုက သေနတ်ဖြင့် ပစ်လိုက်သည်။

"ဒိုင်း"

"ဒိုင်း"

"ဒိုင်း"

ဂဂ်ါမောင်မောင်တို့အုပ်စုမှာ သေချာစွာ လေ့ကျင့်ထားသည့် သေနတ်သမားများဖြစ်၍ ရန်သူများကို ထိမှန်ရာ ရန်သူများမှာ မြားမဟုတ်တဲ့ ကျည်ဆံများဖြစ်နေသဖြင့် ပြင်းထန်စွာဒဏ်ရာရသူရ သေသူက သေနှင့်ဝရုန်းသုန်းကား ဖြစ်နေပါတော့သည်။ ၎င်းတို့သည် ကျည်ဆံထိမှန်ကာ အထိနာမှုကြောင့် ကြာရှည်မတိုက်တော့ဘဲ တောအုပ်ထဲသို့ တရကြမ်းပြေးဝင်သွားခဲ့သည်။

သခင်မလေး၏တပ်မှ အကြီးအကဲသည်

"တော် တော် တော်"

ဟူသော အောင်ပွဲစစ်ခရာ ၇ို မှုတ်ကာ ရန်သူများ ပြေးဝင်သွားသည့် တောအုပ်အတွင်းသို့ အပြေးသွားကာ လိုက်လံတိုက်ခိုက်သဖြင့် ဂဂ်ါမောင်မောင်တို့အုပ်စုလည်း အတူလိုက်ပါလာခဲ့သည်။ တောအုပ်ထဲသို့ ရောက်သောအခါ ရန်သူများသည် သူတို့၏ ရွာဘက်ဖြစ်သော အနောက်အရပ်သို့ ထွက်ပြေးသွားသဖြင့် နောက်မှ ထပ်ကြပ်မကွာလိုက်ခဲ့သည်။ ရန်သူများကား အလွန်လျင်မြန်လှပေသည်။ သို့ဖြင့် နောက်မှလိုက်ရင်း လိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

"ဒုန်း"

"ဒုန်း"

ဟူသောအသံနှင့် ဂဂါမောင်မောင်တို့ ာုစုမှာ ပိုက်ကွန်ကြီးထဲသို့ ရောက်ခဲ့ပြီး သစ်ပင်ကြီး၏မြင့်မားသော အကိုင်းအနိမ့်သို့ ရောက်ရှိနေသည်။ ထိုအတူပင် သခင်မလေး၏ရဲမက်များမှာလည်း သူတို့ကဲ့သို့ ပိုက်ကွန်ကြီးတွင် မိပြီး အထုပ်ထုပ်ထားသည့်အလား သစ်ပင်ကြီး၏ အကိုင်းအနိမ့်တွင် ချည်နှောင်ထားသကဲ့သို့ ဖြစ်ချေသည်။ ပုံသဏ္ဌာန်အားဖြင့် ဖော်ပြရသော် သစ်ပင်တစ်ပင်တွင် ပိုက်ကွန်မိနေသော လူအုပ်အထုပ်ကြီးမှာ အသီးကြီးသဖွယ် ဖြစ်နေပါသည်။

သည်တော့မှ သူတို့သည် ထောင်ချောက်တွင် သုလုကြီး အမိခံရမှန်း သိလိုက်ရပါတော့သည်။ ဂဂါမောင်မောင်တို့အုပ်စုမှာ ပိုက်ကွန်ကြီးထဲတွင် မည်သို့မျှ ရုန်းကန်၍မရဘဲ ကြပ်တည်းစွာဖြင့် သစ်ပင်ထိပ်များအနီးတွင် ရောက်ရှိနေခဲ့သည်။ သို့ဖြင့် တစ်နေလုံး အစာ ေ◌ာ်ရေငတ်နှင့် ကျဉ်းကြပ်စွာနေရကား ဒုက္ခရဲတွင် ခံရသည့်ပမာ ပင်ပန်းနွမ်းနယ်နေခဲ့ကြသည်။ ဤသို့ ဆင်းရဲဒုက္ခကို ခံစားနေရစဉ် ညနေခင်းသို့ ရောက်သောအခါ

အနီရောင်ဝတ်စုံရှည်ကြီးကို ဝတ်ဆင်ထားသော မိန်းမပျိုတစ်ဦးသည် မြင်းစီးပြီး ဂဂါမောင်မောင်တို့ရှိရာသို့ ရောက်ရှိလာပြီး သူမ၏စစ်မက်များကို တစ်စုံတစ်ရာ အမိန့်ပေးလိုက်ရာ ထိုစစ်မက်များက ပိုက်ကွန်





မှ ကြိုးများကို ဖြေလျှော့လိုက်သဖြင့် ဂဂါမောင်မောင်တို့အုပ်စုမှာ တဖြည်းဖြည်း ပိုက်ကွန်ကြီးအလုံးနှင့်အတူ မြေပြင်ပေါ်သို့ ကျရောက်လာခဲ့သည်။ ရန်သူတို့သည် သူတို့အား မြားနှင့်ချိန်ထားပြီး သူတို့ထံမှ သေနတ်များကို သိမ်းယူကာ မတ်တပ်ရပ်နိုင်းလိုက်သည်။ ထို့နောက် သူမက မြင်းပေါ်မှနေ၍ ပြောလိုက်သည်။

"အမောင်လူစိမ်းတို့ အသင်တို့အား သခင်မ အလိုရှိသဖြင့် ဤသို့ ဖမ်းဆီးခေါ်ဆောင်ရခြင်းဖြစ်ပါတယ်၊ သခင်မ ခေါ်ဆောင်ရာသို့ အသာတကြည် လိုက်ခဲ့ပါ၊ အသင်တို့အား စစ်ဆေးစရာ အကြောင်းရှိ၍ ခေါ်ဆောင်ရခြင်း ဖြစ်သည်။ စစ်ဆေးပြီးပါက ပြန်လွှတ်ပါမည် မကြောက်ပါနှင့်"

သူတို့သည် တစ်ယောက်ချင်း ပိုက်ကွန်ထဲမှ ထုတ်ပြီး လက်ပြန်ကြိုးချည်ကာ တစ်ဦးကိုငါးဦးခြံရံ၍ ခေါ်ဆောင်သွားခဲ့သည်။ ကျန်သူများကိုမူ သည်အတိုင်း ထားခဲ့သည်။ ဂဂါမောင်မောင်တို့အုပ်စုမှာ သူတို့ ခေါ်ဆောင်ရာသို့ လိုက်သွားရာ ညရှစ်နာရီကျော်ခန့်အချိန်တွင် သူမ စံရာ ရွာကြီးသို့ ရောက်ရှိသွားခဲ့သည်။ ရန်သူဖြစ်သော ဂဂါမောင်မောင်တို့ကို ဖမ်းဆီးခေါ်ဆောင်လာသည့်အတွက် ရွာသားများက ဆူညံစွာအော်ဟစ်၍ ကောင်းချီးပေးခဲ့ကြသည်။ ထိုသို့ဖြင့် ဂဂါမောင်မောင်တို့လူသိုက်ကို အဆောင်ကြီးတစ်ခုသို့ ခေါ်ဆောင်သွားခဲ့သည်။

ထို့နောက် အဆောင်ကြီးထဲသို့ရောက်ပြီးနောက် တစ်ဦးစီကို ရှာဖွေရာ ဂဂါမောင်မောင်၏အလှည့်တွင် မှော်ဝင်မှန်ခုံးလေးကို တွေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သည်။ ထိုအခါ မှော်ဝင်မှန်ခုံးကိုယူပြီး ဂဂ်ါမောင်မောင်အား သခင်မ အခန်းသို့ ခေါ်ဆောင်သွားခဲ့သည်။ မကြာမီ ဂဂ်ါမောင်မောင်သည် သခင်မ၏အခန်းသို့ ရောက်ရှိသွားခဲ့သည်။ ညပင်ဖြစ်လင့်ကစား သခင်မ၏ အခန်းမှာ မီးများထွန်းညှိထားသဖြင့် လင်းထိန်နေသည်။ ထိုစဉ် ရဲမက်တစ်ဦးက သခင်မထံသို့ မှော်ဝင်မှန်ခုံးကလေးအား ဆက်သလိုက်ရာ သခင်မ၏မျက်နှာမှာ လွန်စွာနှစ်သက် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ

"ဒီပစ္စည်းလေးကိုရတာ သခင်မတစ်သက်တာမှာ အပျော်ရွှင်ဆုံးပါပဲ"

ထိုသို့ပြောပြီး ထိုမှန်ခုံးကလေးကို အလင်းရောင်အောက်သို့ ထားလိုက်ရာ မှန်ခုံးကလေး၏မျက်နှာပြင်မှာ တဖြည်းဖြည်း အပြာရောင်နုနုကလေး သန်းလာခဲ့သည်။ ထိုမှပို၍ပို၍ အပြာရင့်ရောင်သန်းပြီး မျက်နှာပြင်တစ်ပြင်လုံးမှာ အပြာရင့်ရောင် အလင်းဖြင့် တောက်ပနေပါသည်။ ဤသည်ကိုကြည့်ပြီး သခင်မမှာ

"အင်း သခင်မတို့ရဲ့ ဘိုးဘေးပစ္စည်းအမှန်ပြန်ရပြီ ဝမ်းသာလိုက်တာ" ဟုပြောပြီး ခေါင်းတညိတ်ညိတ်နှင့် ဝမ်းမြောက်ရွှင်လန်းနေခဲ့သည်။ အတန်ကြာသောအခါမှ . . .။

"မောင်မင်း ဒီပစ္စည်းကို ဘယ်လိုကြောင့် ဒီအရောက် သယ်ယူလာတာလဲ"

"ပြောရမှာတော့ ဇာတ်လမ်းရှည်ကြီးပါပဲ၊ ဒီပစ္စည်းဟာ ဆာဒူးတစ်ယောက် အသတ်ခံရတာနဲ့ ပတ်သက်ပြီး ရှေးဟောင်းသုတေသနကို





ရောက်ရှိလာခဲ့တယ်၊ ဒီမှန်ခုံးကလေးမှာ မရဏယန္တရား၏မှော်ဝင်မှန်ခုံးလို့ ရေးသားထားပါတယ်၊ ဒီတော့ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ပညာရှင်တစ်ဦး တီထွင်ခဲ့တဲ့ မရဏယန္တရား ရှိခဲ့ဖူးတယ်ဆိုတာ ပုံပြင်လိုလို တကယ်လိုလို သိခဲ့ပါတယ်၊ ဒါကြောင့် ဒီမှော်ဝင်မှန်ခုံးလေးရတဲ့အခါမှာ တကယ်ပဲ မရဏယန္တရားရှိ မရှိ သိချင်တာနဲ့ လာခဲ့တာ 'မှန်းဒကား'ရွာကို အရင်ဆုံး ရောက်ခဲ့ပါတယ်"

"ဒါဆိုရင် စောသုနန္ဒီ သခင်မကိုရော အဲဒီအကြောင်း ပြောပြသေးသလား"

"ပထမတော့ အမှန်ကို ပြောမလို့ပါပဲ၊ ဒါပေမဲ့ မရဏယန္တရားရှိတဲ့ရွာနဲ့ သူတို့ရွာဟာ ရန်သူတွေ ဖြစ်တယ်လို့ပြောလို့ မှော်ဝင်မှန်ခုံးကိစ္စကို မပြောခဲ့ပါဘူး"

"ဒါဖြင့် နောက်တစ်ခု မေးမယ်"

"အသင် လူစိမ်းတို့အုပ်စုက သခင်မတို့နဲ့ ရန်ငြိုးရန်စ မရှိပါဘဲလျက် ဘာကြောင့် သူတို့နဲ့ရောပြီး တိုက်ခိုက်ရပါသလဲ"

"ဒီလိုကူပြီး ဝင်ရောက်တိုက်ခိုက်ရခြင်းကတော့ သခင်မလေး စောသုနန္ဒီက အကူအညီတောင်းလို့ပဲ ဖြစ်ပါတယ်"

"ဩော် ဒီလိုကိုး တကယ်တော့ သခင်မလေး စောသုနန္ဒီနဲ့ သခင်မတို့ဟာ ရန်သူတွေဖြစ်ပေမယ့် စစ်အင်အား မကွာတော့ တစ်ယောက်နဲ့တစ်ယောက် စစ်မဖြစ်ကြပါဘူး၊ အဲဒါကို သူတို့က မှော်ဝင်မှန်ခုံးကို ခိုးသွားတာ သူတို့ဆီမှာရှိမှန်းသိတော့ သခင်မတို့က အဲဒီရွာကို



www.burmeseclassic.com

www.burmeseclassic.com



စစ်တိုက်ခဲ့တယ်၊ ဒီလိုနဲ့ တိုက်ပွဲတွေ မကြာခဏ ဖြစ်ခဲ့ရတာ၊ အခုလည်း သူတို့က အသင်လူစိမ်းတို့အပေါ်မှာ မယုံသင်္ကာရှိလို့ ဒီစစ်မြေပြင်ကို လွှတ်လိုက်တာပဲ၊ သခင်မကလည်း အသင်တို့နဲ့အတူ ဒီမော်ဝင်မှန်ခုံး ပါလာတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်၊ ဒီနေ့ညတော့ ဒီလောက်နဲ့ပဲ ရပ်နားပါတော့မယ်၊ မနက်ဖြန်မှပဲ ဆက်ပြီးစစ်ဆေးပါ့မယ်"

"မှန်ပါ သခင်မ"

"ဒီလူစိမ်းတို့ကို ကောင်းကောင်းမွန်မွန် ညှော်ခံထားလိုက်ပါ"

"ကောင်းပါပြီ သခင်မ"

ထိုသို့ပြောပြီးနောက် ဂဂါမောင်မောင်ကို တစ်ယောက်တည်း အခန်းတစ်ခန်း၌ ထားခဲ့သည်။

■ ■ ■



## အခန်း (၁၁)
## မရဏာယန္တရားပိုင်ရှင် သျှန်သီဒေဝီ

နောက်တစ်နေ့ နံနက်တွင်. . .။

ဂဂါမောင်မောင်အား သခင်မစံရာ အခန်းကျယ်ကြီးသို့ ခေါ် ဆောင်လာရာ ဆရာကြီးနှင့်တကွ လေးယောက်စလုံးကို တွေ့ရှိခဲ့သည်။

ထိုစဥ် သခင်မက

"သခင်မရဲ့အမည်က 'သျှန်သီဒေဝီ' ဖြစ်သည်၊ အသင်တို့ အမည်ကို တစ်ယောက်စီပြောပါ"

ဤသို့ဆိုသဖြင့် ဂဂါမောင်မောင်မှအစပြု၍ တစ်ယောက်ချင်း မိမိနာမည်ပြောခဲ့ကြသည်။ ထို့နောက် သခင်မ သျှန်သီမှ

"အသင်တို့အားလုံးကို မနေ့ညက တစ်ယောက်တစ်ခန်းစီ ထားပြီး သခင်မစစ်ဆေးတာ အားလုံးပြောပြချက်ဟာ တစ်ညီတစ်ညွတ်



www.burmeseclassic.com

www.burmeseclassic.com



တည်းဖြစ်နေခဲ့တယ်၊ ဒါကြောင့် အမှန်ပြောကြားတဲ့ မိတ်ဆွေတော်ကြီးတို့ကို ကျေးဇူးတင်ပါတယ်"

"မှန်ပါ သခင်မ"

"အသင်မိတ်ဆွေတော်ကြီးတို့ အမှန်အတိုင်း မပြောရင်လည်း အားလုံးသော အမှန်တရားကို သခင်မ သိနှင့်နေခဲ့တယ်၊ အကြောင်းကတော့ သခင်မတို့ရဲ့မှော်ဝင်မှန်ခုံးကို သခင်မစောသုနန္ဒီတို့ဘက်က သူတစ်ဦးဟာ ခိုးယူခဲ့တယ်၊ ဒါကြောင့် ဒီမှန်ခုံးကို ပြန်ရဖို့အရေး စောသုနန္ဒီတို့ဘက်က စစ်တပ်နဲ့ သခင်မတို့စစ်တပ်ဟာ အကြိမ်ကြိမ် တိုက်ပွဲဖြစ်ခဲ့ရတယ်၊ ဒါကြောင့် စောသုနန္ဒီဟာ အဲဒီမှန်ခုံးကို သူ့ရဲ့လူတစ်ဦးကို ဆာဒူးကဲ့သို့ပြုပြီး မြန်မာပြည်အတွင်းမှာ ပုန်းအောင်းစေခဲ့တယ်၊ အဲဒီသတင်းကိုရတဲ့အတွက် သခင်မရဲ့လူတွေဟာ အိန္ဒိယနိုင်ငံသား ဒုစရိုက်အဖွဲ့တစ်ခုကိုငွေပေးပြီး အဲဒီမှန်ခုံးကို ရအောင်ပြန်ယူခိုင်းခဲ့တယ်၊ ဒါပေမဲ့ မရခဲ့ဘူး၊ လူသတ်မှုတွေ အဆင့်ဆင့်ဖြစ်ပြီးတော့ အဲဒီမှန်ခုံးကို အစိုးရက သိမ်းသွားတယ်လို့ သတင်းရတယ်၊ ဒီလိုနဲ့ သတင်းလက်စပြတ်သွားပြီး မကြာခင်မှာ မရဏာယန္တရားမှာရှိတဲ့ ပထမမှန်ခုံးကြီးဟာ တဖြည်းဖြည်း အလင်းရောင်တွေ ပေါ်လာတယ်၊ ဒါကြောင့် မှော်ဝင်မှန်ခုံးအသေးဟာ သခင်မတို့နဲ့နီးတဲ့နေရာမှာ ပြန်ရောက်လာပြီဆိုတာ သိလိုက်တယ်"

ဤတွင် ဂဂါမောင်မောင်က

"သခင်မ ကျွန်ုပ်နားမလည်၍ ရှင်းလင်းအောင်ပြောပါ သခင်မ"





"အသင့် ဘာကိုနားမလည်တာလဲ"

"ကျွန်ုပ်၏လက်ထဲ၌ မှော်ဝင်မှန်ခုံးရှိစဉ် မြစ်ကမ်းနားအရောက်မှာ အပြာရောင်များ လင်းလာတာ တွေ့ရပါတယ်၊ ဒါကြောင့် မှော်ဝင်မှန်ခုံးအသေးနဲ့အကြီးဟာဘယ်လိုဆက်စပ်မှု ရှိပါသလဲ"

"အသင်သိချင်မှတော့ သခင်မ ပြောပြပါ့မယ်၊ အဲဒီ မှန်ဘီလူး နှစ်ခုမဖြစ်မီက တစ်ခုတည်းသော မှန်ချပ်ပြားကြီးဖြစ်ပြီး ထိုမှန်ချပ်ပြားကြီးကို လျှပ်စစ်ဓာတ်ဖြတ်သန်းပေးပြီးမှ မှန်ဘီလူးခုံးများပြုလုပ်ခဲ့တယ်၊ အဲဒီနှစ်ခုရှိမှ မရဏာယန္တရားကိုလည်းပတ်နိုင်တယ်၊ မှန်ဘီလူးခုံးတစ်ခုကို နေရောင်ခြည်ထိလိုက်တဲ့အခါမှာ အပူဓာတ်တွေ ဖြစ်ပေါ်စေပြီး ကျန်မှန်ဘီလူးခုံးက ထိုအပူဓာတ်ကို ပိုမိုလောင်ကျွမ်းစေနိုင်တဲ့ မီးတောက်မီးလျှံကြီးအဖြစ်ကို ပြောင်းလဲပေးလိုက်ပါယ်၊ အဲဒီ မီးတောက်မီးလျှံနဲ့ လောင်မီးကျစေဖို့ လိုအပ်တဲ့ပစ်မှတ်ရောက်အောင် ပစ်ပေးနိုင်တဲ့ ခလုပ်နဲ့ တွဲထားတယ်၊ အဲဒီ မီးတောက်မီးလျှံဟာ ဆယ်ကေခန့်ရှိတဲ့နေရာကို တစ်ခါတည်း လောင်ကျွမ်းစေနိုင်သလို လူသူကျွဲနွားများကိုလည်း မိုးကြိုးပစ်လိုက်တဲ့အတိုင်း လောင်ကျွမ်းစေနိုင်တဲ့အတွက် မရဏာယန္တရားလို့ အမည်ပေးခဲ့ခြင်း ဖြစ်တယ်"

"မှန်ပါ သခင်မ"

"သခင်မ ဆက်ပြီး မိန့်တော်မူမည်၊ မူလ မှန်ခုံးကြီးမှာ အလင်းရောင်ရတဲ့အတွက် မှော်ဝင်မှန်ခုံးဟာ သခင်မတို့နဲ့အနီးကို ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



မှန်းသိတဲ့အချိန်မှာ သခင်မစောသုနန္ဒီတို့ဆီကို လူစိမ်းငါးဦး ရောက် ကြောင်း သတင်းရရှိခဲ့တယ်၊ အသင်တို့ဟာ မြန်မာလူမျိုး မြန်မာပြည်က ရောက်လာသည်ဟု ထပ်မံသတင်းရတဲ့အတွက် မလွဲမသွေ ဒီမှော်ဝင် မှန်ခုံးဟာ အသင်တို့နဲ့ တစ်ပါတည်း ပါလာတယ်လို့ မှန်းဆရပါတယ်၊ ဒါကြောင့် ဒီမှော်ဝင်မှန်ခုံးကို ဘယ်လိုရယူမလဲဆိုတာ အကြိမ်ကြိမ်တွေး ရင်း ညပေါင်းများစွာ အိပ်ရေးပျက်ခဲ့ပါတယ်၊ နောက်တော့ ဒီတောအုပ် ထဲမှာ ထောင်ချောက်ဆင်ပြီး ရန်သူတွေကို ဖမ်းမယ်၊ ပြီးရင် အသင်တို့ဆီ မှာ ပါတဲ့မှန်ခုံးနဲ့ လဲလှယ်မယ်လို့ အကြံရတယ်၊ ဒါကြောင့် အဲဒီလို စစ်တိုက်ခဲ့တာ၊ ဒါပေမဲ့ သခင်မ စောသုနန္ဒီဟာ အသင်တို့အပေါ်မှာ အယုံအကြည်မရှိတဲ့အတွက် ဒီတိုက်ပွဲမှာ ဝင်တိုက်ခိုင်းခဲ့ခြင်းဟာ သခင်မ အတွက် ကံကောင်းခြင်း ဖြစ်လာခဲ့တယ်၊ အသင်တို့ဟာ သခင်မ စောသုနန္ဒီတို့ဘက်က တိုက်ခိုက်ခဲ့ပေမယ့် မှော်ဝင်မှန်ခုံးကို ယူဆောင်လာ သူဖြစ်လို့ ရန်သူလို့ သဘောမထားဘဲ မိတ်ဆွေလို သဘောထားပါမယ်၊ သခင်မတို့ဆီမှာ ကောင်းစွာနေထိုင်ပါ''

''မှန်ပါသခင်မ၊ ကျွန်ုပ်သိချင်တာလေးကို မေးခွင့်ပြုပါ သခင်မ''

''အသင် ညွှန်ကြားပြီး ဘာမေးချင်ပါသလဲ''

''မရဏာယန္တရားကြီးကို ဘယ်သူ တည်ဆောက်ခဲ့တာလဲ သခင်မ''

''ဒီမရဏာယန္တရားကြီးကို သခင်မရဲ့ဘိုးဘေးဖြစ်တဲ့ စက္ကော





ပညာရှင်မင်းကြီးနဲ့ သမီးတော် မာယာမင်းသမီးတို့ တည်ဆောက်ခဲ့တာပါ၊ ဒီအကြောင်းပြောရရင် အင်မတန် ရှင်နာစရာကောင်းပါတယ်''

''ကျွန်ုပ်မေးမိတာ အများပါရင် ခွင့်လွှတ်ပါ သခင်မ''

''အသင်ညွှန်သည်တော်ကြီး မများပါဘူး၊ ဒီဖြစ်ရပ်ကိုညွှန်သည် တော်ကြီးများကို သခင်မ ပြောပြချင်ပါတယ်၊ သခင်မတို့မျိုးရိုးဟာ အိန္ဒိယ နိုင်ငံမှာ အဓာတသတ်ရဲ့ဇာတ်တော်တိုက်ကို ဘူတာဝါဟနှ ပညာနဲ့ ဖွင့်မိလို့ အသတ်ခံရတဲ့ စက္ကောမပညာရှင်ကြီးရဲ့ အနွယ်တော်တွေပါ''

''ဟာ''

ဂဂါမောင်မောင်တို့အုပ်စုမှာ မြန်မာနိုင်ငံမှ စက္ကောမပညာရှင် အနွယ်တော်များနှင့် အိန္ဒိယမှ စက္ကောမပညာရှင် အနွယ်တော်များ၏ အကြောင်းကို ကြားရသဖြင့် များစွာ အံ့သြသွားခဲ့သည်။

''သခင်မ ကျွန်ုပ်တို့ ဤအကြောင်းကို မကြားဖူးလို့ ပြောပြပါ သခင်မ''

''ပြောပြပါ့မယ် သခင်မမျိုးနွယ်စုဟာ 'ဖလူး'မျိုးနွယ်စု ဖြစ် တယ်''

ဤသို့အစချီကာ ဖလူးမျိုးနွယ်စု ဖြစ်ပေါ်လာပုံကို ဤသို့ ပြောပြခဲ့သည်။ ကမ္ဘာကြီး၏ အနောက်ဘက်ခြမ်းတွင် အဗ္ဗလန္တိတ်ကျွန်း ရှိပြီး ထိုကျွန်း၌ ဝိဇ္ဇာအတတ်ပညာမျိုးစုံ တတ်မြောက်ကျွမ်းကျင်သူများ နေထိုင်ကြသည်။ အတတ်ပညာရှင်များကား ဘူတာဝါဟနှ စက္ကောမ



www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်များ၊ အင်္ဂရုတ်ပညာရှင်များ၊ မန္တာန်အတတ်၊ ဝေဒအတတ်ပညာရှင်များနှင့်တကွ ဓာတုဗြဒ်ပညာရှင်များလည်း ပါဝင်ခဲ့သည်။

ထိုအတတ်ပညာရှင်များသည် ၎င်းတို့တတ်ကျွမ်းသည့် ပညာရပ်တွင် သူမတူအောင် တစ်ဖက်ကမ်းခြောက် တတ်မြောက်ကြရကား မာနယှဉ်ပြိုင်ကာ အချင်းချင်း မသင့်မတင့် ဖြစ်နေပါသည်။ ဤပညာရှင်များထဲတွင် အချို့က ပညာဂုဏ်မောက်ကာ မိမိ၏ပညာကို ကောင်းကျိုးအတွက်မသုံးဘဲ ဆိုးကျိုးဘက်တွင် သုံးသဖြင့် ပျက်စီးရာပျက်စီးကြောင်းများ ဖြစ်ခဲ့သည်။ ဤသို့ ပျက်စီးခြင်းအကြောင်းများလတ်သော် လူအများစုမှာ စိတ်ဆင်းရဲမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ကမ္ဘာကြီး၏အစိတ်အပိုင်းအချို့မှာလည်း တစ်စတစ်စပျက်စီးလာသဖြင့် ဝေဒပညာရှင်ကြီးများ တွက်ချက်ကြည့်ရာ ထိုအတ္တလန္တိတ်ကျွန်းကြီးသည် မကြာမီရေအောက်သို့ နစ်မြုပ်လိမ့်မည် ဖြစ်ကြောင်း သိခဲ့ရသည်။ ဝေဒပညာရှင်များ၏ဟောပြောချက်ကို တချို့က ယုံကြည်ကြသော်လည်း အချို့ကား မယုံကြည်ပေ။ ထို့ကြောင့် ဤစကားကို အရေးမမှုဘဲ သူတို့သည် ပျော်ပွဲရွှင်ပွဲများနှင့် အချိန်ကုန်ခဲ့သည်။ သို့သော် ဘုတာဝါဟန ပညာရှင်များက ဝေဒပညာရှင်များ၏ဟောပြောချက်ကို ယုံကြည်သဖြင့် ယန္တရားယာဉ်ပျံကို တည်ဆောက်ထားခဲ့သည်။

မကြာမီသောအချိန်တွင် မြေငလျင်များလှုပ်ကာ သမုဒ္ဒရာကြမ်းပြင်များ ကွဲအက်ပြီး ရေလှိုင်းကြီးများပေါ်ပေါက်လာကာ ထိုကျွန်း





ကြီးသည် ရေအောက်သို့ တစ်စတစ်စ နစ်မြုပ်သွားခဲ့သည်။ ဤတွင် ဘုတာဝါဟန ပညာရှင်တစ်စုမှာ ၎င်းတို့တီထွင်ထားသော ယန္တရားယာဉ်ပျံကို မောင်းနှင်ကာ ကောင်းကင်ခရီးဖြင့် ထွက်ပြေးရန်ပြုလုပ်နေစဉ် အချို့သော ဝေဒပညာရှင်များက တောင်းပန်သဖြင့် သူတို့ကိုပါ ခေါ်ဆောင်၍ ပြေးခဲ့ကြသည်။ ကျန်ပညာရှင်များကား သမုဒ္ဒရာရေအောက်သို့ ရောက်ရှိသွားပြီး သေကြေပျက်စီးခဲ့သည်။

ဘုတာဝါဟန ပညာရှင်တစ်စုသည် ပြေးမိပြေးရာပြေးရင်း ရောမတိုင်းသို့ ရောက်ရှိသွားရာ ထိုနေရာတွင် အခြေချနေထိုင်ခဲ့ကြသည်။ သို့သော် တစ်ဦးနှင့်တစ်ဦး မာန်မာနယှဉ်ပြိုင်ကာ အမှန်အမှား မခွဲဘဲ လုပ်ဆောင်မှုကြောင့် ရေနစ်သေဆုံးခဲ့ရသည့် သာဓကရှိသဖြင့် သူတို့အားလုံး ဤသို့ တိုင်ပင်ကြသည်။

"ကျုပ်တို့ပညာရှင်တွေဟာ ပညာကို လွယ်လွယ်တတ်တော့ လွယ်လွယ်လုပ်ဆောင်ခဲ့ကြတယ်၊ ဒါကြောင့် အခုလို အဖြစ်ဆိုးနဲ့ တွေ့ကြုံရတာ ဖြစ်တယ်၊ နောက်ထပ် ဒီလိုအဖြစ်မျိုးနဲ့ မတွေ့ကြုံရအောင် ဒီပညာရပ်ကို လျှို့ဝှက်ထားမှဖြစ်မယ်၊ လူကောင်းသူကောင်းကိုသာ ရွေးချယ်သင်ပေးရမယ်၊ ပေါပေါများများ သင်ပေးလို့ လူယုတ်မာလက်ထဲ ရောက်သွားရင် အားလုံးဒုက္ခဖြစ်ကုန်မယ်"

ထိုသို့ စကြောမပညာရှင်များတိုင်ပင်ပြီးနောက် နောက်ဆုံးဆုံးဖြတ်ချက်အရ စကြောမပညာသင်လိုသူများသည် ရောမနိုင်ငံမှ အခြား



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံသို့ သွားခွင့်မပြုပေ။ ဤသို့ စည်းကမ်းပြုလုပ်ထားခြင်းမှာ ထိုပညာရပ်များ အခြားတိုင်းတစ်ပါးသို့ ပျံ့ပွားသွားမည်ကို စိုးသောကြောင့်ဖြစ်သည်။

"ကျုပ်တို့ဟာ ဒီစက္ကောမအတတ်ကို သင်ကြားပေးလို့ တတ်မြောက်သွားခဲ့ရင် အဲဒီလူရဲ့ပေါင်မှာ ပညာရပ်များကို ထည့်သွင်းထားရမယ်"

"တိုင်းတစ်ပါးသို့သွားပါက အဲဒီလူကို ယန္တရားအတတ်နဲ့ လိုက်ပြီး သတ်ရမယ်"

စက္ကောမပညာရှင်ကြီးများသည် ဤသို့ပညတ်ချက် ထုတ်ကာ ယိန်းချုပ်ထားခဲ့သည်။ တစ်နေ့သောအခါတွင် မဂ္ဓမတိုင်း၊ ပါဋလိပုတ်ပြည်သားတစ်ဦးသည် စက္ကောမပညာရပ်ကို လွန်စွာတတ်မြောက်လိုသဖြင့် ရောမတိုင်းသို့ ရောက်ရှိလာခဲ့သည်။ သို့သော် မည်သူကမျှ ဤပညာရပ်ကို သင်မပေးသဖြင့် အဖိုးအိုလင်မယားထံ ချဉ်းကပ်၍မေးသော်

"စက္ကောမဆရာကြီး၌ လှပချောမောသည့် သမီးတစ်ယောက်ရှိ၏။ ထိုသမီးကို ရအောင်ယူနိုင်လျှင် အသင့်ကို စက္ကောမဆရာကြီးက သူ့ပညာကို သင်ပေးလိမ့်မည်"

ဟု ဆိုလေသည်။

ထိုသူလည်း ပါလာသည့် ရွှေငွေရတနာများဖြင့် မိသားဖသားပိုပီ ဆရာကြီး၏သမီးကို ချစ်ခင်စုံမက်စွာ တောင်းရမ်းသဖြင့် ဆရာကြီးမှာ





မငြင်းသာဘဲ ထိမ်းမြားလက်ထပ်ပေးခဲ့သည်။ သူသည် ဇနီးသည်ကို ချစ်ခင်ယုယစွာ ပေါင်းသင်းပြီး ကောင်းမွန်စွာ ရှာဖွေလုပ်ကိုင်ကျွေးမွေးခဲ့သည်။ ယောက္ခမဖြစ်သူကိုလည်း ခြေဆုပ်လက်နယ်ပြုခြင်း စားဦးစားဖျားများ အာဟာရများကို အလိုက်သိစွာ လုပ်ဆောင်ပေးသည့်အတွက် ဆရာကြီးကလည်း သားအရင်းသဖွယ် ချစ်ခင်ခဲ့သည်။ ဤသို့ဖြင့် သားကလေးတစ်ယောက် ဖွားမြင်ခဲ့သည်။ သားကလေးအရွယ်ရောက်လာချိန်တွင် ပါဋလိပုတ်တိုင်းသားက ဆရာကြီးအား ပညာသင်ခွင့်ကို အကြိမ်ကြိမ်တောင်းပန်သဖြင့် ဆရာကြီးက သင်ပေးခဲ့သည်။ မကြာမီ ထိုဆရာကြီး ကွယ်လွန်ခဲ့သည်။ ပါဋလိပုတ်တိုင်းသားသည် ထိုပညာတတ်သောအခါ ၎င်း၏တိုင်းပြည်တွင် ဤပညာရပ်များကို ဖြန့်ဝေလိုစိတ်များ တဖွားဖွားပေါ်ပေါက်ခဲ့သည်။ သို့သော် ဤပညာသင်ထားသည့်အတွက် ဤအရပ်မှ အခြားသောအရပ်ကို မသွားရဘူးဟူသော စည်းကမ်းချက်ကြောင့် အကြံထုတ်နေခဲ့သည်။ တစ်နေ့တွင်သူသည် သားဖြစ်သူကို ခေါ်ပြီး

"ချစ်သား အဖဟာ စက္ကောမပညာကို အိန္ဒိယနိုင်ငံကိုပျံ့ပွားလိုတဲ့အတွက် အဖ ထွက်ပြေးမည်၊ ဤအခါ ရောမသားတို့ ငါ့ကို လာသတ်အံ့၊ ချစ်သားက ငါ့အား မြှုပ်နှံမည်ဟုဆိုကာ အလောင်းလာကောက်ပါ၊ ထို့နောက် အဖပေါင်တွင် မြှုပ်နှံထားသော စက္ကောမ အတတ်ပညာကျမ်းစာကိုယူ၍ ပါဋလိပုတ်ရှိ ငါ၏ဆွေမျိုးများထံသို့ သွားရောက်ပါ၊ ဤအတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလော့"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့မှာကြားပြီးနောက် ထွက်ပြေးလေသည်။ ထိုအခါ ရောမသားတို့က လိုက်လံဖမ်းဆီးကာ သတ်ဖြတ်လိုက်သည်။ ၎င်း၏သားက ဖခင်မှာသည့်အတိုင်း အလောင်းကောက်ပြီး ၎င်း၏ပေါင်မှ စက္ကောမအတတ်ပညာကျမ်းကိုယူ ၍ ပါရှလိပုတ်သို့ ထွက်ပြေးခဲ့သည်။ သူသည် စက္ကောမကျမ်းတွင်ပါဝင်သည့် ပညာရပ်များကို နေ့စဉ်ဆည်းပူးကျင့်ကြံခဲ့ရာ နောက်ဆုံးတွင် ကောင်းစွာတတ်မြောက်ခဲ့သည်။ ပါရှလိပုတ်ပြည်၌ ထင်ရှားကျော်ကြားသည့် စက္ကောမဆရာကြီးတစ်ဆူ ဖြစ်လာခဲ့သည်။

ထိုသို့ဖြင့် နှစ်အနည်းငယ်ခန့်ကြာသော် ပါရှလိပုတ်ပြည် ရှင်ဘုရင် သီရိဓမ္မာသောက မင်းကြီးသည် အဇာတသတ် ဓာတ်တော်တိုက်ကို ရှာဖွေရာ သီလရှင်ကြီး၏အကူအညီဖြင့် ရှာတွေ့ခဲ့သည်။ ထိုနေရာကို တူးဖော်သောအခါ တံတိုင်းခုနစ်ထပ်သို့ အရောက်တွင် ယန္တရားလူရုပ်သည် သံလျက်ကို စွဲကိုင်လျက် ပြေးလွှားစောင့်ကြပ်နေသည်ကို အံ့ဖွယ်သူရဲမြင်တွေ့ရသည်။

ထို့ကြောင့် ပညာရှိ အမတ်ကြီးများနှင့်တိုင်ပင်ကာ ထိုယန္တရားရုပ်ကိုဖျက်စီးနိုင်မည့် စက္ကောမပညာရှင်ကို မြို့တွင်း၌ မောင်းခတ်၍ ရှာဖွေခဲ့သည်။ ထိုအခါ စက္ကောမဆရာကြီးက ဖျက်ဆီးနိုင်ကြောင်း လျှောက်တင်ကာ ယန္တရားလူရုပ်ကို ဖျက်ဆီးလိုက်သည်။ ထို့အပြင် ရွှေမြင်းရုပ်အတွင်း ယန္တရားအဖွင့်အပိတ်ခလုတ်တပ်ဆင်ထားရာ ၎င်းတို့ဖွင့်လိုက်ရာ အထဲတွင် အဇာတသတ်မင်းကြီး ထားရစ်ခဲ့သော သရီရ





ဓာတ်တော်ကြုတ်ကို ရရှိခဲ့ပါသည်။

ထိုခေတ်က စက္ကောမပညာရပ် လွန်စွာ ထွန်းကားခဲ့သည်ဟု ယူဆရပေမည်။ ယခု ရွှေတိဂုံစေတီတော်သည် တည်ထားကိုးကွယ်ခဲ့သည်မှာ နှစ်ပေါင်း (၂,၅၀၀)ကျော်ပင် ရှိချေပြီ။ ရွှေတိဂုံဘုရား၏ ဆံတော်ပူဇော်ထားရှိရာနေရာတွင် ဓားစက်၊ လှံစက်များ တပ်ဆင်သည်ဟု ဆို၏။ ဤသို့ ဓားစက်လှံစက်များသည် ယခုထက်တိုင်ရှိပြီး ဆံတော်တွင်းသို့ ဝင်ရောက်ပါက ထိုဓားစက်လှံစက်များက ဝင်ရောက်သူအား ထိုးခုတ်ရန် ရည်ရွယ်၍ ဤယန္တရားစက်ကို တည်ခဲ့သည်ဟု ရှေးလူကြီးများ အဆိုရှိပါသည်။ (မှတ်ချက်။ ။ ရွှေတိဂုံစေတီ သမိုင်းမှ)

ထိုအကြောင်းကို ရောမ၌ရှိသော စက္ကောမဆရာကြီးများ ကြားသိသောအခါ ၎င်းတို့၏ပညာ ပျံ့ပွားသွားသည်ကိုသိပြီး သေတ္တာကြီးတစ်လုံးပြုလုပ်၍ မင်းကြီးထံသို့ ပို့လိုက်သည်။ မင်းကြီးအား ရတနာသေတ္တာဟု ပြောသော်လည်း ဒာမှန်မှာမူ သံလျက်ဆွဲကိုင်ထားသည့် ယောက်ျားယန္တရားအရုပ်ထည့်ထားသည့် သေတ္တာကြီးပင် ဖြစ်သည်။

မင်းကြီးက စက္ကောမဆရာကြီးအား ဖွင့်ခိုင်းရာ ဆရာကြီးက ဤသည်မှာ ရတနာသေတ္တာမဟုတ်ကြောင်း မိမိအား သတ်ရန်ပြုလုပ်ထားသည့် သေတ္တာဖြစ်ကြောင်း အတန်တန်လျှောက်ထားခဲ့သည်။ သို့သော် မှူးမတ်ကြီးကပါ မဖွင့်တတ်၍ ဤသို့ပြောသည်ဟုဆိုသဖြင့် ဖွင့်ပါမည်ဟု လျှောက်ထားပြီး အိမ်သို့ ခေတ္တပြန်ရန် အခွင့်တောင်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူသည် အိမ်သို့ အလျင်အမြန်ပြန်လာပြီး သားအကြီးဆုံး 'ဖလူး'အား ဘူတာဝါဟန စက္ကောမအတတ်ကျမ်းစာကိုပေးပြီး အမြန်ဆုံး သင်ပေးလိုက်သည်။ ထို့နောက်

"ချစ်သား ဖလူး အဖမရှိတဲ့နောက် ဤကျမ်းစာကိုယူ၍ ဤတိုင်းပြည်မှ ထွက်ခွာသွားပါတော့၊ အရှေ့ရူးရူးအရပ်တွင် မြို့ရွာတည်၍ နေပြီး ဤပညာရပ်ကို ဆွေမျိုးများအား လျှို့ဝှက်စွာ သင်ကြားပေးပါလော့"

ထိုသို့ပြောပြီး မင်းကြီးထံသို့ ပြန်သွားခဲ့သည်။

စက္ကောမဆရာကြီးသည် မင်းကြီးထံသို့ ပြန်သွားပြီး သေတ္တာကြီးကို ဖွင့်လိုက်ရာ ထိုသေတ္တာကြီးအတွင်းမှ ယန္တရားလူရုပ်ကြီး ရုတ်တရက် ခုန်ထွက်လာပြီး စက္ကောမဆရာကြီး၏ဦးခေါင်းကို သံလျက်ဖြင့် တိခနဲ ဖြတ်လိုက်သည်။

ထို့နောက် ကောင်းကင်ယံသို့ ပျံတက်ပြီး ရောမတိုင်းဆီသို့ ပြန်သွားခဲ့သည်။ ဆရာကြီး၏သား ဖလူးတို့မျိုးနွယ်စုမှာ အရှေ့ရူးရူးသို့ ခရီးနှင်ခဲ့ရာ မြန်မာပြည်နယ်စပ်သို့ ရောက်ရှိခဲ့သည်။ ထိုမှဆက်၍ သွားရာ ပုပ္ပါးအရပ်အထိ ရောက်ခဲ့ကြသည်။ ထိုနေရာတွင် နှစ်ပေါင်းအတော်ကြာကြာနေပြီးနောက် မနေလိုတော့သဖြင့် ယခုနေရာသို့ ပြောင်းရွှေ့လာပြီး တိုင်းပြည်ထူထောင်နေခဲ့သည်။ ထိုသို့နေထိုင်စဉ်အတွင်း မရဏယန္တရားစက်ကြီးကို ဖလူးမျိုးနွယ်စု ခေါင်းဆောင်က တီထွင်ခဲ့သည်။





ဥင်း၏အကြံမှာ မိမိတို့၏ဆွေစဉ်မျိုးဆက်အား သတ်ဖြတ်ခဲ့သော ရောမတိုင်းသားတို့ကို လက်စားချေသတ်ဖြတ်ရန်ဖြစ်ပြီး အခြားတိုင်းပြည်များကိုလည်း ဤလက်နက်ဖြင့် ပစ်ခတ်ကာ ကမ္ဘာကြီးကို အုပ်စိုးရန် ကြံစည်ခဲ့သည်။

"အဲဒီလို ကြံစည်စိတ်ကူးပြီး ဒီမရဏယန္တရားကြီးကို သားအဖနှစ်ဦး တည်ဆောက်ခဲ့တာ၊ ဒါပေမဲ့ ကံဆိုးချင်တော့ စေတုတ္တရာနဲ့တိုက်ပွဲမှာ သခင်မ မာယာဟာ သူ တီထွင်ခဲ့တဲ့ မရဏယန္တရားရဲ့လက်ချက်နဲ့ ကံကုန်ခဲ့တယ်၊ ဒါကြောင့် သခင်မရဲ့ရုပ်တုကို ဒီမြို့ရိုးထိပ် တောင်ကုန်းပေါ်မှာ အမှတ်တရ ထုလုပ်ထားခဲ့ပါတယ်၊ ဒီမှော်ဝင်မှန်ခုံးရပြီဆိုတော့ ကေရာဇ်တိုင်းပြည် ထူထောင်ဖို့နဲ့ ရောမသားတွေကို လက်စားချေဖို့ မကြာခင်မှာ တိုက်ပွဲတွေ ဆင်နွှဲရပါလိမ့်မယ်"

သခင်မ သျှန်သီက ဤသို့ပြောလိုက်ရာ ဂဂါမောင်မောင်က

"သခင်မရယ် စစ်မက်ဖြစ်ချင် လူတွေများစွာ သေကြေပျက်စီးပါတယ်၊ ဒါကြောင့် ထပ်မံစဉ်းစားစေချင်ပါတယ်"

"ဒီအကြောင်းအရာကို သခင်မ သိပါတယ်၊ ဒါပေမဲ့ သခင်မတို့က ခံဘက်ကပဲရှိခဲ့တာ၊ ဘိုးဘေးတွေလည်း ဒီပညာကြောင့် အသတ်ခံခဲ့ရတာ၊ ဒီတော့ သခင်မတို့ အလှည့်ရောက်လာတဲ့အခါမှာ မညှာနိုင်တော့ပါဘူး၊ လုပ်သင့်လုပ်ထိုက်တာကို လုပ်ရပါလိမ့်မယ်"

သခင်မက ဤသို့ပြောလိုက်သဖြင့် မကြာမီ သွေးချောင်းစီးမည့်



www.burmeseclassic.com

www.burmeseclassic.com



စစ်ပွဲကြီးသည် ရှာနစ်ရွာတွင် ကျိန်းသေဖြစ်တော့မည်ဟု သိသဖြင့် ဂေါ်မောင်မောင်တို့အုပ်စုမှာ 'ဒီမော်ဝင်မှန်ခုံလေးကို ယူလာမိတာ မှားတာပဲ' ဟူ၍ အားလုံး စိတ်မချမ်းသာ ဖြစ်ခဲ့ကြသည်။

■ ■ ■



## အခန်း (၁၂)
## မျှော်ဒိုင်းနှုတ်ဆက် ချစ်ရည်စက်ဖြင့်

ဂေါ်မောင်မောင်တို့အုပ်စုမှာ စိတ်မချမ်းသာစွာဖြင့် အဆောင်သို့ ပြန်လာခဲ့ကြသည်။ အဆောင်သို့ရောက်သောအခါ ဆရာကြီး ဦးသော်ကမှ

"ငါတို့တော့ အမှားကြီးတစ်ခု ကျူးလွန်မိပြီ"

ဤသို့ စိတ်ပျက်လက်ပျက်နှင့် ပြောလိုက်ရာ ဂေါ်မောင်မောင်ကလည်း

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော့်အထင်က ဒီယန္တရားကြီးဟာ မြို့ပျက်ကြီးထဲမှာ ရှိလိမ့်မယ်လို့ ထင်တာ"

"ဟုတ်တယ် ဆရာဂေါ် ဒီယန္တရားကြီးဟာ လူသားမျိုးနွယ်ကြီး တစ်ခုလုံးကို သေကြေပျက်စီးအောင် လုပ်မယ်လို့မှ မထင်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"သခင်မလေး စောသုနန္ဒီတို့ရွာကို အရင်ဆုံး တိုက်ခိုက်လိမ့်မယ်၊ ဘယ်လိုလုပ်ကြမလဲ"

"အဲဒါက အရေးမကြီးဘူး၊ အခုထက်ထိ မရဏယန္တရားထားတဲ့အခန်းကိုလည်း မသိရသေးဘူး၊ မရဏယန္တရားကိုလည်း မတွေ့ရသေးဘူး"

"ဒါဆိုရင် မနက်ဖြန် သခင်မလေးနဲ့တွေ့ရင် မရဏယန္တရားကို လိုက်ပြပါလို့ ဆရာကြီးကပြောပါ"

ထိုအခါ ဆရာကြီးဦးသော်ကမှ

"အေး ငါ ဦးဆောင်ပြီးပြောမယ်"

ထိုသို့ဖြင့် တစ်ညတာ အချိန်ကုန်ဆုံးခဲ့သည်။

နောက်တစ်နေ့နံနက်တွင် သခင်မက ခေါ်တွေ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ စားသောက်ပြီးနောက် သခင်မနှင့်စကားစမြည်ပြောရာ ဆရာကြီး ဦးသော်ကမှ

"သခင်မ ကျွန်ုပ်တို့ဟာ ဝေးလံတဲ့အရပ်ကနေပြီး ဒီမှော်ဝင်မှန်ခုံးကို ယူလာရသူများဖြစ်ပါတယ်၊ မရဏယန္တရားဆိုတာ ဘယ်လိုလဲလို့လည်း သိချင်ပါတယ်၊ ဒါကြောင့် ဖြစ်နိုင်မယ်ဆိုရင် မရဏယန္တရားကို ကြည့်ခွင့်ပေးပါ"

"ဟုတ်ပေသားပဲ သခင်မတို့ရဲ့ ဘိုးဘေးတွေဟာ ဘယ်လောက်တော်သလဲဆိုတဲ့အစွမ်းကိုသိရအောင် သူတို့ တီထွင်ထားတဲ့ မရဏ





ယန္တရားကို ပြပါမယ်၊ လိုက်ခဲ့ကြပါ"

ထိုသို့ပြောပြီး မရဏယန္တရားထားရာ အဆောက်အဦဆီသို့ ခေါ်ဆောင်သွားခဲ့သည်။ သခင်မ၏ဧည့်ခန်းဆောင်မှ အတော်အတန်ဝေးသောနေရာသို့ လျှောက်သွားရာ မကြာမီ အဆောက်အဦတစ်ခုသို့ ရောက်ခဲ့သည်။ ထိုအဆောက်အဦထဲသို့ ဝင်လိုက်ရာ အလယ်တွင် အမြောက်ပမာဏခန့်ရှိသော ယန္တရားတစ်ခုကို တွေ့မြင်ခဲ့ရသည်။

"ဒါဟာ မရဏယန္တရားပဲ"

"မှန်ပါ သခင်မ"

သခင်မက မရဏယန္တရားကို လက်ညှိုးညွှန်ပြကာ ပြောလိုက်သည်။

"ဧည့်သည်တော်ကြီးများကို မရဏယန္တရားရဲ့အစွမ်းအာနိသင်ဘယ်လောက်အစွမ်းထက်တယ်ဆိုတာ သခင်မ ပြရဦးမယ်"

"မှန်ပါ သခင်မ"

ဂဂ်ါမောင်မောင်တို့အုပ်စုသည် အနှစ်နှစ်အလလက တွေ့ချင်မြင်ချင်လှသော မရဏယန္တရားကြီးကို တွေ့လိုက်ရသည့်အတွက် လွန်စွာကျေနပ်မိသည်။ မရဏယန္တရားကြီးသည် ကြီးမားသော အမြောက်ကြီးတစ်လက် ခန့်မျှရှိသည်။ ဘေးနှစ်ဖက်တွင် ကြီးမားသော သံလှည်းဘီးကြီးရှိပြီး အလယ်တွင် သံချွေးသွားစိတ်အကြီးအသေးများဖြင့် ဆက်စပ်ချိတ်ဆက်ထားသော ယန္တရားကြီးဖြစ်သည်။ ယန္တရားကြီး၏ရှေ့မျက်နှာစာ



www.burmeseclassic.com

www.burmeseclassic.com



တွင် မှန်ဘီလူးခုံးအသေးနှင့်အကြီးကို ဒီဂရီ ၁၂၀ ခန့် ရွေ့စောင်း တပ်ဆင်ထားပြီး အရှေ့ဘက်တွင် အရပ်မျက်နှာအသီးသီးကို ချိန်နိုင်သည့် ဒီဂရီများ ရေးထားသော ဒိုင်ခွက်ကြီးနှစ်ခုလည်း ပါရှိသည်။ ထို့အပြင် အကွာအဝေး အနီးအဝေးကိုချိန်သည့် ဒိုင်ခွက်ကြီးတစ်လုံးလည်း ပါဝင်ရာ အရှေ့ မျက်နှာစာတွင် ဒိုင်ခွက်ကြီးသုံးလုံးတန်းစီပြုလုပ်ထားသည်။ ထိုဒိုင်ခွက် ကြီး၏အောက်ဘက်တွင် အဖွင့်အပိတ်ခလုတ်များစွာ တပ်ဆင်ထားပါ သည်။

"ညွှန်သည်တော်ကြီးများ ရောက်တုန်း မှော်ဝင်မှန်ခုံးလေးဟာ ဘယ်လောက် အသုံးဝင်သလဲဆိုတာ ပြပါ့မယ်"

သခင်မက ဤသို့ပြောပြီးနောက် စက်ယန္တရားပေါ်သို့တက်ပြီး အသင့်ရှိသောထိုင်ခုံ၌ ဝင်ထိုင်လိုက်သည်။ ထို့နောက် အရှေ့တွင်ရှိသော ခလုတ်ကိုနှိပ်လိုက်ရာ ယန္တရား၏ဘီးမှာ စတင်ရွေ့လျားလာပြီး ထိုယန္တရား ကြီးသည် အဆောက်အဦ၏အပြင်ဘက်သို့ တဖြည်းဖြည်း ထွက်လာခဲ့ သည်။ ထိုမှ အတော်အတန်မြင့်သော တောင်ကုန်းပေါ်သို့ တက်သွားပြီး တောင်ကုန်းထိပ်တွင် ရပ်တံ့သွားခဲ့သည်။ ဂဂ်မောင်မောင်တို့အုပ်စုသည် တောင်ကုန်းပေါ်သို့ တက်သွားရာ ထိုတောင်ကုန်း၏အမြင့်ဆုံးနေရာတွင် မင်းသမီးတစ်ဦးသဏ္ဌာန် ရုပ်တုကြီးတစ်ခုကို တွေ့မြင်ခဲ့ကြသည်။ ထိုစဉ် သျှန်သီသခင်မက

"ဒီရုပ်တုကြီးဟာ မရဏယန္တရားကို တည်ဆောက်ခဲ့တဲ့ မာယာ





မင်းသမီးရဲ့ ရုပ်တုတော်ကြီးပဲ ဖြစ်ပါတယ်"

ထိုသို့ပြောသဖြင့် ဂဂ်မောင်မောင်တို့အုပ်စုက လှမ်းကြည့်လိုက် သောအခါ ဦးကောင်းညွှန့်ထံ၌ ရှိနေသောရုပ်တုနှင့် အရွယ်ချင်းသာ ကွာသော်လည်း ပုံသဏ္ဌာန်မှာ အတူတူဖြစ်နေကြောင်း တွေ့ရှိရသည်။

ထို့နောက် သျှန်သီသခင်မက

"ညွှန်သည်တော်ကြီးများကို ဒီမရဏယန္တရားစက် ဖွင့်ပြပါမယ်၊ ပထမဦးစွာ ပစ်မယ့်နေရာကို ဒီဂရီချိန်လိုက်မယ်၊ ပြီးရင် မီးတောက်မီးလျှံ ဖြစ်အောင်လုပ်မယ်၊ မီးတောက်မီးလျှံရရင် ပစ်လိုက်ရုံပဲ၊ နာရီဝက်လောက် အတွင်းမှာ မြို့တစ်မြို့ဟာ ပြာကျသွားနိုင်တယ်၊ ဒီတော့ မီးတောက်မီးလျှံ ဘယ်လိုဖြစ်ပေါ်လာသလဲဆိုတာ ပြပါ့မယ်"

သခင်မက ဤသို့ပြောပြီး ခလုတ်တစ်ခုကိုနှိပ်လိုက်ရာ မှန် ဘီလူးခုံးအကြီးနှင့်အသေး၏ရှေ့တွင် ကာရံထားသော သတ္တုပြားကလေး ပွင့်သွားခဲ့သည်။ ထို့နောက် နေရောင်ခြည်သည် မှန်ဘီလူးခုံးကလေးပေါ် သို့ ကျရောက်ပြီး မှန်ဘီလူးခုံးကလေးမှာ တဖြည်းဖြည်း အပြာရောင် စတင်ပေါ်ပေါက်လာသည်။ မကြာမီ အပြာရင့်ရင့်အရောင်သို့ ကူးပြောင်း သွားပြီး တောက်ပသော အလင်းတန်းများ ပေါ်ထွက်လာခဲ့သည်။ ထို အလင်းတန်းကလေးသည် စောင်းနေသော မှန်ဘီလူးခုံးကြီးဆီသို့ ရောက် သွားပြီး ထိုမှန်ဘီလူးခုံးကြီးသည် တောက်ပသော အပြာရောင်အဖြစ်သို့ ပြောင်းလဲသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သခင့်မက

"မှန်ဘီလူးလေးက နေရဲ့အလင်းရောင်ကို စုပ်ယူပြီး အပူစွမ်းအင်အဖြစ်ကို ပြောင်းလဲပေးလိုက်တယ်၊ အဲဒီအပူရှိန်ကို မှန်ဘီလူးကြီးက စွမ်းရည်မြှင့်ပေးလိုက်တဲ့အတွက် မီးတောက်မီးလျှံ ဖြစ်လာမယ့် အပြာရောင်ပူပေါင်းကလေးတွေလို အလုံးကလေးတွေ ဖြစ်လာလိမ့်မယ်"

ထိုစဉ် အပြာရောင် အလုံးကလေးများမှာ ဆပ်ပြာပူပေါင်းကလေးများကဲ့သို့ လေထဲတွင် ပျံ့ဝဲလာသည်။ ထို့နောက် စက်ယန္တရားမှ ခလုတ်တစ်ခုကို နှိပ်လိုက်ရာ ထိုအပြာရောင်ဆပ်ပြာပူပေါင်းကလေးများသည် ချက်ချင်းပင် မီးတောက်အဖြစ်သို့ ပြောင်းသွားသည်။

"ညီညီသည်တော်ကြီးများ မီးတောက်အသေးလေးတွေ ဖြစ်သွားပြီဆိုတာ တွေ့ပါသလား"

"တွေ့ပါတယ် သခင်မ"

"ဤမီးတောက်ကို ယန္တရားမှာပါတဲ့ ဒီဂရီနဲ့ချိန်ပြီးပစ်လိုက်ရင် မီးတောက်ဟာ လေထုကို ဖြတ်သွားရတဲ့အရှိန်ကြောင့် ကြီးမားတဲ့ မီးတောက်မီးလျှံဖြစ်သွားပြီး လိုရာအရပ်ကို ပစ်လို့ရပါပြီ၊ မီးတောက်ရဲ့ အပူရှိန်ဟာ ကြီးမားလွန်းတာကြောင့် ကျရောက်တဲ့နေရာမှာ အကြီးအကျယ် မီးလောင်ကျွမ်းပါလိမ့်မယ်"

"ဒါဆိုရင် ဒီယန္တရားဟာ တိုက်ပွဲအတွက် အလွန်အသုံးဝင်တာပေါ့"





"ဟုတ်ပါတယ် အခုတော့ ပစ်စရာနေရာ မရှိတာကြောင့် ဒီမီးတောက်ကလေးတွေကို ဒီယန္တရားနဲ့ပဲ ဖျက်ဆီးပစ်လိုက်ပါ့မယ်"

ဤသို့ပြောပြီး ခလုတ်တစ်ခုကို နှိပ်လိုက်ရာ ထိုမီးတောက်ကလေးများသည် ယန္တရားမှ စုပ်ယူလိုက်သကဲ့သို့ဖြစ်ကာ ယန္တရား၏ ဝင်ပေါက်တစ်ခုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားခဲ့သည်။

ဤတွင် သခင်မက ဆက်ပြီးပြောလိုက်သည်။

"သခင်မတို့က ဒီလောက် စွမ်းအားကြီးမားတဲ့ ယန္တရားကြီးကို ပိုင်ဆိုင်တာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ၊ ရှေးအဆက်ဆက်ကတည်းက ဖခမည်းတော်လက်ထက်အထိ ဒီယန္တရားကြီးကို အသုံးပြုပြီး တိုက်ခိုက်ရေးဘက်မှာ မသုံးခဲ့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လူတွေ အမြောက်အမြား သေကြေပျက်စီးမှာစိုးလို့တဲ့၊ ဒါပေမဲ့ သခင်မတို့ရဲ့တိုင်းပြည်ကို အခြားသော တိုင်းပြည်က လာရောက်တိုက်ခိုက်ခဲ့ရင် ခုခံတဲ့သဘောနဲ့ ဒီယန္တရားကြီးနဲ့ တိုက်ခိုက်ရမယ်လို့ စည်းကမ်းသတ်မှတ်ထားခဲ့တယ်"

"မှန်ပါ သခင်မ"

"ဒီလိုနဲ့ ဖခမည်းတော် နတ်ရွာစံခဲ့တယ်၊ သခင်မ နန်းတက်လာတဲ့အချိန်မှာ သခင်မကို့ရဲ့ ဘိုးဘေးတွေကို သတ်ခဲ့တဲ့ ရှောမတိုင်းက လူတွေရယ်၊ သခင်မတို့ ဘိုးတော်ကြီးရဲ့ရန်သူဖြစ်တဲ့ စေတုတ္တရာပြည်ကိုပါ ဒီယန္တရားနဲ့ တိုက်ခိုက်မယ်လို့ သန္နိဋ္ဌာန်ချလိုက်တယ်၊ အဲဒါကို စေတုတ္တရာတိုင်းပြည်က လူတွေသိသွားပြီး မှော်ဝင်မှန်ဘီလူးခုံကလေးကို ခိုးသွားတော့တာပဲ၊ ပထမတော့ သူတို့တိုင်းပြည်မှာ ဝှက်ထားသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး အဲဒီတိုင်းပြည်ကို ဝင်တိုက်မယ်လုပ်တော့ အဲဒီမှန်ခုံးကို ဆာဒူးလေးတစ်ယောက်က ခိုးပြေးထွက်ပြေးသွားတယ်လို့ အသံလွှင့်ခဲ့တယ်၊ အဲဒီလူက မြန်မာဘက်ကိုထွက်ပြေးသွားလို့ သခင်မတို့က အိန္ဒိယက ဂိုဏ်းတစ်ခုကို ငှားပြီး အဲဒီပစ္စည်း လိုက်ယူခိုင်းခဲ့တယ်၊ နောက်တော့ ညွှန်သည်တော်ကြီးနဲ့အတူ ပါလာခဲ့တယ်”

“မှန်ပါ သခင်မ”

“ဒီကနေ့တော့ အဲဒီယန္တရားကို အသုံးပြုပြီး ပထမဦးဆုံး စေတုတ္တရာကို မှုန့်မှုန့်ညက်ညက်ကျေအောင် တိုက်မယ်လို့ သန္နိဋ္ဌာန်ချလိုက်ပြီ၊ နောက်ပြီး ဒီယန္တရားဟာ ယာဉ်ပုံအဖြစ်ကိုလည်း ပြောင်းနိုင်တဲ့အတွက် ရောမတိုင်းကို ဒီယန္တရားယာဉ်ပုံနဲ့ တိုက်မယ်”

“ဒါဆိုရင် လူတွေအများကြီး သေကုန်ပါလိမ့်မယ် သခင်မ”

“မတတ်နိုင်ဘူး ညွှန်သည်တော်ကြီး၊ သွေးကြွေးကို သွေးနဲ့ပဲဆပ်ရမှာပဲ၊ သမိုင်းမော်ကွန်းမှာ ‘ရက်စက်တဲ့ကေရာဇ်တုရင်မ’လို့ ကဗ္ဗည်းတွင်လည်း တွင်ရစ်ပါစေတော့၊ ကေရာဇ်တုရင်မဆိုတဲ့ ဘွဲ့ထူးကို ရအောင်ယူရမယ်”

“မှန်ပါ သခင်မ”

သခင်မသည် သူမ၏ရုပ်ရည်နှင့်လိုက်ဖက်အောင် အာဏာရှင်ဖြစ်အောင် ပြုလုပ်မည့်သူဟူ၍ ဂဂါမောင်မောင် ကောက်ချက်ချလိုက်သည်။ ထို့နောက် ယန္တရားကြီးကို နဂိုထားရာ အဆောင်သို့ ပြန်ထားပြီး အစောင့်အကြပ်များ ထူထပ်စွာ ချထားလိုက်သည်။ သူတို့အုပ်စုကိုလည်း





ညွှန်ခန်းဆောင်သို့ ပြန်လည်ပို့ဆောင်ခဲ့သည်။

ညွှန်ခန်းဆောင်သို့အရောက်တွင်

“သခင်မ ပြောပုံအရဆိုရင် စောသုနန္ဒီသခင်မရဲ့တိုင်းပြည်အတွက်အရမ်းအရေးကြီးတဲ့အချိန် ရောက်နေပြီ၊ ဘယ်လိုလုပ်ကြမတုန်း”

ဆရာကြီး ဦးသော်ကမှ ဤသို့စိုးရိမ်စွာ ပြောလိုက်ရာ ဂဂါမောင်မောင်က

“ဟုတ်ပါတယ် ဆရာကြီး၊ သခင်မ ပြောကတည်းက စောသုနန္ဒီသခင်မအတွက် အလွန်စိုးရိမ်မိပါတယ်၊ အထူးသဖြင့် ကျွန်တော်တို့မြန်မာအမျိုးသမီး အုပ်ချုပ်တဲ့မြို့ရွာကို မပျက်စီးစေချင်ဘူး”

ကိုသိန်းကလည်း

“ကျွန်တော်တို့ယူလာတဲ့ မှော်ဝင်မှန်ခုံးကြောင့် သခင်မ စောသုနန္ဒီတို့ရဲ့ မြို့ရွာပျက်ရတော့မယ်၊ ယူလာမိတာကိုက ကျွန်တော်တို့အမှားပဲ”

ဤသို့ တစ်ယောက်တစ်ပေါက် ပြောကြရာ နောက်ဆုံးတွင် ဆရာကြီးက

“ဆရာဂဂါ ကျုပ်တို့ညည်းညူနေလို့ မပြီးဘူး၊ ဘာလုပ်ကြမလဲဆိုတာ အမြန်ဆုံးဆုံးဖြတ်ပြီး ချက်ချင်းအကောင်အထည် ဖော်ရမယ်”

“အဲဒါကိုပဲ ကျွန်တော် တွေးနေပါတယ်၊ မရဏယန္တရားကို ဖျက်ဆီးမှဖြစ်မယ်၊ ဒါပေမဲ့ ဒီလောက် အစောင့်အကြပ် ထူထပ်စွာ ချထားမှတော့ ကျွန်တော်တို့လို လက်နက်မဲ့ အင်အားမဲ့နဲ့ ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



မဝင်နိုင်ဘူး၊ ဒီတော့ ဒီညမှာပဲ စောသုနန္ဒီသခင်မဆီကို ပြေးပြီး အဲဒီအကြောင်း သွားပြောပြမယ်၊ သခင်မ သျှန်သီလာတိုက်ရင်လည်း စောသုနန္ဒီတို့ဘက်က ကူတိုက်ရုံပဲ၊ ဒီလိုပဲလုပ်မှဖြစ်မယ်၊ တဖွတ်ထိုးလုပ်ရင် ကျွန်တော်တို့ငါးဦးစလုံး သေပွဲဝင်မှာပဲ"

"ဟုတ်ပြီ ကျုပ်လည်း အဲဒီလိုပဲ တွေးတယ်"

ဆရာကြီးကလည်း သဘောကျစွာ ထောက်ခံပြောဆိုလိုက်သည်။ အားလုံးကလည်း ဂဂါမောင်မောင်၏တင်ပြချက်ကို သဘောတူသဖြင့် ဤညဉ့် ထွက်ပြေးရန် တစ်ညီတစ်ညွတ် ကြံစည်ခဲ့ကြသည်။ ဤသို့ဖြင့် ညနေထမင်းစားချိန်တိုင်အောင် စောင့်ဆိုင်းနေခဲ့ကြသည်။

ညနေ ထမင်းစားချိန်တွင် ထမင်းကို ပြည့်အင့်အောင် မစားဘဲ အနေတော် စားသောက်ပြီး ခေတ္တမျှ လဲလျောင်းအနားယူခဲ့ကြသည်။

ညဉ့်ဆယ်နာရီခန့်အချိန်တွင် . . ။

ကောင်းကင်ကြီးတစ်ခုလုံးတွင် သုံးရက်လကွေးကလေးသာနေပြီး အလင်းရောင် မှိန်မှိန်ကလေးသာ ထွန်းလင်းနေသည်။ သူတို့အုပ်စုသည် အစောင့်မရှိသော အနောက်ဘက်အပေါက်မှ တစ်ယောက်ပြီးတစ်ယောက် ထွက်လာခဲ့သည်။ အမှောင်ရိပ်ခိုပြီး အုတ်တံတိုင်းဆီသို့ ချုတ်နင်းပြီး လျှောက်လာခဲ့သည်။ ကံကောင်းသည်ဟု ဆိုရပေမည်၊ ဧည့်ဆောင်နှင့် အနီးတစ်ဝိုက်တွင် အစောင့်များမရှိဘဲ ရှေ့ပေါက်၌သာ အစောင့်နှစ်ယောက် စောင့်နေသည်ကို တွေ့လိုက်ရသည်။

သူတို့သည် နောက်ဘက်အုတ်တံတိုင်းဆီသို့ တရွေ့ရွေ့သွား





ခဲ့သည်။ အုတ်တံတိုင်းသို့အရောက်တွင် တစ်ယောက်၏ပခုံးပေါ်မှ တက်ကာ အုတ်တံတိုင်းကို ကျော်ခဲ့သည်။ နောက်ဆုံး ဘိုနီ၏အလှည့်တွင် လျင်မြန်ဖျတ်လတ်သော လူငယ်ဖြစ်၍ ဤအုတ်တံတိုင်းကို လွယ်ကူစွာ ခုန်ကျော်နိုင်ခဲ့သည်။

ထိုမှ လွင်ပြင်ကြီးကို ဖြတ်ကျော်၍ ပြေးခဲ့ကြသည်။ နာရီအနည်းငယ်အကြာတွင် တောအုပ်ကြီးထဲသို့ ရောက်ရှိခဲ့သည်။ တောအုပ်ကြီးမှာ နဂိုကပင် သစ်ပင်ကြီးများ ပေါက်ရောက်နေသဖြင့် လွန်စွာမှောင်မည်းနေသည်။ ဂဂါမောင်မောင်က

"ဒီတောအုပ်က သိပ်မှောင်နေတယ်၊ သစ်ကိုင်းချောက်ကို မီးညှိပြီး သွားမှရမယ်"

"ဟုတ်တယ် ဆရာဂဂါမှာ မီးခြစ်ပါသလား"

"ပါတာပေါ့ဗျာ၊ တောထဲသွားရမှာဖြစ်လို့ ဧည့်ဆောင်က မီးခြစ်နှစ်လုံးတောင် ယူလာခဲ့တယ်"

ဤသို့ဖြင့် သစ်ကိုင်းခြောက်များကို မီးညှိပြီး ထိုအလင်းရောင်ဖြင့် တောအုပ်ကြီးကို ဖြတ်ကျော်လာခဲ့သည်။ တောအုပ်မှာ ကြီးမားသောတောအုပ်ဖြစ်ပြီး လမ်းမကျွမ်းသည့်အတွက် တစ်ညလုံးသွားခဲ့ရာ နံနက်ရောင်နီသမ်းချိန်တွင် သစ်တောအုပ်ကြီး၏အပြင်ဘက်သို့ ရောက်ရှိခဲ့သည်။

"တောအုပ်ထဲက ထွက်နိုင်ခဲ့ပြီဟေ့"

ဘိုနီက ဝမ်းသာအားရ ဤသို့ပြောလိုက်သည်။ ထိုအခါ ကိုတ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကလည်း

"ဒီတောအုပ်လွန်ရင် သူတို့နယ်မြေက လွတ်မြောက်ပြီ၊ မကြာမီ သခင်မ စောသုနန္ဒီတို့ဆီ ရောက်တော့မယ်"

"ဟုတ်တယ် ကိုဘကောင်း၊ ဒါပေမဲ့ အန္တရာယ်က ရှိနိုင်သေးတယ်၊ ဒီတော့ ဒီနေရာက အမြန်ဆုံးသွားမှဖြစ်မယ်"

"ဟုတ်ပါတယ် ဆရာဂဂါ ကျွန်တော်တို့ မြန်မြန်လျှောက်ပါ့မယ်"

သူတို့အုပ်စုသည် မပြေးရုံတမယ် ယောက်ျားခြေလှမ်းဖြင့် လျင်မြန်စွာ လျှောက်ခဲ့ရာ နံနက်ခုနစ်နာရီခန့်တွင် စောသုနန္ဒီသခင်မ၏ မြို့ရိုးကို ရောက်လာခဲ့သည်။ အစောင့်တပ်သားများသည် ဂဂါမောင်မောင်တို့အုပ်စုကို သိသဖြင့် တံခါးဖွင့်ပေးခဲ့သည်။ သူတို့သည် သခင်မ စောသုနန္ဒီထံမှောက်သို့ အမြန်ဆုံး သွားရောက်ပြီးနောက်

"သခင်မ သခင်မ သျှန်သီဟာ သခင်မတို့ တိုင်းပြည်ကို မရဏယန္တရားနဲ့ အမြန်ဆုံး တိုက်ခိုက်ပါလိမ့်မယ်"

ထိုသို့ စတင်ကာ သူမပြောသမျှ အကြောင်းစုံကို ပြောလိုက်သည်။

"အင်း သူ့ခမည်းတော် ကွယ်လွန်ကတည်းက ဒီလိုဖြစ်မယ်ဆိုတာ ကြိုတင်သိထားပါတယ်၊ ဒါကြောင့် အဲဒီ မှော်ဝင်မှန်ခုံးကို နိုးနိုင်းခဲ့တာ၊ အခုတော့ သူ့မှာ မှော်ဝင်မှန်ခုံး ရသွားလို့ ဒီလိုတိုက်မယ် ပြောတာပေါ့"





"မှန်ပါ သခင်မ၊ ကျွန်ုပ်တို့ အမှန်တရားကို ရှင်းပြပါမယ်"

ဂဂါမောင်မောင်က ဤဖြစ်ရပ်နှင့်ပတ်သက်၍ အစအဆုံး ပြောပြပြီး

"သခင်မ ကျွန်ုပ်တို့အပေါ်မှာ မကျေနပ်တာရှိရင်လည်း ခွင့်လွှတ်ပါ၊ ကျွန်ုပ်တို့ဟာ မရဏယန္တရားရှိ မရှိသိရအောင် လာရောက်လေ့လာတဲ့ အဖွဲ့တစ်ဖွဲ့ပါ၊ ဒါပေမဲ့ ဒီလို တိုက်ခိုက်မယ့်အဖြစ်မျိုး ဖြစ်လိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါဘူး၊ ဒီတော့ သူတို့တိုက်ခိုက်လာရင် သခင်မတို့ဘက်က အစွမ်းရှိသမျှ ကူပြီးတိုက်ပေးပါ့မယ်"

"အသင်တို့ပြောတာကို သခင်မ ယုံကြည်ပါတယ်၊ သူတို့ဟာ အသင်တို့ပျောက်သွားမှန်း ယခု သိလောက်ပြီ၊ ဒါကြောင့် မကြာခင်မှာ မီးတောက်မီးလျှံများနှင့် ပစ်ခတ်လိမ့်မယ်"

"စိတ်မကောင်းပါဘူး သခင်မ၊ ကျွန်ုပ်တို့ ဘယ်လိုလုပ်ပေးရမလဲဆိုတာ မိန့်တော်မူပါ"

"ဒါဆိုရင် သခင်မနဲ့အတူ ရှိပေးပါ"

"ကောင်းပါပြီ"

သခင်မသည် ဂဂါမောင်မောင်တို့အုပ်စုမှာ တစ်ညလုံး ထွက်ပြေးလာရမှန်းသိသဖြင့် အဝတ်အစားအသစ်များ ထုတ်ပေးပြီး ရေမိုးချိုးစေကာ အစားအစာများဖြင့် ညှဉ့်ခံကျွေးမွေးခဲ့သည်။ ထို့နောက် သူတို့



www.burmeseclassic.com

www.burmeseclassic.com



သည့် သခင်မအနားသို့စုဝေးရောက်ရှိလာခဲ့သည်။ ဤတွင်သခင်မက။ . . ။

"သူတို့ဟာ မရဏယန္တရားကို အသုံးပြုမယ်ဆိုရင် နေ့လယ် တစ်ဆယ့်နှစ်နာရီတိတိမှာ နေရောင်ခြည်ကို အသုံးပြုပြီး တိုက်ခိုက်လိမ့်မယ်၊ ဒါကြောင့် ဘိုးဘိုးကို မီးတောက်မီးလျှံကို တန်ပြန်ပစ်နိုင်တဲ့ လက်နက်ဆန်းတွေကို အသင့်ပြင်ခိုင်းထားတယ်၊ တကယ်တော့ အဲဒီလက်နက်ဆန်းကို သခင်မတို့က အသုံးမပြုချင်ပါဘူး၊ ဒီလက်နက်ဆန်းဟာ သူတို့ပစ်တဲ့ မီးတောက်မီးလျှံကို သူတို့ဆီကို တန်ပြန်ပစ်နိုင်အောင် ဘိုးဘွားများက တီထွင်ထားခဲ့တဲ့ လက်နက်ဆန်းပဲ၊ ဒီလက်နက်ဆန်းနဲ့ ပစ်ခတ်ရင် လူတွေ အမြောက်အမြား သေကြေပျက်စီးမယ်၊ အဆောက်အဦးတွေ စိစိညက်ညက် ကြေမယ်၊ ဒါကြောင့် တစ်ဖက်က မရဏယန္တရားကို အသုံးမပြုသရွေ့ ဒီလက်နက်ဆန်းကို အသုံးမပြုရဘူးလို့ ပညတ်ချက် ထုတ်ထားခဲ့တယ်၊ ဒီမရဏယန္တရား တီထွင်တဲ့ ပညာရှင်နဲ့ ဉာဏ်ရည်တူတဲ့ ဘိုးဘေးတို့ တီထွင်ခဲ့တာပါ၊ ကဲ သခင်မတို့ နန်းမြင့်ဆောင်က စောင့်ကြည့်ကြစို့"

ထိုသို့ပြောပြီး ဘုံခုနစ်ဆင့်ကဲ့သို့ ဆောက်ထားသည့် နန်းမြင့်ဆောင်သို့ ခေါ်ဆောင်သွားခဲ့သည်။ သခင်မ၏မှန်းဆချက်ကား ဒက်ထိမှန်ခဲ့လေပြီ။

တစ်ဆယ့်နှစ်နာရီတိတိ အချိန်တွင်။ . . ။

အိုယွန်းယှဉ်စာပေ



"ဒုန်း"

ဟူသော အမြောက်သံကဲ့သို့ မြေသိမ့်တုန်မျှ အသံကြီး ပေါ်ထွက်လာပြီး ကောင်းကင်တွင် မီးတောက်မီးလျှံကြီးများ ပျံဝဲလာခဲ့သည်။ ဤတွင် စောသုန္ဒရီသခင်မတို့ဘက်မှ လက်နက်ဆန်းက။ . . ။

"ဒိုင်း"

ဟူသော အသံနှင့်အတူ ထိုမီးတောက်မီးလျှံကြီးများဆီသို့ အင်အားပြင်းထန်သော အလုံးကြီးများ ပစ်လွှတ်လိုက်ရာ ကောင်းကင်တွင် ပြင်းထန်သောအားများ ထပ်ဆင့်ပေါက်ကွဲပြီး ထိုမီးတောက်မီးလျှံကြီးများကို ပစ်လွှတ်ရာနေရာဆီသို့ တန်ပြန်ပို့ပေးလိုက်သည်။ မီးတောက်မီးလျှံနှင့် ပြင်းအားတို့ပေါင်းဆုံပြီး သခင်မ သျှန်သီတို့ဘက်တွင် ပြင်းထန်သော ပေါက်ကွဲမှုကြီးများ ဖြစ်ပေါ်ခဲ့သည်။

တဒုန်းဒုန်း တဒိုင်းဒိုင်းနှင့် ပြင်းထန်သော တိုက်ပွဲကြီးဖြစ်ပွားခဲ့သည်။ မရဏယန္တရား၏ပစ်ခတ်မှုကြောင့် စေတုတ္တရာပြည်ဟောင်းရှိ အဆောက်အဦအချို့ မီးဟုန်းဟုန်းတောက်လောင်သကဲ့သို့ 'မာယာ' တိုင်းပြည်၌လည်း လက်နက်ဆန်းကြောင့် စိစိညက်ညက် ကြေခဲ့ပြီ။ နှစ်နာရီကြာခန့်မျှ ပြင်းထန်သော တိုက်ပွဲဖြစ်ပြီးနောက် တစ်စတစ်စ မီးတောက်မီးလျှံတို့ဖြင့် ပစ်ခတ်မှုမရှိတော့ဘဲ ရပ်ဆိုင်းသွားခဲ့သည်။ ဤတွင် စောသုန္ဒရီ သခင်မက။ . . ။

အိုယွန်းယှဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူတို့တိုင်းပြည်နဲ့အတူ မရဏာယန္တရားလည်း ပျက်စီးသွားပြီ ထင်တယ်၊ ဒါကြောင့် နေရောင်ရှိပါလျက်နဲ့ ပြန်ပြီး ပစ်ခတ်မှုမရှိတော့ဘူး၊ သူတို့လူတွေနဲ့တကွ သခင်မသျှန်သီလည်း ပျက်စီးသွားပြီ ထင်တယ်၊ သခင်မရဲ့တိုင်းပြည်လည်း ရစရာမရှိအောင် ပျက်စီးသွားပြီ"

"မှန်ပါတယ် သခင်မ"

"ညွှံ့သည်တော်ကြီးတွေကို လှိုဏ်ဂူဖြတ်လမ်းက ပြန်ပို့ပေးပါမယ်၊ ယခုပင် လိုက်ခဲ့ပါတော့"

ဤသို့ပြောပြီး သခင်မသည် လှိုဏ်ဂူသော လိုဏ်ခေါင်းလမ်းမှ လမ်းပြ၍ ခေါ်ဆောင်လာခဲ့ရာ မကြာမီ ကျောက်တောင်ကြီး၏ တောင်ခြေသို့ ရောက်လာခဲ့သည်။

"ဒီတောင်ကို ဖြတ်ပြီးရင် တောအုပ်ကြီးတစ်ခု တွေ့မယ်၊ အဲဒီတောအုပ်ကြီးကို ဖြတ်ပြီးရင် မြန်မာပြည်နယ်စပ်ကို ရောက်လိမ့်မယ်"

"ကျေးဇူးကြီးလှပါတယ် သခင်မ"

"ညွှံ့သည်တော်ကြီးတို့ရဲ့ အမျိုးကိုချစ်တဲ့စိတ်ဓာတ်ကို ချီးကျူးဂုဏ်ယူပါတယ်၊ သခင်မတို့တိုင်းပြည်လည်း ပျက်စီးသွားပြီဖြစ်လို့ ကျန်တဲ့လူတွေကို ခေါ်သွားပြီး ရေကြည်ရာမြက်နုရာကို ပြောင်းရွှေ့သွားပါတော့မယ်၊ သခင်မဟာ ညွှံ့သည်တော်ကြီးများနဲ့ အခုတွေ့ချင်းဟာ





နောက်ဆုံးတွေ့ဆုံခြင်းပါပဲ၊ နောက်နောင် ဘယ်တော့မှ တွေ့ဆုံခွင့်မရှိတော့တဲ့အတွက် သခင်မ ဝမ်းနည်းပါတယ်"

"ကျွန်ုပ်တို့လည်း သခင်မနည်းတူ ဝမ်းနည်းပါတယ်"

ထို့နောက် သခင်မသည် တစ်စုံတစ်ခု ပြောလိုဟန်ဖြင့် ဂဂါမောင်မောင်ဆီသို့ လျှောက်သွားပြီး သူ၏ရှေ့တည့်တည့်တွင် ရပ်တံ့လိုက်ပြီး

"ညွှံ့သည်တော်ကြီး ဂဂါမောင်မောင် သခင်မနဲ့အသင်ဟာ အခုချိန်ကစပြီး ဘယ်တော့မှ ပြန်လည်တွေ့ဆုံခွင့် မရှိတော့ပါ၊ ဒါကြောင့် သခင်မ ဝန်ခံစရာစကားကို ပြောပြချင်ပါတယ်"

"ပြောပါ သခင်မ"

"အသင်ဟာ ရဲရင့်သတ္တိနဲ့ ပြည့်စုံသလို ဉာဏ်ပညာထက်မြက်တဲ့ ယောကျ်ားကောင်း ယောကျ်ားမြတ်တစ်ယောက်ဖြစ်တယ်၊ သခင်မမှာသာ လက်ထပ်ရမယ့် မင်းသားလေး မရှိဘူးဆိုရင် ဂဂါမောင်မောင်လို အရည်အချင်းပြည့်ဝတဲ့လူကို လက်ထပ်ဖို့ ရွေးချယ်ဖြစ်မှာပဲ၊ အသင့်အပေါ်မှာ ရင်ထဲအသည်းထဲက ချစ်ခင်မိပါတယ်၊ ဒါပေမဲ့ မကြာခင်မှာ ဒီနေရာက ထွက်ခွာသွားပြီး မင်းသားတစ်ပါးနဲ့ လက်ထပ်မင်္ဂလာ ပြုရပါလိမ့်မယ်၊ ဒါဟာလည်း သခင်မတို့မျိုးဆက်အတွက်ပါ၊ သခင်မတို့ရဲ့ ဘုတ်တာဝါဟာန ပညာကို ဆက်လက်ထိန်းသိမ်းမယ့် မျိုးဆက်အတွက် ဒီ



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲကို ဆင်နွဲရမှာဖြစ်တဲ့အကြောင်း၊ အသိပေးတာပါ၊ ကဲ သွားပေတော့ ဂဂါမောင်မောင်''

သခင်မ၏စကားကို ကြားရသောအခါ သူသည် လွန်စွာအံ့အားသင့်သွားခဲ့သည်။ သခင်မ၏မျက်ဝန်းကို ကြည့်ရုံဖြင့် မိန်းကလေးတစ်ယောက်၏ ချစ်မေတ္တာကို သူ သိခဲ့သည်။ သူကလည်း သူမကိုချစ်ခဲ့မိသည်။ သို့သော် နှစ်ဦးသား၏ရင်တွင်းစကားသည် ဘယ်သောအခါမျှ ပြောခွင့်ရမည်ဟု သူ မထင်ခဲ့ပေ။

ထို့နောက် ဂဂါမောင်မောင်က

''သခင်မ ဒီလိုပြောပြတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်၊ တကယ်တော့ ထူးခြားဆန်းကြယ်တဲ့ မရဏယန္တရားကို လေ့လာဖို့လာရင်း သခင်မကို တွေ့လိုက်ရတော့ ကိုယ့်ရဲ့မြန်မာအမျိုးသမီးတစ်ယောက်ဟာ ဒီလိုတောကြီးထဲမှာ နေရတာကို စိတ်မကောင်းဖြစ်ခြင်းနဲ့အတူ ချစ်ခင်လေးစားမိပါတယ်၊ ဒါကြောင့်လည်း အသက်ပင်သေသေဆိုပြီး သခင်မဘက်က တိုက်ခိုက်ခဲ့တာပါ၊ အခုအချိန်ဟာ သခင်မနဲ့ နောက်ဆုံးတွေ့ရခြင်းဖြစ်လို့ ဝမ်းနည်းပေမယ့် မြန်မာ့ဘူတာဝါဟနအတတ်ကို ဆက်လက်ထိန်းသိမ်းရန် ရည်ရွယ်ပြီး မင်္ဂလာပွဲဆင်နွှဲမယ်ဆိုတဲ့ မင်္ဂလာသတင်းကြောင့် ဝမ်းမြောက်ရပါတယ်၊ ဒါကြောင့် သခင်မရဲ့မင်္ဂလာပွဲကို မလာရောက်နိုင်ပေမယ့် သခင်မတို့ရဲ့မင်္ဂလာခရီးမှာ ပျော်ရွှင်ချမ်းမြေ့ပါစေလို့





ဆုတောင်းပေးလိုက်ပါတယ်''

''ကျေးဇူးတင်ပါတယ် ဂဂါမောင်မောင်''

''ကျွန်ုပ်တို့ကို ပြန်ခွင့်ပြုပါ သခင်မ''

''ကောင်းပါပြီ''

ဤသို့ပြောပြီး ရာဇဏ္ဍန္ဒြေထိန်းထားရသည့်အတွက် ကျလုဆဲဆဲ မျက်ရည်ကို ထိန်းထားရသဖြင့် သူမ၏မျက်ဝန်းထဲတွင် မျက်ရည်များ ရစ်ဝိုင်းနေသည်။ ဤမျှ ပြောသလောက်နှင့်ပင် သူမ၏မေတ္တာအကျယ်အဝန်းကို ဂဂါမောင်မောင် နားလည်ခဲ့သည်။

သူမသည် မိန်းကလေးတစ်ယောက် ဖြစ်ပြီး သခင်မတစ်ယောက်ဖြစ်သဖြင့် မည်သို့မျှ မတွေ့နိုင်တော့သည့်အတွက် သူ့အား မည်မျှချစ်ကြောင်းကို အရိပ်အမြွက်ဖြင့်သိစေခဲ့သည်။

ဂဂါမောင်မောင်ကိုယ်တိုင်လည်း သခင်မကို တိတ်တခိုးဖြင့် မြတ်နိုးခဲ့သည်။ သို့သော် မပြောသာခဲ့သော ဘဝအခြေအနေတစ်ရပ်ကြောင့် ဤမျှလောက်သာ ပြောခွင့်ရှိခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ ချစ်ခြင်းမေတ္တာတရားတို့ကို ရင်မှာပိုက်ပြီး ကျန်သူကကျန် ပြန်သူကပြန်နှင့် . . ။ အခြေအနေမပေးလို့ ဝေးရပေတော့မည်။ အချိန်တန်တော့ အိမ်ပြန်ရစမြဲပါ။ သခင်မကို နှုတ်ဆက်ကာ တောင်ပေါ်ခရီးသို့ စတင်တက်ခဲ့ကြသည်၊ သခင်မကား ထိုနေရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ရပ်တဲ့ကာ သူတို့အုပ်စုကို မျက်စိတစ်ဆုံးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

ဂဂါမောင်မောင်တို့အုပ်စုသည် မပြီးဆုံးသေးသော တာဝန်ကို ထမ်းဆောင်ရင်း သူမနှင့်ဝေးရာ (သို့မဟုတ်) မြန်မာပြည်ဘက်သို့ ခြေဦးလှည့်ကာ လျှောက်လှမ်းခဲ့ရပြီတကား. . .။

ရိုရိုငွေး



www.burmeseclassic.com